www.burmeseclassic.com

# မိုးဆက်နှင်းထက်

## လေပြည်ပန်တဲ့ မောင်ဒန်နှင်းဆီ

နှင့် အခြား ဝတ္ထုတို များ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# မိုးဆက်နင်းထက်

လေပြည်ပန်တဲ့
## ပေါ်ဒန်နှင်းဆီ
နှင့်
အခြားဝတ္ထုတိုများ

တော်ဝင်မြို့မစာအုပ်တိုက်
အမှတ်(၈၈)၊ ဒုတိယထပ်၊ ၃၈–လမ်း၊ ကျောက်တံတား။
ဖုန်း – ၃၇၉၄၇၇၊ ၂၄၅၂၀၄

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၉၂၂၀၆၀၈ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၇၅၃၀၆၀၈ |
| မျက်နှာဖုံးဒီဇိုင်း | | - ခန့်မင်းထက် |
| ထုတ်ဝေသူ | | - ဦးလှိုင်ဝင်းမိုး (မြ - ၀၃၉၀၀) |
| | | ၇၇/ခ၊ ၃၇လမ်း ကျောက်တံတားမြို့နယ်၊ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဦးလှိုင်ဝင်းမိုး (တော်ဝင်မြို့မစာအုပ်တိုက်) |
| | | အမှတ်(၃၀-ခ)၊ သာယာကုန်းလမ်း၊ |
| | | ပုဇွန်တောင်မြို့နယ်။ |
| အတွင်းဖလင် | - | ကိုဦးနှင့် ညီများ |
| ထုတ်ဝေခြင်း | - | ပထမအကြိမ် |
| | | ၂၀၀၈ ခုနှစ်၊ ဩဂုတ်လ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၈၀၀ ကျပ် |


## မာတိကာ


| စဉ် | ဝတ္ထုတိုအမည် | စာမျက်နှာ |
|---|---|---|
| ၁။ | လေပြည်ပန်တဲ့ မော်ဒန်နှင်းဆီ | ၇ |
| ၂။ | ဒါလီနဲ့ ဆာရီ | ၂၆ |
| ၃။ | ပုဂံလမ်းက အမှားဘုရင် | ၃၆ |
| ၄။ | ပိတောက်တစ်ပွင့်နဲ့. . အလွမ်းဆင့်တဲ့. . မောင်ပါ. . မေရယ် | ၅၂ |
| ၅။ | ကျွန်တော်နှင့် အိမ်ပွဲစား | ၆၄ |
| ၆။ | ကျွန်တော်နှင့် ယတြာ | ၆၈ |
| ၇။ | ကျွန်တော်မင်းသား. . မင်းသားကျွန်တော် | ၇၂ |
| ၈။ | ကျွန်တော်နှင့် ကျီးမနိုးပွဲ | ၇၆ |
| ၉။ | ကျွန်တော်နှင့် ဧပရယ်ဖူးလ် | ၈၂ |
| ၁၀။ | ကျွန်တော်နှင့် အယ်ဒီတာ ကြောင် | ၈၈ |
| ၁၁။ | ကျွန်တော်နှင့် ကျိုက်ထီးရိုး | ၁၀၀ |
| ၁၂။ | သူတို့ပွဲထိန်းပုံ | ၁၁၂ |
| ၁၃။ | ယတြာကောင်းလို့ မျောက်လောင်းဖြစ်ရသည် | ၁၂၂ |
| ၁၄။ | ဦးဖိုးတင်နှင့် ဗြဲဟ်တုစလောင်း | ၁၃၀ |
| ၁၅။ | အချစ်နှလုံးရောဂါ | ၁၅၄ |
| ၁၆။ | ဘီလပ်နှစ်ကူး | ၁၆၄ |
| ၁၇။ | 'မ' မီးရထားကြီး ပျော်ပျော်စီး | ၂၀၈ |
| ၁၈။ | စဉ်းစားခန်းတွေ ခလုတ်တိုက်မိတဲ့နေ့ | ၂၀၀ |
| ၁၉။ | မော်ဒယ်မလေးရဲ့ ညနေခင်း | ၂၁၄ |
| ၂၀။ | လောင်းချင်လွန်းလို့ပါ. . . | ၂၂၀ |
| ၂၁။ | ဗြိတိသျှလို သိပ်ကောင်း | ၂၂၆ |
| ၂၂။ | ချစ်. . ချစ်. . ချစ်လို့ပါ. . | ၂၃၄ |
| ၂၃။ | ကြောင်ဖြစ်ရတဲ့ ဒုက္ခ | ၂၄၀ |
| ၂၄။ | ဆယ်လူလာ အင်ဖက်ရှင် | ၂၄၈ |


www.burmeseclassic.com

www.burmeseclassic.com



# လေပြည်ပန်တဲ့ မော်ဒန်နှင်းဆီ

မတွေလင်းတဲ့ ကောင်းကင်မှာ ကြယ်တစ်စင်းဟာ အားလျားမှောက် ကြွေကျသွားတယ်။ တစ်လုံး. . နှစ်လုံး ငါရယ်နေရဦးမှာလား။ မြကမွလာ ခင်းထားတဲ့ ဒီမျက်ရိုင်းကွင်းမှာ ငါ့ကျောပြင်ကို အလျား သိုက်ချ ကိုယ့်ကျောက်ဆူး ချည်ခဲ့ဖူးတယ်. . ။

ပြီးခဲ့ပါပြီ လေပြည်။ ငါ့ရင်မှာ ဝုန်းဒိုင်းကြဲ မင်းခင်းတဲ့ ဒီစစ်တလင်းမှာ အလံမဲ့ရထားကို မောင်းခဲ့ရတာ ငါပါ။ ညနေချိုရီမှာ. . သံလွင်ခက်ကို ခေါင်းမှာပန်လို့. . မင်း ရဲရဲဝံ့ဝံ့ စောင့်နေစမ်းပါ။ ဓားကျိုး လှံချို အလံဖြူကို ခေါင်းမှာပန်. . ငါ့နှလုံးသားကို ဖက်အထပ်ထပ်ထုပ် ဒီရင်ကို မြေတာတုတ် သုပ်ပြီး၊ မင်းရှေ့မှောက်ရောက် အရှုပ်တစ်ရှုပ်လို ငါခစားပါ့မယ် . . . ။

မြူးပြုလိုက်စမ်းပါ. . လေပြည်. . ၊ အလင်းတစ်သောင်း ခညောင်းတဲ့ မင်းအလှကို ဖွင့်လှစ်လိုက်စမ်းပါ။ ဒီကောင် ပွဲချင်းပြီး သေသွားရင်တောင် မျက်တောင်တစ်ချက် မခတ်ပါဘူးကွာ. . ။

www.burmeseclassic.com

www.burmeseclassic.com



ဒီ အဖြစ်တွေအားလုံး နှင်းဆီတစ်ပွင့်က စခဲ့တာပါ။ ကျွန်တော့်ရဲ့ လူပျိုခေတ်ဦး လောက်လောက်လားလား ရောက်ခဲ့စဉ်ကပေါ့။ နှင်းဆီ ရိုင်းတွေ ဖွေးဖွေးလှုပ်၊ ကျွန်တော့်ရင်မှာ တချွေတစ်အုပ်ဝင်စီးမယ်လို့ မထင်ခဲ့မိဘူး။

နှစ်ထပ်ကျောင်းဆောင်ရဲ့ အပေါ်က ကျလာတဲ့ ပန်းရောင် နှင်းဆီ တစ်ပွင့်ရဲ့ ဆူးတစ်ချောင်းဟာ လူငယ်တစ်ယောက်ရဲ့ အိပ်မက်ကို ဖြိုခွင်းပစ် လိုက်မယ်လို့ ဘယ်သူ ယုံမှာလဲ. . ။

"နင်. . သိပ်. . မိုက်ရိုင်းတယ်. ."

စူးရဲကြည်ရှတဲ့အသံနဲ့ မီးပန်းနှစ်ပွင့် ဖူးဝေနေတဲ့ မင်းမျက်လုံးတွေ ကြား ငါရှုပ်ယှက်ခတ်အောင် ရင်ခုန်သွားရတာပါ။ နားလည်ပါ. . လေပြည် အဲဒီတုန်းက ငါ မသိခဲ့ရိုးအမှန်ပါ. . ।

မင်းဆံနွယ်ထိပ်က ပန်းတစ်ပွင့်ကို တက်နင်းဖို့မပြောနဲ့. . မင်း ခြေဖမိုးထိပ်က ခြေသည်းရဲရဲလေးတွေကိုတောင် ငုံ့မကြည့်ဝံ့တဲ့သူပါ။ ငါ တောင်းပန်ပါတယ် . . လေပြည်။

ငါ့ခြေထောက်ကြောင့် ပျက်ယွင်းသွားတဲ့ ဒီနှင်းဆီကို ငါ့ရင်မှာ





ထူးခတ် ဆူးပြန်တပ်ပြီး သိမ်းထားလိုက်ပါ့မယ်. . ။

"ငါ. . တောင်းပန်ပါတယ်ဟာ. ."

"ဘာမှတောင်းပန်နေစရာမလိုဘူး. . နင်တောင်းပန်တာကိုလည်း ငါမလိုချင်ဘူး. . တောက်. ."

ချာခနဲ ယိမ်းနွဲ့သွားတဲ့ မင်းဆံနွယ်တွေဟာ အဲဒီ့ညနေရဲ့ အလှ တရားတွေအားလုံးကို သိမ်းပိုက်ပိုင်ဆိုင်သွားခဲ့ပါတယ်။ ယုံပါတယ်. . လေပြည် . . . ။

ငါလိုကောင်မျိုးကို အဖက်လုပ်စကားမပြောချင်ဘူးဆိုတာ ယုံပါ တယ်။ ရွှေစလွယ်၊ ငွေစလွယ်တွေ ဖောက်ယှက်ရစ်သွယ်ထားတဲ့ အသိုင်း အဝိုင်းရဲ့ သမီးပျိုတစ်ယောက်ဆီက ဒီလိုစကားထွက်လာမယ်ဆိုတာ သိပြီး သားပါ။

ငါလို လောကခံကို သိမ်းထုပ်၊ ညပေါင်းများစွာ ခေါင်းအုံးအိပ်ခဲ့ရ တဲ့ကောင်ကို ဒီ့ထက်ရင့်သီးတဲ့ စကားလုံးတွေနဲ့ မင်းထိုးနှက်ခွင့် ရှိပါသေး တယ်. . . ။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ဟာ လေပြည်တို့လို အတန်းပညာတတ်တဲ့ ကောင်လေးတစ်ယောက် မဟုတ်ခဲ့ပါဘူး. . ။ ဒီကျောင်းဝင်းလေးကို ထိန်းသိမ်းစောင့်ရှောက်ပေးရတဲ့ ကျောင်းစောင့်ကြီးဆီမှာ ခိုကပ်နေရတဲ့ ကောင်လေးတစ်ယောက်ပါ။

ရာထူးအနေနဲ့တော့ ဖျစ်ဖျစ်ညှစ်ညှစ် ခေါင်းစဉ်တပ်ရရင် လက်ထောက်ကျောင်းစောင့်လို့ ပြောလို့ရတာပေါ့. . ။

ဒါပေမဲ့ ကျွန်တော် စာတတ်ပါတယ်. . ။ သင်္ချာလည်းတွက်တတ်တယ်။ ဒါဟာလည်း ကျောင်းစောင့်ကြီး ကျေးဇူးတွေပါ။

တံငါနားနီး တံငါဆိုတော့ စာသင်ကျောင်းနားနီးတဲ့ ကျွန်တော်လည်း စာတတ်မိတာမဆန်းပါဘူး. . ။

"မင်းက ဒီကျောင်းက တချို့ကျောင်းသားတွေထက်တော်တယ် . . ။ မင်းသာ သူတို့လို စာသင်ခွင့်ရရင် သိပ်ကောင်းမှာပဲ. . "

အုံ့ပြုံရီဝေနေတဲ့ ညချမ်းတွေမှာ ကျောင်းစောင့်ကြီးနဲ့ ကျွန်တော် ဒီလိုပဲ စကားဝိုင်းဖွဲ့. . တစ်ယောက်နဲ့တစ်ယောက် ဆွေးနွေးဖူးတယ်။

စာအကြောင်း ပေအကြောင်း၊ သင်္ချာအကြောင်း၊ လောကအကြောင်း၊





နောက်ပြီး အချစ်အကြောင်း စသည်ဖြင့်ပေါ့။

"မင်း. . ဒီမှာ ငါနဲ့နေတာကြာတော့ မပျင်းဘူးလား. . မင်း. . အိမ်. . အဲ. . မင်း ပထမနေတဲ့နေရာကို မပြန်ချင်ဘူးလား. . "

သူနဲ့စတွေ့တုန်းက ကျွန်တော်ဟာ ကျူးကျော်ရပ်ကွက်လေးတစ်ခုက လက်ဖက်ရည်ဆိုင်လေးမှာ ပန်းကန်ဆေးတဲ့အလုပ်လုပ်ရတာပါ။ နောက်တော့ သူနဲ့ လက်ဖက်ရည်လာသောက်ရင်း ခင်သွားပြီး ကျွန်တော် ဒီကိုရောက်လာခဲ့တယ်။ အဲဒါကိုရည်ရွယ်ပြီး သူကျွန်တော့်ကို မေးခြင်းပါ။

"ပြန်ချင်ပါတယ်ဆိုတောင် ပြန်လို့မရတော့ဘူး. . "

"ဘာဖြစ်လို့လဲ. . "

"အဲဒီ ကျူးကျော်ရပ်ကွက်က ကန်ထရိုက်တိုက်တွေ ဖြစ်သွားပြီ"

"ဟေ. . ဟား. . ဟား. . ကောင်းတာပေါ့ကွာ. . ဒါဆို မင်း အရင်လုပ်ခဲ့တဲ့ ဆိုင်ပိုင်ရှင်လည်း တိုက်ခန်းတွေဘာတွေနဲ့ အဆင့်မြင့်သွားပြီပေါ့"

"သူတို့ ရှိချင်မှရှိတော့မှာပါ. . "

ကျွန်တော်လည်း အဲဒီက ထွက်လာပြီးကတည်းက တစ်ခေါက်မှ ပြန်မရောက်တော့လို့ ဘာမှ ရေရေရာရာ မသိတော့ပါဘူး။

ကျောင်းစောင့်ကြီးကလည်း ဆက်မမေးတော့ဘဲ တခြားစကားလွှဲပါတယ်။

"မင်း. . ဟိုနေ့က ကောင်မလေးတစ်ယောက်နဲ့ ပြဿနာတတ်တယ်ဆို"

ခေါင်းညိတ်ပြလိုက်တယ်. . ။ မျက်ဝန်းထဲမှာ နှင်းဆီရိုင်းတွေ ဖွေးဖွေးလှုပ်သွားတယ်။

"မင်းနဲ့ဖြစ်တဲ့ကောင်မလေးက. . ဒီကျောင်းမှာ နာမည်ကြီးပဲကွ. . ၊ မိဘကလည်းချမ်းသာတော့ အလိုလိုက်ထားမှာပေါ့၊ မင်းက တကယ့်ထိတ်ထိတ်ကြနဲ့မှ သွားဖြစ်တာကိုးကွ"

လေပြည်ရနံ့မှာ သွေးအဆိပ်အနံ့တွေ ကျွန်တော်ရလိုက်တယ်။ လတစ်စင်းသာ ပန်ထားတဲ့ကောင်းကင်က ကြယ်တွေကို ညီတော်ခံခေါ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



မောင်းတီးနေပြီ။ ချစ်သူမျက်နှာ တစ်ရွာထင်ပြီး အဲဒီညကို ရဲရဲဝံ့ဝံ့ ဖြတ်သန်း ပစ်လိုက်တယ်။ အိပ်မက်မှာ ဝံပုလွေက လမင်းကိုမျှော်ကြည့်ရင်း ကျွန်တော့်ကို ခလုတ်တိုက်သွားတယ်။ လန့်နိုးတော့ ခုနစ်စဉ်ကြယ်တောင် ကြွေသွားပါပြီ။

"မင်းကို အရင်တုန်းက ဒီမှာတစ်ခါမှ မမြင်ဖူးပါဘူး၊ မင်းက ကျောင်း စောင့်အသစ်လား. .၊ အင်းလေ ငါလည်း ဒီကျောင်းရောက်တာ တစ်လ လောက်ပဲ ရှိသေးတာကိုး"

ကျောင်းသားတစ်ယောက် ရေဘုံဘိုင်မှာ သောက်ရေအိုးကို ရေဖြည့် နေရင်း အမှိုက်တွေကျုံးနေတဲ့ ကျွန်တော့်ကို လှမ်းမေးတယ်။

"ဒီကျောင်းက ကျောင်းစောင့်ကြီးဆီမှာ လာနေနေတာပါ"

"အမျိုးလား"

"အမျိုးတော့ မတော်ပါဘူး. . လိုအပ်တာလေးတွေလုပ်ပေးဖို့ ကျွန် တော့်ကို ခေါ်ထားတာပါ"

ကျောင်းသားက ကျွန်တော့်ကို ခြေဆုံးခေါင်းဆုံး အကဲခတ်ပြီး သူလို အပ်တာတွေ စခိုင်းပါတော့တယ်။

"ဒါဆို အတော်ပဲ ငါအခုဖြည့်ထားတဲ့ ရေအိုးနှစ်လုံးကို (၁၀)တန်း (B)ခန်းထဲ ပို့ပေးစမ်းကွာ. . ဩော်. . ရေအိုးကိုင်မယ်ဆို မင်းလက်ကို စင်အောင်ဆေးဦးနော်"

"ဟုတ်. . ဟုတ်ကဲ့"

ကျွန်တော် ကျောင်းတော်သားလေးခိုင်းတဲ့အတိုင်း ရေအိုးနှစ် လုံးစလုံးကို အခန်းထဲပို့ပေးလိုက်ပါတယ်။ အဲဒီအခန်းဟာ လေပြည်တို့အခန်း ဆိုတာလည်း ကျွန်တော်မသိပါဘူး။ သိရင်လည်း ငြင်းခွင့်ရှိမယ်မထင်ပါဘူး။

"ဒီမှာ. . ဒီမှာ"

နောက်ဆုံးရေအိုးကိုထားပြီး ခေါ်သံကြားတော့ ကျွန်တော် လှည့် ကြည့်လိုက်ပါတယ်။

အပေါ်ဖြူ၊ အောက်အစိမ်းနဲ့ အလက်ာတွေ ယိမ်းသွားလောက် အောင်လှတဲ့ လေပြည်ကို သူမအဖော်အပေါင်းတွေနဲ့ တွေ့လိုက်ရပါတယ်။





သူတို့ရှေ့နား ကျွန်တော်ရောက်တယ်ဆိုရင်ပဲ . . .

"ယူ. . ဟိုနေ့က တို့နှင်းဆီပန်းကို နင်းလိုက်တဲ့ ကျောင်းစောင့် ကြီးရဲ့သားမဟုတ်လား"

ဩော်. . သူက ကျွန်တော့်ကို ကျောင်းစောင့်ကြီးနဲ့ သားအဖလို့ ထင်နေတာကိုး။ ပြန်လည်ဖြေရှင်းဖို့ မလိုအပ်လို့ ကျွန်တော် ဆိတ်ဆိတ်ပဲ နေလိုက်ပါတယ်။

သူမက နတ်သမီးထောင်ချောက်လို့ ကျွန်တော် တင်စားထားတဲ့ တံခမ်းစုံအလှသာကို ဆွဲဖွင့်ပြီး ခေါင်းလောင်းသံလေးတွေကို တီးခတ်ပါတယ်. .

"ယူ . . . အဲဒီအတွက် လျော်ကြေးပေးရမယ်"

သူနဲ့ကျွန်တော့်အကြား မြူခိုးတွေ ဒုန်းစိုင်းပြေးလွှားကုန်တယ်။ စကြဝဠာတိုက်တစ်သောင်းက နဂါးဆိုးအော်ဟစ်မြူးတူးကုန်ပြီ။

ကျွန်တော့်လိုကောင်မျိုးခါက ဘာကိုမျှော်လင့်ပါသလဲ. . လေပြည် . . . ချစ်သူ့ဆန္ဒပြည့်ဝဖို့ တပည့်ော်အိပ်မက်တွေကို ရှည်လျားခွင့်ပြုပါဘုရား။ ကြောက်ပြရင်လည်း ရှုံးမဲ့အတူ့ဘူ အရင်ဆုံး လက်နက်ချပစ်လိုက်တာ အကောင်းဆုံးပါပဲ။

"ယူ တို့ကို ပန်းရောင်နှင်းဆီတစ်ပွင့် အမြဲဝယ်ပေးရမယ်. . အဲဒီ အတွက် တန်ရာတန်ကြေးပေးမှာပါ။ ပြီးတော့ သူ့အတွက်လည်း မုန့်ဖိုးပေးမယ်"

ခရေတွေ တဖျန်းဖျန်းအတောင်ခတ်ပြီး ကြွေကျကုန်ပါပြီ။ ပန်သူမဲ့ ပေမယ့် လောကအတွက် ရနံ့ပေးနိုင်မယ့် ခရေတစ်ပွင့်အဖြစ် မင်းဘဝမှာ အရေးပါပါရစေ. . လေပြည်။

သစ္စာမီးတောက်တို့ ရင်ခွင်အနှံ့မှာ လောင်ကျွမ်းပြပါရစေ။ အချစ် ဆိုတဲ့ ဘာသာစကားကို နှလုံးသားမှာ ကျွဲပခုံးထအောင် ထမ်းထားဆဲပါ၊ ဒီကောင် ငမိုက်သား ဤသစ္စာမှန်ရင် လက်ညှိုးညွှန်ရာ သူဖြစ်ပါစေဘုရား၊

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ငါဟာ ကိုယ့်သေတွင်းကိုယ်တူးနေတဲ့ သုဘရာဇာ တစ်ယောက်ပါ။ နောက်ဆုံး ကိုယ့်ဈာပနကိုယ် တိတ်ဆိတ်စွာချ ပစ်ရမယ်ဆိုတာ ကြိုသိပြီးသားပါ လေပြည်။

ကောင်းကင်တော်က ချိုချိုကြွကြွလှပစွာဆင်းလာခဲ့ပါ။/ ဘယ်လို တီးလုံးလှလှတွေနဲ့မှ ငါ့အနာဂတ်ကို အဆုံးမသတ်နိုင်ဘူးဆိုတာ ယုံပါတယ်။

ခွင့်လွှတ်ပါ လေပြည်ရယ်။ ငါဟာ (မိုက်မဲလွန်းလို့သာ မျှော်လင့် ခြင်းကို ကျောခိုင်းတပ်မိခဲ့တာပါ။/ဆောင်းဟာ မြူအခါခါ၊ နှင်းအလွှာလွှာကျ ရင်း ကာလတစ်ခုအပေါ် ငုတ်တုတ်ထိုင်နေဆဲပါ။

မင်းပေးတဲ့ အကြွေစေ့တွေ ငါ့ပစ္စုပ္ပန်မှာ ပြန့်ကြဲနေပါပြီ၊ ဒါတွေ မလိုပါဘူး အထပ်ထပ်နဲ့ လင်းလင်းတောက်တောက် လှပနေတယ်ဆိုတာ မင်းမှတ်မိမှာပါ လေပြည်။ မင်းဆံနွယ်ထက်က ပန်းရောင်နှင်းဆီကို မညှာမတာ မင်းမြင်မှာပါ။ နင်းလိုက်မိတဲ့ လူတစ်ယောက်အတွက် အပြစ်ဒဏ်လေ. . ။

တဖြည်းဖြည်းနဲ့ ငါဟာ ပန်းရောင်နှင်းဆီလက်ချောင်းတွေ ကြားမှာ ကျေကျေနပ်နပ် ကျဆုံးပေးပါ့မယ်။ မင်းကျေနပ်ပါစေ။



ဒီလိုနဲ့ ကျွန်တော်ဟာ သူမအတွက် ပန်းပွင့်ပေါင်းများစွာ ဆက်သ ခဲ့ပါတယ်။ ကျွန်တော့်ရဲ့ နံနက်ခင်းအရုဏ်ဟာ လေပြည်ကို ပေးဆပ် ရင်း ကျွန်တော့်ကိုယ်ကျွန်တော် ခုတ်မောင်းခဲ့တယ်။

"ကောင်လေး. . မင်းလည်း မနက်တိုင်း ပန်းသွားဝယ်လိုက်၊ ဟို ကောင်မလေးအလာကိုစောင့်ပြီး ပေးလိုက်နဲ့ အလုပ်တစ်ခုတောင် ရနေပါ လား. ."

ပြုံးတမဲ့မဲ့နဲ့ပြောနေတဲ့ ကျောင်းစောင့်ကြီးကိုကြည့်ပြီး ကျွန်တော် ပြုံးလိုက်မိတယ်။

ချစ်သူလာရာလမ်းမှာ ပန်းကိုင်ပြီး အိုအောင်မင်းအောင်စောင့် ရပါစေလို့တောင် ဆုတောင်းလိုက်ချင်တဲ့ကောင်ပါ။ ဒါကို အလုပ်ဆိုရင်တော့ ကျွန်တော့်အတွက် ချစ်သူအတွက်လုပ်တဲ့ အလုပ်ပဲဖြစ်ပါလိမ့်မယ်။

ကျောင်းစောင့်ကြီးကတော့ ခေါင်းတညိတ်ညိတ်နဲ့ ပြုံးမှုံးရက်ကြည့် ပြီး ထထွက်သွားပါတယ်။ သူ တစ်ခုခုကို နားလည်သွားမှာပါ။ နားမလည်ရင် လည်း ကျွန်တော် ရှင်းပြလိုက်ချင်ပါသေးတယ်။

အချစ်ဆိုတာ ယဉ်ကျေးမှုမထွန်းကားစဉ်ခေတ်ကတည်းက ရေပန်း စားခဲ့တဲ့ အရာတစ်ခု (သို့မဟုတ်) ကမ္ဘာပေါ်မှာ ပထမဆုံး ပေါ်ပေါက်လာတဲ့ စိတ်သယံဇာတ. . ။ ကျွန်တော် အဲဒီလိုပြောလိုက်ချင်တယ်။

တော်ဝင်မြို့မ အေးမိုက်

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ မင်းကို ကောင်မလေးက မုန့်ဖိုးဘယ်လောက်ပေးလဲ"

ခပ်လှမ်းလှမ်းကို ရောက်သွားတဲ့ ကျောင်းစောင့်ကြီးကရပ်ပြီး သတိတရနဲ့ ကျွန်တော့်ကို လှည့်မေးတာပါ။

"ပန်းဖိုး ငါးဆယ်. . မုန့်ဖိုး ငါးဆယ်"

"ဩော်. . အဲဒါဆို မင်းက တစ်နေ့ ငါးဆယ်တောင်ရတာကိုး အင်း. . . တစ်လဆိုတော့ . . ."

ကျွန်တော် ပြောလိုက်တဲ့ စကားကို သူတွေးရင်း ညည်းညည်း တွားတွားထွက်သွားတယ်။ အဲဒီနေ့ကစပြီး သူ ကျွန်တော့်ကို အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ဘာမှထပ်မပြောတော့ပါဘူး။

ကျွန်တော်လည်း သူ့ကို အဲဒီအကြောင်း ဘာတစ်ခုမှ ဆွေးနွေးတိုင်ပင်တာ မလုပ်တော့ပါဘူး။

ဒီလိုနဲ့ ပန်းဆက်သမားလေးဘဝအဖြစ် ကျေကျေနပ်နပ် တစ်လလောက်ရပ်တည်ပြီးတဲ့နေ့မှာ လေပြည်က ကျွန်တော့်ကို စကားတစ်ခွန်းပြောပါတယ်။

"နောက်နေ့ကစပြီး သူ တို့ကို ပန်းတွေဝယ်ပေးစရာမလိုတော့ဘူး။ ဒီနေ့. . နောက်ဆုံးလို့မှတ်ထားလိုက်ပါ"

သူမ အဲဒီနေ့က အရမ်းလှနေပါသည်။ ရွှေနံ့သာရောင် အသားမှာ ရွှေလွှာခြုံပြီး ရွှေအဆင်းနဲ့လှပနေတာပါ။ သူမ လှည့်ထွက်မသွားချိန်မှာ ကျွန်တော်တစ်ယောက်တည်း ကျောက်ရုပ်တစ်ရုပ်လိုကျန်ခဲ့မိတယ်။ တစ်ကိုယ်လုံး လှုပ်နေတဲ့နေရာဆိုလို့ သူမပေးခဲ့တဲ့ ရာတန်လေးတစ်ရွက်သာ လေတိုက်လို့ လက်ထဲမှာ ဖျတ်ဖျတ်လူးနေတယ်။

ကျွန်တော် ဘာဆက်လုပ်ရမလဲ။ ဒါ မျှော်လင့်ခြင်းရဲ့ နောက်ဆုံးနေ့လား. . လေပြည်။ ကျွန်တော် သူမအတွက် မနက်တိုင်း အိပ်ပျက်ခံရတဲ့ ရလဒ်က ဒါလား. . ။ ကျွန်တော် ကျောင်းထောင့်က ခရေပင်ကြီးနားကို အလိုလို ရောက်သွားမိပါတယ်။ ခရေပင်ခြေရင်း အုတ်ခုံမှာထိုင်ရင်း မိုးကောင်းကင်ကို မော့ကြည့်မိတယ်။





ပြက္ခဒိန်ကြည့်စရာမလိုဘဲ ဒီနေ့ ပြဿဒါးဆိုတာ ကျွန်တော်သိလိုက်တယ်။ ခရေမိုးတွေ တဖျောက်ဖျောက် ကျွန်တော့်ကိုယ်ပေါ် ကြွေကျတုန်တယ်။ ပန်ဆင်ခွင့်မပေးချင်လည်းနေပါ မိလေပြည်။ ရန့်လေး တစ်ခုလောက်တော့ ငါ့အပေါ် ရွာပေးသင့်ပါတယ်ကွာ. . . ။

"မင်းက မုန့်တိုင်းကိုမှ သွားချစ်တာကိုးကွ. . "

ကျောင်းစောင့်ကြီးရောက်လာတာပါ။ ကျွန်တော်လှည့်မကြည့်ဘဲ သိပါတယ်။ သူလည်း ကျွန်တော် ဘာဖြစ်နေတယ်ဆိုတာ သိပုံပါပဲ။

"မုန့်တိုင်း မဟုတ်ပါဘူးဗျာ. . လေပြည်ပါ"

သူ ကျွန်တော့်ကို ပြုံးကြည့်နေတယ်ထင်သည်။ အခုထိ ကျောခိုင်းထားရက်က ကျွန်တော်လှည့်မကြည့်ဖြစ်ဘူး။

"လေပြည်ဆိုတာ မုန့်တိုင်းမလာခင် အရင်ရောက်တာပဲကွ. . ၊ မင်းအစောကြီးကတည်းက သိဖို့ကောင်းတယ်"

ကျွန်တော် သက်ပြင်းချလိုက်မိပါတယ်. . ။

"မုန့်တိုင်းဆိုလည်း အောက်ဆီဂျင်ပါရင် ကျွန်တော့်အတွက် လုံလောက်ပါတယ်ဗျာ. . "

www.burmeseclassic.com

www.burmeseclassic.com



မြောက်ပြန်လေက နှင်းငွေ့နှင်းစက်တွေ အစွမ်းကုန်ခါချရင်း ဆောင်းသရုပ်ကို ပုံဖော်နေဆဲပါ။ လိုက်ခဲ့ဆိုလို့ ပါလာခဲ့ပြီး နေခဲ့ဆိုတော့လည်း ရပ်ကျန်ခဲ့ရတာ ဒီကောင်ပါ။ တစ်ချက်လေးတောင် တောင်းဆိုခွင့်မရှိတော့ဘူး လေပြည်။

ရွှေထီးဆောင်းတဲ့ ကြွေပြီးဟောင်း ကာလတွေကို တမ်းတရင်း ဒီမှော်ရုံအမှောင်တောမှာ မျှော်လင့်ခြင်း မီးရှုံတွေ တောက်ပရှင်သန်ခွင့်ပေးပါ။ မရနိုင်မှန်းသိသော်လည်း ငါ တဆာဆာအော်နေပါရစေ။

မင်းကိုလွမ်းရင် လာရာလမ်းတွေ ပျောက်ကွယ်လုမတတ် ငါ သူဖုန်းစား တစ်ယောက်လို့ မင်းထင်ချင်ထင်လိုက်ပါ။ နောက်ဆုံး နားလည်မှု အသေးစားလေးတစ်ခု ငါ့အပေါ် တန်ပြန်ရင် ကျေနပ်ပါပြီ။

ငါ မင်းကို သိပ်ချစ်တယ် လေပြည်။ ထပ်ပြောပါရစေ. . ငါ မင်းကို သိပ်ချစ်တယ်။ ဘယ်ဘာသာစကားနဲ့မဆို ငါမပြောင်းမလဲ ထပ်တလဲလဲ ကြိမ်တွယ်ပြောပါရစေ။ ဘယ်ဘာသာဘုရားမှာမဆို ငါ သစ္စာဆိုရဲပါတယ်။ ငါလေ. . .ငါ၊ လေပြည်ရယ်. . နားလည်ပါ။





ကျွန်တော်သူ့ကို နေ့တိုင်း တမ်းတနေဆဲပါ. . ၊ မနက်တိုင်း နှင်းဆီပန်းတစ်ပွင့်ကိုကိုင်ရင် ကျောင်းပေါက်ဝမှာ ကျွန်တော်ရပ်နေဆဲပါ။ ဒါပေမဲ့ တစ်ချက်ကလေးတောင် သူမ ကျွန်တော့်ဘက် ငဲ့မကြည့်ပါဘူး။ ရပါတယ်လေ. . ဘဝပေးကုသိုလ်က ပါလာခဲ့ပြီပဲ။

အဲဒီလိုနဲ့ ကျွန်တော့်ရဲ့ ပတ်ကြားအက်နေ့ရက်တွေမှာ သူမဆီက အကြည့်တစ်ချက်ကို ငတ်ငတ်မွတ်မွတ်တမ်းတရင်း ပြီးဆုံးခဲ့ပါတယ်။

တကယ်လို့ ကျွန်တော်သာ ချမ်းသာတဲ့ မိသားစုက ပေါက်ဖွားလာတဲ့ သူမဘေးနားက လူတွေထဲက တစ်ယောက်ဖြစ်မိရင် ဘယ်လောက်တောင် လုပ်ပေးနိုင်လေမလဲ . . .။ မင်းနဲ့ငါ အိပ်မက်ထဲမှာ ဆုံတွေ့ခွင့်ပြုပါ။

"မင်းကို သူက အသုံးချသွားတာကွ"

ဟိုတစ်ခါ ကျွန်တော့်ကို ရေအိုးသယ်ခိုင်းတဲ့ ကျောင်းသားက ပြောတာပါ။ ဒီတစ်ခါတော့ သူ့ရှေ့မှာ ရေအိုးတွေမရှိပါဘူး။ ဗလာစာအုပ်တွေထည့်ထားတဲ့ ကြွတ်ကြွတ်အိတ်ကြီးနှစ်လုံးနဲ့ပါ။

ကျွန်တော်နဲ့ လေပြည်အကြောင်းကို သိသင့်သူတွေ သိကြပါတယ်။ ဒါပေမဲ့ ဘယ်သူမှ (တစ်ထီးတစ်နန်းစစ်စခန်း) ဖွင့်ရလောက်အောင် စိတ်ဝင်စားမှုမရှိကြပါဘူး။

ကျောင်းစောင့်တဲ့ ကောင်လေးတစ်ယောက်ကို လေပြည်က မုန့်ဖိုးပေးဝန်းဝယ်ခိုင်းတာလောက်က သူတို့အမြင်မှာ စကားထဲထည့်ပြောစရာမှ မဟုတ်တာ။

ဒါပေမဲ့ ဒီကျောင်းသားကတော့ ကျွန်တော့်ကို ထူးထူးခြားခြား လာပြောပြနေပါပြီ။

"မင်းကို လေပြည်က အသုံးချသွားတာ. . အဲဒါ မင်းသိလား"

သိဖို့မလိုပါဘူးလေ၊ သိတော့ကော ငြင်းဆန်နိုင်တဲ့အခွင့်အရေး လောကကြီးက ကျွန်တော့်ကို ပေးထားလို့လား။ ခုန ကျောင်းသားကပဲ ဆက်တယ်. . ။

"လေပြည်ကို ငါက ရည်းစားစကားသွားပြောပြီး ပန်းသွားပေးတော့



www.burmeseclassic.com

ငါ့ကို သူဘာပြန်ပြောတယ်ထင်လဲ"

ကျွန်တော် ကြည့်နေလိုက်တယ်။ ကျောင်းသားက သက်ပြင်း တစ်ချက်မှုတ်ထုတ်ရင်း . . .

"နင်ပေးတဲ့ပန်းကို ယူမယ့်အစား. . သူတောင်းစားပေးတဲ့ပန်းမှ နေ့တိုင်းပန်လိုက်ဦးမယ်တဲ့. . အဲဒါနဲ့ ငါလည်း"

ကမ္ဘာလောကကြီး တိတ်ဆိတ်သွားပါတယ်။ ကျောင်းသားဆက်ပြော တဲ့အကြောင်းအရာတွေ မကြားတစ်ချက် ကြားတစ်ချက်. .

"ငါတို့ မိဘချင်းတွေက စီးပွားရေးပြိုင်ဘက်တွေကွ. . ၊ ဒါပေမဲ့ကွာ . . ငါ သူ့ကို တကယ်. ."

မြင်းရိုင်းခွာသံတွေ မီးဟုန်းဟုန်းတောက်အောင် ရင်ထဲမှာက ခုန်ပေါက်ပြေးလွှားကုန်ပြီ။ ထောင်သောင်းများစွာသော နှင်းဆီဆူးတွေ ကျွန်တော့်ရင်တစ်ခုလုံး သွေးချင်းချင်းနီအောင် ထိုးစိုက်ကျပြီ။

ကမ္ဘာမြေဟာ အဲဒီနေ့မှာပဲ ကျွမ်းထိုးမှောက်ခုန် ပြိုလဲကွဲအက်သွား တယ်။ နားထဲမှာ လေသံတွေ တဝူးဝူး. .။ တဖြည်းဖြည်း အာရုံတွေ ပြာလဲ့ ကုန်တယ် လေပြည်ရယ်. .။

မှောင်းနှောင်းဆတ်ရဲ့ နှင်းထုဟာ ကျွန်တော့်ကိုယ်ပေါ် သိပ် သိပ်သည်းသည်း ရွာကျလာပါတယ်။ လေပြည်. . ငါ. .။



ကွဒိန်က နေ့ရက်တွေကို ခွဲခွာရင်း သူ့အပေါ်ယံ အရေခွံကို လွှာချပါတယ်။ ဆယ်တန်းစာမေးပွဲတွေ ဖြေရတော့မယ်။

ကျွန်တော်ကတော့ နေ့တိုင်း ခရေပင်ကြီးအောက်မှာ ငုတ်တုတ် သွားထိုင်နေမိပါတယ်။ အဲဒီနေ့ရက်တွေမှာ ကျွန်တော်ဟာ လေပြည်ကို ရှူးရှူးမူးမူးတွေ့ချင်နေမိတယ်။ စာကျက်ရက် ကျောင်းတွေပိတ်ထားတော့ ကျောင်းဝင်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေပါတယ်။ တစ်ခါတစ်ခါ လေပြည်ထိုင်ရာ အတန်းလေးကို အလွမ်းပြေသွားကြည့်မိသေးတယ်။ မင်းတို့ လို ဘဝပေးကောင်းသူတွေ ရောက်တဲ့နေရာဆိုပြီး အဲဒီအခန်းမှာ ကျွန်တော် တစ်နေ့လုံး နေပစ်လိုက်တယ်။

ကျွန်တော့်ကို ပြောမယ့်ဆိုမယ့်လူမရှိဘူး။ လွတ်လပ်လိုက်တာ. .။ ကျောက်သင်ပုန်းကြီးက သူ့မျက်နှာ မည်းမည်းကြီးနဲ့ ကျွန်တော့်ကို ကြည့်နေ လေရဲ့။

ကြာတော့လည်း လောက်ကမ်တရားကတောင် . . .

ငါ့အတွက်. .။

ဇိမ်ခံပစ္စည်းဖြစ်နေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ငါ မင်းကို ချစ်တယ်. . လေပြည်။

တောင်တောင်အီအီ စာကြောင်းတွေ သူ့မျက်နှာပေါ် ရေးခြစ်ပြီး ကျွန်တော်ထွက်လာခဲ့တယ်။ ခွင့်လွှတ်ပါ ကျောက်သင်ပုန်းကြီးရယ် . .။ ငါ လွမ်းလွန်းလို့ပါ။

လေပြည်နဲ့ ကျွန်တော်နဲ့ ဝေးရတော့မယ့်ရက်တွေဟာ တဖြည်းဖြည်းနီးလာပါပြီ။ ဒီစာမေးပွဲကြီး ပြီးသွားရင် ကျွန်တော် သူ့ကို ခိုးကြည့်ခွင့်လေးတောင် ရတော့မှာ မဟုတ်ပါဘူး။ ပန်းပေါင်းစုံရနံ့တွေ သင်းပျံ့တဲ့ တက္ကသိုလ်ကို သူမ သွားတော့မှာပါ။ ကျွန်တော်သာ ဒီကျောင်းဝင်းထဲမှာ အထီးကျန်ဆန်စွာ ကျန်ခဲ့ရမှာပါ။ ငါ့ကို အလွမ်းတွေ ပစ်ချထားခဲ့စမ်းပါ လေပြည်။

ငါ မင်းကို ခပ်ထန်ထန်လေး အမိန့်ပေးပါရစေ. .။



ဝုန်းခနဲ ပြိုဆင်းလာတဲ့ လူအုပ်ကြီးကိုကြည့်ပြီး ကျွန်တော် လေပြည်ကို အငပါးမရ ရှာဖွေနေမိတယ်။ ဒီနေ့ စာမေးပွဲ နောက်ဆုံးနေ့။ ဒေပုအဆွေးနဲ့ပျော်ရွှင်မှု စတဲ့ မျက်နှာဖုံး အမျိုးမျိုးတပ်ထားတဲ့ လူတွေကြားထဲ ကျွန်တော့်ကိုယ်ကို ထိုးထည့်လိုက်တယ်။

မင်း ငါ့ကို နောက်ဆုံးတစ်ကြိမ် မြင်ခွင့်ပေးပါ။ မင်း ငါ့ကိုတွေ့ရင် သတိလက်လွတ် အယောင်ယောင်အမှားမှားပြုံးပြလေမလား။ ငါ အဲဒီအပြုံးလေးကို မျှော်လင့်မိပါတယ်။ နောက်ဆုံးအကြိမ်လေး ငါ ပျော်ရွှင်ပါရစေ။

ကိုယ်ရောင်ကိုယ်ဝါ လင်းလင်းကြွကြွနဲ့ နတ်သမီးဆန်ဆန် လှပနေတဲ့ လေပြည်ကို ကျွန်တော် ခပ်လှမ်းလှမ်းက လှမ်းတွေ့လိုက်ပါတယ်။

တဒင်္ဂအတွင်းမှာ တစ်ကမ္ဘာလုံးကပန်းတွေ ပြိုင်တူ ကျွန်တော့်ပေါ် ကြွေကျကုန်တယ်၊ ချစ်သူလာရာလမ်းမှာ အဲဒီနေ့က ကောင်းကင်ဟာ မှုန်ပြပြ လေးလင်းနေတယ်။ တိမ်ပြာတွေက လေညှင်းရစ်သမ်အတိုင်း စီးချက်ညီညီ ရွေ့နေတယ်။ လေပြည်ကတော့ ကျွန်တော့်ကို သတိတောင်မထားမိပါဘူး။ သူသွားရာလမ်းတစ်လျှောက် နောက်က တကောက်ကောက် ကျွန်တော်လိုက်နေမိပါတယ်။ နှုတ်ဆက်ပါတယ်. . ချစ်သူ. .။

တော်ဝင်မြို့မ စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



နောင်တစ်ချိန် အခါအခွင့်သင့်ရင် ကျောင်းတော်ဟောင်းကို အလည်လာစေချင်ပါတယ်။ ငါကတော့ ဒီကျောင်းကလေးမှာ ရှိနေဆဲပါ။

မမွေးခင်က သေဆုံးသွားတဲ့ ငါ့နှလုံးသား ခေါင်းချရာမှာ ငါ အမြဲရှိနေမှာပါ လေပြည်။ ကံကောင်းခြင်းတွေ ဖေးမပါစေ ချစ်သူရယ်. .။

သူမတို့အိမ်က ဇိမ်ခံကားလေးထဲကို ကြွကြွလှလှလေးဝင်မလို့လုပ်နေတဲ့ ချစ်သူကို ကျွန်တော် ငေးနေမိပါတယ်။ ဟိုဘက်ကားလမ်းဘက်က သူမသူငယ်ချင်းခေါ်သံကြောင့် သူမ ဒရိုင်ဘာဆီ လက်ကာပြပြီး ကားဆီက ပြေးထွက်သွားတယ်။

အဖြူရောင်အရိပ်တစ်ရိပ် မြားတစ်စင်းဆန်ဆန် မျက်ဝန်းထဲ ဖြတ်ပြေးသွားတာ မြင်လိုက်ရတယ်။

လေပြည် . . အဖြူရောင်ကား. . အရှိန် . . ပျော်ရွှင်ခြင်း၊ ခန္ဓာကိုယ်မှာ အားတစ်ခု ဘုရားသခင်ဆီက ရလိုက်တယ်။ ချစ်သောလေပြည်. . မင်း အန္တရာယ်ကင်းပါစေ။

"ဒုန်း"

"ဒုန်း"

"ဒုန်း"

"ကျွိ"

"ဟာ. . တိုက်သွားပြီ"

ပတ်ဝန်းကျင်မှာ အသံတွေ ချက်ချင်းစည်ကားသွားတယ်။ ပုံလျက်လဲနေတဲ့ ခန္ဓာတစ်ခု၊ ပလက်ဖောင်းမှာ ခွေခွေလေးထိုင်နေတဲ့ ကောင်မလေးတစ်ယောက်။

မင်းအတွက် (ငါ့အသက်ကို လက်ဆောင်ပေးခဲ့ပါတယ် လေပြည် ကျေပါတော့. . ကောင်မလေးရယ်.) . ငါ ဖျက်ဆီးခဲ့တဲ့ နှင်းဆီတစ်ပွင့်အတွက် ကျေပါတော့ကွာ. . ။

နှုတ်ခမ်းကိုကိုက်၊ မျက်စိကိုမှိတ်ပြီး မင်း သိပ်ကြောက်နေလား. . ။ ကမ္ဘာမြေဟာ မင်းအတွက် အင်အားတွေ ပေးပါလိမ့်မယ်။






စီးဆင်းနေတဲ့ မြစ်ရေတွေ ဘယ်သောင်ကမ်းမှာ အဆုံးသတ်မှာပဲ. .။ ငါ့ရဲ့ တွယ်ရာမယ့် စျာပနကို ကောင်းချီးလာပေးလှည့်ပါ။ ခေတ်အဆက်ဆက် မိုးနဲ့မြေကို လက်ခုပ်တီးဖို့ ကြိုးစားခဲ့တဲ့ သူ့ရဲကောင်းတွေ. . ရေ၊ ငါ. . ။

ရုပ်ရှင်ဆန်ဆန် ကြေကွဲခဲ့တယ်။

www.burmeseclassic.com

# ဒါလီနဲ့ ဆာရီ





ဘာကြောင့်မှန်းမသိဘဲ ဘယ်လိုအိပ်အိပ် အိပ်လို့မပျော်တဲ့ ညတွေထဲမှာ ရည်းစားနဲ့ပြတ်တဲ့ညလည်းပါတယ်။ ပြတ်ကြတုန်းကတော့ သူရောကိုယ်ရော ဒေါ်ကြဟစ်ကြ၊ မာနတွေပြိုင်ကြနဲ့၊ သွေးအေးသွားတဲ့အခါကျတော့ ခံပေတော့ပဲ. . ။

အရက်ကလေးဘာလေး သောက်တတ်တဲ့သူတွေမှာတော့ အဲဒီလိုညမျိုးက ပွဲကြီးပွဲကောင်းပေါ့။ သူငယ်ချင်းအပေါင်းအသင်းတွေကို ခေါ်ပြီး ဆိုင်တစ်ဆိုင်မှာဝိုင်းလိုက်၊ ပြီးတော့ တဖြည်းဖြည်းအရှိန်လေးလည်းရလာရော ခံစားချက်တွေပေါက်ကွဲပြီး ငိုတတ်တဲ့လူကငို၊ မငိုတတ်တဲ့လူကတော့ ကောင်မလေးဘက်ကို အပြစ်အမျိုးမျိုးပုံချပြီး ပေါက်ကွဲတော့တာပဲ. . ။

ဘယ်လိုနည်းနဲ့ပဲ ရည်းစားနဲ့ပြတ်တဲ့နေ့ကို ရင်ဆိုင်တယ်ပဲဖြစ်ဖြစ် အရသာကတော့ တစ်မျိုးတည်းပဲထွက်တယ်လို့ထင်သည်။

ရင်ထဲမှာ နာကြည်းသည်၊ လွမ်းသည်၊ မှားခဲ့သည်၊ မှန်ခဲ့သည်၊ ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် ထိုအချိန် ခံစားရတဲ့ အရသာလေးက ခံစားလို့တော့ တော်တော်ကောင်းသည်။ ခံစားကြည့်ပါ။ ရုပ်ရှင်တွေထဲမှာလို နောက်ခံတေးဂီတ ဆွေးဆွေးမြေ့မြေ့လေးတွေနဲ့ နှစ်ဦးသား ပျော်ရွှင်ခဲ့တဲ့ပုံရိပ်တွေ



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြသလို မလုပသော်လည်း၊ ခံစားချက်လေးက တော်တော်ကောင်းသည်။

ကျွန်တော့်သူငယ်ချင်းတစ်ယောက်ဆို ညဘက်ကြီး အင်းလျား ကန်ဘေးမှာ ပုလင်းတစ်လုံးထောင်ပြီး အလွမ်းကောင်းလို့ ကန်ထဲပြုတ် ကျတာ တော်သေးလို့မသေခဲ့ခြင်းဖြစ်သည်။

အခု ကျွန်တော်ပြောချင်တဲ့အကြောင်းကလည်း သူ့အကြောင်း ပင် ဖြစ်သည်။ ဘယ်သူတွေ ဘယ်လိုနည်းနဲ့ ရည်းစားတွေနဲ့ ပြတ်ခဲ့လဲတော့ ကျွန်တော်မသိသော်လည်း ဒီကောင်ကတော့ ရုပ်ရှင်ကြည့်ရင်း ရည်းစားဦးနဲ့ ပြတ်ခဲ့ရခြင်းဖြစ်သည်။

သူ့နာမည်က 'လွင်ဦး'။



'လွင်ဦး'သည် မြင့်မြင့်ကြည်နှင့် ရည်းစားသက်တမ်း တစ်လ လောက်အကြာတွင် ရုပ်ရှင်ကြည့်ဖို့ စတင်စည်းရုံးခဲ့၏။ အမှန်တော့ လွင်ဦးက ရုပ်ရှင်ကိုသိပ်ကြိုက်လှတယ်တော့ မဟုတ်။ သွားကြည့်တဲ့ ကားကလည်း ကုလားကားဖြစ်သည်။ ကုလားစကား လည်း နားမလည်သလို၊ တစ်ချိန်လုံး သီချင်းဆိုလိုက်၊ ကလိုက် လုပ်နေသော ကြောင့် လုံးဝမကြည့်ဖြစ်။ သို့သော် မြင့်မြင့်ကြည်နဲ့ သွားကြည့်ဖို့တော့ အကြောင်းရှိသည်။ ကုလားကားဆိုကတည်းက တခြားကားတွေထက် ပေရှည် တတ်သောကြောင့်ဖြစ်လေသည်။ ထို့အပြင် ဒီကိစ္စကို အပေါင်းအသင်းတွေနဲ့ တိုင်ပင်တုန်းကလည်း. . .

"မင်းဘက်က ဆုံးဖြတ်ပြီးပြီဆို ကုလားကားသာသွားကြည့်"

အဲဒီတုန်းက ပြောတဲ့သူကို ရှုသိုးသိုးပြန်ကြည့်ပြီး. .

"ငါမကြည့်ချင်တဲ့ကားထဲမှာ ကုလားကား ထိပ်ဆုံးကပါတယ်ကွ. . သိလား၊ တစ်ချိန်လုံး သီချင်းပဲဆိုနေလို့"

"မင်းက ရုပ်ရှင်ကြည့်မှာလား"

အမိပ္ပါယ်ပါပါကြည့်လိုက်သော သူငယ်ချင်းရဲ့အကြည့်ကြောင့်. .



www.burmeseclassic.com

www.burmeseclassic.com



"ဟီး. . ဟဲ. . ရုပ်ရှင်ကလည်း ရုပ်ရှင်ပေါ့ကွာ"

ဆိုပြီး ရောချရတော့သည်။ အမှန်တော့ မြင့်မြင့်ကြည်ကို ရုပ်ရှင်ကြည့်ဖို့ခေါ်ခြင်းမှာ လွင်ဦးဘက် မတော်တရားကြံစည်ဖို့တော့ မဟုတ်ပါ။

သို့သော် သမီးရည်းစားတို့၏ ထုံးစံအတိုင်း ရည်ရွယ်ချက်လေး အနည်းအကျဉ်းတော့ပါသည်။ ရုပ်ရှင်ကြည့်ရင်းနဲ့ လက်ကလေးဘာလေးကိုင်မည်၊ ကောင်မလေးဘက်ကလည်း မှောင်လည်းမှောင်နေတော့ ဒီလောက်နဲ့ ဘာမှမဖြစ်လောက်ပါဘူးဆိုပြီး ခွင့်ပြုလိုက်မည်။ ထိုမှတစ်ဆင့်တက်၍ ပခုံးလေးကိုင်ကာ ခေါင်းလေးမှီခိုင်းထားမည်ဟု "လွင်ဦး" တွေးထား၏။

ထို့နောက် မြင့်မြင့်ကြည်ကို ရုပ်ရှင်ကြည့်ဖို့ပြောတော့ တစ်ဖက်တ အင်တင်တင်။

"အို. . ကိုဦးကလည်း သူများတွေမြင်ကုန်မှဖြင့်"

"မမြင်ပါဘူးမြင့်ရယ် မှောင်နေတာပဲဟာ"

"ရှင်"

"အဲ. . ဟိုဟာပါ၊ ကိုယ်နဲ့မြင့်နဲ့ လာကြည့်တာကို အသိမိတ်ဆွေတွေ မမြင်နိုင်ပါဘူးလို့ပြောတာပါ"

မြင့်မြင့်ကြည် နည်းနည်းတော့ တွေဝေသွားသည်၊ ခဏကြာတော့မှ

"ဒါဆိုလည်း မြန်မာကားကြည့်ပါလား၊ ဘာလို့ ကုလားကား ကြည့်ရ တာလဲ၊ ပြီးတော့ ကိုယ်လည်းနားလည်တာမဟုတ်ဘဲနဲ့"

ချစ်သူရည်းစားနှစ်ယောက် ရုပ်ရှင်ကြည့်ခြင်းသည် ဘာသာစကား တတ်ကျွမ်းစရာမလိုမှန်း သူမ မသိသေးဘဲကိုး။ လွင်ဦးကတော့ ပိတ်ကား ပေါ်မှာ ဘာပဲလာနေနေ သူနဲ့ သိပ်သက်ဆိုင်လှတာမဟုတ်၍ ခပ်အေးအေး ပင်. . ။

"ဒီတစ်ခါတင်တဲ့ ကုလားကားက နာမည်ကြီး မြင့်ရဲ့၊ သူတို့ဆီမှာ တော့ ရုံပွဲထွက်တယ်ပြောတယ်"

ဟုတ်တာမဟုတ်တာအပထား။ ပါးစပ်ထဲရှိရာ လျှောက်ပြောခြင်း ဖြစ်၏။ မိန်းကလေးဆိုတော့ သိတဲ့အတိုင်း "ရုံပွင့်"တယ်ဆိုတဲ့ကားကို





စိတ်ဝင်စားသွားတာ. . ။

"ဒါဆိုလဲ ကိုဦးသဘော"

ဆိုပြီး မီးစိမ်းပြလိုက်တော့သည်။ လွင်ဦးလည်း ပျော်ရွှင်ပြီး နှဲ့လက်မှတ်ပြေးဝယ်ကာ နောက်တစ်ရက် ချစ်သူလေးနဲ့ ကုလားကား ကြည့်ဖို့အရေး ကြိုတင်ရင်ခုန်နေမိပါတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ရုံထဲကို နည်းနည်းနောက်ကျပြီးမှဝင်သည်။ အသိမိတ်ဆွေတွေနဲ့ တိုးနိုင်သောကြောင့်ဖြစ်၏။ အထဲရောက်တော့ ထုံးစံအတိုင်း မှောင်မည်းနေ၍ လက်မှတ်စစ်က ဓာတ်မီးတစ်လက်နဲ့ ခုံနေရာကိုလိုက်ပြ၏။ သူတို့နေရာသည် ခုံတန်းတစ်ခုရဲ့ အလယ်လောက်မှာ သွားကျသည်။

အမှန်တော့ လွင်ဦးဘက်က အတွေ့အကြုံနည်း၍ ဒါမျိုးဖြစ်သွားဖြစ်၏။ ဒီလိုအချိန်မျိုးမှာ အရွေးသင့်ဆုံး ခုံနေရာသည် နောက်ဆုံးတန်းဘယ်ဘက်အစွန်နေရာသာဖြစ်သည်။ ဒါဆို အနှောင့်အယှက်တွေကလည်းကင်းသလို နှစ်ဦးသား လွတ်လွတ်လပ်လပ်လည်း ပြောဆိုလို့ရ၏။

ဘာပဲဖြစ်ဖြစ် လွင်ဦးက မြင့်မြင့်ကြည်လက်ကလေးကိုဆွဲကာ ထိုင်ခုံလေးမှာ ဝင်ထိုင်လိုက်ပါတော့သည်။ ထိုင်ပြီးသည့်အချိန်အထိ မြင့်မြင့်ကြည်ရဲ့လက်ကလေးကို သူ မလွှတ်သေး။ တော်တော်လေးကြာတော့မှ မြင့်မြင့်ကြည်ဘက်က မသိမသာလေးရုန်းသွား၍ အသာလွှတ်ပေးလိုက်ရ၏။

ရုပ်ရှင်တွေရဲ့ ထုံးစံအတိုင်း Trailer တော်တော်များများ ပြသည်။ အားလုံး ကုလားကားချည်းဖြစ်သည်။ Trailer တစ်ခုလာတိုင်း ထိုကားကိုဝေဖန်ပြောဆိုသံများ တစ်ရုံလုံး ဆူညံထွက်သွားသည်။ မြန်မာစကားအပြင် သူတို့ဘာသာစကားတွေနဲ့ပါ တစ်ယောက်နဲ့တစ်ယောက် လုပြောတော့ အသံတွေရောပြီး ဘာသံထွက်လို့ ထွက်နေမှန်း တောင်မသိတော့ပေ။ လွင်ဦး စိတ်ဓာတ်အကြီးအကျယ်ကျသွားပြီ။ မြင့်မြင့်ကြည်ကတော့ နေကြာစေ့လှော်ကို တခွပ်ခွပ်ကိုက်ကာ ပိတ်ကားကို စိတ်ဝင်တစား ကြည့်နေ၏။

သူ့ဘေးနားက ကုလားမလေးတစ်သိုက်သည် သူမသိသော ကုလားမင်းသားနာမည်တချို့ကို ရွတ်ကာငြင်းခုန်နေကြသည်။ သူ့အရှေ့ဘက်က ခေါင်းပေါင်းကြီးဆောင်းထားသော အဘိုးကြီးတစ်ယောက်နဲ့ ဆာရီဝတ်ထားသော အဘွားကြီးတစ်ယောက်က ဇာတ်ဝင်တေးတစ်ပုဒ်ကို လိုက်ညည်းနေ၏။ လွင်ဦး မြင့်မြင့်ကြည်ကို လှည့်ကြည့်သည်။ မြင့်မြင့်ကြည်သည် ရုံပွင့်





သည်ဟု သူပြောခဲ့သောကားကို စိတ်ဝင်တစားကြည့်သည်။ သူ့မဘေးက ကုလားမလေးတစ်ယောက်က မြင့်မြင့်ကြည်ကို တောက်လျှောက် ဘာသာပြန်ပေးနေ၏။ မြင့်မြင့်ကြည်ကတော့ ခေါင်းလေးတညိတ်ညိတ်နှင့် ကျေနပ်ကာနေသည်။ တချို့အခန်းတွေဆို နှစ်ယောက်ပေါင်းပြီး တဟားဟားတောင် ရယ်နေလိုက်သေး၏။

လွင်ဦးတစ်ယောက်တည်း တစ်ရုံလုံးနဲ့ ဘာမှမဆိုင်သလို အူကြောင်ကြောင်ကြီး ငုတ်တုတ်ထိုင်နေရသည်။ သူ့ကိုယ်သူ ကမ္ဘာမြေပေါ် အခုမှ စရောက်သည့် ဂြိုဟ်သားတစ်ကောင်လိုလို ခံစားသွားရ၏။

စရောက်တုန်းကချမှတ်ထားတဲ့ ရည်ရွယ်ချက်တွေလည်း ဘယ်ရောက်ကုန်မှန်းမသိတော့၊ အခုချိန်မှတော့ မြင့်မြင့်ကြည်လက်ကလေးကိုကိုင်ဖို့နေနေသာသာ ပခုံးချင်းလေးအသာသွားထိတာတောင် တစ်ဖက်က ကုလားမလေးနဲ့ စကားကောင်းနေ၍ သူ့ကို သတိတောင်မရ. . ။

လွင်ဦး စိတ်ပျက်လက်ပျက်နဲ့ ထိုင်နေစဉ်မှာပင် . . .

"အစ်ကို မီသွန်ကို သိတယ်မဟုတ်လား. . "

လွင်ဦးနားထဲမှာ တစ်မျိုးကြားသွား၍. .

"ဘာမီတွန်မပါဘူးဗျ"

သူ့ဘေးက ကုလားမလေးက ကြောင်တောင်တောင်နဲ့ပြန်ကြည့်ပြီး

"ဘာမီတွန်ကို ကျွန်မက ဘာလုပ်ရမှာလဲ"

"သိ. . သိဘူးလေ"

"ကျွတ်. . စိတ်ညစ်တယ်. . မီသွန်. . မီသွန်လေ. . မသိဘူးလား"

လွင်ဦးတစ်ချက်တော့ တွေဝေသွား၏။ သို့သော် ကောင်မလေးမေးတဲ့ဟာကို သူမသိ. . ။

"မီသွန်ဆိုတာ ဘာလဲဟင်. . "

"ဟာ. . မင်းသားလေ. . မင်းသားမီသွန်"

ကြားတော့ကြားဖူးသည်။ ဘယ်မှာမှန်းမသိ. . ထားတော့. .

"သိတာပေါ့ မီသွန်လေ၊ ဟာကူးမားရဲ့အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



သူလည်း ကုလားမလေးကို နောက်ချင်၍ ပါးစပ်ထဲရှိရာပြောလိုက်ခြင်းပါ။ ကောင်မလေးက ဟာကူးမားဆိုတဲ့ စကားလုံးကိုရွတ်ပြီး ခေါင်းခါကာ တစ်ဖက်က သူ့သူငယ်ချင်းတွေဘက် ခေါင်းယိုင်သွားသည်။ ပြီးတော့ သူ့ဘက်ပြန်ကပ်၍. . .

"အစ်ကို မီသွန်နဲ့ ရှရွတ်ခမ်း ဘယ်သူပိုချော့လဲသိလား"

ရှရွတ်ခမ်းကိုတော့ ကြားဖူးသည်။ နောက်ပိုင်း စူပါဖြစ်လာသော ကုလားမင်းသားတစ်ယောက်ဖြစ်၏။

"အင်း. . ရှ. . ရှရွတ်ခမ်း ပိုချော့တယ်ထင်တယ်"

"ဟေး. . တွေ့လား ဒီအစ်ကိုကြီးပြောတာတွေ့လား. . ရှရွတ်ခမ်းတဲ့"

"ဟာ. . မီသွန် ပိုချော့တာ"

"ဘာ. . မီသွန်လဲ. . ဒီအစ်ကိုကြီးက ရှရွတ်ခမ်းတဲ့"

ဟိုဘက်မှာ ပြဿနာတွေတက်ကုန်ပြီ. . ။ ဆူဆူညံညံလည်း တော်တော်ဖြစ်လာ၍ မြင့်မြင့်ကြည်ဘက်က ကုလားမလေးတွေက သတိထားမိလာကြ၏။ ရှရွတ်ခမ်းနဲ့မီသွန် အရေးအခင်းကိုလည်းသိရော သူတို့ပါ အားတက်သရော ပါဝင်ပတ်သက်ကြတော့၏။

"ရှရွတ်ခမ်း"

"မီသွန်"

"ရှရွတ်ခမ်း"

"မီသွန်"

"ရှရွတ်ခမ်း"

ဒီကြားထဲ ရှေ့ဘက်ထိုင်ခုံက အဘွားကြီးက အမီတာဘချမ်းဆိုပြီး ဝင်ပြောလိုက်သေး၏။ ခဏကြာတော့ ရှရွတ်ခမ်းတစ်ဖက်၊ မီသွန် တစ်ဖက် ထချကြပါတော့သည်။ လက်တွေနဲ့ ကုတ်ဆွဲသည်။ ဆာရီနဲ့ မျက်စိကိုပတ်ပြီး ပါးပိတ်ရိုက်၏။ တိုက်ကွက်က မျိုးစုံသည်။ ရုပ်ရှင်ရုံ လုံခြုံရေးတွေရောက်လာပြီး ထွေးနေတဲ့သူတွေကို မနည်းဖျန်ဖြေပေးတော့မှ လူစုကွဲသွားပါတော့သည်။





လွင်ဦးလည်း စစ်အေးကာလရောက်မှ မြင့်မြင့်ကြည်ကို သတိရလိုက်ကာ. . ။

"ဟာ. . ဘယ်ရောက်သွားပါလိမ့်"

မြင့်မြင့်ကြည်ကို သူမတွေ့တော့၊ အပြင်းအထန်လိုက်ရှာသော်လည်း မြင့်မြင့်ကြည်ကိုမတွေ့တော့ပေ။ ခုန လူအုပ်ထဲမှာ လုံးရင်းထွေးရင်းနဲ့ပဲ မြင့်မြင့်ကြည် တစ်ခုခုများဖြစ်နေပြီလား တွေးမိပြီး စိတ်ပူကာသွားသည်။ ထိုအချိန်မှာ သူ့ဘေးကကောင်မလေးက အသံထွက်လာသည်။

"ငါ့. . ငါ့ဆီမှာ ဘယ်ကထဘီရောက်နေတာလဲ"

ထိုကုလားမလေးအသံကြောင့် အားလုံးလှည့်ကြည့်မိသည်။ ဆာရီဇာပဝါခြုံထားသော ထိုကောင်မလေးသည် ထဘီဖြူလေးနဲ့ ရယ်စရာကောင်းနေသေး၏။ ထဘီကလည်း ပြောင်းပြန်ဖြစ်ပြီး အထက်ဆင်က ဖောက်ထိုးဖြစ်နေသည်။ လွင်ဦး ထိုထဘီကိုကြည့်ကာ အသိတစ်ချက်ဝင်သွားပြီး. . .

"ဟာ. . ဒါ. . ဒါ. . မြင့်ထဘီ. . မြင့်ထဘီ"

လွင်ဦး သွေးရူးသွေးတန်းအော်ရင်း ကုလားမလေးနားကို ကပ်သွား၏။ ပြီးတော့ သေချာကြည့်သည်။ မြင့်ထဘီမှ မြင့်ထဘီအစစ်၊ ဒါဆို. . .။ ဘုရား. . ဘုရား. . မြင့်ဆီမှာ ထဘီအစား ဘာရောက်သွားပြီလဲ၊ ထဘီမရှိတော့ မြင့်သည်. . . လွင်ဦးခေါင်းကြီးသွားသည်။ သို့သော် ကုလားမလေးမှာလည်း သူ့ မူလဝတ်လာသော ထဘီမရှိတော့ပေ။ သူ့ထဘီနေရာမှာ မြင့်ထဘီ ရောက်နေ၍ လုံးရင်းထွေးရင်းနဲ့ ဆာရီနဲ့ ထဘီများဝတ်မိကြပြီထင်သည်။

ထိုနေ့မှစ၍ လွင်ဦးသည် ကုလားကားများကို စိတ်နာသွားသည်။ မီသွန်နဲ့ ရှရွတ်ခမ်းကို နာမည်တောင်မကြားနိုင်လောက်အောင် မုန်းတီးသွား၏။ ထိုနေ့မှစ၍ မြင့်မြင့်ကြည်နဲ့သူ ဝေးသွားကြသည်မှာ ယနေ့ထက်တိုင်ပင်ဖြစ်လေသည်။

လွင်ဦးခမျာ လမ်းပေါ်မှာ ဆာရီခြုံပြီးဖြတ်သွားသော ကုလားမလေးတွေကိုမြင်တိုင်း မြင့်မြင့်ကြည်ကို သတိရမိပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



လူငယ်ဆိုသော လူငယ်ပီပီ စိတ်ကူးယဉ်မှုလေးတွေ ရှိတတ်ကြစမြဲပါ။ တချို့က ကိုယ်ထားတဲ့ ရည်းစားကို ဘယ်လို စံချိန်စံညွှန်းညီမှ ထားချင်တာမျိုးတို့၊ ဘယ်မင်းသမီးနဲ့တူမှ ရင်ခုန်တာမျိုးတို့ရှိတယ်။ တချို့ကျတော့ ကောင်မလေးတွေက ကိုယ့်ကိုစပြီး ရင်ခုန်တာမျိုး လိုချင်ကြတယ်။

# ပုဂံလမ်းက အမှားဘုရင်





အဲလိုလူမျိုးတွေကျတော့ လူပျိုပေါက်ဝင်ကတည်းက 'မ' သတ္တဝါတွေရှေ့မှာ သူတို့ကို စိတ်ဝင်စားအောင် အမျိုးမျိုး အိုက်တင်(ပဲ)တွေများပြလေ့ရှိတယ်။

ငယ်ငယ်တုန်းက ကျွန်တော့်သူငယ်ချင်းတစ်ယောက်ရှိတယ်။ ငယ်ငယ်တုန်းကဆိုလို့ သိပ်မငယ်တော့ပါဘူး။ လူပျိုပေါက်အရွယ်ပေါ့။ ဝက်ခြံနဲ့ သစ်ရွက်လှုပ်တာကို ရင်ခုန်ကြည်နူးတဲ့အရွယ်ဆိုလည်း မမှားဘူးပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတုန်းက ကျွန်တော်နဲ့တွဲတဲ့ကောင်နာမည်က "ဂေါက်ကြီး"တဲ့။ နာမည်ကိုကြားမိမှတော့ ဒီကောင် ဘယ်လိုကောင်လဲဆိုတာ သိကြရောပေါ့။ မနက်ကျောင်းအလာဆို အဲဒီတုန်းက နာမည်ကြီး တက္ကသိုလ်တင်မောင်ထွေး မိတ်ကပ်ကို မှုန်နေအောင်လိမ်းပြီးလာတယ်။ အသားကလည်းညို၊ မိတ်ကပ်ကလည်း သူ့အစ်မတွေဆီက ခိုးလိမ်းရတာဆိုတော့ ကမန်းကတန်းပွတ်ထားလို့ ကွက်တိကွက်ကြားဖြစ်နေတယ်။

ဓာတ်တိုင်တစ်တိုင်စာလောက်က သူ့ကိုတွေ့ရင် ချင်ပန်ဇီ မျောက်ဝံ ခရုသင်းပေါက်နေသလိုပဲ။ ဒါပေမဲ့ ကျွန်တော်ကတော့ သူ့ကိုတွေ့တိုင်း မြှောက်ပေးတယ်။

"မင်း အရမ်းမိုက်တယ်ကွာ. . အဝေးကကြည့်ရင် ရဲအောင်နဲ့ ခွဲမရဘူး. . ဟေ့ကောင်"

အဲဒီလိုပြောလိုက်တိုင်း ဖြစ်သွားတဲ့ ဒီကောင့်ပုံစံက မိုးဦးကျ ဖားတွေလိုပဲ။ ထိန်းမနိုင်သိမ်းမရအောင် အပျော်လွန်သွားတာ။

ဒီလိုနဲ့ တစ်ရက် ကျွန်တော်တို့ ကျောင်းဆင်းလို့ ဘောလုံးကွင်းဝင်ပြီး ဘောလုံးကန်နေတုန်း ဒီကောင်ရောက်လာတယ်။ ဒီကောင်က ကျွန်တော်တို့နဲ့ ဘယ်တော့မှ ဘောလုံးလိုက်မကန်ဘူး။ ကျောင်းပြီးတာနဲ့ အိမ်ပြန်တယ်။ ပြီးရင် ရေမိုးချိုးပြီး ထုံးစံအတိုင်း မိတ်ကပ်လိမ်း၊ ရှိုးအပြည့်နဲ့ ကွင်းဘေးနားပြန်လာပြီး တန်ရေးပြလေ့ရှိတယ်။

ဒါကို ကျွန်တော်တို့က မကျေနပ်ပေမယ့် ပြောမရလို့ လွှတ်ထားလိုက်တယ်။ ဘယ်လိုခေါ်ခေါ် မကစားဘဲ လာသမျှ ရပ်ကွက်ထဲက ကောင်မလေးတွေကို ဒိုင်ခံပဲပေးနေလို့ တစ်ရက်တော့ ဒီကောင့်ကို ပညာပေးရမယ်လို့ ကြိတ်တွေးထားလိုက်တယ်။

အဲဒီနေ့မှာပဲ တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော်တို့ ဘောလုံးကွင်းဘေးက ကောင်မလေးတစ်ယောက်ဖြတ်လျှောက်သွားတယ်။ အဲဒီ ကောင်မလေး နာမည်ကို အတိအကျမသိပေမယ့် ရှစ်တန်း(B)ခန်းက ဆိုတာလောက်တော့သိတယ်။





ကောင်မလေးက လှလည်းလှတယ်။ ပြီးတော့ စွာလည်းစွာတယ်။ ကျွန်တော် အကြံတစ်ခုရသွားတာနဲ့ ဂေါက်ကြီးဆီ ကမန်းကတန်း ပြေးသွားလိုက်တယ်။ "ဂေါက်ကြီး"ကတော့ ဂိုးတိုင်နောက်က ကုက္ကိုပင်ကိုမှီပြီး မျက်လုံးလေး မှေးတေးတေးနဲ့ အိုက်တင်အပြည့်။

"ဂေါက်ကြီး မင်းသူ့ကိုသိလား"

ဂေါက်ကြီးမှေးတေးတေးလေးကြည့်နေရင်းက အသာခေါင်းယမ်းပြတယ်။

"သူက မင်းကိုကြိုက်နေတာကွ"

"ဟင်"

ဂေါက်ကြီးရဲ့ မှေးနေတဲ့မျက်လုံး ချက်ချင်းကျယ်သွားပြီး ကျွန်တော့်ကို ဖျတ်ခနဲလှည့်ကြည့်တယ်။ ကြည့်ရတာ အရင်ကတည်းက ဒီကောင် အဲဒီကောင်မလေးကို စိတ်ဝင်စားနေဟာလားမသိဘူး။

"မင်းကသာ သတိမထားမိတာ ငါတို့ကသိနေတာကြာပြီ။ ကျောင်းမှာဆို မုန့်စားဆင်းရင် အဲဒီကောင်မလေးက မင်းကို နောက်က အမြဲ လိုက်လိုက်ကြည့်နေတာကွ"

ဂေါက်ကြီးတံတွေးမျိုချလိုက်သံ ဂလုခနဲကြားလိုက်ရတယ်။

"မင်းသာ ဟမယ်ဆို ကောင်မလေးက ပါပြီကွ"

"အဲ အဲဒီတော့ ငါ ငါဘာလုပ်ရမလဲဟင်"

"လိုက်ပြောကွာ"

"ဟာ. . ."

ဂေါက်ကြီးတွေသွားတယ်။ နည်းနည်းထပ်တွန်းရင်ရပြီဆိုတာ ခန့်မှန်းမိလိုက်တယ်။

"ငါ နောက်က အဖော်လိုက်ခဲ့မယ်။ မင်းမလုပ်ရဲဘူးလား။ မင်းကွာ မှင်းရုပ်မင်းရည်နဲ့များ တွေစရာလား။ ဂေါက်ကြီးရာ။ ငါသာ မင်းလောက်ချောရင် ပွဲပြီးပြီဟေ့ကောင်"

ဂေါက်ကြီး ညွှတ်ထားတဲ့ခါးက ဆတ်ခနဲမတ်သွားတယ်။ ဒီကောင်



www.burmeseclassic.com

www.burmeseclassic.com



နာတော့မယ်ဆိုတာ တွေးလိုက်တယ်။ ဟိုကောင်မလေးတွေ အဖွဲ့က ဂေါက်ကြီးတို့ သိတယ်။ နည်းနည်းမှကြည့်မရဘူး။ နာမည်တောင် ပေးထားသေးတယ်။ "မျောက်ဖြူ"တဲ့။

"လာ သွားမယ်. . မင်းလိုက်ခဲ့"



ကောင်မလေးလက် ရုတ်တရက်မြောက်တက်သွားတာ တွေ့လိုက်တာနဲ့ ကျွန်တော်မကြည့်ရဲတော့ဘဲ မျက်နှာတစ်ဖက်လွှဲလိုက်ရတယ်။

"ကောင်းရာသုဂတိလားပါစေ. . ဂေါက်ကြီးရယ်. ."

ရင်ထဲကဆုတောင်းသံ မဆုံးလိုက်ပါ။

"ဖြန်း. ."

အသံကမာတယ်။ တော်တော်လည်းကျယ်တယ်။ အားလည်း တော်တော်ထည့်ပုံရတယ်။ ကျွန်တော်ခေါင်းကို ဖြည်းဖြည်းချင်းလှည့်ပြီး မရဲတရဲလေးကြည့်လိုက်မိတယ်။

လက်ငါးချောင်းရာ ထင်းထင်းကြီး ပေါ်နေတဲ့ပါးပြင်၊ နောင်တတွေ စုပုံနေတဲ့ မျက်ဝန်း၊ ဈေးဦးမပေါက်သေးတဲ့ ဈေးသည်တစ်ယောက်ရဲ့ လက်မှိုင်ချမှုတွေနဲ့အတူ ဂေါက်ကြီး။ ကျွန်တော် အသာလှမ်းသွားတယ်။

"မင်း. . ဘာသွားပြောလိုက်တာလဲ"

ဂေါက်ကြီး ခေါင်းငုံ့နေရင်းက ကျွန်တော့်ကို လှည့်မကြည့်ဘဲ ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



"နင် ငါ့ကိုကြိုက်နေတယ်ဆိုလို့ မေးလိုက်တာ။ အဲဒီတစ်ခွန်းတည်း မေးရသေးတယ်ကွာ ငါ. . ငါ့ကို. . သူ"

ကျွန်တော် ဂေါက်ကြီးကို တအံ့တဩကြည့်နေရှာကလွဲလို့ ဘာတတ်နိုင်ဦးမှာလဲ။ မေ့သွားတာတစ်ခုပဲရှိတာပါ။ သူ့နာမည် ဂေါက်ကြီးလို့ ကျွန်တော်တို့ ဘာလို့ပေးထားရသလဲဆိုတဲ့အချက်ကိုပဲ။ နံ့တော့လည်းခံပေါ့ကွာ။

ဒီလိုနဲ့ ဂေါက်ကြီးနှလုံးသားဟာ ပွဲဦးထွက်မှာပဲ ပါးတစ်ချက် အရိုက်ခံရခြင်းနဲ့ အူတိအူကြောင် ကွဲသွားရတော့တယ်။ နောက်တော့ အဲဒီကိစ္စကို ကျွန်တော် ချွန်လိုက်တာဆိုတာ ဒီကောင်သိသွားတယ်။

အဲဒီအချိန်မှာ ကျွန်တော်တို့ (၈)တန်းအောင်ပြီး ကိုးတန်းတောင်ရောက်နေပါပြီ။ အဲဒီတုန်းကသူကျွန်တော့်ကို စကားတစ်ခွန်းပြောသွားဖူးတယ်။

"လူတစ်ယောက်မှာ အိပ်မက်ဆိုတာ အမြဲရှိတယ်ကွ။ အထူးသဖြင့် လူငယ်တွေမှာ တစ်ခုမဟုတ်တစ်ခု စိတ်ကူးယဉ်ဖူးတဲ့ ကိစ္စတွေရှိတယ်။ အဲဒီစိတ်ကူးယဉ်မှုတွေက ဘဝအတွက် အခိုင်အမာကြီး မဟုတ်ရင်တောင် တစ်စုံတစ်ခုကြောင့်ပြိုကွဲသွားရင် ခံရသိပ်ခက်တယ်။ အဲဒါ မင်း တစ်နေ့နားလည်လာလိမ့်မယ်။ အထူးသဖြင့် အချစ်နဲ့ပတ်သက်တဲ့ လူငယ်တစ်ယောက်ရဲ့ အိပ်မက်ကို ဖြိုခွဲခံရရင် ဘာနဲ့မှနှိုင်းမရအောင် ခံစားရတတ်တယ်။ ဘာမှကြီးကြီးကျယ်ကျယ်ကိစ္စမဟုတ်ပေမယ့် အဲဒါ အချစ်ကို စတင် မွေးဖွားချိန်မှာ သတ်ပစ်လိုက်တာပဲကွ။ မင်း ငါ့လိုမခံစားရပါစေနဲ့ သူငယ်ချင်းရာ။ ငါမင်းကို အဲဒီတုန်းကကိစ္စ စိတ်မဆိုးပါဘူး။ ရပါတယ်"

အဲဒီတုန်းက ကျွန်တော်တစ်စုံတစ်ခု ရင်ထဲမှာ ခံစားလိုက်ရတယ်။ အဲဒါက ဘာလဲဆိုတာကိုတော့. . .။



၂၀၀၆ ဆုံး တစ်ယောက်တည်း ခရီးသွားရခြင်းကို (၁၀)တန်းအောင်ပြီးစမှာ ကျွန်တော်စတင်ကြုံရပါတယ်။ စသွားရတဲ့ခရီးက မန္တလေးကို။

ဘာကိစ္စနဲ့သွားတာလဲတော့ ကျွန်တော် အတိအကျမမှတ်မိတော့ပေမယ့် တစ်ယောက်တည်း မိဘတွေမပါဘဲ သွားရတဲ့ခရီးဖြစ်တဲ့အတွက် ရင်လည်းခုန်တယ်။ ပြီးတော့ ပျော်လည်းပျော်တယ်။ အရွယ်လေးလည်း ကြီးကောင်ဝင်လာတော့ ခရီးလမ်းမှာ ကြုံရမယ့်ခရီးသွား လူငယ်တစ်ယောက်ရဲ့ ရင်ခုန်မှုတွေကို မျှော်စုံလျှောက်တွေးကြည့်တာနဲ့ တစ်ညလုံးကို အိပ်လို့မပျော်ဘူး။

အထူးသဖြင့် မိုင်ပေါင်း(၄၀၀)ကျော်လောက် သွားရမယ့်ခရီးမှာ ကိုယ့်ဘေးနားကခုံမှာ ဘယ်သူထိုင်မလဲဆိုတဲ့ အဖြစ်အပျက်ပဲ။

သွားတာက (Express)ကားနဲ့ဆိုတော့ နှစ်ယောက်ထိုင်ဖြစ်နေတဲ့အတွက် ခရီးတစ်ခုလုံး ကိုယ့်ဘေးနားကအဖော်နဲ့ပဲ နေသွားရမှာလေ။ အဲဒါ အရေးကြီးဆုံးပဲ။ ကောင်မလေးချောချောလေးများ လာထိုင်မလားဆိုတဲ့ အတွေးက ခေါင်းထဲ စရောက်လာတယ်။ ဝတ္ထုတွေ ရုပ်ရှင်တွေထဲကလို ကောင်မလေးတစ်ယောက်နဲ့ အတူ ဘေးချင်းယှဉ်ကျ၊ လမ်းမှာ စကားတွေပြော။



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက မှူးရင် ကိုယ်က ရှူဆေးတွေ ထုတ်ပေး။ ပြီးတော့ ခင်မင်သွား လမ်းမှာ အတူတူ ထမင်းစား။

ပြီးတော့ လိပ်စာမေး။ နောက်ဆုံးတော့ တစ်ယောက်နဲ့တစ်ယောက် စာအဆက်အသွယ်(ဒါမှမဟုတ်)ဖုန်းအဆက်အသွယ်တွေလုပ်ပြီး ချစ်သူတွေ ဖြစ်သွားကြ။ ဒါမျိုးကို ရင်ခုန်သွားတယ်။

အဲဒီကစလိုက်တဲ့ ရင်ခုန်မှုက ကျွန်တော့်စိတ်မှာ စွဲသွားလား မသိ ဘူး။ အမြဲတမ်းခရီးသွားတိုင်း (Express)ကားနဲ့သွားတိုင်း ကျွန်တော် အဲဒီလို အမြဲတွေးတယ်။

ဒါပေမဲ့ ဘာကြောင့်မှန်းမသိဘူး။ ကျွန်တော် အဲဒါမျိုး ဘယ်တော့မှ ကံမကောင်းခဲ့ဘူး။

စစချင်း မန္တလေးသွားကတည်းက ဈေးဦးကျိုးသွားတာပဲ။ အဲဒီ တုန်းက ရင်ခုန်စွာစောင့်နေလိုက်ရတာ တကယ်တမ်း ကိုယ့်ဘေးနားက လာတော့ တောင်ပြုန်းပွဲသွားတဲ့ ကနားစီးမမ (နတ်ကတော်)ကြီး ဖြစ်နေတယ် တစ်လမ်းလုံးကို မြှော့နေတာပဲ။ သူ့ဆီက မွှန်ထူနေတဲ့ ရေမွှေးနံ့ကတစ်မျိုး ကန္ဓဲ့ကလျှပြောတဲ့ ညုတုတုအသံကြီးကတစ်မျိုးနဲ့ သေချင်စော် တော်တော် နံသွားတယ်။

အဲဒီပထမအကြိမ်ကတည်းက ကျွန်တော် အဲဒီကိစ္စတွေမှာ ကံ မကောင်းနိုင်တော့ဘူးဆိုတာ သိလိုက်ဖို့ကောင်းတယ်။

ဒါပေမဲ့ အမှတ်မရှိတဲ့စိတ်ကူးယဉ်မှုက နောက်ခရီးတွေမှာလည်း အဲဒီလို ဇာတ်လမ်းလှလှလေးတွေများ ကြုံဦးမလားလို့ မျှော်လင့်နေတုန်းပဲ ဒါပေမဲ့ တစ်ခုမှကိုမကြုံဘူး။

ကျွန်တော့်လောက်ခရီးသွားတာ ကျွန်တော်ပဲရှိတယ်၊ ကားနဲ့ရော သင်္ဘောနဲ့ရော၊ ရထားနဲ့ပါသွားဖူးတယ်။ အကြိမ်တိုင်းကျတဲ့ သူတွေကလည်း ဖွားသီလရှင်၊ ဘုန်းကြီး၊ ဆေးဆရာ၊ အဘိုးကြီး၊ အဘွားကြီး စသည်ဖြင့် စုံနေတာပဲ။ တစ်ခါဆို ဘိုးသူတော်နဲ့ပါ သွားလိုက်ရသေးတယ်။ ဒါပေမဲ့ ကျွန်တော်လက်မလျှော့ခဲ့ဘူး။ အဲဒီအိပ်မက်မက်ကောင်းတုန်းပဲ။





အဲဒီလောက် ဒီကိစ္စကိုပြောနေရင် အဲဒီကိစ္စနဲ့ပတ်သက်တဲ့ ဇာတ်လမ်းတစ်ခုဖြစ်တော့မယ်ဆိုတာ အားလုံးရိပ်မိလောက်ပြီထင်တယ်။

ဟုတ်ပါတယ်။

ကျွန်တော်တစ်ခါတော့ ကံဇာတာအခွင့်အလမ်းလေးပွင့်ပြီး ကောင်မ လေးလှလှတစ်ယောက်နဲ့ အတူတူထိုင်ရဖို့ အခွင့်ကြုံခဲ့ပါတယ်။

ဒါပေမဲ့ဗျာ . . . . ။

www.burmeseclassic.com

www.burmeseclassic.com



ပခုက္ကူက ရန်ကုန်ပြန်ဖို့ ပုဂံမင်းသား ကားလက်မှတ်ဖြတ်ကတည်းက ဘေးနားကျတဲ့ ခုံနံပါတ်က နာမည်ကို ကြည့်လိုက်မိသည်။ "ညိုညိုထွန်း"တဲ့။ မိန်းကလေးတစ်ယောက်နာမည်ဖြစ်နေတော့ ရင်ခုန်သွားတယ်။ ဒီတစ်ခါတော့ ကော်ပြီပေါ့။

အဲဒီတုန်းက အလုပ်ကိစ္စနဲ့ ပခုက္ကူရောက်နေတဲ့ အဖေ့နောက်လိုက်သွားပြီး အပြန်မှာပါ။ အသက်ကတော့ (၂၀)ကျော်ရုံပေါ့။ အခုလို စာရေးဆရာပေါက်စမဖြစ်သေးပေမယ့် လုံးချင်းတစ်အုပ်လောက် စရေးဖို့ စိုင်းပြင်းနေချိန်ပါ။

စရေးတဲ့စာအုပ်ကိုလည်း အခုလို ခရီးသွား ဇာတ်လမ်းလေးတစ်ပုဒ်ရေးရင် ကောင်းမယ်လို့မှန်းထားတဲ့အချိန်။ အင်း ဒီတစ်ခါ အိမ်အပြန်တော့ ဇာတ်လမ်းကျောရိုးလေးတစ်ခု ရနိုင်ကောင်းရဲ့လို့ တွေးလိုက်မိတယ်။

ပခုက္ကူကနေ ပုဂံဘက်ကမ်းကို စက်လှေနဲ့ကူးရတယ်။ ပုဂံရောက်တော့ အဝေးပြေးဂိတ်ကို မြင်းလှည်းစီးသွားရတယ်။ ကားဂိတ်ရောက်တော့ ရန်ကုန်ထွက်မယ့် ပုဂံမင်းသားက နှစ်စီးဖြစ်နေတယ်။ ပထမတော့ ကျွန်တော်





လည်းမသိဘူး။ တွေ့တဲ့ကားကောက်တက်လိုက်တာ ကားမှားပြီး တက်မိသွားရော။

ဒီလိုနဲ့ထိုင်နေလိုက်တာ ခဏနေတော့ကားပေါ် ကောင်မလေးတစ်အုပ်တက်လာတယ်။ ကြည့်ရတာ သူငယ်ချင်းတွေစုပြီး ဘုရားဖူးလာကြတာလားမသိဘူး။ အဲဒီအုပ်စုထဲက ကောင်မလေးတစ်ယောက် ကျွန်တော့်ဘေးနားကခုံမှာ စွေ့ခနဲ ဝင်ထိုင်လိုက်တာတွေ့လိုက်ရတော့ ကျွန်တော်ပြုံးမိလိုက်တယ်။ ရင်ထဲမှာလည်း ဝေါ်တော်ကျေနပ်သွားတာ အမှန်ပါ။

အခုအချိန်မှာ လွန်ခဲ့တဲ့ (၃)(၄)နှစ်ကလို ရှုးနှမ်းနှမ်း ခပ်ကြောင်ကြောင်စိတ်တွေမရှိတော့ပေမယ့် ဘာပဲဖြစ်ဖြစ် နှစ်အတော်ကြာကြာ စိတ်ကူးထားတဲ့အရာက အခုမှ လာပြည့်တာကိုး။ ရင်ဖိုသွားတာပေါ့။ ကျွန်တော် ကောင်မလေးကို မသိမသာလေးခိုးကြည့်လိုက်တော့ ကောင်မလေးမျက်နှာတစ်ခြမ်းကို သူ့ရဲ့ဆံပင်ရှည်ရှည်တွေနဲ့ အုပ်ထားတာတွေ့ရတယ်။

ကျွန်တော့်မှာ အကျင့်တစ်ခုရှိတယ်။ အဲဒါ ဘာလဲဆိုတော့ တစ်စုံတစ်ခုကိုသိချင်ရင် မရမက စုံစမ်းတတ်တဲ့အကျင့်ပဲ။ အဲဒီအကျင့်ကြောင့်ဆူသလိုပေါ်သလိုနဲ့ အညောင်းဆန့်သလိုလိုလုပ်ပြီး ရှေ့နည်းနည်းတိုးကြည့်လိုက်တယ်။ ကျွန်တော့်လှုပ်ရှားမှုကြောင့် ထိုင်ခုံ လှုပ်သွားလို့ထင်ပါတယ်။ ကောင်မလေးက ကျွန်တော့်ဘက် ချာခနဲလှည့်ကြည့်လိုက်တော့ သူ့မျက်နှာလေး ကျွန်တော်အကုန်မြင်လိုက်ရပါရော။

ချစ်စရာလေးပါ။ အသားမဖြူမညိုလေးနဲ့ ဆံပင်ရှည်ရှည်၊ မျက်နှာသွယ်သွယ်လေးဆိုတော့ တော်တော်လေးကြည့်ကောင်းတယ်။ ကျွန်တော် ကိုယ့်အတွေးနဲ့ကိုယ်ကြောင်ပြီးပြုံးပြလိုက်တော့ သူကျွန်တော့်ကို ပြန်ပြုံးပြတယ်။ ဒါဆို အခြေအနေမဆိုး။

"ခရီးသည်တွေထဲမှာ ပခုက္ကူက လက်မှတ်ဖြတ်ထားတဲ့သူတွေပါရင် ဟိုဘက်ကားပြောင်းပေးပါခင်ဗျာ။ ဒီကားက ပုဂံကလက်မှတ် ဖြတ်တဲ့သူတွေအတွက်ပါ"

ကျွန်တော့်ရင်ထဲ ဒိန်းခနဲဖြစ်ပြီး ပူထူသွားတယ်။ ထမင်းထုပ်



www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်နားရောက်ခါနီးမှ ပုတ်ချခံရတာနဲ့ ဘာကွာသေးလဲ။ ကျွန်တော့် ခေါင်းထဲမှာ အတွေးတွေ ပလုံစီသွားတယ်။

ငါဘာလုပ်ရမလဲ တွေးတယ်။ ဒါနဲ့ ချက်ချင်းမထသေးဘဲ ကျွန်တော် ဆက်ထိုင်နေလိုက်တာ ဆယ့်ငါးမိနစ်လောက်ကြာတော့ လူတစ်ယောက် အိတ်နှစ်အိတ်ဆွဲပြီး ကားပေါ်တက်လာတယ်။ ကျွန်တော် ထိုင်နေတဲ့နား ရောက်တော့ ထိုင်ခုံနံပါတ် ကြည့်လိုက်၊ ကျွန်တော့် ကြည့်လိုက်နဲ့ ယောင်တောင် တောင်ဖြစ်သွားတာ တွေ့လိုက်ရတာနဲ့ ကျွန်တော် အကြံတစ်ခု လက်ခနဲပေါ် လာတတ်။

ချက်ချင်းပဲ ထိုင်ရာကထပြီး အဲဒီ ထိပ်ပြောင်ပြောင်နဲ့လူကြီးလက်ကို ဆွဲပြီး ကားအောက်ရေးကြီးသုတ်ပြာ ဆွဲချလာလိုက်တော့တယ်။ ထိပ်ပြောင် ပြောင်ကြီး ကြောင်တောင်တောင်ဖြစ်ပြီး ဒရွတ်တိုက်ကြီးပါလာတယ်။ သူ့ခမျာ ဘာမှန်းညာမှန်းသိပုံတောင်မရပါဘူး။ သူ့ခုံ ကျွန်တော် ထိုင်နေတာမြင်တော့ ဇဝေဇဝါဖြစ်နေတဲ့အချိန် ကျွန်တော် ရေးကြီးသုတ်ပြာထဆွဲတော့ တော်တော် လန့်သွားပုံရတယ်။

"ဘာလဲဟ. . ဘာလဲဟ. . ဟ. . ဟ. . လုပ်ပါဦး"

"တိုးတိုးဦးလေး။ ကျွန်တော် ဦးလေးနဲ့ ညှိစရာရှိလို့ပါ"

ကျွန်တော့်ကို မယုံသင်္ကာသလို ခြေဆုံးခေါင်းဆုံးကြည့်တယ်။

"မင်း. . မင်းငါ့ကို ဘာလုပ်မလို့လဲ"

"ဘာမှမလုပ်ပါဘူး ဦးလေးရယ်။ ကျွန်တော်နဲ့ ကားချင်းလဲထိုင် ပေးပါလို့ အကူအညီတောင်းမလို့ပါ။ ဟဲ. . ဟဲ ဒီလိုဗျာ။ ဟိုကားပေါ်က ကျွန် တော့်ဘေးမှာ ထိုင်နေတဲ့ကောင်မလေးတွေ့လား။ အဲဒါ ကျွန်တော့်ရည်းစားဗျ။ စိတ်ကောက်ပြီး သူက ကျွန်တော်နဲ့လွဲအောင် ဒီပုဂံဘက်က လက်မှတ်ဖြတ် လိုက်လို့ ဦးလေးရဲ့။ အဲဒါ ဟဲ. . ဟဲ. . ကျွန်တော် အခုချော့နေတာ အဆင် ပြေသွားလို့ဗျ။ လုပ်ပါဦးလေးရယ်။ ကျွန်တော်တို့ချစ်ခြင်းကို မခွဲပါနဲ့နော်"

ကျွန်တော် ချက်ချင်း ဟိုကောင်မလေးကို ရည်းစားဖမ်းတော် ပစ်လိုက်ပြီး အပြတ်ကြွေပြတော့ ထိပ်ပြောင်ကြီး သနားသွားပုံရတယ်။ ဒါပေမဲ့





လူ့သဘော သဘာဝအတိုင်းပေါ့။

"အင်း. . အဲဒါတော့။ အဲ. . ဟို. . ဖြစ်နိုင်တာတော့. . အင်း"

"လာပါဦးလေးရယ်. . လက်ဖက်ရည်လေးဘာလေး သွားသောက် ရအောင်ဗျာ"

ထိပ်ပြောင်ကြီး မျက်နှာဝင်းပြီးချက်ချင်းပါလာတယ်။ နောက်ဆုံး တော့ အဆင်ပြေသွားတယ်။ ကျွန်တော့်အိတ်ထဲကလည်း လက်ဖက်ရည်ဖိုး ခြသေ့်တစ်ကောင်လောက်တော့ ခုန်ထွက်သွားတယ်လေ။

ကားပေါ်ပြန်တက်တော့ အရာရာလန်းဆန်းပေါ့ပါးလို့။ အဲဒီအချိန် မှာပဲ ပုဂံမင်းသားနောက်တစ်စီး ကျွန်တော်တို့ကားဘေး လာထိုးတယ်။ အံ့မယ် ကားပေါ်က ကျွန်တော့်ခုံနေရာမှာ ထိပ်ပြောင်ကြီး ရောက်နှင့်နေပြီဗျ။ တော် တော်မြန်တဲ့လူကြီး။

ဘေးနားက ကောင်မလေး အခုထိမတွေ့ရသေး။ ပြန်တက်လာကတည်းက မတွေ့ရသေးတာ ဘယ်သွားနေပါလိမ့်။ အင်း အပေါ့အပါးသွားတာ နေမှာပါလို့တွေးရင်းဝယ်လာတဲ့ ဂျာနယ်ထုတ်ဖတ်နေလိုက်တယ်။ အချိန်တွေ က ဒီလိုနဲ့ ကြာ. . ကြာ. . ကြာ. . ကြာ. . ။

ကားထွက်ရန် ငါးမိနစ်သာ်လိုတော့တယ်။ ကားပေါ်မှာလည်း ခရီး သည်တွေအကုန်နီးပါး ပြည့်နေပြီ။ နောက်ဆုံး ကျွန်တော့်ဘေးကခုံပဲ ကျန်တော့ တာ။ ကျွန်တော် ရင်ခုန်စပြုလာပြီ။ဒီလောက်တပင်တပန်း ရင်းနှီးထားပြီးမှ ဟိုကောင်မလေးက ဘယ်ရောက်သွားတာပါလိမ့်။ နောက်ဆုံးမနေနိုင်တော့ဘူး။ စပယ်ယာကို ခေါ်ပြောရတော့တယ်။

"အစ်ကို ဒီဘေးက ခရီးသည် ကျန်သေးတယ်။ ဟို ဆံပင်ရှည်ရှည် ကောင်မလေးလေ။ အဲဒါ ကျန်ခဲ့မှာစိုးလို့"

ကျွန်တော့်အသံကြားတော့ ရှေ့ခုံကကောင်မလေးနှစ်ယောက် လှည့် ကြည့်ပြီး. .

"ဟာ. . အဲဒါ ခရီးသည်မဟုတ်ဘူး။ သူက ဒီပုဂံက။ ကျွန်မတို့ကို လိုက်ပို့တာ"



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းမှာ မိုက်ခနဲဖြစ်သွားပြီး ပတ်ဝန်းကျင်အသံတွေ ပျောက်ကုန်လို့ မီရာကုလားထိုင်ကွင်း လှမ်းကိုင်လိုက်ရတယ်ထင်တယ်။ သွားပြီ . . . သွားပြန်ပြီ၊ ဘုရားဘုရား ဒါဆို ငါ့ဘေးနား ဘယ်သူကျဦးမှာလဲ။ အတွေးနဲ့ ဘယ်ရယ်မဟုတ် ဟိုဘက်ကားလှမ်းကြည့်လိုက်တော့. .

"ဟင်"

အာမေဋိတ်အသံတောင် အကျယ်ကြီးထွက်သွားတယ်။ မြင်ကွင်းက မယုံစရာပဲ၊ ကျွန်တော်လဲထားတဲ့ ထိုင်ခုံမှာ ထိပ်ပြောင်ကြီး အခန့်သားထိုင်ပြီး သူ့ဘေးနားမှာ တော်တော်ချောတဲ့ အသားဖြူဖြူ ကောင်မလေးတစ်ယောက်။ အမယ် သူတို့က ရယ်ကာမောကာနဲ့ စကားတွေပြောလို့။ အမှန်ဆို အဲဒါ ကျွန်တော့်ခုံ၊ ကျွန်တော်ရှည်ပြီးလဲလိုက်တဲ့ခုံ။ အမယ် ကြည့်စမ်း. . ။ ငနာကြီးက နေကြာစေ့ထုပ်တွေ ကောင်မလေးကိုပေးနေပြီ။ အမယ်. . ကောင်မလေးက ပီကေပြန်ကျွေးတယ်။ တောက် သေချင်းဆိုးကြီး။

ကျွန်တော် ပေါင်ကြား ခဲခုသလို မနေတတ်တော့။ ကိုယ့်အတတ်ကိုယ်စူးပြီး နေရာပြန်လဲရအောင်လည်း ထိပ်ပြောင်ကြီးက ကျွန်တော့်ကို လှည့်တောင်မကြည့်တော့။ တာဝတိံသာမှာ နတ်သမီးတစ်ဖက်ငါးရာနဲ့ ပျော်ပါးသလို အတိတ်မေ့နေလောက်ပြီ။

"လူလေး. . ဒါ အဘခုံလားဟင်"

ကျွန်တော် ဖျတ်ခနဲ လှည့်ကြည့်လိုက်တယ်။ ပုတီးတစ်လုံးတစ်လုံး လက်မလုံးလောက်ရှိတာကြီးကို လည်ပင်းဆွဲထားတယ်။ ခေါင်းပေါင်းဖြူပြီးတော့ တောင်ဝှေး၊ ညှင်းသိုးသိုးအနံ့အသက်တစ်ခု၊ လွယ်အိတ်ညိုညစ်ညစ်တစ်လုံး။

ကျွန်တော် စကားပြန်ပြောမိလိုက်လား မပြောလိုက်ဘူးလား သတိမထားမိတော့။ အဘိုးကြီးဘေးနားဝင်ထိုင်တာပဲ သိတော့တယ်။

"အနိစ္စ၊ ဒုက္ခ၊ အနတ္တ. . ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ. . အင်း. . လောကမှာဘာမှမမြဲဘူး မမြဲဘူး။ သင်္ခါရသိပ်ကြောက်ဖို့ကောင်းတယ်"

"ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြဝဠာ၊





ကမ္ဘာမြေမိုး၊ ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့ဖြင့် အဟမ်း. . အင်း. . ပြည့်စုံတော်မူသော. ."

". . . . ."

"သုံးလောကထွဋ်ထား. . ."

"ဘုန်းတော်အနန္တ. . ၊ ကံတော်အနန္တ. ."

ကျွန်တော် အသင့်ဆောင်လာတဲ့ အိပ်ဆေးပုလင်းကို ဖွင့်လိုက်ပါတော့တယ်။ ဟိုဘက်ကားက ထိပ်ပြောင်ကြီးကတော့ ကျွန်တော့်ကို တအံ့တသြ ကြောင်တောင်တောင်နဲ့ ကြည့်နေလေရဲ့။ အံမယ် ဟိုကောင်မလေး လှမ်းပေးတဲ့ မှူးဆေးအဖြူလေးကိုတောင် လှမ်းယူပြီး ရှူပြလိုက်သေး. . . ။

ကျွန်တော် လွန်ခဲ့တဲ့ နှစ်နှစ်လောက်က "ဂေါက်ကြီး"ပြောတဲ့ စကားကို ပြန်ကြားယောင်မိတယ်။

"လူငယ်တစ်ယောက်ရဲ့ စိတ်ကူးယဉ်မှုက ဘဝအတွက် အနိုင်အမာကြီးမဟုတ်ရင်တောင် တစ်စုံတစ်ခုကြောင့် ပြိုကွဲသွားရင် ခံရသိပ်ခက်တယ်။ မင်း ငါ့လို မခံစားရပါစေနဲ့ သူငယ်ချင်းရာ. . ."

ကျွန်တော် "ဂေါက်ကြီး"ကို အဲဒီတုန်းက အဖြစ်အပျက်အတွက် စိတ်ထဲက လှိုက်လှိုက်လှဲလှဲ တောင်းပန်မိပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com





# ပိတောက်တစ်ပွင့်နဲ့အလွမ်းဆင့်ခဲ့တဲ့မောင်ပါ . . . မေရယ်



ပိတောက်ပွင့်တွေပွင့်တိုင်း မအေးပွင့်ကို လွမ်း၏။ 'ပိတောက်တစ်ခက်ကို ကျောင်းဒဏ္ဍာရီ'မှာ ပေးခဲ့ရတာကို သတိရသည်။ 'ထော်လာဂျီ'တစ်စီးနဲ့ ဟိုဘက်ရွာကိုသွားပြီး ရေပက်ခံထွက်ခဲ့ရတာကို အမှတ်ရလေသည်။

အခုတော့ မအေးပွင့်မရှိတော့။ ဒီနှစ်တော့ သူ့အနားမှာ မအေးပွင့်မရှိတော့. . ။



www.burmeseclassic.com

မယ်သီလရှင် ဝတ်သွားခဲ့လေပြီ။ သကြန်မိုးပက်ဖျန်း၍ ဦးဦးဖျားဖျား ပွင့်ဖူးခဲ့တဲ့ ပိတောက်ပန်းခက်လေးတွေသည် အခုတော့ သူ့ဘဝအတွက် အဓိပ္ပာယ်မဲ့သွားခဲ့လေပြီ။

သူ ကောင်းကင်ကိုမော့ကြည့်လိုက်သည်။ (သို့မဟုတ်) ချက်ကြီး ကောင်းကင်ကို ဆွေးဆွေးမြေ့မြေ့ကြီး မော့ကြည့်လိုက်မိသည်။ ထို့ နောက် သက်ပြင်းကို ရှည်နိုင်သလောက်ရှည်ရှည်ချကာ တစ်စုံတစ်ခုသော အကြောင်း အရာကို တွေးတောနေမိပါတော့၏။



မအေးပွင့်ဆိုတာက ကျွဲကြီးကျေးရွာက ကွမ်းတောင်ကိုင်၊ ပြီးတော့ ကျေးရွာဥက္ကဋ္ဌသမီး။ အရင်ခေတ်ကဆို သူကြီးသမီးပေါ့။ ချက်ကြီးဆိုတာက တော့ အူကြောင်ကျား။ ပြီးတော့ ချက်ကြီးတို့အဖွဲ့ဆို တစ်ရွာလုံးက သိပ်ကြည့်ရ တာမဟုတ်။ သို့သော် ရပ်ရေးရွာရေးကိစ္စတွေမှာတော့ ချက်ကြီးတို့အဖွဲ့က မညည်းမညူ လုပ်ကိုင်ပေးကြလို့ အဲဒီဘက်လေးမှာတော့ သိတတ်တယ် ပြောရမှာပဲဖြစ်သည်။ ဒါပေမဲ့. . .။

ဟိုအိမ်မှာ ကြက်ပျောက်တယ်ဆို ချက်ကြီးတို့အဖွဲ့ပဲဖြစ်သည်။ ဘူးသီးပျောက်တယ်ဆိုလည်း ချက်ကြီးတို့အဖွဲ့ပဲဖြစ်၏။ ဘူးသီးခိုးရင်လည်း အိမ်ရှင်မိမှာစိုး၍ အိမ်ဘက် မျက်နှာမူထားတဲ့ဘက်ကို ဒီအတိုင်းထားပြီး ဘျန်တဲ့တစ်ဖက်ကို လှီးပြီးခိုး၏။ ကြက်ခိုးတဲ့နေရာမှာလည်း တစ်ဖက်ကမ်းခပ် သည်။ ခိုးတဲ့ကြက် အသံတောင်မမြည်စေရ။ သို့သော် ဟိုတလောကတော့ အပျိုကြီးမတုတ်အိမ်က ကြက်ကို ဝင်ခိုးတုန်း ခြံစောင့်ခွေးရဲ့လည်ပင်းတက်နင်း မိ၍ တစ်ခါ မိသွားခဲ့ဖူးသည်။ အဲဒီတုန်းက ခွေးပြေး၊ ဝက်ပြေး ပြေး၍



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



လွတ်သွားခဲ့ဖူးသော်လည်း မတုတ်မရဲ့ခွေးက လည်မျိုတည့်တည့်အနင်းခံရ၍ သေသွားလေတော့သည်။

မတုတ်မက ခွေးသေသွားတဲ့အမှုအတွက် ဉက္ကဋ္ဌကို ကိုယ်တိုင် သွားတိုင်သောကြောင့် ချက်ကြီးတို့ ပြင်းထန်သောရာဇသံ အပေးခံရဖူးလေသည်။ အခုလည်း ချက်ကြီးခမျာ ဒီနှစ်သကြန်မှာ မပျော်နိုင်ဖြစ်နေရလေပြီ။ ဒီကိစ္စက တော့ ဘယ်သူမှရာဇသံပေးတာမဟုတ်။ သူ့ဘာသာသူ မစူးစမ်းဘဲ လုပ်ခဲ့တဲ့ ကိစ္စလေးတစ်ခုကြောင့်ပဲဖြစ်လေသည်။ အဲဒီကိစ္စလေးက ဒီလို . . .



(၂)

သကြန်ရောက်ပြီဆိုတာနဲ့ ရွာလယ်ကောင်မှာ မဏ္ဍာပ်ကြီးထိုးပြီး တစ်ရွာလုံး ပျော်ကြပါးကြသည်။ ကာလသမီးတစ်သိုက်ကို ဉက္ကဋ္ဌ ကတော်က ဦးစီးပြီး မုန့်လုံးရေပေါ် လုံးကာ တစ်ရွာလုံးဝေ၏။ ကာလသားတစ်သိုက်ကိုတော့ ကျေးရွာအတွင်းရေးမှူး လူပျိုကြီးကိုမြမောင်က ဦးစီးသည်။ ထော်လာဂျီ (၅)စီး စီစဉ်ပြီး ဟိုက်ဘက်ရွာ၊ ဒီဘက်ရွာ ရေပက်ခံထွက်ဖို့ပြင်ကြလေသည်။

ဒီနှစ်ကိုတော့ တခြားနှစ်တွေနဲ့မတူအောင် ထူးထူးခြားခြားလေး စီစဉ်ထားတာတစ်ခုရှိလေသည်။ တခြားတော့မဟုတ်။ တစ်ဖက်ရွာက ဘုန်းကြီးကျောင်းကို တစ်ဖက်ရွာက ဆွမ်းကွမ်းတာဝန်ယူရန် ဖြစ်လေသည်။ ဒီအတွက် မဲစနစ်ကိုကျင့်သုံးကြ၏။

သူတို့ဘက်ပိုင်းမှာ ရွာအားလုံး(၅)ရွာရှိသည်။ ထိုရွာ (၅)ရွာကို ရွာလူကြီး(၅)ယောက်က ဦးစီးပြီး မဲစနစ်ဖြင့်နှိုက်သည်။ ကိုယ့်ရွာက နှိုက်တဲ့ မဲထဲမှာပါတဲ့ရွာအထိ သွားရောက် နေ့ဆွမ်းကပ်ရသည်။ ထို့အတွက် အခွင့်အရေးနှစ်ခုရပါသည်။

အဲဒီရွာရဲ့ ဘုန်းကြီးကျောင်းကို ဆွမ်းကပ်၍ ကုသိုလ်လည်းရသလို အဲဒီရွာက ပျိုဖြူချောတွေကိုလည်း ငမ်းခွင့်ကြုံလေသည်။ ထို့အတူ ဘုရားသည်းဖူး၊ လိပ်ဉလည်းတူးဆိုသလို ရေပက်ခံလည်းထွက်ခွင့်ကြုံသွားပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



(၃)

ချက်ကြီးတို့ မဲကျတဲ့ရွာက သူတို့ရွာရဲ့ တစ်ရွာကျော်ဖြစ်၍ ခရီးလမ်းက နည်းနည်းလှမ်းသည်ဟု ဆိုရမည်။ ထို့ကြောင့် ထော်လာဂျီကို စီစဉ်ထားသည်။ မိန်းကလေးတွေနှင့် ဆွမ်းကပ်မည့်အဖွဲ့က ထော်လာဂျီနှစ်စီး၊ အိုးစည်၊ ဒိုးပတ်နဲ့ ဟေးဟေးဟားဟားလုပ်မည့်အဖွဲ့က ထော်လာဂျီသုံးစီး ဖြစ်သည်။

ဆွမ်းကပ်မည့်အဖွဲ့မှာ ကွမ်းတောင်ကိုင် မအေးပွင့်ပါ၍ ဒီနှစ်သကြ်န်မှာ အပျော်ဆုံးက ချက်ကြီးဖြစ်လေသည်။ မနှစ်က ဘုရားပွဲမှာ ဝယ်ထားတဲ့ ဂျင်းဘောင်းဘီနှင့် မျက်မှန်အနက်ကို တပ်ထားသည်။ မျက်မှန်က နက်တဲ့အပြင် မှောင်ပါနေ၍ နေ့ခင်းကြောင်တောင် နေကျဲကျဲမှာတောင် ရှေ့တစ်တောင်လောက်ကို တော်တော်လေး အားစိုက်ကြည့်နေရသည်၊ သို့သော် ဒီမျက်မှန်နဲ့မှ သူ့ကိုယ်သူ တင့်တယ်မည်ထင်၍ အတင်းကြိတ်မှိတ် တပ်ထားရပါသည်။ မျက်နှာမှာလည်း ခြောက်လလောက် ဒိတ်လွန်နေသော စနိုးကို ခပ်ကြမ်းကြမ်းပွတ်ထည့်ထားသည်။ အကျီအနေနဲ့တော့ တီရှပ်





ထက်ရှည်ပေါ်မှာ သူ့အစ်ကို မြို့ကဝယ်လာသည့် သားရေဂျာကင်အနက်ကို ထပ်စွပ်ထားသောကြောင့် ဂုန်နီအိတ်ထဲဝင်နေရသော ဝက်တစ်ကောင်လို နှန်းကျပ်နေ၏။ နေ့ခင်းကြောင်တောင် ပူလွန်းအိုက်လွန်း၍ ချွေးတစီစီ ဖြစ်နေသော်လည်း ဦးနှောက်သွေးကြောအပြတ်သာခံသွားမည်။ ဒီလည်သာ ကိုတော့ မချွတ်၊ ဒါ. . သူ့. . စတိုင်. . ။

မအေးပွင့်ကတော့ အားလုံးထဲမှာ အလှဆုံးလို့ဆိုရပါမည်။ ယောဂီ ရောင်ထဘီလေးနှင့် အကျီအဖြူလေးက ဖြူဝင်းသော သူမ အသားအရောင်နဲ့ လိုက်ဖက်လှ၏။ ဖြူဝင်းဝင်း ပါးပြင်လေးမှာ နီစွေး စွေးသွေးကြောမျှင်လေး တွေက အခုပဲထပေါက်တော့မည့် ဆပ်ပြာပူဖောင်းလေးနှယ် အသည်းယား စရာကောင်းလှ၏။ ချက်ကြီးကတော့ မျက်မှန်ထဲက တစ်ချက်တစ်ချက် ခိုးခိုးကြည့်သည်။ ဘယ်အရာကိုမှ သဲသဲကွဲကွဲမမြင်ရသော်လည်း မြင်ချင် ဆောင်ပြီးကြည့်သည်။ ဒီလိုနဲ့ တစ်ဖက်ရွာကိုအသွား လမ်းတစ်လျှောက်မှာ ထော်လာဂျီစက်သံနဲ့အပြိုင် ချက်ကြီးရင်ခုန်ရပါတော့သည်။

လမ်းတစ်လျှောက် ပိတောက်ပင်တွေကလည်း ဝါထိန်နေအောင်ပွင့် ကြ၏။ တစ်ပင်လုံး ရွှေဝါရောင် ဖုံးလွှမ်းနေသော ပိတောက်ပင်ကြီးအောက် တွင် မအေးပွင့်တို့ ထော်လာဂျီရပ်သွားပါတော့သည်။ မအေးပွင့်တို့ထော်လာဂျီ ရပ်တော့ ကျန်တဲ့ထော်လာဂျီတွေပါရပ်ကုန်၏။ အားလုံးအောက်ဆင်းကြကာ ပိတောက်ပန်းတွေကို တပျော်တပါး ခူးကြပါတော့သည်။ ချက်ကြီးက သူများ ထက်ထူးအောင်ဆိုပြီး ပိတောက်ပင် ထိပ်ဆုံးအထိတက်ကာ အမြင့်ဆုံးက ပိတောက်ခက်ကိုမှရွေးခူးပြီး ဆင်းလာသည်။ ထို့နောက် မအေးပွင့်နားသို့ ငြိုး ရွှံ့ထိတ်လန့်မှု ပေါင်းစုံနဲ့ ကပ်သွားကာ. . .

"အေး. . အေးပွင့်"

"ဘာတုံး. ."

အသံက ပြတ်သည်။ မာသည်။ စိတ်လိုလက်ရ အသံတစ်စက်မှမရှိ။ ချက်ကြီးက လက်ထဲမှ ပိတောက်ခက်ကလေးကို လှမ်းပေးကာ. .

"ဒါ. . ဒါ. . နင့်အတွက် ငါထိပ်ဆုံးက ခူးလာတာပါဟာ. . ယူပါ"



www.burmeseclassic.com

www.burmeseclassic.com



မအေးပွင့်က ပထမတော့ နှာခေါင်းရှုံ့ကာ မျက်နှာလွှဲသွားသေးသည်။ နောက်တော့ ပိတောက်ခက်ရဲ့ လှပမှုကို သူမ မလွန်ဆန်နိုင်။ ချက်ကြီးခူးလာတဲ့ ပိတောက်ခက်ကလည်း အားလုံးထဲမှာ အလှဆုံး အခက်ဟုဆိုရလောက်အောင် စွင့်ကားတင့်တယ်၏။

မအေးပွင့် ပိတောက်ခက်ကို ခပ်ထွေထွေတစ်ချက်စိုက်ကာ ကြည့်ပြီး. .

"နင်ကိုယ်တိုင်ခူးတာရော ဟုတ်ရဲ့လား. ."

"ဟုတ်. . ဟုတ်ပါတယ်ဟာ ငါကိုယ်တိုင် ခါချဉ်အကိုက်ခံပြီး တက်ခူးထားတာပါ အေးပွင့်ရယ်"

မအေးပွင့်က ပြုံးပြီး ဆတ်ခနဲဆွဲယူလိုက်ပါသည်။ ထို့နောက် ခေါင်းမှာ ချက်ချင်းကောက်ပန်လိုက်လေတော့သည်။

ချက်ကြီးမျက်နှာသည် လေတင်းသွားသော ပူဖောင်းတစ်လုံးလို ချက်ချင်းပြောင်တင်းသွားလေတော့သည်။ ထို့နောက် မအေးပွင့် ယော်လာကိုပေါ်တက်သွား၏။ ရွာကိုရောက်ခါနီးပြီဖြစ်၍ အိုးစည်ဒိုးပတ်ဝိုင်းကလည်း ခြိမ့်ခြိမ့်သဲသဲ ထတီးပါတော့သည်။



ဆရာတော်ဘုရားက ါးပါးသီလပေးပြီးတော့မှ ဇာတ်လမ်းကစသည်။ မအေးပွင့် မရိုးမရွဖြစ်လာခြင်းပင်ဖြစ်သည်။ ကျောလယ်လောက်မှာ ဆစ်ခနဲ နာကျင်သွားသလို၊ ကုပ်အောက်နားလေးကလည်း ပူခနဲဖြစ်သွား၏။ မအေးပွင့်ခန္ဓာကိုယ်သည် လက်အုပ်ချီထားရက်နှင့် တဆတ်ဆတ်တုန်ခါလာသည်။

ခါချဉ်။

ဖြစ်ပေါ်လာသော အရာသာကို ခံစားကြည့်တာနှင့် ဘာအကောင်လဲဆိုတာ သိလိုက်ပြီ. .။ ဒါ. . ခါချဉ်။

မအေးပွင့်မရတော့. .။ သူ့ခန္ဓာကိုယ်ရဲ့ လျှို့ဝှက်နေရာတွေအထိ ထိုအကောင်တွေ ချဉ်းနင်းဝင်ရောက်လာလေပြီ။ မအေးပွင့် သာစုခေါ် နေရင်းမှ ဝုန်းခနဲ ထရပ်ပစ်လိုက်၏။ တရားနာပရိသတ်ကြီးသည် သာဓုနှစ်ကြိမ်ခေါ်ပြီး ရပ်သွားသော မအေးပွင့်ကို အူကြောင်ကြောင်နဲ့ကြည့်သည်။ မအေးပွင့် မြူးကြောင်ကြောင်နဲ့ အားလုံးကိုကြည့် ပြီးနောက် ချက်ချင်းပြန်ထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ဘုရားက မအေးပွင့်ကို နားမလည်နိုင်သလိုကြည့်ကာ. .

"ဒကာမလေး ဘာအရေးကိစ္စများ ပေါ်လို့ပါလိမ့်"

မအေးပွင့်ခမျာ ဘရိတ်ဒန့်ဆွဲသလို ခန္ဓာကိုယ် တွန့်လိမ်နေရင်းမှ. . .

"အရှင်ဘုရား. . တပည့်တော်. . တပည့်တော်မ. . ရေ. . ရေအိမ်သွား. . သွားပါရစေဘုရား"

ဆရာတော်က ခေါင်းတညိတ်ညိတ်လုပ်သည်။ ထို့နောက်. .

"အေးလေ. . ပုထုဇဉ်တွေဆိုတာ အတ္တကိုလက်ကိုင်ထားကြတာပဲ။ အားလုံး အပုပ်ကောင်တွေဆိုတော့ ဒါမျိုးကို ဘ ်ာလွယ်ထားလို့ ဖြစ်မလဲ။ ဒါလည်း အတ္တတစ်မျိုးပဲ။ သွားချင်ရင် သွားချင်တယ်မှတ်လို့ ရမလား ဒကာမလေး"

မအေးပွင့်မျက်နှာသည် ဘူးသီးနုနု အမွေးသတ်ထားသလို ရှုံ့မဲ့လာလေပြီ။ ထို့နောက် အသံတုန်တုန်နှင့်. .

"မရ. . မရတော့ပါဘူး ုရား. ."

"အေး. . အေး. . မရလည်း ာွားပါတော့. . ဘုန်းဘုန်း ခွင့်ပြုပါတယ်. ."

မအေးပွင့် ထထွက်သွားသောအချိန်သည် နာဆာကလွှတ်တင်လိုက်သော ဒုံးပျံထက်မြန်သည်။ ရေအိမ်ရောက်သွားပြီး ခဏကြာတော့ တရားပွဲပြီးသွားသည်။ ချက်ကြီးက မယောင်မလည်နှင့် ရေအိမ်နားမှာ ရစ်သီရစ်သီသွားလုပ်၏။ အကြံကတော့ ရေအိမ်ကထွက်လာတဲ့ မအေးပွင့်ကို ရင်ထဲနှိုတာလေးတွေ ဖွင့်ပြောဖို့ပင်ဖြစ်လေသည်။ နှစ်ကူးမှာ အချစ်ဦးကို ဖွင့်ပြောဖို့ စကားလေးတွေတောင် စဉ်းစားပြီးပြီ။

သူချစ်တယ်ပြောလိုက်ရင် မအေးပွင့် ရှက်သွားမှာလား. .၊ ဒါမှမဟုတ် စိတ်ဆိုးသွားမလား. .၊ အို. .၊ ဘာပဲဖြစ်ဖြစ် ဒီလိုအခွင့် အရေးမျိုးက ရခဲ၏။ ပြောကိုပြောရမှာပဲဖြစ်သည်။





ထိုအချိန်မှာပဲ မအေးပွင့်က ကိစ္စဝိစ္စတွေပြီးသွား၍ ရေအိမ်ထဲမှ ထွက်လာလာသည်။ ချက်ကြီး သူ့မျက်နှာသူ အချိုဆုံးထားကာ. .

"အေးပွင့် ဟိုဟာလေ ခုနက. . ဘာဖြစ်လို့လဲဟင်"

မအေးပွင့်အကြည့်သည် နဂါးတစ်ကောင်သာဆို ချက်ကြီး ပြာဖြစ်သွားပြီ။ မျက်ဝန်းက ချက်ချင်းနီရဲ သာကာ. .

"ဘာဖြစ်လဲ သိချင်တယ်ပေါ့. ."

အရိပ်သုံးပါးကို တစ်ပါးမှနားမလည်သော ချက်ကြီးက. . .

"သိ. . သိချင်တာပေါ့"

"အေး. . သိချင်ရင်"

မအေးပွင့်လက်သည် ေသးဆယ့်ငါးဒီဂရီ မြောက်တက်သွား၏။ သူမလက်ပြန်အကျမှာ ချက်ကြီးမျက်နှာသည် ကိုးဆယ်ဒီဂရီ ချာခနဲ လည်သွားပါတော့သည်။

"ဖြန်း"

"အဲဒါပဲ"

ချက်ကြီးနားထဲမှာ စီခနဲဖြစ်သွားသည်။ လှည့်ထွက်သွားသော မအေးပွင့်ကို ပါးလေးပွတ်ကာ ကြောင်တောင်တောင်လေးကြည့်ရင်း. .

"သြော်. . မအေးပွင့်ရယ် ဒါလေးမေးမိတာနဲ့ ကိုယ့်ကို"

ချက်ကြီးအသံထွက်မလာတော့. .။ မိန်းမတွေသည် တစ်ခါ တစ်ရံ နွားသိုးနဲ့မိုးထက် ခန့်မှန်းရခက်မှန်း ချက်ကြီးနားလည်သွားပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



# ကျွန်တော်နှင့် အိမ်ပွဲစား






ပွဲစား ဆိုတဲ့စကားဟာ နှစ်လုံးထဲနဲ့ တော်တော်လေးနက်တဲ့ စကားပါ။ အဲဒီအတိုင်းပဲ ပွဲစားလောကဆိုတာလည်း သပ္ပတ်အူလို ရှုပ်ထွေးလှတဲ့ လောကပါ။

ပွဲစားမှာ အမျိုးမျိုးရှိပါတယ်။

မြေပွဲစား၊ အိမ်ပွဲစား၊ ကားပွဲစား၊ ဘာပွဲစား၊ ညာပွဲစား စသည့် ဖြင့်ပေါ့။ အနောက်နိုင်ငံတွေမှာဆို အချစ်ပွဲစားဆိုတာတောင် ရှိလိုက်သေးတယ်။

ဥပမာ. . လူပျိုကြီးနဲ့ အပျိုကြီးတွေ ဂေါ်မစွံရင် အဲဒီပွဲစားတွေဆီ ဆက်သွယ်ထားရတယ်၊ သူတို့တွေက ကိုယ်လိုချင်တဲ့ စံချိန်စံညွှန်းနဲ့ ကိုက်ညီတဲ့ လူကိုရှာပေးတယ်။ နှစ်ဦးနှစ်ဖက် အဆင်ပြေလို့ယူကြရင် သူတို့ပွဲခရပြီ။ ဒါမျိုး. . ။ ဒီလိုမျိုး အနောက်နိုင်ငံတွေတင်မဟုတ်ပါဘူး။ ဒီမှာလည်းရှိပါတယ်။

ဒါပေမဲ့ သူတို့လို ကြီးကြီးကျယ်ကျယ်ကြီး ရုံးခန်းတွေဘာတွေနဲ့တော့ မဟုတ်ဘူးပေါ့။ ဥပမာ. . အောင်သွယ်တော်ဆိုတာ အဲဒီလို ပွဲစားတွေနဲ့ သိပ်မခြားနားပါဘူး။ ဟိုကတော့ အခကြေးငွေနဲ့ရတယ်။ ဒီမှာတော့ တစ်ပြားမှ မရတဲ့ အပြင် တစ်ခါတလေ ပြဿနာတက်ရင် လိုက်ရှင်းရသေးတယ်။

ထားပါ။ ကျွန်တော်ပြောချင်တာက အောင်သွယ်တော်ကိစ္စလည်း မဟုတ်ပါဘူး။ အချစ်ကုမ္ပဏီထောင်ဖို့လည်း မဟုတ်ပါဘူး။

ကျွန်တော့်ဘဝမှာ ပွဲစားတစ်ခါလုပ်ဖူးတဲ့အကြောင်းလေးကို ပြောပြချင်လို့ပါ. . ။ ကျွန်တော်လုပ်ဖူးတဲ့ ပွဲစားကတော့ အိမ်. . ပွဲစား. . ။ တစ်ရက် ကျွန်တော်ရယ်၊ ကျွန်တော့်ထုတ်ဝေသူရယ်၊ ပြီးတော့ ကျွန်တော့်ထုတ်ဝေသူရဲ့ မိတ်ဆွေ မန္တလေးက ကိုမင်းမင်းရယ် ဆိုင်တစ်ဆိုင်မှာ ဆုံမိကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ စကားစပ်မိလို့ပြောရင်းကနေ ကိုမင်းမင်းက (၈)မိုင်ဘက်မှာ တိုက်ခန်းတစ်ခန်းလိုချင်တယ်ဆိုပြီး ပြောလာတယ်။ အဲဒီမှာတင် ကျွန်တော်က ဟိုတလောက ကျွန်တော့်အမေ့ဆီ စကားစပ်မိရင်း လာပြောသွားတဲ့ လူတစ်ယောက်ရဲ့ တိုက်ခန်းတစ်ခန်းရှိတာကို သတိသွားရတယ်။

ကိုမင်းမင်းကို အဲဒီအကြောင်းပြောတော့ စိတ်ဝင်စားတယ်တဲ့။

အိုကေပေါ့။ ကျွန်တော် နေ့ချင်းညချင်း ပွဲစားဖြစ်ပြီပေါ့။ ကိုယ့်ကိုယ်ကိုယ်လည်း အထင်ကြီးသွားတယ်။ ဒီလိုနဲ့ပဲ နောက်နေ့မှာ ကျွန်တော်တို့ချိန်းပြီး အဲဒီအခန်းကို သွားကြည့်တယ်။

ဈေးကလည်း တန်တယ်၊ တိုက်ခန်းကလည်း မြေညီထပ်ဆိုတော့ မန္တလေး သူဌေးကြီး ကိုမင်းမင်းက ကြိုက်သွားလေရဲ့။ ဒီလိုနဲ့ပဲ အရှုပ်အရှင်းကင်းရှင်းကြောင်း စုံစမ်း၊ ဈေးစကားပြောပြီးတော့ ကိုမင်းမင်းက မန္တလေးပြန်သွားပါတယ်။ ဟိုကနေ သူ ငွေလွှဲလိုက်မယ်၊ ဒီမှာစရံတစ်ဝက်ချေမယ်ပေါ့၊ ကျန်တဲ့ငွေကို သူဆင်းလာမှ အပြီးချေမယ်ပေါ့။ အဲဒီလိုကိစ္စတွေကို ကျွန်တော့်ထက်ဝေသူ ကိုမိုးက ကူညီလုပ်ကိုင်ပေးတယ်။

ပြီးတော့ အလုပ်ဖြစ်ရင် ကျွန်တော့်ကို ပွဲခတစ်သိန်း ပေးမယ်လို့လည်းဆိုတယ်။ အလကားနေအလကား ငွေတစ်သိန်းရမယ်ဆိုတော့ ကျွန်တော်တော်တော်ပျော်သွားပါတယ်။ ပြီးတော့ ကျွန်တော့် ပထမဦးဆုံး လုပ်ဖူးတဲ့ပွဲက ဖြစ်သွားတယ်။ ဒီလိုနဲ့ အားလုံးသေချာပြီဆိုတော့ ကျွန်တော်က ကိုမိုးကို အပူကပ်ပြီး ပွဲခငွေကို ကြိုထုတ်သုံးလိုက်ပါတော့တယ်။

ကိုမိုးကလည်း ကိုမင်းမင်းဆီက ငွေလွှဲတာကို စောင့်နေတာပဲရှိတယ်။ ကျန်တာအားလုံး အဆင်ပြေတော့ ကျွန်တော့်ကို ငွေကြိုထုတ်ပေးလိုက်တယ်။

အဲဒီမှာတင် ပြဿနာ စတော့တာပါပဲ။

"ပိုင်ဆိုင်မှုစာရွက်တွေက မိတ္တူတွေပါလား. . ၊ မူရင်းတွေရောဟင်. ."

ငွေစရံချတဲ့နေ့မှာ စာရွက်စာတမ်းတွေစစ်ကြည့်တာပါ။ အားလုံးက မိတ္တူတွေ။ ရောင်းတဲ့ပိုင်ရှင်တွေကလည်း ဘယ်လောက်ရိုးလဲဆိုရင် မိတ္တူနဲ့





မူရင်းတောင် မခွဲတတ်ဘူး။ အဲဒီလောက်တောင် မူရင်းကဘယ်လို ပုံစံမျိုး၊ မိတ္တူက ဘယ်လိုပုံစံမျိုး စသည်ဖြင့် အာပေါက်အောင် ကျွန်တော်တို့ ပြောပြလိုက်တော့ သူတို့ခမျာ တစ်အိမ်လုံးအနှံ့ ရှာပါတော့တယ်။

အဲဒီတော့ အဖြေက ထွက်လာတယ်။

"ရှာမတွေ့ဘူး. . ဒုက္ခပဲ၊ ဒီမိတ္တူနဲ့ ရောင်းလို့မရဘူးလား"

သူတို့ကတော့ မသိလို့ ရိုးရိုးသားသားမေးတာပါ။ ကျွန်တော်ကလည်း မိတ္တူနဲ့ရောင်းလို့မရကြောင်း ရှင်းပြလိုက်ရပါတော့တယ်။ အဲဒီတော့ တစ်အိမ်လုံးအနှံ့ ပြန်ရှာပြန်တယ်။ အဖြေတစ်ခုတည်း ထွက်လာတယ်။

"ရှာမတွေ့ဘူး"

အဲဒီအဖြေလည်းကြားရော ကျွန်တော် ခွေးပုံသွားတယ်။ ဒီအရောင်းအဝယ်သာမဖြစ်ရင် ကျွန်တော် ငါးပါးမှောက်ပြီ။ ကျွန်တော့် ပွဲခ တစ်သိန်းကသုံးပစ်လိုက်လို့ကုန်ပြီ။ နေရင်းထိုင်ရင်း ကြားထဲက တစ်သိန်းကုန်သွားမှာကျွန်တော်ပင်။ ကိုမိုးတို့ဘက်ကလည်း စရံစာချုပ်မချုပ်ရသေး၍ ပြဿနာမရှိ၊ အိမ်ရှင်ဘက်ကလည်း ဒီစာရွက်မတွေ့၍ ဘာမှပြဿနာမရှိ၊ ရုံးမှာ အပျောက်ပြန်လျှောက်ရင်ရ၏။ ဒုက္ခရောက်သွားတာက ကျွန်တော်။ ကျွန်တော်က လွဲမချော် ပွဲဖြစ်တယ်ဆိုပြီး ယူသုံးထားတဲ့ပွဲခက နေရင်းထိုင်ရင်း စိုက်ရလေပြီ။

ကိုမိုးကို ကျွန်တော်ပြောပြတော့ ကိုမိုးက အားမနာပါးမနာ ခွက်ထိုးခွက်လန်ရယ်တယ်။ ဒါပေမဲ့ တော်သေးတယ်လို့ပြောရမယ်။ တစ်အိမ်လုံးပြောင်းဆန်အောင် ရှာလိုက်တော့မှ ဘယ်ထောင့်ချောင်နားကျနေမှန်းမသိတဲ့ အိမ်ရဲ့မူရင်းစာရွက်လေး သွားတွေ့တယ်။

အိမ်ရှင်တွေတော့မသိဘူး။ ကျွန်တော့်သက်ပြင်းချသံက ဟီးနိုးကားဘရိတ်အုပ်လိုက်တဲ့အသံလောက်ကို ကျယ်သွားတယ်။


တော်သေးတယ်ဗျာ။ မလည်မဝယ်နဲ့ အိမ်ပွဲစားလုပ်တာ။ တစ်သိန်းစိုက်ရတော့မလို့။

www.burmeseclassic.com

www.burmeseclassic.com



# ကျွန်တော်နှင့် ယတြာ





ပေဒင်နှင့်လက္ခဏာသည် ကျွန်တော့်ဘဝနဲ့ဘာမှမပတ်သက်သလို နေလာခဲ့သည်မှာ ယခုလက်ရှိရောက်နေသည့် အသက်အရွယ်ထိပင်ဖြစ်သည်။ သို့သော် သူနှင့်ပတ်သက်ပြီး ကျွန်တော် ပေဒင်နှင့် ပက်သက်ခံရပြီ။ သူဆိုသည်မှာ . . .။

"ကိုကို. . . တောင်ဥက္ကလာဘက်မှာ. . ဆရာမတစ်ယောက် အရမ်းမှန်တယ်ပြောတယ်သိလား"

"ခဲ မှန်တာလား"

ချစ်သူက ကျွန်တော့်ကို မျက်စောင်းထိုးသည်။

"ပေါက်ကရမပြောနဲ့. . . အဲဒါလိုက်ပို့"

ကျွန်တော်ချစ်သူပခုံးကိုကိုင်၍. . .

"ဘာဖြစ်လို့ ပေဒင်တွေအဲဒီလောက်ယုံနေတာလဲ. . . တကယ်တော့ ကံ,ဆိုတာအလုပ်ပါ"

ချစ်သူက ခေါင်းကိုသွက်သွက်ခါရမ်းကာ. . .။

"အို လုပ်လုပ်မလုပ်လုပ်. . . သွားမယ်. . မရဘူး"

နောက်ဆုံးတော့ ကျွန်တော်ခေါင်းညိတ်လိုက်ရသည်။ ဒီလိုနဲ့ ပေဒင်ဆရာမဆီရောက်သွားပါတော့သည်။ ပေဒင်ဆရာမက အသက် (၄၀)ကျော်ပြီး မျက်မှန်နဲ့. . .။ ကျွန်တော် နဲ့ ကျွန်တော့်ချစ်သူကို ကြည့်ကာ. . .

"မောင်နှမတွေပဲ. . . လာ. . . လာ"

စကတည်းကမှားပြီ. . .

"ဟုတ်ဘူးဗျ. . သမီးရည်းစား"

ပေဒင်ဆရာမက အူကြောင်ကြောင် ကျွန်တော့်ကိုကြည့်ကာ . . .။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ. . . ဘာ်လားမောင်နှမလို့ပြောတာပဲ"

ကျွန်တော့်ချစ်သူက ကျွန်တော့်ကိုလက်ကုတ်၏။ ကျွန်တော် အသာငြိမ်လိုက်ရတော့သည်။ ထို့နောက် ဗေဒင်ဆရာမက ကျွန်တော်တို့ နှစ်ယောက်လုံးရဲ့ ဇာတာကိုကြည့်ပြီး ဆက်ဟောသည်။

နဂါးခေါင်းလည်းပါသည်။ ဝက်နှစ်လည်းပါသည်။ တိုင်ထိပ်မှာ ဘာတွေချိတ်နေတယ်ဆိုတာလည်းမသိ။ အဲဒါလည်း ဟောသည်။ ကျွန်တော် သူပြောတာတွေ ဘာမှသိပ်နားမလည်။ ချစ်သူကတော့ ခေါင်းတညိတ်ညိတ်ရှိသည်။ နောက်ဆုံး ကျွန်တော်နားလည်လိုက်တာ ယတြာပဲဖြစ်၏။

စာကလေး(၃၆)ကောင်၊ ဆန်(၃၆)ပုံကို လမ်းဆုံလမ်းခွတွင် လှူရမည်ဟု ပြောသည်။ လှည်းတန်းလမ်းဆုံမှာသာသွားလုပ်ခိုင်းရင် ယတြာလည်းပြီးရော လူလည်းကားတိုက်ရင်တိုက်၊ မတိုက်ရင် အဖမ်းခံရလိမ့်မည်။ ထို့အပြင် ကွမ်းဝါးရင်း . .

"အောင်ပြီ. . အောင်ပြီ"

ဆိုပြီး သုံးကြိမ်ဟစ်ကြွေးရမယ်ဆိုတာပါလိုက်သေး၏။

ထိုဆရာမဆီကပြန်လာတော့ . . .

"ကိုတော့ဒါတွေမလုပ်ချင်ဘူး. . . မတော် ယတြာလုပ်ရင်း ကားတိုက်သွားရင် အကုန်မသာပေါ်ကုန်မယ်"

ချစ်သူက ခေါင်းမာသည်။

"အို ဒါတွေမလုပ်လို့ဖြစ်မလားကိုရဲ့. . . ဆရာမပြောတာ မကြားဘူးလား"

"ဘာပြောလို့လဲ"

"အဲဒါမှမလုပ်ရင် ကိုယ်နဲ့မီးနဲ့ ကွဲမယ်တဲ့"

ကျွန်တော်စိတ်ညစ်သည်။ ကျွန်တော်တို့ပတ်ဝန်းကျင်ရှိ လမ်းဆုံလမ်းခွဟု ဆိုထား၍ ကျွန်တော်ပါ စိတ်ညစ်သည်။ ကျွန်တော်နေတာက မြို့ထဲမှာ. . .။ ဒီလိုနဲ့ ဖြစ်ချင်ရာဖြစ် ချစ်သူအလိုလိုက်ပြီး ပန်းဆိုးတန်းနဲ့ ကုန်သည်လမ်း ဆုံတဲ့နေရာကို ရွေးလိုက်ပါတော့သည်။





ဆန်(၃၆)ပုံ လမ်းဘေးပလက်ဖောင်းမှာပုံသည်။ လမ်းသွားလမ်းလာတွေက ယတြာချေမှန်းသိသော်လည်း တအံ့တသြ ကြည့်သွားကြ၏။

ကျွန်တော်ကရှက်သော်လည်း . . . ကျွန်တော့်ချစ်သူက မရှက် . .။

ထို့နောက် ရွှေတိဂုံဘုရားသွားပြီး ခြင်းနဲ့ပတ်ကာထည့်ဝယ်လာသော စာကလေး(၃၆)ကောင်ကိုလွှတ်သည်။ ပြီးနောက်ကွမ်းစားပြီး ပစ်ခနဲထွေးကာ

"အောင်ပြီအောင်ပြီ"

ဟု အော်မယ်အလုပ်တွင် . . .

"ညီလေး ကိုယ်တို့နဲ့ခဏလိုက်ခဲ့ပါ"

လှည့်ကြည့်လိုက်တော့ . . . စည်ပင်ရဲနှစ်ယောက် . . .

"ဘာ. . . ဘာလို့လဲဗျ"

"မြို့တော်သန့်ရှင်းအောင် အဘက်ဘက်ကဝိုင်းဝန်းကူညီနေကြတာ၊ ကိုယ့်ညီက ဆန်တွေပုံပြီး ကွမ်းတံတွေးတောင်ထွေးလိုက်သေးတယ်၊ အဲဒီကိစ္စရုံးမှာဒဏ်ငွေဆောင်ရင်ဆောင်. . မဆောင်ရင် ဥပဒေအရ အရေးယူရမှာ"

ကျွန်တော်မျက်လုံးပြူးသွားကာ. . .

"ဗျာ. . . ကျွန် . . . ကျွန်တော် ယတြာချေတာပါ အစ်ကိုရယ် . . . လုပ်ချင်လို့လုပ်တာ မဟုတ်ပါဘူး"

"ဘာပဲဖြစ်ဖြစ် လိုက်ခဲ့ပါ"

နောက်ဆုံးတော့ ကျွန်တော်ပါသွားသည်။ ချစ်သူကို လှမ်းကြည့်တော့. . မျက်နှာလေးကဆီးရွက်လောက် . .။ လောလောဆယ်တော့ ယတြာအစွမ်းပြ၍ ကျွန်တော်နဲ့ချစ်သူ လတ်တလောဝေးသွားရတော့မည်။

ဒါကို ယတြာကြေတယ်ဆိုပြီး ချစ်သူက မှတ်နေဦးမလားတော့မသိတော့ပေ. . .။

www.burmeseclassic.com

www.burmeseclassic.com



# ကျွန်တော်မင်းသား
# မင်းသားကျွန်တော်





ကိုယ့်ဂုဏ်ကိုယ်ဖော် မသူတော်'လုပ်ရဦးမည်။ ကျွန်တော်တစ်ခါက မင်းသားဖြစ်ခဲ့ဖူးသည်။ အားလုံး လန့်သွားကြလားမသိ။ မလန့်ကြပါနဲ့။ တကယ် မင်းသားဖြစ်ခဲ့ဖူး၏။ ဖြစ်ပျက်ပုံက ဒီလို၊ ကျွန်တော်နဲ့ သိတဲ့ (VCD)ဒါရိုက်တာတစ်ယောက်ရှိသည်။ နာမည်တော့ မဖော်ပြတော့ပါ။

သူကအခုချိန်မှာ နာမည်ကြီးစာရင်းဝင်နေပြီဖြစ်သည်။ ကျွန်တော်နဲ့က ငယ်ငယ်ကတည်းက ညီအစ်ကိုလို ခင်လာကြသူတွေဖြစ်သောကြောင့် ပြောမနာ၊ ဆိုမနာ နေလာကြ၏။ တစ်ရက်တော့ သူ့ရှုတင်ကို အလည်သွားရင်း သူက စကား စ, လာ၏။

"ဟေ့ကောင်. . တစ်ခန်းလောက် ဝင်သရုပ်ဆောင်ပါလား"

ကျွန်တော် ပထမတော့ အူကြောင်ကြောင်ဖြစ်သွား၏။ နာမည်ကြီး VCD မင်းသမီးကလည်း ကျွန်တော့်ကိုလှည့်ကြည့်၏။ သူနဲ့ကျွန်တော် တွဲရိုက်ခိုင်းမယ်ထင်၍ နည်းနည်း စိတ်ညစ်သွားပုံရသည်။ ကျွန်တော်က ရယ်ဖြဲဖြဲနှင့်

"အခိပ္ပာယ်မရှိတာဗျာ. . . ဒီရုပ်ဒီရည်နဲ့ ရမလား"

ဒါရိုက်တာကြီးက ကျွန်တော့်ပခုံးကို ပုတ်လိုက်ကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပါတယ်ကွာ. . လာစမ်းပါ. . ငါ ကြည့်ကောင်းအောင် လုပ်ပေးမှာပေါ့"

ဟု ထပ်မြှူဆွယ်၏။ အမှန်တော့ မြှူဆွယ်စရာတောင်သိပ်မလို။ ကျွန်တော်က ဒါမျိုးကို သိပ်ဝါသနာပါသည်။ ဒါရိုက်တာအလစ်မှာတောင် ခိုးပြီး သရုပ်ဆောင်ဖို့ စဉ်းစားထားသောကောင်ဖြစ်၏။ အဲဒီလို အနုပညာပိုးရှိသူကိုမှ လာမြှူဆွယ်တော့. . .

"ချဗျာ. . ကစ်မယ်. . အဲ. . ဒါပေမဲ့ 'လုပ်ကွက်'လေးတော့ရပါစေနော်"

ဘာကောင်မှသာမဟုတ်တာ. . နည်းနည်းတော့ကြီးကျယ်ပြလိုက်သည်။ မင်းသား. . ကိုး. . ။ ဒီလိုနဲ့အလုပ်ဖြစ်သွားတော့သည်။တကယ့်တကယ်ရိုက်တော့ ခေါင်းဆောင်နေရာကမဟုတ်။ 'ဇာတ်ရံ'။

ဇာတ်ရံဆောင်မှ ပလက်ဖောင်းမှာ ထိုင်ရတဲ့ဇာတ်ရံ၊ မင်းသားနဲ့မင်းသမီးက သီချင်းလေးအတိုင်း လက်တွဲပြီး၊ လမ်းလျှောက်တဲ့အခန်းမှာ နောက်က ပလက်ဖောင်းမှာ ဂစ်တာတီးရင်း ငုတ်တုတ်ထိုင်တဲ့ အခန်း . . .။

ထိုင်နေတဲ့လူက နှစ်ယောက်၊ အဲဒီနှစ်ယောက်မှာ ကျွန်တော်က တစ်ယောက်အဖြစ်ပါဝင်ရသည်။ ပြောမနာဆိုမနာဆိုတော့ ကျွန်တော်ငြင်းသည်။ လူက မင်းသားပဲလုပ်ချင်တာကိုး . . ။ ဒါရိုက်တာကြီးကလည်း ပြောမနာ ဆိုမနာဆိုတော့ ကျွန်တော့်ကို. . .

"လုပ်ပါကွာ. . မင်းကလည်း လူမရှိလို့ မင်းကိုအကူအညီတောင်းတာပါ. . အနုပညာကြေး. . ညနေတစ်ဝိုင်း"

ကျွန်တော်မျက်လုံးနည်းနည်းတောက်ပသွားသည်။ တစ်ဝိုင်းဆိုတော့ စိတ်ဝင်စားသွားသည်။ ဝီစကီဖောက်ခိုင်းပြီး အားမနာ ပါးမနာစားပစ်လိုက်မည်ဟု တေးလိုက်၏။ ဒါပေမဲ့ ခပ်တည်တည်နဲ့. . .

"ကျွန်တော့်ရုပ်ကိုတော့ ထင်ထင်ရှားရှားကြီးပါအောင်ရိုက်နော်. . မင်းသားရုပ်မပါရင်နေ၊ ကျွန်တော့်ရုပ်ပါရင်ပြီးရော. . ဘယ်လိုလဲ"

"OK"





ဒီလိုနဲ့အလုပ်ဖြစ်သွားသည်။ ရိုက်ပြီးသွားတော့ ဆွေတွေမျိုးတွေကြား လျှောက်ကြွားသည်။ VCD မင်းသားဖြစ်ပြီပေါ့။ အမေကတော့. . .

"မင်းက 'ငပေါ' ပဲ"

ဟု ဩဘာပေး၏။ ဒီလိုနဲ့အဲဒီ VCD လေးထွက်အောင် မျှော်လင့်ရသည်။ ပင်းဖြစ်အောင် မျှော်ရသည်။ နောက်ဆုံးထွက်လာတော့ ပြဿနာက စ,တော့သည်။

"ဟဲ့. . ဘယ်မှာလဲ နင့်ရုပ်"

ကျွန်တော် အဲဒီတစ်ပုဒ်တည်းကို တစ်နေလုံးထိုင်ကြည့်သည်။ VCD သာ စက္ကူတစ်ရွက်သာဆို ပါးပြီးပေါက်သွားလောက်ပြီ။ တစ်နေကုန်ထိုင်ကြည့်သော်လည်း ကျွန်တော့်ရုပ်နဲ့တူတာကို ရှာမတွေ့။ဒုက္ခတော့ရောက်ပြီ။ ဆွေတွေမျိုးတွေကြား လျှောက်ကြွားထားတယ်ဆိုတော့ ပိုဆိုးသည်။

ဟိုလူကမေး၊ ဒီလူကမေး. . .။ နောက်ဆုံးကျွန်တော်စဉ်းစားမိပြီ. . .။ ကျွန်တော်ပါတဲ့အခန်းကို ကျွန်တော်သိ၍ အဲဒီနေရာရောက်တော့ သေချာကြည့်သည်။ လား. . လား. . တွေ့ပါပြီ။ မင်းသားနဲ့မင်းသမီး ဖြတ်လျှောက်သွားတဲ့နောက်က ပလက်ဖောင်းမှာ ခြေထောက်လေးချောင်း. . ။

ကျွန်တော်သိလိုက်ပြီ. . ။ ညာဘက်အစွန်ဆုံးခြေထောက်နှစ်ချောင်းက ကျွန်တော်. . ။ နောက်ဆုံးတော့. . ။ ဆွေတွေ၊ မျိုးတွေကို . .

"အဲဒီမင်းသားနဲ့မင်းသမီး ဖြတ်လျှောက်သွားတဲ့နောက်က ပေါ်နေတဲ့ ခြေထောက်လေးချောင်းတွေ့လား"

ဆွေတွေမျိုးတွေကလည်း . . .

"တွေ့တယ်. ."

"ညာဘက်ခြေထောက်နှစ်ချောင်းက 'ကျွန်တော်' ပဲ"

"ဟေ. . ."

အားလုံးက တအံ့တဩကျွန်တော့်ကိုကြည့်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



# ကျွန်တော်နှင့် ကျီးမနိုးပွဲ





တန်ဆောင်မုန်းလပြည့်ကျော်(၁)ရက်နေ့ညကို ကျီးမနိုးပွဲဟုခေါ်သလို သူခိုးကြီးညဟုလည်းခေါ်ကြသည်။

ထိုညတွင် ကျီးမနိုးသော်လည်း ကျွန်တော်တို့ တာလသားအဖွဲ့ကတော့ နိုးနေကြသည်။ ဟိုပစ္စည်းဒီရွှေ့၊ ဒီပစ္စည်းဟိုရွှေ့ရန် ဝီရိယကောင်းကောင်းနှင့် လူခြေတိတ်ချိန်ကို ထိုင်စောင့်နေကြ၏။

ထိုသို့ စောင့်ရင်းနှင့် သန်းခေါင်ထမင်းဟင်းအဖြစ် ကြက်သား ကာလသားချက်စားသည်။ ဂစ်တာတီးသည်။ ရပ်ကွက်ထဲက လူတွေကလည်း ကျွန်တော်တို့အဖွဲ့ကို အကဲခတ်နေကြသည်။ တော်တော်နဲ့မအိပ်။

တချို့ဆိုင်တွေက သူတို့ဆိုင်ရှေ့က ဆိုင်းဘုတ်တွေကို ကျွန်တော်တို့ မဖြုတ်ခင် အရင်ဖြုတ်ပြီးသိမ်း၏။ ကျွန်တော်တို့က ဒီလောက်တော့မမှု . . . ကတ်ထူပြားမှာ ဆိုင်းဘုတ်အသစ်ရေးပြီး သွားချိတ်လိုက်သည်။

ဥပမာ ဆေးခန်းတစ်ခုရှေ့မှာ . .

"ဒေါက်တာအလောင်းစီသူ မသေမချင်း အထူးကုသည်" ဆိုတာမျိုး။

ကွမ်းယာဆိုင်ရှေ့မှာ. .

"ယနေ့ ဆေးခန်းပိတ်သည်"ဆိုတာမျိုး. . ။

တော်ဝင်မြို့မ စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



အပျိုကြီးတစ်ယောက်နေတဲ့ အိမ်ရှေ့မှာတော့ လူတစ်ရပ်လောက်နီး ပါး ငှက်ပျောတစ်တုံးကို မျက်လုံးတွေ နှာခေါင်းတွေဆွဲပြီး သွားချထားသည်။

ထိုကဲ့သို့ ပျော်စရာလေးများ လုပ်သလို ရပ်ကွက်ကိုလည်း စောင့် ရှောက်ရ၏။ တခြားမဟုတ်ပါ။

ထိုကဲ့သို့ ညများတွင် ကျွန်တော်တို့လို လူမျိုးတွေနှင့်ရော၍ မသမာ သူများက လူပ်ရှားတတ်သောကြောင့် ဖြစ်ပါသည်။ ကျွန်တော် ဟိုကြည့် ဒီကြည့်နှင့် ဘာပစ္စည်းရှေ့ရမလဲ စဉ်းစားပြီး လျှောက်လာခဲ့သည်။

သူငယ်ချင်းတွေနှင့်လမ်းခွဲပြီးလမ်းသွယ်တစ်ခုထဲသို့ ကျွန်တော် ချိုးဝင်ခဲ့၏။ ဝင်ဝင်ချင်း အိမ်တစ်အိမ်ရှေ့မှာ တိုင်ကီပိုင်းတစ်လုံး တွေ့ရသည်။ 'ဗေဒင်ဟောသည်'ဆိုသည့် ဆိုင်းဘုတ်ကို တွေ့ရ၏။ တိုင်ကီပိုင်းကိုတော့ တစ်ယောက်တည်းမနိုင်၍ ဟိုကောင်တွေနဲ့မှ လာယူမည်ဟု ဆုံးဖြတ်လိုက်ပြီး 'ဗေဒင်ဟောသည်'ဆိုသည့် ဆိုင်းဘုတ်ကိုတော့ တစ်ခါတည်း ဖြုတ်သွားရန် ခြစည်းရိုးနားသို့ ကျွန်တော် ချဉ်းကပ်လိုက်တော့သည်။

ဆိုင်းဘုတ်က သွပ်နန်းကြိုးနဲ့ တော်တော်ခိုင်ခိုင်မာမာတုတ် ထား၍ ချက်ချင်းဖြုတ်မရ။ ထို့ကြောင့် ကျွန်တော့်ခါးကြားမှာ ထိုးလာသော ပလာယာနဲ့ ဖြုတ် လိုက်စဉ်မှာပင်။

"ကြာလိုက်တာ တကယ်ပဲ အခုလို ညမျိုးမှာတော့ ဝီရိယရှိဖို့ ကောင်း ပါတယ်"

ကျွန်တော် ခေါင်းကြီးသွားသည်။ ခန္ဓာကိုယ်ကို ချက်ချင်း မှောင်ရိပ် ထဲသို့ ဆွဲကပ်ပစ်လိုက်ရ၏။ ရုတ်တရက် အသံပေါ်လာတဲ့ဘက်သို့ ကျွန်တော် လှမ်းကြည့်လိုက်သည်။ ထိုအချိန်မှာ ခြစည်းရိုးအပြင်ဘက်သို့ အထုပ်နှစ်ထုပ် ပြုတ်ကျလာသည်။ ကျွန်တော် မျက်မှောင်ကြုတ်သွားသည်။

"ဘာ. . ကြောင်ကြည့်နေတာလဲ အထုပ်တွေယူလေ"

ဒီလူ သူခိုးလား။ သူခိုးဆိုလည်း ယောကျာ်းတစ်ယောက်ဖြစ်ဖို့ ကောင်းသည်။ အခုတော့ ယောကျာ်းတစ်ယောက်မဟုတ် မိန်းမတစ်ယောက် အသံ။ ဒါဆို ဘာဖြစ်နိုင်မလဲ. . ။ ကျွန်တော်စဉ်းစားရင်း. . ခေါင်းထဲ အတွေး





တစ်ခု ဝင်လာသောကြောင့်. . ခေါင်းကြီးသွား၏။

"ဒါ. . ဒါ. . ခိုးရာလိုက်တာ"

ထိုအချိန်မှာပင် မိန်းမတစ်ယောက် ခြံတခါးဖွင့်ပြီး ထွက်လာလေ သည်။ အပြင်ရောက်ရောက်ချင်း အထုပ်နှစ်ထုပ်နှင့် ကျွန်တော့်ကိုကြည့်ကာ ကြောင်တောင်တောင်နှင့် ရပ်သွား၏။

"သူ. . သူဘယ်မှာလဲဟင်"

"ဘယ်. . ဘယ်သူလဲ. . အစ်မ"

"ကိုအေးရွှေလေ. ."

ကျွန်တော် ခေါင်းကို ကတ်သည်။

"ကျွန်တော် ကိုအေးရွှေ မဟုတ်ဘူးဗျ. . ကိုအေးရွှေကိုလည်း ကျွန်တော်မသိဘူး. . ကျွန်တော်က သပ်သပ်"

ထိုမိန်းမက မျက်လုံးပြူးထွက်လာပြီး. .

"ဒါဆို. . မင်းက"

"ကျွန်တော်က ကျီးမနိုးပွဲလိုက်ဆော့နေတာ. ."

"ဟေ"

ထိုအချိန်မှာပဲ အိမ်ထဲမှ မီးလင်းလာတာတွေ့လိုက်ရ၏။ ထို မိန်းမ အပြင် ကျွန်တော်ပါ ပျာယာခတ်သွားသည်။ ဒီအချိန် သူ့အိမ်ကလူတွေ မိသွားလို့ကတော့ ကျွန်တော် ငါးပါးမှောက်ပြီ။ အခြေအနေနှင့်အချိန်အခါအရ ဒီမိန်းမကို ကျွန်တော် ခိုးတယ် ထင်သွားရင် ကျွန်တော် စဉ်းစားမနေတော့. . ။

"အစ်မ. . ကျွန်တော်. . ကျွန်တော်သွားတော့မယ်"

ဆိုပြီး လစ်ထွက်သည်။ သို့သော် မရ။

"နေ. . နေပါဦး။ မောင်လေးရယ် အခုမှတော့မထူးပါဘူး မမကိုပါ ခေါ်သွားပါ"

"ဗျာ"

"မမကိုပါ ခေါ်သွားပါလို့ပြောတာ ဟိုမှာ အိမ်ကနိုးလာပြီ မမ . . ပြန်မဝင်ရဲဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဘုရား ဘုရား . . . ကျွန်တော် ဟိုကောင်တွေကို တွေ့လိုတွေ့ငြား ဝတ်ဝန်းကျင်ကို ရှာသည်။ မည်းမှောင်တိတ်ဆိတ်နေသော ညသည် ကျွန်တော့် စိတ်ကို ပိုချောက်ချားစေသည်။

"လုပ်. . လုပ်. . ရော့. . ဒီတစ်ထုပ်ယူ မမ တစ်ထုပ်ယူမယ် . . လစ်စို့"

ပြောလည်းပြော ကျွန်တော့်လက်ကို ဆွဲလည်းဆွဲ၏။ ကျွန်တော် လည်း ရှုတ်တရက် မရုန်းမိဘဲ ပါသွားသည်။ မထူးတော့ပြီမို့လို့လည်း သက်ပြင်း ချရင်း လိုက်ခဲ့လိုက်၏။ သူ့အိမ်ကသိသွားလို့ ပြဿနာရှင်းရတာထက်စာရင် သူနဲ့အတူ လိုက်သွားပြီး ကိုအေးရွှေကိုရှာတာကမှ ပိုကောင်းမည်တွေးမိသော ကြောင့် ဖြစ်၏။ ကျွန်တော် ထိုမိန်းမကို ကျွန်တော့်သူငယ်ချင်းတွေဆီခေါ်သွား သည်။ ဟိုကောင်တွေ ကျွန်တော်တို့ဖြစ်ပျက်လာပုံကို ကြည့်ပြီး အူတိ အူကြောင်နှင့်. . .

"မင်း. . မင်း. . ဘာကြီး မ,လာတာလဲ"

"မ,လာတာမလုပ်နဲ့ . . . ကိုအေးရွှေကိုတွေ့လား"

"ဘယ်က ကိုအေးရွှေလဲ"

ထိုအချိန်မှာ ကျွန်တော့်ဘေးက မိန်းမက ဝင်ပြောသည်။

"တို့ကို ခိုးမယ်ပြောပြီးတော့ မလာတဲ့သူပေါ့ သူမ,လာတာနဲ့ တို့လည်း ဒီကမောင်လေးနဲ့လိုက်လာတာ"

ဟိုကောင်တွေ ဇာတ်လမ်းကို နားမလည်၍ မျက်လုံးလေးတွေ လည် နေကြ၏။ ကျွန်တော် အကျိုးအကြောင်းရှင်းပြရင်း တစ်ရပ်ကွက်လုံးအနှံ့ ကိုအေးရွှေကိုရှာရသည်။

ထိုအချိန်မှာပင် ဟိုဘက်လမ်းထိပ်က ဆူညံဆူညံကြားရ၍ သွား ကြည့်လိုက်စဉ် လူတစ်ယောက်ကို ရပ်ကွက်ကာလသားတွေ ဝိုင်းချုပ်လာတာ တွေ့ရ၏။ ထိုလူကလည်း ပါးစပ်က ဘာတွေမှန်းမသိဘဲပြောပြီး ငြင်းနေသည်။

ထိုလူကိုမြင်တော့ ကျွန်တော်တို့နဲ့ ပါလာတဲ့မိန်းမက

"ဟယ်. . ကိုအေးရွှေ"





ကျွန်တော်တို့ အားလုံးပျော်သွားသလို တအံ့တဩလည်းဖြစ်မိ၏။

သို့သော် အချိန်ဆွဲမနေတော့ဘဲ ထိုလူတွေဆီ လှမ်းသွားလိုက် တော့သည်။

ဟိုရောက်၍ အကျိုးအကြောင်းမေးကြည့်တော့မှ

ခြံတစ်ခြံရှေ့မှာ ရစ်သီရစ်သီလုပ်နေတာတွေ၍ မသင်္ကာသော ကြောင့် ဖမ်းခေါ်လာကြောင်း မျက်နှာစိမ်းဖြစ်၍ သူခိုးဖြစ်နိုင်ကြောင်း ပြောပြ၏။

ကိုအေးရွှေက ပထမငြင်းမလို့လုပ်သော်လည်း ကျွန်တော်တို့နဲ့ပါ လာတဲ့ မိန်းမကိုတွေ့တော့ အပျော်လွန်သွားကာ ပြေးဖက်သည်။

တစ်ဖက်ကလူတွေ ကြောင်တောင်တောင်ဖြစ်စဉ် ကျွန်တော်က အကျိုးအကြောင်းဝင်ရှင်းပြ၏။

အားလုံးက ရယ်ကြသည်။

ပြီးတော့ ကိုအေးရွှေနဲ့ ထိုအစ်မကြီးအတွက် အသိကားတစ်စီး တောင် ငှားပေးလိုက်ကြ၏။

သူတို့ထွက်ခါနီး ကျွန်တော်တို့နားမလည်တာတစ်ခုရှိ၍ ကိုအေးရွှေ ကို ကပ်မေးလိုက်ရသည်။

"ခင်ဗျားက အဲဒီရပ်ကွက်မှာ ဘာသွားလုပ်တာလဲ"

ကိုအေးရွှေကတော့ ခပ်အေးအေး လေသံလေးနဲ့ပင်။

"ငါ လိပ်စာမှားပြီး ရပ်ကွက်မှားခိုးတာကွ"


ကျွန်တော်တို့ ကိုယ့်နဖူးသာ ကိုယ်ပြန်ရိုက်မိကြပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



# ကျွန်တော်နှင့် ပေရယ်ဖူးလ်





ဘယ်သူက ဘယ်လိုစလိုက်မှန်းတော့မသိပေ။ ဧပြီလတစ်ရက်နေ့ကို ချစ်သူ၊ သူငယ်ချင်းများ တစ်ယောက်နဲ့တစ်ယောက် နောက်ကြ ပြောင်ကြရင်း၊ ဧပရယ်ဖူးလ် ဆိုပြီး တွင်သွားသည်။

ဥပမာ ဖေဖော်ဝါရီလ (၁၄)ရက်နေ့ကို သတ်မှတ်သလိုမျိုးပင်ဖြစ်သည်။ ပြောချင်တာက အဲဒီနေ့ရဲ့သတ်မှတ်ပုံရာဇဝင်ကို တင်ပြလိုခြင်းမဟုတ်ပါ။

ဖြစ်ပေါ်လာပုံ ရာဇဝင်ကိုလည်း ကျွန်တော်မသိပါ။ ဒါပေမဲ့ ကြုံတွေ့ရတဲ့အရာလေး တစ်ခုကို တင်ပြချင်လို့ပါ။

မနှစ်က ကြုံတွေ့ခဲ့ရတာလေးတစ်ခုပါ။

အဖြစ်က ဒီလို. . . ။



www.burmeseclassic.com

www.burmeseclassic.com



ထို နေ့မနက်စောစော ကျွန်တော်အိပ်ရာထနောက်ကျသည်။ နောက်ကျရခြင်းအကြောင်းက ညကသူငယ်ချင်းတွေနဲ့ အပျော်အပါး နည်းနည်းလွန်သွားပြီး အိပ်ရာဝင်နောက်ကျသောကြောင့်ဖြစ်၏။ နိုးတော့ မျက်နှာသစ်ပြီး၊ အိမ်ရှေ့ခန်းရောက်စဉ် ဖုန်းလာ၏။ ကျွန်တော် ပြေးကိုင်လိုက်တော့. .

"ကိုဇော်လားဟင်"

တစ်ဖက်ကမိန်းကလေးတစ်ယောက်အသံ၊ ပြီးတော့အသံလေး က ချစ်စရာလေး။ ကျွန်တော်ရင်ခုန်သွားသည်။ တစ်ခါမှမကြားဖူးတဲ့ အသံလေးဆိုတော့ စိတ်ထဲလည်းတစ်မျိုးဖြစ်သွား၏။ ကျွန်တော် စက္ကန့်အနည်းငယ် မှိုင်တွေသွားစဉ် တစ်ဖက်က စကားဆက်သည်။

"ကိုဇော်. . မမှတ်မိတော့ဘူးလားဟင်"

"ဟို. . ဟိုဟာလေ. . ဘယ်သူလဲဟင်"

ကောင်မလေးက သက်ပြင်းကိုအရင်ချသည်။ ပြီးမှ. .

"ကြည့်. . အဲဒါကြောင့်ပြောတာပေါ့. . ယောကျ်ားတွေဆိုတာ တစ်ချို့ကွယ်တစ်မယ်မေ့ ဆိုတာ. ."





"ဗျာ"

"ဟုတ်တယ်လေ. . မမှတ်မိတော့ဘူးလား"

"ဟင့်အင်း. . ဘယ်သူလဲ"

ကျွန်တော်ကြောင်တောင်တောင်ဖြစ်နေတာအမှန်၊ တစ်ချို့ကွယ်တစ်မယ်မေ့ရအောင်လည်း ကွယ်စရာချို့ ကျွန်တော့်မှာမရှိ. .။

"ဟန်. ."

ဆက်ပြောတဲ့ကောင်မလေး အသံကြောင့် ကျွန်တော့်ခန္ဓာကိုယ်လေထဲမြောက်ခနဲဖြစ်သွား၏။ သူမက ကျွန်တော့်ကိုချစ်တယ်ပြောရအောင်သည်း ဒီနှစ်ပိုင်းအတွင်း ဘယ်ကောင်မလေးကိုမှလည်း ကျွန်တော် ရည်းစားစကားမပြောခဲ့၊ အခုတော့ ဘယ်ကဘယ်လိုဖြစ်ပြီး၊ အဖြေလာပေးနေပါသိမ့်. .။ လူများမှားသလား. .။

"အဲဒါဆို လူမှားသွားပြီဗျ. . ဘယ်ဖုန်းကို ဆက်တာလဲ. ."

သူမက မမှားကြောင်းငြင်းသည်။ ဖုန်းနံပါတ်ပြောတော့လည်း မှန်နေသည်။ နာမည်အပြည့်အစုံပြောတော့လည်း မှန်နေ၏။

ကျွန်တော်ရင်ခုန်ရပြီ။ ဘာပဲဖြစ်ဖြစ် အလိုက်အထိုက်လေးမေးမှ အဆင်ပြေတော့မည်။ ဒါကြောင့်. .

"ထားပါတော့. . ဒါပေမဲ့ ကျွန်တော်ဒီနှစ်ပိုင်းအတွင်း ဘယ် သူ့ကိုမှ ရည်းစားစကားမပြောခဲ့တာအမှန်"

"ပြောခဲ့ပါတယ်. . ပြန်စဉ်းစားကြည့်ပါဦး"

ကျွန်တော်ဟုတ်လိုဟုတ်ငြားလေး စဉ်းစားကြည့်သည်။ ဘယ်လိုမှ စဉ်းစား၍မရ။ လက်ရှိရည်းစားဆိုလို့လည်း မူးလို့တောင်ရှူစရာမရှိ တော်တော်တော့ခက်နေပြီ။ ဒါပေမဲ့ ကောင်မလေးက တစ်ချစ်တည်း ချစ်နေလေပြီ။

ကျွန်တော့်ကိုယ်ကျွန်တော် ပြန်ဆန်းစစ်ကြည့်တော့လည်း အဲဒီလောက်ကံကောင်းနိုင်စရာအကြောင်းမရှိ။

"ပြောလေ. . ချစ်လားလို့. ."

"ဟိုဟာလေ. . ရုပ်. . ရုပ်လည်းမမြင်. . မမြင်ဖူးတော့. . အဲဒါ"



www.burmeseclassic.com

www.burmeseclassic.com



အသံလေးက ချစ်စရာလေးဆိုတော့လည်း နည်းနည်းရင်ခုန်တာတော့အမှန်၊ ဒါပေမဲ့ ရုပ်ကိုမသိတော့ခက်သည်။ ရုပ်ကလေးကပါ ချစ်စရာလေးဆိုလို့ကတော့ ပွဲပြီးပြီ။ 'ရေဆာတုန်းရေတွင်းထဲကျ'ပြီ။

ဒီလိုနဲ့ကျွန်တော်တို့အချိန်းအချက်လုပ်ကြတော့သည်။ ဒဂုံစင်တာမှာ ချိန်းလိုက်သည်။ သူက အင်္ကျီအနီရောင်တီရှပ်လေးဝတ်လာ မည်ဟုဆို၏။ ကျွန်တော့်ကိုတော့ သူသိသည်ဟုပြောသည်။

ဒီလိုနဲ့ဒဂုံစင်တာ ကျွန်တော်ရောက်သွားသည်။ အမှန်ပြောရရင် ရင်ခုန်တာလည်းတစ်ကြောင်း 'ဘယ်သူလဲ'ဆိုတာသိချင်တာလည်း ပါ,ပါသည်။ ချိန်းထားတဲ့ကော်ဖီဆိုင်ရောက်တော့ အနီရောင်တီရှပ်ဝတ် ထားတဲ့ကောင်မလေးကိုရှာသည်။ ခပ်လှမ်းလှမ်းမှာ တစ်ယောက်တည်း ထိုင်နေသူကိုတွေ့ရ၏။ ကျွန်တော်လှမ်းသွားရင်း ကိုယ့်ကိုယ်ကိုယ်မိတ်ဆက်တော့ . . .

"ဘာလာကြောင်တာလဲ"

"ဟင်. . ခုနကပဲ ဖုန်းပြောသေးတယ်လေ"

"ဒုက္ခပဲ. . တစ်ခါမှဖုန်းမဆက်ဘူး"

"အလို. . ပြောတော့ ချစ်တယ်ဆို"

"ဘာရှင့်. . "

ကောင်မလေးက ဝုန်းခနဲထရပ်၏။ မျက်နှာတစ်ခုလုံးနီမြန်းကာ ပတ်ဝန်းကျင်ကိုဝေ့ကြည့်သည်။ ပြီးတော့ ကျွန်တော့်ကို စိုက်ကြည့်ကာ. .

"လူတွေကြားထဲ အရှက်မကွဲချင်ရင် အခုထွက်သွားနော်. . တော်ကြာ ကိုကိုလာရင် ရှုပ်ကုန်မယ်"

ကျွန်တော် တော်တော်လန့်ကာသွား၏။ မတော် ပါးထရိုက်လိုက်ရင် ကွဲပြီ။

ဒီလိုနဲ့ခေါင်းလေးကုတ်ကာ လှည့်ထွက်ခဲ့ပါတော့သည်။

နောက်တော့ သူငယ်ချင်းကောင်မလေးတစ်ယောက်ကိုလှမ်းပြီး ပြောပြတော့. . .

"နင်က'အရူးပဲ'. . ဒီနေ့. . 'ဧပရယ်ဖူးလ်(April fool)'လေဟာ. .





ကျွန်တော်တို့အိမ်မှာ ကြောင်တစ်ကောင်မွေးထားသည်။ 'သောကြာ'နေ့မှာ အိမ်ကို စရောက်၍ ကြောင်နာမည်ကို 'သောကြာ'ဟု အမေကပေးထား၏။ ကြောင်က အညိုရောင်လေး၊ ဗမာကြောင်စစ်စစ်၊ ရေတောင်ရောပုံမရ၊ အိမ်ရောက်ခါစက ပေစုတ်စုတ်နှင့် ယိုင်တိ ယိုင်တိုင်လေး၊ သူ အိမ်ရောက်လာပုံကလည်း ကျွန်တော် ယူလာခြင်းဖြစ်၏။ ကျွန်တော်တို့ရပ်ကွက်ထိပ်က ရှမ်းခေါက်ဆွဲဆိုင်မှာ ကျွန်တော် ရှမ်းခေါက်ဆွဲသွားစားရင်း ဆိုင်ရှင်ရှမ်းမကြီးဆီက တောင်းလာခြင်းဖြစ်လေသည်။

သူ့မှာ မွေးချင်းနှစ်ကောင်ရှိသည်။ သူကအကြီး၊ သူ့အောက်မှာ ကြောင်ညီလေးတစ်ကောင်ရှိသည်။ ထိုနှစ်ကောင်တွင် သူက အကြီးဆိုသော်လည်း အသေးဆုံး၊ အညက်ဆုံး၊ ပြီးတော့ ချေးအများဆုံး၊ ကျန်းမာရေးကလည်း တခွီးခွီး၊ တခီးခီးနှင့် ရှုနာရှိုက်ကုန်းလေး။ ထိုသို့ အရည်အချင်းတွေ ပြည့်ဝလို့ထင်သည်။ သူ့သခင် ရှမ်းတရုတ်မက ကျွန်တော် တောင်းတယ်ဆိုရင်ပဲ အားရဝမ်းသာ ပေးလိုက်ပါတော့သည်။

အိမ်ကို ရောက်ရောက်ချင်း အမေက ကြောင်ကို ကြည့်၍. .



www.burmeseclassic.com

www.burmeseclassic.com



"နင့် ကြောင်က ကြွက်ရော ခုတ်နိုင်ပါ့မလားဟယ်"ဟု စိတ်ပျက်စကားစပြောၽ။ အဖေကတော့ ဘာမှမပြောဘဲ ကြောင်ကလေးကို ကြည့်ရင်း ပွတ်သပ်နေသည်။ ထို့နောက် ကြောင်ကို နာမည်ပေးဖို့ ရွေးကြတော့ အမေကပင်စပြီး သောကြာနေ့ အိမ်ရောက်၍ 'သောကြာ'ဆိုသော နာမည်ကို ကင်ပွန်းတပ်ပေးလိုက်ပါတော့သည်။



'သောကြာ' သည် အိမ်ရောက်ပြီး. . နောက်တစ်နေ့မှာပင် ဇာတိစပြပါတော့သည်။ ဖျားခြင်းပင်ဖြစ်သည်။ တခွေခွေ၊ တပေပေနှင့် ကျွန်တော့်အိပ်ရာပေါ် က မဆင်းတော့။ ပြီးတော့ဘာကျွေးကျွေးမစား၊ ကျွန်တော်တို့ တစ်အိမ်သားလုံး စိတ်ညစ်သွားသည်။ အမေက ကြောင်ကို ကြည့်၍. . . ။

"အဲဒါကြောင့် ငါ ဘယ်သတ္တဝါမှ မမွေးချင်တာသိလား. . ။ တစ်ခုခုဖြစ်ရင် သိပ်စိတ်ညစ်ရတာ၊ မကြည့်ဘဲ ပစ်ထားတော့လည်း သေသွားရင် အကုသိုလ်တက်ဦးမယ်. . ။ နင်ဟာလေ တော်တော်ရှုပ်တဲ့ကောင်. ."

ကျွန်တော့်မှာ နေစရာမရှိတော့၊ ဒီကြောင်နေမကောင်းတဲ့ကိစ္စသည် ကျွန်တော့်ခေါင်းပေါ် ရောက်လာပြီ၊ အဖေကလည်း ကြောင်ကို အိမ်ခေါ် လာ၍ ဆူသည်။ အမေကလည်း တဖျစ်တောက်တောက်. . ။ ကျွန်တော်စိတ်ညစ်ပြီး ဘာလုပ်ရမှန်းမသိ။ ပုစွန်ခြောက်နဲ့ ထမင်းကို နယ်ကျွေးတော့လည်းမစား၊ ငါးကြော်လေး နည်းနည်းဖွဲ့ပြီးနှာခေါင်းဝ တေ့ပေးတော့လည်း တစ်ချက်သာ ခေါင်းထောင်ကြည့်ပြီး နှာခေါင်းကို ရှုံ့ပွရှုံ့ပွနှင့် လှမ်းရှုံ့ကာ ပြန်ခွေသွားသည်။ ဒီကောင်တော်တော်ဖျား နေပြီဆိုတာကို ကျွန်တော် သဘောပေါက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ လူတွေဖျားရင် ဘာမှစားချင်သောက်ချင်စိတ် မရှိသလိုပင် ကြောင်လည်း ဒီအတိုင်းပဲဖြစ်လိမ့်မည်။

နောက်ဆုံးတော့ ကျွန်တော် ကြောင်ကလေး 'သောကြာ'ကို ပိုက်ကာ တိရစ္ဆာန်ဆေးကုဆရာဝန်ထံသွားပြရပါတော့သည်။ ဆရာဝန် ဆီရောက်တော့ ကြောင်ကို သေသေချာချာကြည့်ကာ 'ဘာဖြစ်တာလဲ' ဟုဆိုသည်။ ကျွန်တော်ကလည်း ဖြစ်သမျှအကြောင်းစုံပြောပြသည်။ ထို့နောက်ဆရာက ကြောင် နားရွက်နှစ်ဖက်ကို စမ်းကာ အဖျားတိုင်းသည်။ ကြောင်တွေရဲ့အပူချိန်က ပုံမှန် 101'C ရှိသည်ဟုဆို၏။ ကျွန်တော့်ကြောင်က 103'C ဖြစ်နေ၍ ဖျားနေကြောင်းပြောသည်။ ဆေးတစ်လုံးထိုးပေးလိုက်ပြီး မာတ်စာအဖြစ် 'ကွေကာအုပ်' တိုက်ရန် ပြောကာ ပြန်လွှတ်လိုက်ပါတော့သည်။



'သောကြာ' သည် ချေးများသည်ဟု ကျွန်တော်ဆိုခဲ့သည်။ အခုလို ဖျားနေတော့ ပို ချေးများ၏။

ဆန်ပြုတ်ကို ကြက်အရေပြားလေးနဲ့ပြုတ်တိုက်မှ သောက်သည်။ ညဘက်ဆို ကွေကာအုပ်ကလေးသောက်ပြီးမှ နှပ်သည်။

အပေါ့အပါးသွားဖို့ကိစ္စကို မနက်တစ်ကြိမ် ညတစ်ကြိမ် သူ့ဘေးနားမှာ သဲထည့်ထားတဲ့တောင်းကလေးယူပြီး သွားချပေးရ၏။

တစ်ခါတစ်ရံ ညဘက်တွေ အဖျားတက်ပြီးအော်လျှင် စောင်ထခြုံပေးရလေသည်။ အမေက ကျွန်တော့်ကိုကြည့်ပြီး ပြုံး၏။ အရင်ကလိုတော့ မဆူတော့ပေ။

"အဲဒါ နင့်ဘက်ကပေးဖို့ပါနေလို့ ပေးရတာ၊ ဝဋ်ကြွေးလို့ခေါ်တယ်။ ကျေအောင်ဆပ်"

ဟု မချိတင်ကဲ နောက်ပြောင်၏။

ထို့နောက် သူတို့လင်မယား နှစ်ယောက်ပါ ကျွန်တော့်ကို သနားလို့လား ကြောင်လေးကိုပဲ သံယောဇဉ်ဖြစ်သွားလို့လားမသိ၊ ကြောင်နာ ပြ



www.burmeseclassic.com

www.burmeseclassic.com



စုရေးဘက်မှာ ပါဝင်ကူညီပါတော့သည်။

ဒီလိုနဲ့ပဲ နောက်ဆုံးတွင် 'သောကြာ'အပေါ် သံယောဇဉ်တရားများ ပိုမိုထားရှိလာကာ လူနဲ့ကြောင်ဟူသည့် သတ္တဝါခွဲခြားမှုသည် ကျွန်တော်တို့ အိမ်တွင် ပျောက်ဆုံးသွား၍ 'သောကြာ'သည် အိမ်သားတစ်ယောက်ပမာ ဖြစ်လာပါတော့သည်။

ထိုသို့ ချစ်ကြပြီဆိုတော့ အဖေက အကဲဆုံးဖြစ်သည်ဟု ကျွန်တော် ထင်၏။ 'မြေးလေး၊ မြေးလေး၊ ငါ့မြေးလေး'ဆိုတာ ပါးစပ်က မချတော့။

ပန်းကန်စင်ပေါ်တက်ဆော့လို့ ပန်းကန်ခွက်ယောက်တွေ ကျ ကွဲရင်လည်း ကြည့်နေသည်။ သူဖတ်နေတဲ့သတင်းစာကိုလုပြီး ဆော့နေရင် လည်း တဟီးဟီးနှင့် ကျေနပ်နေ၏။

ဈေးများလိုက်တာလည်း ပြောမနေနှင့်. .။ ကြက်သားကြော်၊ ငါးကြော်မစား၊ ငါးကြော်မကြိုက် ကြောင်မိုက်ဟူသော စကားပုံသည် 'သောကြာ'နဲ့ အံကိုက်ပင်။

သူက ဈေးများလို့လည်း အခွင့်အရေးရ၏။ အဖေက သူစားချင်တာ အကုန်ဝယ်ကျွေးသည်။

'သောကြာ'အတွက်ကို တိရစ္ဆာန်အစားအစာ ရောင်းတဲ့ဆိုင်တွေမှာ သွားပြီး (Sea food)အမျိုးအစား ကြောင်စားတဲ့အထုပ်လေးတွေ ဝယ်ကျွေး၏။ 'သောကြာ'ကလည်း အဲဒါကိုမှကြိုက်သည်။

သို့သော် တစ်ခါတစ်ရံ ငြီးငွေ့သွားရင်. . ငါးပြုတ်လေး ဘာလေး တော့ အပြောင်းအလဲလေးဖြစ်အောင် စားပါသည်။

ဒီလိုနဲ့ သောကြာသည် ကျွန်တော်ငယ်စဉ်က မရနိုင်သည့် အခွင့် အရေးတွေကို ပိုသုံးဆောင်ရင်း အိမ်မှာ ဗိုလ်တစ်ဗိုလ်ဖြစ်လာပါတော့သည်။



ဒီည တော့ ညဥ့်နက်မှ အိပ်ရတော့မည်ဟု တွေးလိုက်မိ၏။ မနက်ဖြန် ကဒယမဂ္ဂဇင်းကို ဝတ္ထုတိုစာမူပေးဖို့ ကိစ္စရှိ သည်။ ကျွန်တော်လည်း ဒီရက်ပိုင်းအတွင်း ဘာမှ မည် မည်ရရမှမရှိတဲ့ အလုပ်တွေရှုပ်နေ၍ စာမူဘက်ကို ခြေဦးမလှည့်အား။ ဟို သူငယ်ချင်းလာခေါ် ပါသွားလိုက်၊ ဒီသူငယ်ချင်းလာခေါ် ပါသွားလိုက်နှင့် ကိုကိုပါကြီး ဖြစ်နေလေသည်။ ဒီလိုနဲ့ မဂ္ဂဇင်းဖောင်ပိတ်ရက်က ကပ်နေချိန် တွင် ကျွန်တော့်စာမူသာ နောက်ဆုံးကျန်လေတော့သည်။ အယ်ဒီတာက ကျွန်တော့်ဆီ ဖုန်းဆက်ပြီး ဖောင်ချန်ထားသည့်ကိစ္စ၊ သရုပ်ဖော်ပုံအပ်ရမည့် အချိန်ကာလ စသည်တို့ကို အလွတ်ကျက်ထားသလို ရွတ်ပြကာ ဝတ္ထုတိုအ တွက် အပြစ်တင်ပါတော့သည်။ ကျွန်တော့်လိုကောင်မျိုးကလည်း ဒါမျိုးလာ လုပ်လို့ ဘယ်ရမလဲ၊ ချက်ချင်းပင်ပြန်ပြီး. .

"ဟီး. . ဟီး. . တောင်းပန်ပါတယ် အစ်ကိုရယ် မနက်ဖြန်လာ ပေးမယ်. . နော်. . နော်"

ဆိုပြီး ဖုန်းချပစ်လိုက်၏။

အမှန်တော့ ကတိသာပေးလိုက်ရသည် ရုတ်တရက်ဆိုတော့ ဘာရေး



www.burmeseclassic.com

www.burmeseclassic.com



လို့ရေးရမှန်းမသိ။ ခေါင်းထဲမှာ အဆီအငေါ်မတည့်ထွက်ပေါ်လာသော အတွေးများသည် ခဏချင်းပင်`ပျောက်ပျောက်သွား၏။ ကျွန်တော် ခေါင်းတွေ ပွနေသေးသဖြင့် လက်ဖက်ရည်ဆိုင်ထွက်ထိုင်ရင်း အချိန်ဖြုန်းနေလိုက်၏။ နောက်တော့ သူငယ်ချင်းတစ်ယောက်ရောက်လာပြီး အရေးတကြီးကိစ္စတစ်ခု ရှိ၍ ကျွန်တော်လိုက်သွားသည်။ အိမ်ပြန်ရောက်တော့ တော်တော်တောင် မိုးချုပ်နေပြီ. .။ တစ်နေကုန်ပင် ပန်းနေသော်လည်း မနက်ဖြန်ပေးမည့် ဝတ္ထုတိုကိစ္စသည် ကျွန်တော့် ခေါင်းထဲမှာရှိနေ၍ အိပ်လို့မရသေး။ ထို့နောက် ကျွန်တော် စာရေးစားပွဲတွင်ထိုင်ကာ ခေါင်းကိုအေးအေးထားပြီး စာရွက်ကို ထုတ်၍ ဘောပင်ကိုကိုင်ကာ အာရုံတွေကို စုစည်းလိုက်တော့သည်။

ညသည် တဖြည်းဖြည်း ကျွန်တော်နှင့် တစ်သားတည်းဖြစ်ကာသွား သည်။ ပတ်ဝန်းကျင်ကို အားလုံးမေ့သွားကာ ကျွန်တော့်စိတ်ကူးတွေက ဇာတ်လမ်းတွေထဲမှာ. .။



'ဖြစ်' ခနဲ အသံကြားလိုက်သော်လည်း ရေးလက်စအာရုံလေး ပျောက်သွားမှာစိုး၍ ကျွန်တော် လှည့်မကြည့်ဖြစ်။ သို့သော် စိတ်ထဲတွင် တစ်မျိုးဖြစ်နေသည်။ ဒီလိုအသံမျိုးကိုလည်း ကြားဖူးနေ၏။

ဒီလိုနဲ့ အခန်းတစ်ခုကို အပြီးသတ်ရပ်လိုက်ပြီးနောက် ကျွန်တော် စားပွဲခုံအောက်ကို ငုံ့ကြည့်လိုက်စဉ် 'သောကြာ'ကို တွေ့လိုက်ရသည်။ 'သောကြာ'က ဘေးစောင်းလေးအိပ်နေသည်။ သို့သော် အိပ်ပျော်နေခြင်းမဟုတ်။

သူ့လက်နှစ်ဖက်နှင့် ခြေထောက်နှစ်ဖက်ကြားတွင် ညှပ်၍ကိုင်ထား သော အရာတစ်ခုကို ဆော့နေခြင်းဖြစ်လေသည်။

ထို အရာကိုကြည့်ပြီး ရင်ထဲ ဒိန်းခနဲဖြစ်သွားလေတော့သည်။

ဘုရား. . ဘုရား. . ကျွန်တော့်စာမူတွေ. .။

ကျွန်တော် သွေးရူးသွေးတန်းနှင့် 'သောကြာ'ရင်ဘတ်ထဲက စာရွက် ကိုလှမ်းဆွဲသည်။

ငတိလေးက သူ့ကို မြူနေတယ်ထင်ပြီး ကျွန်တော့် လက်ထဲပါလာ သော စာရွက်ကို လက်နဲ့လှမ်းကုပ်ပြီး ပါးစပ်နဲ့ခဲကာ တစ်ချက် ခါပစ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဖြဲ"

"ဟာ"

စာမူနှစ်ပိုင်းပြတ်သွားသည်။ ကျွန်တော့်လက်ထဲမှာတစ်ပိုင်း၊ 'သော်ကြာ'လက်ထဲမှာ တစ်ပိုင်း. .။ ကျွန်တော် ကြောင်တောင်တောင် ဖြစ်နေစဉ် 'သော်ကြာ'က ကျွန်တော့်ကို တစ်ချက်မော့ကြည့်ကာ ခုန်ဆွခုန်ဆွနှင့် ထွက်ပြေးသွားတော့သည်။

ဒေါသသည် . . . အသိစိတ်ထဲသို့ ချက်ချင်းတိုးဝင်လာ၏။ ကျွန်တော့်စားပွဲပေါ်ကြည့်လိုက်တော့ ပေတံတစ်ချောင်း အဆင်သင့်တွေ့၍ ကောက်ဆွဲကာ 'သော်ကြာ'နောက်ကို လိုက်သည်။

တစ်သက်နဲ့တစ်ကိုယ် အရိုက်အနှက်ခံရခြင်းမျိုး၊ အဆူခံရခြင်းမျိုး တစ်ခါမှ မခံရဖူးသော 'သော်ကြာ'သည် ကျွန်တော့်ကိုကြည့်၍ ပျော်နေလေသည်။ သူ့စိတ်ထဲမှာ ကျွန်တော်က သူ့ကို လိုက်ဆော့နေသည်ဟု ထင်နေပုံရ၏။

ခုတင်အောက်ဝင်ပြေးကာ ကျွန်တော့်ကို ချောင်းသည်။ ရှိုကေ့စ်ပေါ် ခုန်တက်ပြီး ခုန်အုပ်ဖို့ကြံ၏။ ကျွန်တော် ပေတံနဲ့ရွယ်လိုက်ရင် ခုန်ဆွခုန်ဆွ လုပ်ကာ ထွက်ပြေး၏။

ဒီလိုနဲ့ အခန်းထဲမှာ သော်ကြာနဲ့ကျွန်တော် လုံးထွေးနေသံတွေ ဆူညံနေ၍ အဖေနိုးလာ၏။ အခန်းတံခါးကိုဖွင့်ပြီး ဝင်လာတော့ ကျွန်တော်တို့ အခြေအနေကို တွေ့သွား၏။

ထို့နောက် သူ့ခြေရင်းနား အမြီးလေးထောင်ကာ လာပွတ်နေသော ကြောင်ကိုကောက်ကိုင်ကာ. .

"ဘာဖြစ်နေတာလဲ"

"အဖေ့ကြောင် သားစာမူတွေ ဖြဲပစ်တယ် ကြည့်ပြောထားဦး. ."

"ကလေးက ဘာသိမှာလဲ. . . မင်းသေချာသိမ်းပေါ့"

"ဟာ. . သားလည်း ရေးနေရင်းဘေးချထားတာပဲ ဘယ်အချိန် ဆွဲသွားမှန်းမသိတာ . . . .

ပြီးတော့ စာမူဆိုတာ ပထမတစ်ခေါက်ရေးပြီးရင် နောက်တစ်ခေါက်





ထပ်ရေးဖို့ဆိုတာ ရင်ထဲကခံစားချက်က မတူတော့တဲ့အတွက် ပထမဟာလောက် ဘယ်လိုမှမကောင်းနိုင်ဘူး . . .

ပြီးတော့ အနုပညာဆိုတာ ရင်ထဲမှာတစ်ကြိမ်ပေါ်ပြီးရင်. ."

ကျွန်တော့်ခံစားချက်များကို အဖေနားလည်နိုင်လောက်အောင် အရိုးရှင်းဆုံးရှင်းပြသည်။ အနုပညာ၊ အချိန်၊ ခံစားမှု၊ ငွေကြေးစသည်တို့နှင့် ချိန်ထိုးကာ ပြောပြချိန်တွင် အဖေသည် ကြောင်လေးကို ပွတ်ပေးရင်း နည်းနည်းပိန်သွားကြောင်း အပြစ်တင်နေ၏။

ကျွန်တော့်စကားဆုံးတော့ လှည့်ကြည့်ကာ . . .

"မင်းဝတ္ထုကို ငါ့မြေးက မကြိုက်လို့ ဖြဲပစ်လိုက်တာကွ သိလား"

"ကြောင်တောင် မကြိုက်တဲ့ဟာကို အယ်ဒီတာတွေလည်း ကြိုက်မှာ မဟုတ်ဘူး။ ကျိန်းသေတယ် . . .

အဲဒါကြောင့် အယ်ဒီတာတွေ မပယ်ခင် ပယ်ပေးလိုက်တဲ့ ငါ့မြေးကိုတောင် မင်းက ကျေးဇူးတင်ရဦးမယ်. .

ဒီထက်ကောင်းတဲ့ နောက်တစ်ပုဒ်ထပ်ရေးကွာ . . ."

ဟုပြောကာ အခန်းထဲမှ လှည့်ထွက်သွားပါတော့သည်။

ကြောင်ဖြဲသွား၍ တစ်ဝက်သာကျန်ခဲ့ရသော ကျွန်တော့် စာမူလေးသည် လက်ထဲမှာ ဖျပ်ဖျပ်လူးလျက်. .။

www.burmeseclassic.com

www.burmeseclassic.com



# ကျွန်တော်နှင့် ကျိုက်ထီးရိုး





ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတိုင်း ကျိုက်ထီးရိုးဘုရားကို သိကြပါသည်။ မြန်မာနိုင်ငံ၏ ၁၁န်ခိုးကြီးဘုရားများထဲတွင် တစ်ခုအပါအဝင်ဖြစ်သောကြောင့်တစ်ကြောင်း၊ စေတီတည်နေပုံ အနေအထားမှာ ဆန်းကြယ်နေသောကြောင့်တစ်ကြောင်း၊ မြန်မာနိုင်ငံတွင်သာမက ကမ္ဘာကပါ ကျိုက်ထီးရိုးဘုရားကို သိရှိကြ၏။

အခုလိုပြောနေလို့. . ဘုရားသမိုင်းကြောင်းကို ပြန်လည်တူး ဖော်နေတယ် မထင်ကြပါနဲ့။ ကျွန်တော့်ရဲ့ ကျိုက်ထီးရိုးတောင်တက်ခဲ့တဲ့ အတွေ့အကြုံလေးထဲက တစ်ခုကို ပြန်လည်ပြောပြချင်လို့ပါ။ ထိုကိစ္စလေးကလည်း ယခုအချိန်ထိ ကျွန်တော်ပြန်တွေးမိတိုင်း မရေရာသော အဖြေကိုသာရ၏။ ကျွန်တော်ပဲ မှားသလား၊ သူပဲ မှားသလား။ ကဲ. . ဇာတ်လမ်းလေး စကြရအောင်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်

ကျွန်တော် ကျိုက်ထီးရိုးတောင်ကိုတက်တာ အခေါက်ပေါင်း မရေ နိုင်တော့၍ အဲဒီအခေါက်က တက်ခဲ့တဲ့ခုနှစ်ကိုတော့ မမှတ်မိတော့ . . ။ သို့သော် မှတ်မိတာတစ်ခုတော့ရှိသည်။ ထိုအကြိမ်က ကျိုက်ထီးရိုးကို ခြေလျင်ခရီးတက်ခဲ့ခြင်းဖြစ်သည်။

အချိန်ကာလအရ ရင်ပြင်တော်အထိ ကားလမ်းမပေါက်သေး။ ရသေ့တောင်အထိသာ ကားလမ်းပေါက်၍ ကားလမ်းကတက်တဲ့ ခရီးသည်များမှာ လူကြီးတွေသာ များသေး၏။ ကျွန်တော်တို့လို လူငယ်အဖွဲ့များက ခြေလျင်ခရီးသာ အားသန်နေကြသည်။ တောင်တက်လမ်းတစ်လျှောက် ဘုရားလည်းဖူး၊ လိပ်ဥလည်းတူးကြ၏။

ကျွန်တော်တို့အဖွဲ့ကလည်း ယောကျ်ားလေးတွေချည်းဖြစ်၍ တွေ့တဲ့ကောင်မလေးကို ငမ်း၏။ ကောင်မလေး ချောချောလှလှမြင်ရင် ဟိုအထုပ်တူဆွဲပေးသလိုလို၊ ဖေးမတွဲခေါ်သလိုလိုနှင့်ဝင်ရောသည်။ ဒါ ကျိုက်ထီးရိုးတက်တဲ့လူပျိုတို့ရဲ့အကျင့်ဖြစ်သည်။

ကောင်မလေးတွေကလည်း ဒါမျိုးဆို စိတ်မဆိုးတဲ့အပြင် သက်သာရင်ပြီးရော အကုန်ခိုင်းသည်။ ငနဲတွေကလည်း ဒါမျိုးဆို တဖြဖြ . . . ကျွန်တော့်သူငယ်ချင်းတစ်ယောက်ဆို အထမ်းသမား လောက်နီးနီး . . . သူ့ထံမှာ အထုပ်တွေပြည့်ကာနေ၏။





လူကြည့်တော့ လျှာထွက်နေသော်လည်း ညီမလေး ဘာလိုသေးလဲ ဆိုတာချည်းပဲ။ ထားပါ . . . ကျွန်တော် ပြောချင်တာ သူ့အကြောင်းမဟုတ်ပါ။ ကျွန်တော့်အကြောင်းသာဖြစ်သည်။

ကျွန်တော်တို့ ကင်ပွန်းစခန်းက စတွက်ကတည်းက တစ်ယောက်နဲ့ တစ်ယောက် လောင်းကြေးစားကြေးတစ်ခု လုပ်ကြ၏။ အဲဒါကတော့ ထုံးစံအတိုင်း ရင်ပြင်တော်ရောက်ရင် တစ်ယောက်ကို ကောင်မလေးတစ်ယောက် စီရှိနေရမည်။ ခင်လို့ပဲဖြစ်ဖြစ်၊ ချစ်လို့ပဲဖြစ်ဖြစ် အသိမိတ်ဆွေဖြစ်နေရမည် . . . ထိုကောင်မလေးကိုလည်း တောင်တက်လမ်းတစ်လျှောက်မှာ ကိုယ့်နည်းကိုယ်ဟန်နှင့် ကြိုးစားရမည်။ ရှုံးတဲ့လူက . . . တစ်ဝိုင်း . . . . ။

အားလုံးလက်ခံပြီး . . တောင်စတက်တယ်ဆိုရင်ပဲ ကျွန်တော် အပါအဝင် အပေါင်းအသင်းရောင်းရင်းများသည် ပျိုပျိုအိုအို မျက်စိ ဒေါက်ထောက်ကြည့်ရတော့၏။ ခက်တာက ခဏတာတွေ့ရှိရသော လူလူချင်းဖြစ်၍ နောက်ကြောင်းရာဇဝင်နှင့် အနှောင်အဖွဲ့ကို ဘယ်လိုမှ ခန့်မှန်းလို့မရတာတော့ ကျိန်းသေသည်။ သို့သော် အခြေအနေကိုကြည့် ပြီးတော့ ခန့်မှန်းလို့ရ၏။ ယောကျ်ားတစ်ယောက်နဲ့လက်ချင်းချိတ်ပြီးလာရင် ရည်းစား ဒါမှမဟုတ်၊ လင်ယောကျ်ားဖြစ်ရမည်။

မိသားစုနဲ့လာရင် သိသာသည်။ ညီအစ်ကိုမောင်နှမ_တွေ ပေါးလားဝါးလားနှင့် . . စလိုက် နောက်လိုက်ကြ . . တစ်ယောက်နဲ့ တစ်ယောက် ခပ်ခွာခွာသွားပြီး သာမန်လောက်သာ စကားပြောရင် မောင်နှမ . . ကောင်မလေးနှစ်ယောက်တည်း လက်ချင်းတွဲပြီးတက်ရင်တော့ ဒါက သင်းကွဲ . . . ။ ရှေ့မှာ မိသားစုဖြစ်ဖြစ် သူတို့သူငယ်ချင်းတွေဖြစ်ဖြစ် ရှိလိမ့်မည်။ ဒီလိုမျိုးအခြေအနေကို သုံးသပ်ပြီးတော့ ခန့်မှန်းရ၏။ သို့မဟုတ်ဆိုလျှင် ပြဿနာတွေ ရှုပ်သွားနိုင်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရေမြောင်းကြီးရောက်တော့ ကျွန်တော်တို့သူငယ်ချင်းတွေထဲက တစ်ဝက်ကျော်ကျော်လောက် ကိုယ်စီကိုယ်စီလေးတွေ အဆင်ပြေသွားလေပြီ။ ကျွန်တော် အပါအဝင် သုံးယောက်လောက်ကတော့ ကောင်မလေး လက်မဲ့ဖြစ်နေ၏။ သို့သော် ခရီးတစ်ဝက်ပဲ ကျိုးသေးသောကြောင့် အားမလျှော့သေး . . .။ ကျန်တဲ့ခရီးတစ်ဝက်မှာ ကြိုးစားရင်ရနိုင်သေးသည် . . .။

ဒီလိုနဲ့ ဆက်တက်လာရင်း . . ဖိုးပြန်တောင်နဲ့ စိုင်တမော့မှာ ကျန်တဲ့လူတွေထဲက နှစ်ယောက် ထပ်ကြည်သွားသည်။ ကျွန်တော်နဲ့ နောက်တစ်ယောက်သာ ကျန်တော့၏။ အဲဒီမှာ ကျွန်တော် စဉ်းစားရပြီ။ ကျန်တဲ့ကောင်သာ ထပ်ရသွားရင် ကျွန်တော်ရှုံးဖို့ကိစ္စမှာ(၇၀)ရာခိုင်နှုန်းလောက်ဖြစ်သွားလေပြီ။ ပြီးတော့ ခရီးသွားထဲက ကောင်မလေးချောချောလှလှလည်း တော်တော်ရှားလာသလို၊ ကျွန်တော်တို့ ခြေထောက်တွေက မြန်သောကြောင့် နောက်မှာကျန်နေခဲ့သူတွေလည်း များလာ၏။

ဒီလိုနဲ့ မထူးပါဘူးဆိုပြီး . . ဒီကောင်လည်း ကြောင်လို့မရအောင် ကျွန်တော် သူနားကမခွာတော့။ ဒီကောင်ကလည်း ကျွန်တော့်အကြံကို





မသိဘဲကြောင်ဖို့မေ့ပြီး ကျွန်တော်နဲ့စကားတွေ လာပြောနေသည်။

သို့သော် ကံကြမ္မာက ကျွန်တော့်ဘက်က မပါ။ တောင်တစ်ခုတိုတက်ပြီး ဈေးဆိုင်တန်းလေးတစ်ခုအရောက် သူနဲ့ငယ်စဉ်က ကျောင်းနေဖက် ကောင်မလေးတစ်ယောက်နဲ့ သွားတွေ့လေသည်။ အဲဒီမှာတင် ဒီကောင် ခွင်ဝင်ပြီဆိုပြီး ထိုကောင်မလေးနဲ့ သွားလုံး၏။ ဘာပဲဖြစ်ဖြစ် ကျွန်တော့်တို့ သဘောတူထားတဲ့ စည်းကမ်းထဲမှာ သူငယ်ချင်း ကောင်မလေးမပါဝင်ရ . . . မပါ၍ ဒီကောင်အတွဲရသွားပြီဟု ဆိုနိုင်လေပြီ။

အဲဒီတော့ . . . ဘာဖြစ်လဲ . . .

နောက်ဆုံးတော့ . . . ကျွန်တော်တစ်ယောက်တည်း . . . .။

www.burmeseclassic.com

www.burmeseclassic.com



ဒီကိစ္စမှာ အနိုင်အရှုံး . . သိက္ခာတရားပါ ပါဝင်နေသည်။ သူတို့က အတွဲရပြီး ကျွန်တော်ကျ မရဘူးဆိုတော့ ရာဇဝင်ရိုင်း၏။ အားလုံးထဲမှာ ကျွန်တော် အချောဆုံးလို့တောင် ကျွန်တော်က ထင်ထားတဲ့ကောင်။ အခုလိုဆိုတော့ ပြောစရာတွေဖြစ်လာတော့မည်။ ညနေ စားဝိုင်းသောက်ဝိုင်းမှာ နောက်စရာလူတစ်ယောက်ဖြစ်လာမှာ ကျိန်းသေသည်။ အခုတောင် ခပ်နှိမ်နှိမ်အကြည့်တွေနဲ့ ကျွန်တော့်ကိုကြည့် နေကြပြီဟု ကျွန်တော်ထင်၏။ အဲဒီတော့ မထူးတော့ပြီမို့ ရှေ့ဆုံးက ဦးဆောင်ပြီး ကျွန်တော်တက်သွားပါတော့သည်။ သူတို့က အတွဲတွေနဲ့ ဆိုတော့ . . . ကျွန်တော့်နောက်မှာ . . . . . ။



“ဒါလေး ဘယ်လောက်လဲဟင် . . .”

အသံလေးက ခပ်သြသြ . . ။ မောလို့ မှိုထားတဲ့ ရေအိုးစင်လေးဘေးက ကြားရခြင်းပင်။ လှည့်ကြည့်မိတော့ ဆံပင်ဂုတ်ထောက်လေးနှင့် ကောင်မလေးတစ်ယောက်။ ကျွန်တော် ခန္ဓာကိုယ်ကို တစ်ချက်မတ်ကာ လေ့လာလိုက်၏။ ကိုယ်လုံးကိုယ်ထည် နည်းနည်းပါးသော်လည်း သူ့ဟာလေးနဲ့သူတော့ အတော်ကြည့်ကောင်းနေ၏။

ကျွန်တော်လည်း နိပ်ပြီဆိုပြီး ကြည့်နေစဉ် ကောင်မလေးက ကျွန်တော့်ရှေ့ကအဖြတ် ကျွန်တော်တစ်ချက် အင်ထရိုဝင်လိုက်၏။

“သွားနှင့်နော် . . . နောက်ကလိုက်ခဲ့မယ် . . ဖေဖေတို့ပါလာရင် ဆူခံရမှာစိုးလို့ . . . .”

ကောင်မလေးက တခစ်ခစ်ရယ်ရင်း ချာခနဲလှည့်ကြည့်ကာ ဆက်ထွက်သွားလေတော့သည်။ ကျွန်တော့်ရင်ဘတ်သည် ပေတစ်သောင်းကျော်က ခုန်ချလိုက်သလို အေးခနဲဖြစ်ကာသွား၏။ ကျွန်တော် ဘယ်လိုကဘယ်လို ကောင်မလေးနား ရောက်သွားမှန်း သတိမထားမိလိုက်။ ကိုယ့်ကိုယ်ကို ကိုယ်ဖော့ပညာ အဲဒီလောက်တော်မှန်း အခုမှသိသည်။ ကောင်မလေးဆီကတော့



www.burmeseclassic.com

www.burmeseclassic.com



အိမ္မွေးကြိုင်နေတဲ့ ရေမွှေးနံ့နဲ့ .. လေပြည်သင်းရနံ့တွေက ကျွန်တော့်ကို
အမောပြေစေ၏။

ဒီလိုနဲ့ ကျွန်တော်က ပြောလိုက် . . . သူကပြောလိုက်နဲ့ ..
ကျွန်တော်တို့နှစ်ယောက် မိတ်ဆွေတွေဖြစ်သွားကြလေသည်။ သူ့ကို မေး
ကြည့်တော့ သူငယ်ချင်းတွေနဲ့လာတာဟုဆို၏။ ဇာတိက မော်လမြိုင်ကမှ
သိရသည်။ ကျွန်တော်လည်း ကျွန်တော့်အကြောင်းတွေပြောရင်း . . နောက်က
သူငယ်ချင်းတွေကို စောင့်သည်။

နောက်ကကောင်တွေ ရောက်လာတော့ ကျွန်တော်တို့ကို တွေ့သွား
ပြီး ပေစောင်းစောင်းတွေဖြစ်ကုန်ကြ၏။ ဒီကောင်တွေက ဒီည ကျွန်တော့်ဆီက
စားရပြီ ထင်နေတာ။ အခုလို ကျွန်တော်အတွဲရသွားတော့ မခံချိမခံသာ
ဖြစ်နေကြပုံပင် . . . . ။

ဒီလိုနဲ့ ရှေ့ဆက်လျှောက်ကြတော့ . . ရင်ပြင်တော်ပေါ် ရောက်သွား
ကြပါတော့သည်။ အားလုံးလည်း တစ်ယောက်နဲ့တစ်ယောက် . . . တည်းမယ့်
နေရာပြောကြ၊ လာတွေ့မယ့်အချိန်ပြောကြနဲ့ လူစုခွဲလိုက်ကြတော့၏။

ထို့နောက် ကျွန်တော်တို့အဖွဲ့တွေ တစ်ယောက်နဲ့တစ်ယောက်
ကြည့်ရင်း ရယ်လိုက်ကြသည်။

"ငါတို့တွေ ညီသားပဲ . . ."



## ဝန်ခံခြင်း

ည . . ကြယ်ရောင်တို့ ကောင်းကင်မှာစုံနေကြပြီ။ လပြည့်ည လည်း ဖြစ်၍ လမင်းက လုံးဝန်းဝိုင်းစက်စွာသာနေ၏။

ကျွန်တော်နေတဲ့ အဆောင်မှ နန်းဦးစားသောက်ဆိုင်ဘက်ကို ဆင်းလာခဲ့သည်။ ညနေက ကျွန်တော် ချိန်းထားတဲ့ကောင်မလေးဆီဖြစ်သည်။

ကျွန်တော် ဆိုင်ကိုရောက်တော့ . . သူပြောခဲ့တဲ့ ငယ်ငယ်ဆိုတဲ့ နာမည်ကိုမေး၏။ အဲဒီမှာ မိန်းမကြီးတစ်ယောက်က ရေချိုးခန်းဘက် သွားတယ်ဆိုပြီး ကျွန်တော့်ကို ပြန်ပြောသည်။

ကျွန်တော်လည်း အဲဒီတော့မှ အပေါ့သွားချင် နေတာကို သတိရပြီး . . . နန်းဦးစားသောက်ဆိုင်ရဲ့ရှေ့ဘက်က အိမ်သာတွေဆီ ဝင်ခဲ့လိုက်တော့၏။

ထရံလေးတွေကာထားသောအိမ်သာထဲအရောက်တွင် မရှိသေးစကား . . . ကျွန်တော်အပေါ့သွားသည်။

အဲဒီမှာတင် ကျွန်တော် ထင်မှတ်မထားသော အရာတစ်ခုနဲ့ သွားကြုံတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နဲ့ခပ်လှမ်းလှမ်းမှောင်ရိပ်တွင် မိန်းမတစ်ယောက် ယောက်ျားပုံစံအတိုင်း အပေါ့သွားနေခြင်းဖြစ်၏။ ကျွန်တော် ရုတ်တရက် ကြောင်တောင်တောင်ဖြစ်သွားရင်း ကိုယ့်မျက်လုံးကိုယ် ပွတ်ကြည့်၏။ သေချာပါသည်။

မိန်းမမှ မိန်းမပုံစံ . . . . ။

ထိုအမျိုးသမီးက ကိစ္စပြီးသွားတော့ ဂါဝန်ကိုပြန်ဖုံးနေစဉ် ကျွန်တော် အိမ်သာဆောင်ထဲမှ အမြန်ပြန်ထွက်ကာ အကွယ်တစ်ခုမှ ချောင်းကြည့်နေလိုက်သည်။

ထိုမိန်းကလေးပြန်ထွက်လာတော့ ကျွန်တော် မီးအလင်းရောင်အောက်တွင် မိန်းကလေး၏မျက်နှာကို သေချာစွာတွေ့လိုက်ရတော့၏။

"ဟင် . . . ငယ်ငယ် . . ."

ကျွန်တော့် ဦးခေါင်းထဲမှာ ချာချာလည်သွားသည်။ ညကြီးမိုးချုပ်မိုးခြိမ်းသံတွေ အလိုလိုကြားလိုက်ရပြီး မျက်လုံးတွေပြာဆင်းကုန်၏။ ငယ်ငယ်ကတော့ . . အိမ်သာစောင့်တဲ့လူထံ ပိုက်ဆံပြန်ယူပြီး ထွက်ခွာသွားပါတော့သည်။

ကျွန်တော် အသျှင်အမြန် . . . အိမ်သာပိုက်ဆံကောက်တဲ့လူထံ မေးကြည့်လိုက်တော့ . . . .

"ဟာ . . အစ်ကိုကလည်း အဲဒါအခြောက်ကြီးဗျ . . ."

"ဗျာ . . . ."

"ဟုတ်တယ် . . အဲဒါ အခြောက်ကြီး . . ကျိုက်ထီးရိုးကို ဒီအချိန်ဆို သူတို့ရောက်ပြီ . . . ."

"ဒါ . . ဒါနဲ့ . . မိန်း . . မိန်းမနဲ့တူ . . . တူလိုက်တာ . ."

အိမ်သာစောင့်တဲ့ လူကပြုံးကာ . . .

"ရှေးဘဝ ကုသိုလ်ကံ ကောင်းခဲ့လို့နေမှာပေါ့ဗျာ . . ." တဲ့။

ကျွန်တော် . . နန်းဦးဘက်ကို ခြေဦးမလှည့်ရဲတော့သလို သူငယ်ချင်းတွေကိုလည်း ထိုကိစ္စမပြောပြမိတော့ပါ . . . ကျွန်တော်တို့ စည်းကမ်းချက်





ထဲမှာ မာမီတွေမပါ၍ ထိုကိစ္စသိသွားရင် ကျွန်တော် ကျေးရပေလိမ့်မည်။

ထို့ကြောင့် . . . ဘယ်သူ့မှမပြောဘဲ ဝတ္ထုတိုသာရေးလိုက်ရခြင်းဖြစ်၏။ ဖတ်မိတဲ့ သူငယ်ချင်းတွေတော့ ကျွန်တော့်ဆီလာကြပါ။

မကြေပွဲအနေနဲ့ နောက်တစ်ခေါက် ကျိုက်ထီးရိုးထပ်တက်ပြီး ဝိန်ခေါ်ပွဲလေး ပြန်နွှဲလိုက်ချင်ပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



# သူတို့ ပွဲထိန်းပုံ





(၁)

တစ်ခါက . . အညာဘက်က ရွာတစ်ရွာကိုရောက်ခဲ့တယ် . .။ အဲဒီတုန်းက တိုက်တိုက်ဆိုင်ဆိုင် အဲဒီရွာက ဘုရားပွဲတစ်ခုနဲ့ သွားကြုံပါတယ်။ ဘုရားပွဲဆိုတဲ့အတိုင်း ဇာတ်ပွဲတစ်ခု ပါစမြဲကိုး . . .။ ကျွန်တော်ကလည်း ရောက်တုန်းရောက်ခိုက် ဇာတ်ပွဲကြည့်ချင်မိတယ်။ ဇာတ်ဆိုတာကလည်း သူတို့အရပ်က နာမည်ကြီးဇာတ်အဖွဲ့ပါ။ ဇာတ်မင်းသားက သူတို့နယ်တစ်လွှားမှာတော့ ထိတ်ထိတ်ကြဲဆိုပဲ။ ဘယ်လောက်ထိ နာမည်ကြီးသလဲဆို ကလေးချော့ရင်တောင်မှ အဲဒီဇာတ်မင်းသားလေသံနဲ့ သီချင်းဆိုပြီးချော့မှ ကလေးတိတ်တယ်တဲ့။ အဲဒီလောက် သူက အဲဒီနယ်တစ်ဝိုက်ကို သိမ်းပိုက်ထားတာ။ ကျွန်တော်က ဇာတ်ပွဲဆို တစ်ခါမှ မကြည့်ဖူးသေးဘူးဆိုတော့ ဇာတ်ပွဲအတွေ့အကြုံလေးရချင်တာနဲ့ တည်းခိုတဲ့အိမ်ကို ဒီပွဲလေးကြည့်ချင်တယ်ပြောပြတော့ အားလုံးအဆင်ပြေပြေပါပဲ. . . ရှေ့ဆုံးတန်းဖျာမှာ လက်မှတ်ရတယ်။

ဇာတ်ပွဲစတယ်ဆိုရင်ပဲ လူတွေက ရုံပြည့်လျှံလုနီးပါးဖြစ်နေပြီ၊ အခုခေတ် ဇာတ်ပွဲတွေရဲ့ ထုံးစံအတိုင်း အစပိုင်း စတိတ်ရှိုးနဲ့စတယ်။ အဆိုတော်တွေကလည်း နာမည်ကြီးတွေ တစ်ယောက်မှမပါဘူး၊ အားလုံးအဲဒီရွာပတ်ဝန်းကျင်ကလူတွေ။ ကိုယ့်ရွာဘုရားပွဲ ဇာတ်စတိတ်ရှိုးကိုကိုယ့်လူနဲ့ကိုယ် ကျင်းပတဲ့ပုံစံမျိုးလေးပေ့ါ။

အဲ. . ဒါပေမဲ့ သီချင်းဆိုချင်တဲ့ ကိုဖိုးဆိုချင်တို့အားလုံးကိုတော့ တစ်ယောက်သုံးရာဆိုလား မသိဘူး ကောက်တယ်တဲ့၊ ဒါပေမဲ့ တစ်ရွာလုံးနီးပါး ဆိုချင်နေကြလို့ နောက်ဆုံး အသံစစ်ဆေးမှု ပြုလုပ်ပြီး လူရွေးလက်ခံရတဲ့



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေထိ ရောက်သွားတယ်လို့ကြားရတယ်။ အသံစစ်ဆေးမှုမှာ အောင်တဲ့သူတွေကတော့ ပျော်တာပေါ့။

သူတို့ ဒီလို စတိတ်စင်ကြီးမှာတက်ပြီး ပရိသတ်အားလုံးရှေ့ ဆိုရမယ်ဆိုတော့ ဘာပြောကောင်းမလဲ. . . တစ်ရွာလုံး လျှောက်ကြွားလို့မပြီးတော့ဘူး. . .။ အင်း. . . ဒါပေမဲ့ မပါဝင်ရတဲ့ သူတွေအတွက်ကတော့။

"တောက်. . . ညက နည်းနည်းများသွားလို့ အသံအက်သွားတာပါကွာ၊ ဒိုင်က သူ့အမျိုးတွေ ရွေးချင်တာနဲ့ ငါ့ကိုထုတ်လိုက်တာ"

"ငါလည်း ဘာထူးလဲ အသံဝင်နေလို့ မှန်ချိုသောက်ပြီး ပြန်ဆိုပြမယ်ပြောတာ လက်မခံလို့ကွ. . ."

စသည်ဖြင့် မကျေမနပ်ဖြစ်နေကြတာပေါ့၊ တချို့ဆို ဒီပွဲမှာ ဆိုချင်လွန်းလို့ အင်္ကျီတွေဘာတွေ မြို့တက်ချုပ်ထားတာတောင်ရှိသတဲ့၊ အဲလိုလူမျိုးတွေကျတော့ ဒီပွဲလည်း မပါရရော ချုပ်ပြီးသား ကိုးရို့ကားရား အင်္ကျီတွေ ဘယ်မှာသွားဝတ်ရမှန်း မသိဘူးဖြစ်ကုန်ရော. . .။

အဲဒီအထဲမှာ အဆိုးဆုံးက ရွာတောင်ပိုင်းမှာနေတဲ့ ကုလား 'မွတ်တား'ပဲ၊ သူက ဒီစတိတ်ရှိုးမှာ ဂျော်နီရဲ့ 'မမ'သီချင်းကို အပီဟစ်မယ်ဆိုပြီး အားခဲထားတာ၊ သူ့ကိုလည်း အပေါင်းအသင်းတွေ အကုန်လုံးက အဆိုတော်ဂျော်နီနဲ့ နင်လားငါလား ခွဲမရဘူးလို့ မြှောက်ပေးထားတာလည်းရှိတော့ မှိုတဲ့ပိုက်ဆံလေးစုပြီး မြို့တက် အင်္ကျီချုပ်ထားလိုက်တာ၊ တကယ်တမ်း အသံလည်းစစ်ရော သွားတာပဲ၊ အဲဒီမှာတင် သူချုပ်ထားတဲ့အင်္ကျီကို လွမ်းလွမ်းဆွေးဆွေးကြည့်ပြီး တမှိုင်မှိုင်နဲ့ မစားနိုင်၊ မအိပ်နိုင် ဖြစ်သွားတော့တယ်။ နောက်ဆုံးတော့ လွမ်းဆွေးမှုက ဒေါသအဖြစ် ပြောင်းလဲသွားပြီး ကုလားမွတ်တားတစ်ယောက် လက်သီးလက်မောင်းတန်းပြီး ကြိမ်းဝါးပစ်လိုက်တယ်. . .။

"ဒီပွဲမှာ ငါ မရရအောင်ဆိုမယ်"

အဲဒီလို မိုးထိလျှံအောင် မွတ်တားရဲ့ ဒေါသအိုးပေါက်ကွဲသံ နောက်ပိုင်းမှာတော့. . .။



(၂)

ဝတ်တိတ်ရှိုးပွဲကြီးစတယ်ဆိုရင်ပဲ ပရိသတ်ရဲ့ လက်ခုပ်သြဘာသံ ကပွဲခင်းတစ်ခုလုံးညံသွားတယ်။ စစချင်း သီဆိုတဲ့သူက အဲဒီရွာက ကွမ်းတောင်ကိုင်ကောင်မလေးဆိုတော့ ဘာပြောကောင်းမလဲ. . . ကာလသားတွေ စင်အောက်မှာ ရှုပိုးကိုထိုးနေတာပဲ။ ဆိုတဲ့သီချင်းကလည်း ဇော်နီရဲ့ "ကိုကိုချစ်" သီချင်းဖြစ်နေတော့၊ အောက်က တဟေးဟေး၊ တဝါးဝါးနဲ့ ကွေးနေအောင် ကနေလိုက်တာ အခုခေတ် Live Show တွေ ခုန်ပေါက်အားပေးတာ ဘာဟုတ်သေးလဲ။

အဲဒီလိုနဲ့ ဆိုတဲ့လူတွေ တစ်ယောက်ပြီးတစ်ယောက် ပြောင်းသွားလိုက်တာ (၇)ယောက်မြောက်လောက်မှာ စင်ပေါ်ကို လူတစ်ယောက် ခပ်တည်တည်နဲ့တက်လာတယ်. . .၊ ပရိသတ်ရော အစီအစဉ် ကြေညာတဲ့လူပါ အဲဒီလူကြီးကိုကြည့်ပြီး အူကြောင်ကြောင်ဖြစ်သွားတယ်။ အဲဒီလူက ဒီအစီအစဉ်မှာ ပါတဲ့လူမဟုတ်တော့ အံ့သြပြီး ကြည့်နေကြတာပေါ့။ အဲဒီလူ



www.burmeseclassic.com

www.burmeseclassic.com



နာမည်က 'တင်သိန်း'တဲ့။ သူက ဒီစတိတ်ရှိုးမှာ လူစာရင်းပေးမထားပေမယ့် ဇာတ်အဖွဲ့ကြီးရှာရောက်ကတည်းက တီးဝိုင်းအဖွဲ့သားလူတွေနဲ့ သူက အပိုင်ပေါင်းထားတာ၊ အဖွဲ့ကလူတွေ လိုတာလုပ်ပေး၊ အရက်ကလေး၊ ထမင်းလေး ဝယ်ကျွေးလိုက်နဲ့ အပိုင်ကပ်ထားတာ၊ သူ့အကြံက ဒီစတိတ်ရှိုးကြီးမှာ အသံစစ်ပွဲမဝင်ရဘဲပါဖို့၊ တကယ်တမ်း အသံစစ်ရင်လည်း သူ့အသံနဲ့ဆိုရမှာ မဟုတ်ဘူးဆိုတာ ကြိုသိတယ်. . ၊ ဒါကြောင့် သူက အစကတည်းက တီးဝိုင်းအဖွဲ့သားတွေနဲ့ အပိုင်ပေါင်းပြီး အကြံထုတ်ထားပြီးသား။

သူတက်လာတော့ တီးဝိုင်းအဖွဲ့လည်း ကြောင်သွားတယ်။ ဒါပေမဲ့ သူတိုက်ထားတဲ့အရက်တွေ ထမင်းတွေသွားဖြနားဖြစားပြီး သားဖြစ်နေတော့ မပြောသာဘူး၊ တင်သိန်းကတော့ အေးဆေးပဲ. . ။ မိုက်ထားတဲ့နေရာဆီ ရင်ကော့ပြီး လှမ်းသွားလုက်တယ်. . ။

"ချစ်ခင်လေးစားရပါသော . . . (ခဏနား) . . . ပရိသတ်ကြီးများခင်ဗျာ. . "

အောက်ကပရိသတ် 'တင်သိန်း'ကို ကြောင်တောင်တောင်နဲ့ ကြည့်နေတယ်. . ။ ဒီကောင် ဘာလုပ်မလို့ပါလိမ့်ဆိုတဲ့ အတွေးနဲ့လည်း စိတ်ဝင်စားနေကြတယ်. . ။ တင်သိန်းက ပရိသတ်ငြိမ်နေတာ အဟုတ်မှတ်ပြီး အားတက်သွားတယ်. . ။ လျှမ်းလျှမ်းတောက်အောင်မြင်နေတဲ့ အဆိုတော်တစ်ယောက်ရဲ့ မျက်နှာပေးနဲ့ ပွဲခင်းတစ်ခုလုံးဝေ့ကြည့်ပြီး စကားဆက်တယ်။

"ကျွန်တော် သီချင်းတစ်ပုဒ်ဆိုမလို့ တက်လာတာပါ. . ။ အဟမ်း. . အင်း. . ကျွန်တော်ဆိုမယ့်. . သီချင်းကလည်း၊ ပရိသတ်ကြီး မျှော်လင့်တောင့်တနေတဲ့. . "

"ဟေ့ကောင်. . တင်သိန်း. . ငပေါ. . ဆင်း. . အခုဆင်း"

"ဟေ့ကောင်. . ဘာကြောင်တာလဲ. . အခုဆင်းကွာ. . "

ပရိသတ်က တင်သိန်းအကြံကို ရိပ်မိသွားတော့ ပွဲဆူကုန်ပြီ. . နောက်ဆုံး ပြောင်းဖူးရိုးတွေ အချဉ်ထုပ်တွေပါ ဇင်ပေါ်ရောက်လာပြီ. . ၊ ဒါပေမဲ့ တင်သိန်းက မဆင်းဘူး၊ ပေကပ်ပြီး မိုက်ကိုကိုင် ဆိုမယ်တကဲကဲ လုပ်နေလို့





နောက်ဆုံး တာဝန်ရှိတဲ့သူတွေ စင်ပေါ်တက်၊ တင်သိန်းကို မဆိုဖို့ ပြောယူရတော့တယ်. . ။ ဒါပေမဲ့ ဘယ်လိုပြောပြော တင်သိန်းက မဆင်းဘူး. . ။ သူ သီချင်းတစ်ပုဒ်ဆိုပြီးမှဆင်းမယ်ဆိုပြီး ပေခံနေတယ်။ သူ့အတွေးထဲမှာလည်း ဒီလောက်ထိရင်းပြီး စင်ပေါ်တက်လာပြီးမှတော့ ဆင်းချင်ပုံမပေါ်တော့ဘူး။ ဘယ်လိုပြောပြောရမယ့်ပုံ မပေါ်တော့တာနဲ့ နောက်ဆုံး တင်သိန်းနဲ့ တာဝန်ရှိသူတွေ ညှိရတော့တယ်။ အောက်မှာလည်း ပရိသတ်က ထိန်းမနိုင်သိမ်းမရအောင် အော်ဟစ်ဆူညံနေပြီ. . . ၊ အဲဒါကြောင့် တင်သိန်းတို့ တာဝန်ရှိသူတွေက စကား စတယ်. . ။

"တင်သိန်း အောက်က ပရိသတ် မင်းအပေါ် ဘယ်လိုအားပေးနေတယ်ဆိုတာကို မင်းလည်းအမြင်ပဲ၊ ငါတို့လည်း တာဝန်အရဆိုတော့ တစ်ရွာတည်းသားချင်းလည်း အားနာနာနဲ့ ပြောရတော့မှာပဲကွာ. . မင်းသိပ်ဆိုချင်တယ်ဆို တစ်ပုဒ်လုံးတော့မလုပ်နဲ့ကွာ. . ၊ တစ်ဝက်ပဲဆို အဲဒါဆို ငါတို့ ခွင့်ပြုမယ်"

တင်သိန်း ပထမတော့ လက်မခံဘူး၊ အတင်းခြေကန်ပေးငြင်းတယ်၊ ဒါပေမဲ့ စင်ပေါ် အုတ်ခဲကျိုးတွေပါတက်လာတဲ့ နောက်ဆုံးတော့ တင်သိန်း လက်ခံလိုက်ရတယ်. . ၊ ဒါနဲ့ တာဝန်ရှိသူတွေက တင်သိန်းသီချင်း တစ်ဝက်ပဲ ဆိုမှာပါဆိုပြီး ပရိသတ်ကိုတောင်းပန်တယ်. . ၊ ပရိသတ်ကလည်း တစ်ဝက်တောင် တင်သိန်းအသံမကြားချင်ဘူးဆိုပြီး ပိုဆိုးကုန်ရော. . ၊ တင်သိန်းလည်း တစ်ရွာတည်းသားချင်း ဒီလောက် ဖြစ်ရပ့်မလားဆိုပြီး. . ပရိသတ်ကို ဒေါသဖြစ်သွားတယ်. . ဒါပေမဲ့ မဆိုဘဲလည်း မဆင်းနိုင်တော့ဘူး၊ ဒီအတိုင်းဆင်းသွားရင် သူ့သိက္ခာ ပိုကျသွားမယ်လို့ ခံယူလိုက်ပုံရတယ်. . ။ သေသေကြေကြေ ဒီပွဲမှာဆိုရမှ ဆင်းမယ်ဆိုပြီး ဆုံးဖြတ်လိုက်တယ်။ အဲဒီလိုနဲ့ နောက်ဆုံး တာဝန်ရှိသူတွေရော. . ပရိသတ်ပါ တင်သိန်းနဲ့ အကျေအလည်ညှိကြရင်း၊ နောက်ဆုံးတော့ တင်သိန်းကို သီချင်းတစ်ပိုဒ်ပဲဆို. . ဆိုပြီး အခွင့်အရေးပေးလိုက်တော့တယ်။

သီချင်းတစ်ပိုဒ်. . ၊ တင်သိန်းအတွက်ကတော့ အခုချိန်မှာ တစ်ပိုဒ်



www.burmeseclassic.com

www.burmeseclassic.com



လည်း တစ်ပိုဒ်အလျောက်ပဲ အရေးကြီးနေချိန်ဖြစ်လို့ သိပ်ငြင်းမနေတော့ဘူး။ လက်ခံလိုက်တော့တယ်။ လက်ခံပြီးတာနဲ့ အော်ဂင်တီးတဲ့လူဆီသွားပြီး၊ သူဆိုချင်တဲ့သီချင်းကိုပြောပြတယ်။ အော်ဂင်ဆရာကလည်း သူဆိုပြီးပြီးရောဆိုပြီး သူတစ်လုံးတည်းအကောင်းဆုံး တီးပေးမယ်လို့ ပြောလိုက်တယ်. .။ ဒီလိုနဲ့ အင်ထရိုဝင်အပြီးမှာ တင်သိန်း စဆိုတယ်. .

"ပန်းတွေနဲ့ဝေ. ." (အသံတုန်ပြီး အရှည်ဆွဲတယ်)

ပြီးတာနဲ့ ပရိသတ်ကို ကြည့်လိုက်တယ်. .။ အော်ဂင်ဆရာကလည်း တင်သိန်းဆိုတာနဲ့အညီ မနည်းလိုက်တီးပေးရတယ်. .။ ဒီလိုနဲ့ တင်သိန်း ကစ်ယောက် ပန်းတွေနဲ့ဝေလိုက်တာ ငါးမိနစ်လောက်ကြာသွားတော့ ပရိသတ်ကလည်းမခံနိုင်တော့ဘူး။ ခုနလိုပဲ တင်သိန်းကို ဝိုင်းဆဲလိုက်ကြတာ မိုးကျိမ့်သွားတာပဲ။ တင်သိန်းက ခပ်တည်တည်ပဲ နောက်ဆုံးတစ်ခါ ပန်းတွေနဲ့ဝေအပြီးမှာ မိုက်ကိုအသာတင်ပြီး ပရိသတ်ကို ခပ်ထန်ထန်တစ်ချက် ကြည့်လိုက်တယ်. . ပြီးမှ. .

"ခင်ဗျားတို့ပဲ တစ်ပိုဒ်ပဲဆိုလို့ ပြောလို့ ကျုပ်လည်း ဒီတစ်ပိုဒ်တည်း ဆိုတာ . . ဘာဖြစ်လဲ . . တင့်သိန်းက တစ်ပိုဒ်ဆိုတစ်ပိုဒ်ပဲ. . နှစ်ပိုဒ် မဆိုဘူး. ."

ပြောပြီးတာနဲ့ စင်အောက်ကို ဖြည်းဖြည်းချင်း လှမ်းပြီး ဆင်းသွားတော့တယ်။

ပရိသတ်ကြီးကတော့. . တင်သိန်းကို ဆဲရခက် မဆဲရခက်။



(၃)

ဒီကိစ္စကို မကျေနပ်သူက 'မွတ်တား'၊ သူက သူ့အကြံ တင်သိန်း ဦးသွားလို့ မကျေမနပ်ဖြစ်နေချိန်မှာ တင်သိန်း စင်ပေါ်က ဆင်းသွားတာလည်းမြင်ရော. . ဝမ်းသာအားရ စင်ပေါ်ပြေးတက်ပစ်လိုက်တော့တယ် . .။ တင်သိန်းကို ဆဲနေရင်းတန်းလန်းက ရဲရဲတောက်နေတဲ့. . အပေါ် တုတ်အကျႌနဲ့ဘောင်းဘီဝမ်းဆက်ဝတ်ထားတဲ့ မွတ်တားကိုလည်းမြင်ရော ပရိသတ်အသံ မီးကို ရေနဲ့ငြိမ်းလိုက်သလို ရှဲခနဲဖြစ်သွားတယ် . .။ အသားက မီးသွေး အရှုံးပေးရအောင် မည်းပြောင်နေတဲ့ မွတ်တားက သူ့လည်ပင်းမှာ ဆွဲထားတဲ့ နို့ဆီခွက်ဖင်ဝိုင်းလောက် စတီးပြားကြီးကို တစ်ချက်ငုံ့နမ်း လိုက်ရင်း. .

"ကျွန်တော် သီဆိုမယ့် သီချင်းကတော့ 'မမ'သီချင်း ဖြစ်ပါတယ်. .။ ကဲ စလိုက်ကြရအောင်ဟေ့"

မွတ်တားက သူ့ကိုယ်သူ ဘာမပြောညာမပြောနဲ့ အဝင်းအောက် ဆိုဖို့လုပ်တော့ တီးဝိုင်းကော ပရိသတ်ပါ အံ့ဩသွားကြတယ်. .။ ပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



တင်သိန်းလိုကောင်မျိုးပဲဆိုတာ သိလိုက်တာနဲ့ မွတ်တားကို စင်ပေါ်က အတင်း မောင်းချတော့တယ်. . ။

ဒီတစ်ခါ. . တင်သိန်းတုန်းက အတွေ့အကြုံရှိပြီး ဖြစ်သွားတဲ့ ပရိသတ်က. . မွတ်တားအလှည့်မှာ တစ်ပုဒ်မပြောနဲ့ တစ်ပိုဒ်တောင် လက်မခံ တော့ဘူး. . ။

"ဟေ့ကောင်. . မျောက်ကြီး. . ဆင်း. . အခုဆင်း"

"စင်ပေါ်ကလူတွေ တက်ဖို့ထားတာကွ မျောက်တွေမပါဘူး"

မွတ်တား မိုက်ကိုကိုင်နေရင်း ပရိသတ်ကို စူးစူးရဲရဲ စိုက်ကြည့် လို. . တယ်။ သူ့ကို မျောက်ကြီးလို့ခေါ်လို့ တော်တော်ထိသွားပုံရတယ်။ မျောက်ကြီး ရှူးရှူးရှားရှားနဲ့. . ။

"ငါ တစ်ပိုဒ်ပဲဆိုမှာ. . လုပ်ပါကွာ"

"ဟေ့ကောင်. . မျောက်ကြီး. . မင်းက ကမ္ဘာမကျေတောင် ကီးမှန် အောင်မဆိုတတ်တာ. . သီချင်း ဘယ်လိုဆိုမှာလဲ. . ဆင်းကွာ"

မွတ်တားက ခပ်တည်တည်ပဲ. .

"ဆင်းဘူးကွာ"

"မဆင်း. . ချတယ်ကွာ"

ပြောင်းဖူးရိုး၊ ကောက်ညှင်းကျည်ထောက်၊ အချဉ်ထုပ်၊ မျိုးစုံအောင် စင်ပေါ်ရောက်လာတယ်. . ။ ခုန တင်သိန်းကိစ္စရှင်းပြီးလို့ ထိုင်ခုံမှာ ထိုင်မ လို့လုပ်နေတဲ့ တာဝန်ရှိသူတွေ စင်ပေါ်ပြန်တက်လာရတော့တယ်. . ။ မွတ်တား ကို ဆင်းခိုင်းတယ်. . မွတ်တားက တင်သိန်းတောင် တစ်ပိုဒ်ဆိုတာ သူ့ကို တစ်ပိုဒ်ပေးဆိုရမယ်ဖြစ်ရော. . ။ နောက်ဆုံး တာဝန်ရှိသူတွေလည်း ပွဲဒိုထက် ပိုဆူသွားမှာစိုးတာနဲ့ ငွေတိုအာဏာသုံးပြီး မွတ်တားကို ဆင်းရင်ဆင်း မဆင်းရင် အချုပ်ထဲထည့်ရလိမ့်မယ်လို့ ပြောရတော့တယ်။ အချုပ်ဆိုတာနဲ့ မွတ်တား တွန့်သွားပြီး မကျေမနပ်နဲ့ စင်ပေါ်က ဆင်းတော့မယ်အလုပ်မှာ. .

"ဟေး. . မျောက်ကြီး သနားတယ်ကွာ"

"မျောက်ကြီးရာ. . ကိုင်းကြီးကြီးမှာ သွားနေစမ်းပါ. . "

တော်ဝင်မြို့မ ထော်မြိုက်



စသည်ဖြင့် ပရိသတ်က သူ့ကို လှမ်းရီတော့ ဒေါသက ငယ်ထိပ် ရောက်သွားပြီး. . .

မွတ်တားရဲ့ ညစ်ပတ်စုတ်ပဲ့လှတဲ့ ဆဲသံက သူကိုင်ထားတဲ့ မိုက်က တစ်ဆင့် တစ်ကွင်းလုံး ဟိန်းထွက်သွားတော့တယ်. . ပထမတော့ မွတ်တား ဆဲလိုက်တာ တိုးတိုးလေးမို့ အဲလောက်ကျယ်သွားမယ်မထင်ဘူး။ သူ့အသံသူ ကြားပြီး ဆံပင်တွေပါ ထောင်သွားတော့တယ်. . နောက်မှ မိုက်ကိုင်ထားမှန်း သတိရသွားတာနဲ့. .

"ဟော. . ကန်တော့်. . ကန်တော့. . နော်. . ဟီး. . ဟီး"


မိုက်ကို စင်မှာ အတင်းပြေးထားပြီး တာဝန်ရှိသူတွေကို ရှိခိုးပြီး နည်းတောင်းပန်လိုက်ပါတယ်. . ။ ဒါပေမဲ့ ခုန သူဆဲလိုက်တဲ့သူက ကျေးရွာ ဥက္ကဋ္ဌရဲ့သားဖြစ်နေတော့ ဥက္ကဋ္ဌက သူ့သမီးကို မျောက်ကြီး ပက်ပက် စက်စက်ထိခိုက်ပစ်လိုက်တာလည်း သိလိုက်ရော မျောက်ကြီးခမျာ. . ။

www.burmeseclassic.com

www.burmeseclassic.com



# ယကြာကောင်းလို့ မျောက်လောင်းဖြစ်ရသည်





သူမကို . . ချစ်လိုက်ရတာ . . တစ်ပိုင်းကိုသေနေပြီ၊ အောက်ပိုင်း သေနေပြီဟု မဆိုလိုပါ . . ။ ချစ်လွန်းအားကြီးလွန်းလို့ ကိုယ်တစ်ပိုင်းတောင် သေသွားလောက်သည်ဟု တင်စား ...တ်ခြင်းဖြစ်သည်။

သူမကို စတွေ့တာ တက္ကသိုလ် ပထမနှစ်ကတည်းကဖြစ်သည်။ အခု ...ာက်ဆုံးနှစ်တောင် ရောက်နေပြီ။ သူမဆီက အဖြေကို မရသေး။

ချစ်တယ်ဆိုတဲ့ စကားကိုပြောရတာလည်း ရေတွက်လို့တောင် မရ ...ာ့ဘူးထင်သည်။ ကြိုးစားရတာလည်း ဖတ်ဖတ်ကိုမောနေပြီ။ သူမအတွက် ...လူ့ ဆရာတင်ရ၊ ဒီလူ့ဆရာတင်ရနှင့် လူလည်းကြာတော့ တပည့်ကြီး ...လုံးတောင်ဖြစ်နေပြီ။ ဗေဒင်တွေမေးပြီး ယကြာတွေချေရလွန်းလို့လည်း ...ကုန်တိုင်းက ဘုရားတွေဆို မရောက်ဖူးတဲ့ အဆူမရှိတော့ . . ။

ဗေဒင်ဆိုလည်း အကြားအမြင်၊ ရှေ့ဖြစ်နောက်ဖြစ်ကအစ ကွန်ပျူ...ဗေဒင်၊ ဖုန်းဗေဒင်တွေအဆုံး အကုန်လျှောက်မေးကြည့်၏။ နှလုံးသားရေး ...နဲ့ပတ်သက်ရင် ဟိုဆရာကောင်းတယ်ဆိုလည်း သွားလိုက်၊ ဒီဆရာကောင်း ...ယ်ဆိုလည်း ပြေးလိုက်နှင့်ကြာတော့ လုံးပါးပါးလာသည်။ ဒီလောက်ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



နေတာတောင် နှလုံးသားအရေးတော်ပုံက မအောင်သေး . . .။

အခုလည်း သယ်နိုးကျွန်းကဆရာမတစ်ယောက် ကောင်းသည်ဆို[illegible] နှလုံးသားအရေး လက်မနှေးရအောင် ရရာကားအမြန်စီး၍ ထွက်လာခဲ့လို[illegible] ပါတော့သည်။ ဟောခန်းရောက်တော့ သူ့ရှေ့မှာ လူခုနစ်ယောက်လောက်ရှိ[illegible] သူ့တိုကင်နံပါတ်က (၈)။ ဟောခန်းရှေ့ကခုံလေးမှာ ထိုင်ရင်းစောင့်ရ၏။

တစ်နာရီလောက်ကြာသည်ထင်သည်။ ထို့နောက် သူ့အလှည့်[illegible] ရောက်လာ၍ ဟောခန်းထဲသို့ ကန့်လန့်ကာလေး အသာမပြီး အထဲ[illegible] ခဲ့လိုက်၏။ တစ်ခန်းလုံး ပန်းနုရောင်ဆင်မြန်းထားသော ဟောခန်းလေး[illegible] ကြည်နူးစရာ၊ ကြမ်းပြင်မှာ ကောဇောအနီရောင်လေးခင်းထားပြီး စားပွဲ[illegible] တစ်လုံးချကာ ထားသည်။ စားပွဲနောက်မှာ မျက်မှန်အဝိုင်းလေးနှင့် အမျိုးသ[illegible] ငယ်တစ်ယောက် . . .။

"လာရင်းကိစ္စလေးနဲ့ နာမည်လေးပြောပါဦး . . ."

ပြောရမှာတော့ ရှက်သည်။ ယောကျ်ားတစ်ယောက်ဆို ပွင့်ပွ[illegible] လင်းလင်းပြောလို့ရသေး၏။ အခုတော့ အမျိုးသမီးတစ်ယောက်၊ ဗေဒင်ဆရာ[illegible] ဆိုကတည်းက အမျိုးသမီးမှန်းကြိုတင်သိထားသော်လည်း ဒီလောက် ငယ်ရွ[illegible] ချောမောမှန်းမသိ။ အခုတော့ ဒုက္ခရောက်ပြီ။ ဘယ်က စပြောရမှန်းမသိ[illegible] ပြီးတော့ သူ ဂေါ်မစွဲသည့်အကြောင်းတွေ ဗေဒင်ဆရာမလေးသိသွားမှ[illegible] ဘာကြောင့်မှန်းမသိ စိုးရိမ်ကာသွား၏။

"ပြောပါ . . . အားမနာပါနဲ့ . . ပွင့်ပွင့်လင်းလင်းပြောပါ . . ဘာ[illegible] ကိစ္စ ဖြစ်လာလို့လဲ . . . ."

သူမခေါင်းကိုကုတ်သည်။ နှာခေါင်းကိုပွတ်လိုက်သည်။

"နိုင်ငံခြားသွားဖို့ကိစ္စလား . . ၊ စီးပွားရေးလား . . . အဲ . . အိမ်ထောင်ရေး . . ."

"ကျွန်တော် လူပျိုပါ . . ."

ဗေဒင်ဆရာမလေးက တစ်ချက်ပြုံးယောင်သမ်းသွားကာ . .

"ကျွန်မကို ပွင့်ပွင့်လင်းလင်းပြောလို့ရပါတယ် . . ."





သူ သက်ပြင်းကိုချရင်း . . . .

"မိန်းကလေးတစ်ယောက်ရဲ့ ရင်ထဲမှာ အချစ်ဆိုတဲ့အရာက ဘယ်အချိန်တွေမှာ ဖြစ်ပေါ်သလဲဆိုတာ ကျွန်တော်သိချင်လို့ပါ"

"ရှင် . . ."

"ဟို . . ဒီလိုပါ . . . ကျွန်တော် . . . ဟို . . ဟိုဟာလေ"

"ပြောပါ . . . ရဲရဲသာပြောပါ . . ."

"ကျွန်တော် ကောင်မလေးတစ်ယောက်ကိုကြိုးစားနေတယ် . . . ဆရာမရယ် . . . အဲဒါ . . အခုချိန်ထိ . . ."

သူ စကားကိုရပ်ကာ ဆရာမလေးကို အကဲခတ်လိုက်၏။

စိတ်ဝင်တစားနှင့် တည်ငြိမ်စွာနားထောင်နေတာ တွေ့လိုက်ရ၍

"အခုချိန်ထိ ကျွန်တော် အဆင်မပြေသေးဘူးဗျာ . . ."

ဆရာမလေးက . . သဘောပေါက်ဟန်အမူအရာ ဖြစ်သွားကာ ရှေ့မှာချတဲ့စာအုပ်ကလေးကို ကောက်ကိုင်လိုက်ပြီး . . . .

"ရှင့်ကောင်မလေးနာမည်နဲ့ မွေးသက္ကရာဇ်သိလား . ."

ခေါင်းညိတ်ပြလိုက်ပြီး ပြောပြလိုက်၏။

ဆယ်မိနစ်လောက် ဟိုတွက်၊ ဒီတွက် လုပ်ပြီးမှ . . . .

"ရှင့်နာမည်နဲ့ မွေးသက္ကရာဇ်ပါပြော . . ."

သူပြောပြလိုက်တော့ ထပ်တွက်သည်။

အားလုံးပြီးသွားတော့မှ . . . .

"ဘာမှ မစိုးရိမ်နဲ့ . . ရှင့်ကောင်မလေးကို စနေဂြိုဟ် စီးနေတာ . ."

"ဗျာ . . ."

"ဪ . . . ဒီလိုပါ . . . အဆင်ပြေသွားမှာပါ . . . ကျွန်မ ခိုင်းတဲ့အတိုင်းသာ ရှင်လုပ် . . တစ်ပတ်အတွင်း အဆင်ပြေစေရမယ်"

"အားကိုးပါရစေ . . . ဆရာမရယ် . . ."

ဆရာမလေးက မာန်ဟုန်ဝင့်ဝင့် တစ်ချက်ပြုံးကာ . . . .

"အခု ကျွန်မရှင့်ကို အစီအမံတွေလုပ်ပေးလိုက်မယ် . . ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ပြောတဲ့အတိုင်းလုပ် . . . မုချအောင်မြင်ရမယ် . . .”

သူ ခေါင်းညိတ်ကာ ဆရာမလေးပြောပြတာတွေ သေချာမှတ်ပြီး ပြန်လာခဲ့လိုက်တော့၏။

အပြန်လမ်းမှာ သူ့စိတ်တွေပျော်ရွှင်နေတာတော့ သေချာပါသည်။

အခုလုပ်ရမည့်ကိစ္စက အရင်လုပ်ခဲ့ရတဲ့ ယတြာတွေလိုမဟုတ် . . . တော်တော်စွန့်စားရမည်ဖြစ်ပြီး အောင်မြင်သွားရင် ပွဲသိမ်းပြီဟုလည်းဆို၏။

အရင်ဆုံး ဗေဒင်ဆရာမလေးပေးလိုက်တဲ့ ဖဲကြိုးရောင်စုံလေးတွေကို သူမ လာရာလမ်းဘေးရှိ သစ်ပင်ဆယ်ပင်မှာ ချည်ထားရမည်။ ပြီးတော့ အဲဒီ ဧရိယာထဲ သူမရောက်တာနှင့် သူ စကားလိုက်ပြောရမည်ဖြစ်ပြီး သူမ စကား တစ်ခွန်းပြန်ပြောတာနှင့်ပေးလိုက်တဲ့အထုပ်ကလေးထဲက အဝါရောင် အဆီ လေးကို သူမ အသုံးအဆောင်တစ်ခုခုမှာ သူမ မသိအောင် သုတ်ပေးလိုက်ရ မည်။ ပြီးလျှင် ကိုယ်လိုသလို စကားလိုက်ပြော တစ်ပတ်ကြာလျှင် ကိုယ်လို ချင်တဲ့ အဖြေရပြီ။

ဇာတ်လမ်းက ဒါပဲ . . ရိုးရိုးလေး . . . ။

ဒါပေမဲ့ စွန့်စားရမည်။ သူမ မသိအောင် အဲဒီအဆီလေး သုတ်ဖို့ သူမ ကျောခိုင်းချိန် အမြန်ကြိုးစားရမည်။ သုတ်မည့်နေရာကိုလည်း တစ်ခါ တည်း ရွေးချယ်ထားလိုက်၏။ အကောင်းဆုံးက သူမကျောပိုးအိတ်မှာ သုတ်ပေး လိုက်တာ အန္တရာယ်အကင်းဆုံးပဲ . . . . ။

လူပ်ရှားရမည့်နေရာကိုတော့ အဓိပတိလမ်းကို ရွေးချယ်လိုက်၏။ လမ်းဘေးရှိ ရေတမာပင်တွေမှာ ဖဲကြိုးရောင်စုံလေးတွေ လိုက်ချည်ကာ ထားလိုက်သည်။ ဖဲကြိုးလေးတွေက သေးပြီးအမျှင်လေးတွေဖြစ်၍ ဘယ်သူမှ သတိမပြုမိ။

အဝါရောင်အထုပ်ကလေးကိုတော့ ဘောင်းဘီအိတ်ထဲထည့်လို့ မဖြစ်။ မတော်ပေါက်သွားလျှင် ဒုက္ခရောက်မည်။ အင်္ကျီအိတ်ထဲထည့် ရအောင် လည်း ဝတ်လာတာက တီရှပ်ဖြစ်နေ၍ ထည့်လို့မရ။

လက်က ကိုင်ထားရအောင်ကလည်း အဆင်မပြေ။ လက်ထဲမှာ





သပြေပန်းတစ်ခက်စီကိုင်ထားရဦးမည်။

ထို့ကြောင့် ဘောင်းဘီရှေ့ဘက် ခါးပတ်ခေါင်းနောက်မှာ ဘောင်းဘီနဲ့ ဒိုက်သားကြား အသာညှပ်ကာထားလိုက်၏။

ပြီးမှ တီရှပ်ကို အပေါ်ကချဝတ်ကာ သူမအလာကို ရင်တမမ စောင့်နေလိုက်ပါတော့သည်။

သူမ အဓိပတိလမ်းမအတိုင်း လျှောက်လာ၍ ဧရိယာထဲ ဝင်လာ တယ်ဆိုရင်ပဲ သူ လုပ်ငန်းစလိုက်ပါတော့သည်။

“သန္တာ . . . ”

နာမည်ခေါ်သံကြားတော့ တစ်ချက်လှည့်ကြည့်သည်။ သူ့မျက်နှာတို တွေ့တော့ မီးထိသွားတဲ့ အမွေးလို ချက်ချင်းတွန့်တက်သွားကာ တစ်ဖက်သို့ ချာခနဲလှည့်ကာသွားလေသည်။

ရပါတယ် . . . ကိစ္စမရှိ။ ဟိုအရည်လေးတို့ပြီးရင် တွေ့ကြသေးတာ ပေါ့။ အတွေးနှင့်သူမ နောက်မှလိုက်ခဲ့လိုက်သည်။

“သန္တာ . . . ငါ့မှာ ဘာအပြစ်တွေရှိနေလို့ နင် ဒီလောက် ငါ့ကို မုန်းနေရတာလဲဟာ . . . ဘာပဲဖြစ်ဖြစ် ငါတို့ဟာ တစ်လှေတည်းစီး တစ်ခရီး တည်းသွားတွေပါ . . . ”

သူမ စကားတစ်ခွန်းမှပြန်မပြောသော်လည်း သပြေပန်းနှစ်ခက် လက်မှာကိုင်ပြီး လိုက်လာတဲ့သူ့ကို အူကြောင်ကြောင်နဲ့ကြည့်၏။

စိတ်ထဲ ဒီကောင်ဘာတွေ ကြောင်လာပြန်ပြီလဲဟု တွေးနေပုံရသည်။

“လူတစ်ယောက်က လူတစ်ယောက်ကိုချစ်တယ်ဆိုတာ မင်္ဂလာ တစ်ပါးပါ . . သန္တာ . . . အဘိုးကလည်း အဘွားကိုချစ်ခဲ့သလို . . . အဖေက လည်း အမေ့ကို . . . . ”

“တော်တော့ . . . . ”

စူးခနဲထွက်လာသော သူမအသံသည် ရင်ထဲမှာ ချိုမြိန်ကာသွား၏။

ဒါ ပထမဆုံး သူမရဲ့တုံ့ပြန်စကား . . . . ပထမစကား စပြောတာနဲ့ လူပ်ရှားရမှာကိုး . . . . . ။



www.burmeseclassic.com

www.burmeseclassic.com



သူမ တစ်ဖက်လှည့်သွားချိန် တီရှပ်ကိုအသာမပြီး အထုပ်ကလေးကို ဆွဲထုတ်လိုက်သည်။

"ဟင် . . ."

ရင်ထဲမှာ တစ်ချက်လှုပ်ခတ်သွား၏။ စိတ်ထဲလောနေ၍ သေချာ မယူလိုက်သော ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မိသည်။

အထုပ်ကဆီနဲ့ချောနေ၍ လက်နဲ့ယူလိုက်စဉ် လွတ်ပြီး ဘောင်းဘီ ရှေ့ဘက်ထဲ ပြုတ်ကျသွားလေသည်။ ဒုက္ခရောက်ပြီ။ အထုပ်ကလေး ဘယ်နေရာ ရောက်သွားသလဲဆိုတာတော့ အတွေ့အထိနဲ့ခန့်မှန်းလို့ရ၏။

သို့သော် ဆီနဲ့ချောနေ၍ ခွကြားထဲပြေးကာနေလေသည်။ ကြာရင် ပိုဆိုးကုန်မည်စိုး၍ ဘောင်းဘီကို အသာဟကာ လက်နဲ့နှိုက်ရပါတော့သည်။

"ဟယ် . . ."

"ဟာ . . ."

ကောင်မလေးက အသံတိတ်သွားသော သူ့ကို မသင်္ကာ၍ လှည့်ကြည့်ချိန် ထိုအဖြစ်အပျက်နှင့် ပက်ပင်းကြီးသွားတိုး၏။

သူလည်း ဘာလုပ်ရမှန်းမသိ။ ဘောင်းဘီရှေ့ဘက် လက်နှိုက်ရင်း တန်းလန်း ကြောင်တောင်တောင်ကြီး ရပ်သွားသည်။

သူမ မျက်နှာရဲတက်လာကာ တစ်ဖက်သို့ ချာခနဲလှည့်ပြီး ရှေ့က အမြန်လျှောက်ပါတော့သည်။

အထုပ်ကိုမိပြီ . . . သူမလည်းပဲ ကြိုးချည်ထားတဲ့ ဇရိယာအပြင် ဘက်ရောက်တော့မည်ဖြစ်၍ အမြန်ဆွဲထုတ်လိုက်၏။

သို့သော် အထုပ်ကလေးက ကောင်းကောင်းပါမလာ။

ဘောင်းဘီထဲ လက်နှိုက်လိုက်တဲ့ လှုပ်ရှားမှုကြောင့် လက်မဝင် လောက် . . . ဟသွားသော ဘောင်းဘီဇစ်ကြားညပ်ကာ ကျန်ခဲ့၏။

ကံကြမ္မာက မျက်နှာသာမပေးသေး။

အခုမှ အကြီးအကျယ်တွေဖြစ်ကုန်ပြီ။ ဇောချွေးတွေလည်း မြင်မကောင်းတော့။

တော်ဝင်မြို့မ စာအုပ်တိုက်



ဘာမှ တွေးမနေတော့ဘဲ ဇစ်ကိုအဆုံးထိ အမြန်ဆုံးဆွဲချလိုက်ကာ အသာဖြုတ်ယူလိုက်၏။

သို့သော် တော်တော်နဲ့မရ။ ဇစ်လမ်းကြောင်း အဆုံးညပ်နေသော အိတ်အစွန်းလေးက ခိုင်တွယ်နေဆဲ။ အံကြိတ်ကာ ခပ်ပြင်းပြင်းလေး နှိုက်ဆွဲလိုက်စဉ် . . . .

"နင် . . . နင် . . မိုက်ရိုင်းလှချည်လား . . ."

"ဟင် . . . ဟာ . . မဟုတ် . . . မဟုတ်ဘူး . . ထုတ် . . ထုတ်နေတာ . . ."

"ဘာ . . . ."

"ဟာ . . မှားကုန်ပြီ . . . ညပ်နေလို့ပါဟာ . . . ခဏလေး"

"နှမချင်း မစာမနာ နင် သိပ်မိုက်ရိုင်းတဲ့ကောင် . . ကဲဟယ်"

သူမလက် ရုတ်တရက်မြောက်တက်သွားသည်။

"ဖြန်း . . . ."

အဓိပတိလမ်းမကြီးသည် ခါတိုင်းလိုပင် လှပနေဆဲဖြစ်သည်။ လေပြည်ဖွေ့ဖွေ့မှာ သစ်ရွက်ကြွေတို့ ခုန်ထနေဆဲ။

သို့သော် ဘောင်းဘီဇစ်ကိုကိုင်၍ ငူငူကြီးမတ်တတ်ရပ်နေသော လူတစ်ယောက်ကိုတော့ အဓိပတိလမ်းက လျှောင်ရယ်နေဆဲ . . . .။

နောက်တစ်ပတ်လောက်အကြာမှာ ဗေဒင်ဆရာမလေးနောက်သို့ အူကြောင်ကြောင်ငနဲတစ်ကောင် အတင်းလိုက်နေတာ တွေ့ရသည်။ ဗေဒင်ဆရာမလေးခမျာ တော်တော်စိတ်ညစ်နေရ၏။ အဘယ့်ကြောင့်ဆိုသော် ထိုငတိက ဗေဒင်ဆရာမလေးကို အဝါရောင်အရည်တွေနှင့် လိုက်သုတ်နေသောကြောင့်ဖြစ်လေသည်။ လက်ထဲမှာလည်း နတ်ကတော်မဟုတ်ဘဲ သပြေပန်းနှစ်ခက်နှင့် . . . .။

www.burmeseclassic.com

www.burmeseclassic.com



# ဦးဖိုးတင်နှင့်ဂြိုဟ်တုစလောင်း





ရွှေကောင်းသည် မပုကို ကြိုက်နေတာ အတော်လေးကြာပေပြီ။ သူက တစ်နေ့တစ်နေ့ ရေစည်လှည်းတွန်းနေရ၍ အခုချိန်ထိ ထိထိရောက်ရောက် မကြိုးစားရသေး . . .။ ဒီလိုနဲ့ မပုတို့ ဆိုင်ရှေ့ဖြတ်လျှောက်ရင်း တစ်ချက်လှမ်းကြည့်လိုက်သေး၏။

ဆိုင်မှာ လူရှုပ်နေသည့်ကြားက မပုကလည်း ရွှေကောင်းကို တစ်ချက် လှမ်းကြည့်လိုက်သည်။ အမှန်တော့ ရေစည်လှည်းသံကြားရ၍ လှမ်းကြည့် လိုက်ခြင်းပင် . . .။

အဒေါ်က အိမ်မှာရေကုန်တော့မည်ဟု မနက်က ပြောထားတာ သတိရသွား၍ . . . .

"ဟဲ့ . . ရွှေကောင်း . . . ညနေအိမ်ကို တစ်စည်ပို့လိုက်ဦး . . မနေ့ကလည်း မလာဘူး . . ."

"အေးပါဟာ . . ငါ ပို့လိုက်ပါ့မယ် . . . စိတ်ချ . . . စိတ်ချ"

ဟု ပြောပြီး ရွှေကောင်းထွက်ခဲ့သည်။ ပြီးနောက် ဘုန်းကြီးကျောင်း အနောက်ဘက်ရှိ ရေစက်သို့တွန်းလာ၍ ရေစည်ကိုရေဖြည့်၏။ ရေဖြည့်ပြီး သွားတော့ မှာထားတဲ့ အိမ်တွေကိုစဉ်းစားကာ ရွှေကောင်း ထွက်ခဲ့လိုက်



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

ရွာတောင်ပိုင်းက ကိုအေးချိအိမ်၊ မြောက်ပိုင်းက ဆေးဆရာဦးဘတုတ်၊ ပြီးတော့ မပု . . . .

မပုအိမ်ကို အရင်ဆုံးပို့မည်ဟု ဆုံးဖြတ်လိုက်ကာ ရေစည်လှည်းကို မပုတို့အိမ်ဘက်သို့ ချိုးကွေ့လိုက်ပါတော့သည်။

BURMESE CLASSIC .com



တကယ်တော့ မပုဆိုတာ ငါတို့မျက်စိရှေ့မှာ ကြီးလာတာပါ ကွာ . . . အခုမှ . . . "

ထွန်းရွှေက ပြောရင်း ပဲကြီးလှော်ကိုလှမ်းနှိုက်ပြီး ပါးစပ်ထဲပစ်ထည့်လိုက်၏။ ပြီးနောက် ရွှေကောင်းကိုကြည့်ကာ . . . .

"ချလေကွာ . . . "

ဟု ပြောပြီး ထန်းရည်အိုးကို ထိုးပေးလိုက်သည်။ ရွှေကောင်းက ထန်းရည်အိုးကိုကြည့်ပြီး ချီတုံချတုံဖြစ်နေ၍ . . . .

"ဟေ့ကောင် . . . ဘာဖြစ်နေတာလဲ . . ငူငူငိုင်ငိုင်နဲ့ . . လာစမ်းပါ . . . ညစ်နေတာတွေ လစ်သွားအောင် တစ်ခွက်လောက်ကစ်လိုက် . . . . "

"မလုပ်ချင်ပါဘူးဗျာ . . . သူ မကြိုက်မှာစိုးတယ် . . "

"ဘယ်သူလဲ . . . "

"မပု . . . "

ထွန်းရွှေ ရုတ်တရက်ကြောင်သွားသည်။ ပြီးမှ တဟားဟား . . ထရယ်ကာ . . . .

"ဟား . . . ဟား . . ဟား . . မုန့်ဆီကြော်က ဘယ်နေမှန်း မသိဘူး



www.burmeseclassic.com

www.burmeseclassic.com



. . . နှုတ်ခမ်းနာနဲ့တည့်ပါ့မလားဖြစ်နေပြီ . . . နေစမ်းပါဦး . . မပုနဲ့ . . . မင်းနဲ့က ရည်းစားလား . . . ."

"အဲ . . အဲဒီလိုတော့ မဟုတ်သေးဘူးပေါ့ဗျ . . ဒါပေမဲ့ သူသိသွားရင် မကောင်းဘူးပေါ့ . . ."

ထွန်းရွှေက ခေါင်းကိုကုတ်လိုက်သည်။

"မဟုတ်သေးပါဘူးကွာ . . ဒီထန်းရည်လေးသောက်တာနဲ့ မင်းကိစ္စက ဘာမှမဖြစ်လောက်ပါဘူး . . မင်း အရင်ကလည်း ချနေတာ သူသိတာပဲ . . ."

"အရင်က သိပေမယ့် အခုမသိတာ ပိုကောင်းတယ်ဗျ . . . ဟိုနေ့က ကျွန်တော် ရေစည်သွားပို့တော့ သူ့ဦးလေးထန်းရည်သောက်ပြီး ပြန်လာရင် အရမ်းစိတ်ညစ်တာပဲလို့ သူကပြောတယ် . . ."

"ဟုတ်လား . . ."

ထွန်းရွှေက စကားထောက်ပေးလိုက်တော့ . . . .

"ဟုတ်တယ် . . . ပြီးတော့ ထန်းရည်နံ့ကို သူ မခံနိုင်ဘူးတဲ့"

"အဲဒါနဲ့ မင်းနဲ့ဘာဆိုင်လဲ . . ."

"ဆိုင်တာပေါ့ဗျ . . . ပြီးတော့ ကျွန်တော့်ကို နင်ရော သောက်နေတုန်းပဲလားလို့ ပြောတယ် . . . ကျွန်တော်က ငါမသောက်တော့ဘူးလို့ ပြောလိုက်တယ် . . ."

"မလွယ်ပါလား ရွှေကောင်းရယ် . . မင်းဘဝကလည်း . ."

ထွန်းရွှေက ညည်းညူကာ ရွှေကောင်းရှေ့က ထန်းရည်အိုးကို ပြန်ဆွဲယူလိုက်တော့သည်။ ရွှေကောင်းခမျာ ထန်းရည်အိုးလေးကို လွမ်းတသသကြည့်ကာ လျှာကိုသပ်၏။

"မပုက ငါတို့လက်ပေါ်မှာ ကြီးလာတာကွ . . ."

ရွှေကောင်းက ထန်းရည်အိုးကိုငေးနေ၍ သိပ်မကြားလိုက်. .

"ဟာ. . မပုက. . ခင်ဗျားလက်ပေါ် ဘာတက်လုပ်တာလဲ. ."

ထွန်းရွှေ ကြောင်တောင်တောင်ဖြစ်သွားရာမှ. .





"ငါလည်းမသိဘူး သူတက်ချင်တယ်ဆိုတာနဲ့. . ဟာ. . စကားတွေတောင် ဘယ်ရောက်ကုန်မှန်းမသိတော့ပါဘူးကွာ. . ဒီကောင်နဲ့တော့. . ငါတို့လက်ပေါ်မှာကြီးလာတာကို ပြောတာကွာ. ."

ရွှေကောင်းက 'ညော်'ဟုပြောကာ ပဲကြီးလှော်ကို လှမ်းနှိုက်လိုက်လေသည်။ ထွန်းရွှေက သက်ပြင်းကိုချသည်။

"တကယ်တော့ ကောင်မလေးက သနားစရာပါကွာ. . သူ့ခမျာ အဖေအမေမရှိတော့တဲ့နောက် ဦးလေးနဲ့ပဲနေရရှာတယ်"

ရွှေကောင်းက ပဲကြီးလှော်ကို ကြေညက်အောင်ဝါးလိုက်ပြီးမှ. . .

"သူ့ဦးလေးနဲ့အဒေါ်ကလည်း မပုကိုချစ်ရှာသားပဲ. . သားသမီးလေးလိုပဲ. . သူတို့မှာလည်း သားသမီးမရှိတော့ ဒီတူမလေးကိုပဲ သမီးအရင်းလို ချစ်နေတာ မဟုတ်လား"

"ဟုတ်ပါတယ်. . ကောင်မလေး ကံကောင်းရှာပါတယ်"

"ဟင် ခုနပြောတော့ သနားစရာဆို. . ခင်ဗျားက အမျိုးမျိုးပဲ"

ထွန်းရွှေက ရွှေကောင်းကို ခပ်နှိမ်နှိမ်တစ်ချက်ကြည့်လိုက်ကာ. .

"ကံကောင်းတာနဲ့ သနားဖို့ကောင်းတာနဲ့မတူဘူးကွ. . တချို့တွေက ကံမကောင်းကြပေမယ့် သနားဖို့မကောင်းဘူး၊ တချို့ကျတော့ ကံကောင်းတယ်၊ ဒါပေမဲ့ သနားဖို့မကောင်းဘူး၊ အဲ. . မပုကျတော့ သနားဖို့လည်းကောင်းတယ်၊ ကံလည်းကောင်းတယ်"

ရွှေကောင်း သူ့ခေါင်းသူ ပွတ်လိုက်ကာ. .

"ခင်ဗျားစကားတွေက ဘာတွေမှန်းမသိဘူးဗျာ ရှုပ်နေတာပဲ ခေါင်းတွေတောင်မူးလာပြီ. . ပေးဗျာ ထန်းရည်အိုး"

"ဟင်. . မင်းပဲမသောက်ဘူးဆို"

"မထူးပါဘူး ခင်ဗျားပြောတာနားထောင်ပြီး ခေါင်းမူးရမယ့်အတူတူတော့. . ထန်းရည်သောက်မူးတာ ပိုကောင်းလိမ့်မယ်"

"ရည်ရွယ်ချက်ကြီးမားလှချည်လား ရွှေကောင်းရယ်"

ဟု ထွန်းရွှေ ညည်းလိုက်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးဖိုးတင်သည် ကာရာအိုကေ သိပ်ကြိုက်သည်။ ထို့ကြောင့် အိမ်မှာ အပေါ်စက်ရောအောက်စက်ပါ ဝယ်ထား၏။ အခုတော့ မရှိတော့. . ။ မနှစ်က သူတို့ယာခင်းလေး ပိုးကျ၍ အပေါ်စက်ရောအောက်စက်ပါ ရောင်းလိုက်ရလေသည်။ အမှန်တော့ ဦးဖိုးတင်ခမျာ မရောင်းချင်ဘဲ ရောင်းလိုက်ရခြင်းဖြစ်သည်။ ဒါလေးမှ မရောင်းလိုက်ရရင် အိမ်က နွားတစ်ရှဉ်း ထုတ်ရောင်းရမည့်ကိန်း ဆိုက်သွားတာကြောင့်ဖြစ်၏။ နွားနှစ်ကောင်တော့ ရောင်းလို့မဖြစ်. . ။ တောသူတောင်သားတွေအတွက် နွားသည် မရှိမဖြစ်ပစ္စည်း။ ကားမရှိလို့ ပြဿနာမရှိ နွားမရှိရင် ထမင်းငတ်သွားမည်။

ဦးဖိုးတင်တို့ မျိုးရိုးကလည်း လယ်သမား၊ ယာသမားမျိုးရိုး။

"ကိုဖိုးတင် ရှင့်မှာလည်း တစ်နေ့တစ်နေ့ အိမ်ရှေ့ကွပ်ပျစ်ထိုင်ပြီး ရေနွေးကြမ်းသောက်နေတာနဲ့ပဲ ပြီးနေတာပဲ. . ဒီနှစ် ပဲလေးပေါ်ရင် ဈေးကောင်းရအောင် ကြိုးစားစမ်းပါဦး"

အိမ်ထဲမှ ပြောရင်းထွက်လာသော သူ့မိန်းမကို ဦးဖိုးတင်လှည့်ကြည့်လိုက်သည်။ ပြီးနောက် စိတ်ပျက်သွားသော အမူအရာနှင့် စုတ်တစ်ချက်သပ်လိုက်ကာ. .





"မပူစမ်းပါနဲ့ လှစိန်ရယ် ငါ့ခေါင်းထဲမှာ ရှိပြီးသားပါ။ အရင်နှစ်က ပိုးကျပေမယ့် ဒီနှစ်မကျတော့ပါဘူး. . ငါတို့ပဲတွေ ဈေးကောင်းမှာပါ. ."

"သေချာလို့လား. . ကိုရင်မောင်တို့အခင်းတော့ တစ်ဝက်လောက်ကုန်သွားပြီကြားတယ်"

"ဒါက သူ အသုံးမကျလို့ပါ"

"ရှင်ကရော ဘာထူးလဲ. . အားရင် ကာရာအိုကေပဲ သွားသွားဆိုနေတာ. . ယာထဲတစ်ခေါက်ရောက်လို့လား"

"အေးပါကွာ. . မင်းကလည်း ငါ ဒီနေ့တစ်ခေါက်ပဲ သွားဆိုရပါသေးတယ်"

ဒေါ်လှစိန်က ပြောင်းဖူးဖက်ဆေးလိပ်ကြီးကိုဖွာပြီး မဲ့ကာရွဲ့ကာနှင့် တစ်ဖက်မျက်နှာလွှဲလိုက်ပြီး. .

"တော်စမ်းပါ. . မပြောချင်ဘူး. ."

"မပြောချင်လည်း မပြောနဲ့ကွာ"

ဒေါ်လှစိန် ဆောင့်ကာအောင့်ကာနှင့် အထဲပြန်ဝင်သွားသည်။ အဲဒီတော့မှ ဦးဖိုးတင် သက်ပြင်းကိုချကာ ရေနွေးကြမ်းခွက်ကို ကောက်ကိုင်လိုက်တော့၏။

"မလှစိန်. . မလှစိန်. . အခုတော့ ငါ့ကို ပြောပြီပေါ့"

စိတ်ထဲမှာညည်းရင်း ခေါင်းကို ခါလိုက်သည်။ အရင်ကတော့ သူ့အသံကို တွံတေးသိန်းတန်နှင့် ခွဲမရဘူးဆိုသည့် မလှစိန်. . ။ အခုတော့ ဒီအသံလေးကိုတောင် မကြားချင်တော့ဘူးဆိုပဲ. . ။

မိန်းမတွေများ မရှိမကောင်း ရှိမကောင်းပါလားဟု ဦးဖိုးတင် တွေးနေမိ၏။

"တစ်ယောက်တည်း ပွစိပွစိနဲ့ ဘာတွေပြောနေတာလဲဗျ. . ဒီမှာ လှမ်းခေါ်နေတာ မကြားဘူးလား"

အသံကြား၍ အတွေးပြတ်ကာ လှည့်ကြည့်လိုက်တော့ကို အောင်စိုးကို တွေ့ရ၏။ ပြုံးပြုံးပြုံးပြုံးနဲ့ ခြံထဲလှမ်းဝင်လာကာ သူ့ဘေးနားဝင်ထိုင်ပြီး. .



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ဘာလုပ်နေတာလဲ"

"ဘာရယ်မဟုတ်ပါဘူးဗျာ ထိုင်နေတာပါ.. ရေနွေးသောက်ဦး၊ ဒါနဲ့ ဘယ်ကလှည့်လာတာလဲ"

"ခင်ဗျားဆီလာတာပဲဗျ"

"ဆိုစမ်းပါဦး"

"ခင်ဗျား ရွာတောင်ပိုင်းက တရုတ်လူမြင့်ကို သိတယ်မဟုတ်လား"

"ဟာ မသိဘဲနေမလားဗျ တစ်ရွာတည်းသားတွေပဲ.. ဝက်မွေးတဲ့ လူမြင့် မဟုတ်လား"

"ဟုတ်တယ်.. ဟုတ်တယ်.. အဲဒီလူမြင့်"

"ဘာဖြစ်လို့လဲ"

ကိုအောင်စီက ရေနွေးကြမ်းတစ်ခွက်ငှဲ့ကာ မှုတ်လိုက်ပြီးမှ..

"ဘာဖြစ်ရမလဲ.. တရုတ်လူမြင့်က ဒီနေ့ စလောင်းဝယ်လာလို့လေ.."

ဦးဖိုးတင်က ဘာများလဲလို့ဗျာဆိုတဲ့ မျက်နှာပေးနဲ့ တစ်ဖက် လှည့်လိုက်ကာ..

"ဒါလေးများဗျာ အထူးအဆန်းလုပ်လို့.. ကျုပ်အိမ်မှာတောင် စလောင်းတွေအများကြီး.. ဟိုနေ့ကတောင် ငါးခြောက်လှန်းဖို့ ထပ်ဝယ်လာသေးတယ်"

ကိုအောင်စီက ဦးဖိုးတင်ကို အ,တတ်ရန်ကောဆိုတဲ့ အဓိပ္ပာယ်နဲ့ ကြည့်ပြီး..

"ကျုပ်ပြောတာ အဲဒီစလောင်းမဟုတ်ဘူးဗျ..၊ ဂြိုဟ်တု ဂြိုဟ်တု စလောင်း"

ဦးဖိုးတင် မျက်လုံးပြူးထွက်သွား၏။

"ဘာ.. တရုတ်လူမြင့်က ဂြိုဟ်တုဝယ်လာတယ်.. ဟုတ်လား.. သူက ကားမဝယ်ဘဲ ဘာလို့ ဂြိုဟ်တုဝယ်စီးတာလဲ"

ကိုအောင်စီက သူ့ပေါင်သူ ဖြန်းခနဲ ရိုက်လိုက်၍..





"ဘယ်ကလာ ဂြိုဟ်တုဟုတ်ရမှာလဲ..၊ ဂြိုဟ်တုစလောင်းဗျ.. ဂြိုဟ်တုစလောင်း"

ဦးဖိုးတင် မျက်မှောင်ကြုတ်ကာ စဉ်းစားသွား၏။ ခဏကြာတော့မှ သဘောပေါက်သွားကာ..

"ဪ.. သိပြီ.. သိပြီ.. တီဗီနဲ့ကြည့်လို့ရတဲ့ စလောင်း"

"ဟုတ်တယ်.. ဟုတ်တယ်.. အဲဒီစလောင်း.. တရုတ်လူမြင့် ဝယ်လာတာ"

"အဲဒါ ကျုပ်က ဘာလုပ်ရမှာလဲဗျ"

"ဟဲ.. ဟဲ.. ခင်ဗျားမသိသေးလို့ပါ၊ အဲဒီစလောင်းမှာ ကျုပ်တို့ အကြိုက်လေးတွေပါတယ်ဗျ"

ဦးဖိုးတင်က ခပ်တွေတွေဖြစ်နေတာ တွေ့လိုက်၍ ကိုအောင်စီ ဟိုကြည့်ဒီကြည့်လုပ်ကာ အနားကပ်ပြီး..

"ဟိုနေ့က ကျုပ်သွားကြည့်ပြီးပြီ.. ဖက်ရှင်တီဗီဆိုလား အဲဒါ သိပ်မိုက်တာပဲဗျာ.. ဟဲ.. ဟဲ.. ခင်ဗျားဆို သိပ်ကြိုက်မှာ"

"ဖက်ရှင် တီဗီ ဟုတ်လား.."

ဦးဖိုးတင် မျက်လုံးက အရောင်တစ်ချက် လက်ကာသွား၏။

"ဟုတ်တယ်.. သူတို့နိုင်ငံက မော်ဒယ်တွေ လှမှလှဗျာ မလှစိန်ကြီးနဲ့တော့ တခြားစီပဲ"

သူ့မိန်းမနာမည်ပါလာ၍ ဦးဖိုးတင်က နောက်ဘက်ကို မလုံမလဲ လှမ်းကြည့်လိုက်သည်။

"တိုးတိုးပြောဗျ ကြားသွားဦးမယ်"

အဲဒီတော့မှ ကိုအောင်စီက အသံကိုနှိမ့်ကာ..

"ခင်ဗျား ကြည့်ချင်လား"

ဦးဖိုးတင် နည်းနည်းတော့ တွေဝေသွားသည်။ ဖက်ရှင်တီဗီဆိုတာ ဘာတွေလာမှန်းမသိသော်လည်း ဖက်ရှင်ဆိုတဲ့ အဓိပ္ပာယ်ကိုတော့ သူသိသင့်သလောက်သိ၏။ ဘာပဲဖြစ်ဖြစ် ခေတ်နဲ့အမီ သွားနေကြတဲ့ ခေတ်ကြီးမှာ



www.burmeseclassic.com

www.burmeseclassic.com



ဂြိုဟ်တုစလောင်းလေးမှ မမြင်ဖူးရင် ခေတ်နောက်ကျသွားမည်ဟု တွေးမိသည်။ သို့သော် ခုနလေးတင်မှ မလှစိန်က ကြိမ်းသွား၍ နည်းနည်းလန့်နေမိ၏။ ကိုအောင်စိုးကလည်း ဒါကိုတွေးမိ၍. .

"ဘာလဲ မလှစိန်ကို လန့်နေလို့လား. . ဒါဆိုလည်း အကြောင်းတစ်ခုခုပြပြီး လိမ်လိုက်ပေါ့ဗျာ အလွယ်လေးပါ"

ဟု ပြောပြီး မြှူလိုက်၏။ ဦးဖိုးတင် ရှင်တွေက ဒိန်းဒိန်းခုန်ကာနေသည်။ မလှစိန်နှင့် ဂြိုဟ်တုစလောင်းသည် သူ့ရင်ထဲမှာ ပင်လယ်ကွေ့စစ်ပွဲလို မငြိမ်မသက်ဖြစ်နေ၏။ နောက်ဆုံးတော့ ခေတ်ကြီးနဲ့အမီ လိုက်မှဟု တွေးလိုက်ကာ. .

"ဘယ်အချိန် ကြည့်လို့ရမလဲ"

"ဒီည လာခဲ့လို့ လှမြင့်ကပြောတယ်. . ကျုပ်တို့လူကြီးတွေ အတွက် သူက သပ်သပ်ပြမှာတဲ့"

ဒါတော့မဆိုး၊ လူတွေအများကြီးနဲ့ကြည့်ရတာထက်စာရင် ကိုယ်လို လူကြီးတွေချည်းဆိုတော့ သတင်းပေါက်ကြားစရာအကြောင်းမရှိ၊ အားလုံးက အိမ်ကြောက်ရသူတွေဖြစ်၍ သတင်းလုံခြုံနိုင်၏။ ဒါကို ဦးဖိုးတင်ကတွက်ပြီး. .

"လာခဲ့မယ်ဗျာ. . ဘယ်နှနာရီလောက်လဲ"

ဟု မေးလိုက်၏။ ကိုအောင်စိုးက. .

"ညခုနစ်နာရီလောက် ချိန်းထားတယ်ဗျ. . ခင်ဗျား ဆက်ဆက်လာခဲ့နော် ဒါဆို ကျုပ်သွားတော့မယ်၊ ဆေးဆရာဦးဘတုတ်ဆီ သွားပြောရဦးမယ်ဗျ"

ဟုဆိုကာ ထွက်သွားပါတော့သည်။ ဦးဖိုးတင်ခေါင်းထဲမှာ မကြည့်ဖူးတဲ့ ဖက်ရှင်တီဗီလေးကို တွေးရင်း ကျန်ခဲ့လေတော့၏။

"အင်း. . ညနေကျရင်တော့ မလှစိန်ကို ဆရာတော်ဆီသွား ဦးမယ်လို့ ပြောရတော့မှာပဲ"

ဟု. . တွေးထားလိုက်တော့သည်။



အင်္ကျီက အင်္ကျီလို့တောင် မထင်ရ။ ရှင်မီးအင်္ကျီသာသာလောက်ကို ရင်ဘတ်က ဟိုက်လားမသေးသည်။ ပြီးတော့ အောက်ပိုင်းကိစ္စ. .။

ဒါတော့ မြန်မာ့ယဉ်ကျေးမှုနှင့် မသင့်တော်ဘူးဟု တွေးမိ၏။ တစ်ဆောင်လောက်ရှိသည့် အဝတ်စလေး ပတ်ထားသလားတောင် သူတွေးလိုက်မိသည်။

မြန်မာ့ယဉ်ကျေးမှုနှင့် မသင့်တော်သော်လည်း. . ဦးဖိုးတင်ကတော့ ဆုနဲ့သင့်တော်တယ်ထင်ပြီး မျက်တောင်လေးတောင် ခတ်ဖို့ မေ့နေလေသည်။

နောက်တစ်ယောက်ကတော့ တော်တော် လုံလုံခြုံခြုံဝတ်ကာထားသည်။ သို့သော် ဘယ်နေရာက လက်ထွက်လာမှန်းမသိအောင် အင်္ကျီက ရှုပ်ထွေးကာနေ၏။

မျက်နှာကလည်း ကြောင်ကြောင်ကျားကျားတွေ ခြယ်ထားပြီး ဆံပင်က သပွတ်အူကို ထောင်ပြီးတင်ထားသလို ထုံးကာထားသည်။ လက်မောင်းတစ်လျှောက်မှာလည်း ငါးဖမ်းပိုက်ကွန်လိုဟာမျိုးတွေအပြည့်. . ခြေသလုံးမှာလည်း ဖိနပ်က ဒူးခေါင်းအထိ စွပ်ထားပြီး ကြက်ခြေခတ်ကြိုးတွေနဲ့. . ရှုပ်ယှက်ခတ်အောင် ချည်ထားး၏။ ပြီးတော့ ဘောင်းဘီက တစ်ဖက်ကွဲ တစ်ဖက်တို. .။



www.burmeseclassic.com

www.burmeseclassic.com



"တော်တော် ဝင့်ကြီးတဲ့မိန်းမကွ. . နော်. ."

ဦးဖိုးတင်ရဲ့အပြောကို ကိုအောင်စိုးက ခေါင်းညိတ်ပြလိုက်သည်။

ပြီးတော့ ပြန်လည်ငြိမ်သက်သွားကြရင်း တီဗီကို အာရုံစိုက်လိုက်ကြ၏။

ဒီည တရုတ်လှမြင့်အိမ်မှာ လူတော်တော်စည်သည်ဟု ပြောရမည်။ ခမိကအားဖြင့် တစ်ရွာလုံး လူကြီးတော်တော်များများရှိ၏။ တရုတ်လှမြင့် ~ခမေကြီး ဆုံးတုန်းကတောင် ရပ်မိရပ်ဖ ဒီလောက်မစုံပေ။

ကျန်တဲ့လူဆိုလို့ ရပ်ရွာ ဥက္ကဋ္ဌဦးစိန်သောင်းနှင့် တောင်ပိုင်းက ကိုလေးငွေ. . ။ သူတို့တောင် အိမ်ကထွက်ဖို့ ကြိုးစားသေးသည်ဟု ကြားရ၏။ ဘယ်လိုအကြောင်းပြရမှန်းမသိလို့. . ။

"မတင်မြနဲ့တော့ ကွာပ့ါကွာ. ."

ဆေးဆရာ ဦးဘတုတ်အသံ ကြားရ၍ ဦးဖိုးတင်က လှည့်ကြည့်သည်။ ကိုတင်မြိုင်ကလည်း ဝင်၍. .

"မခွေးမကတော့. . ငယ်ငယ်က အဲဒီလောက်နီးနီးပဲဗျ"

"ကြုံကြီးစည်ရာဗျာ ခင်ဗျားမိန်းမငယ်ငယ်ကတည်းက ရာဝင်အိုး ခေါင်းတပ်ထားသလိုပါ. . ဒီဟာလေးက ကြည့်စမ်း"

ကိုတင်မြိုင် ဆေးဆရာ ဦးဘတုတ်ကို ဘုကြည့်လှမ်းကြည့်သည်။ အရှိန်ပျက်သွားမှာစိုး၍ ဘာမှတော့မပြော။ ဒီလိုနဲ့ တစ်ယောက်တစ်ပေါက် ဝေဖန်လိုက်၊ ငြိမ်သွားလိုက်နှင့် အချိန်တွေက ကုန်မှန်းမသိ ကုန်လာလေသည်။

သူတို့တစ်အုပ်စုလုံး သိပ္ပံကားတွေထဲက အချိန်မဲ့ဇုန်ထဲ ရောက်သွားရသူတွေလို ဘယ်အချိန်ရောက်လို့. . ရောက်နေမှန်းမသိတော့ . . ။ ဒါကို ပထမဆုံး သတိရသူက. .

"ဟာ. . ဆယ့်တစ်နာရီတောင် ထိုးတော့မယ် ဒုက္ခပဲ. ."

အဲဒီတော့မှ အားလုံး လန့်ဖျပ်ကာ ဆေးဆရာဘက်လှည့်ကြည့်ပြီး. .

"သေ. . သေချာလို့လားဗျာ. ."





"သေချာတာပေါ့ဗျ. . ဒီမှာကြည့်. ."

အားလုံး ဦးဘတုတ်နာရီကို ဝိုင်းကြည့်လိုက်ကြပြီး. .

"ဟာ. . ပြဿနာပဲ"

တစ်ပြိုင်နက် ရေရွတ်ကာ ထလိုက်ကြပါတော့သည်။ ပြီးနောက် အိမ်တွေကို အသီးသီးပြန်သွားကြပြီး. .

မိန်းမတွေကို ဘယ်လိုအကြောင်းပြရမယ်ဆိုတာ လမ်းတစ်လျှောက် ခေါင်းစားလာကြသည်။ သူတို့အားလုံး ခပ်လှမ်းလှမ်းရောက်တော့မှ တရုတ်လှမြင့် ~့ခြံစည်းရိုးထောင့်က လူတစ်ယောက် ကုပ်ချောင်းချောင်းနဲ့ ထွက်လာသည်ကို သူတို့မသိလိုက်ပေ. .

ထိုလူမှာ. .

"သေချာလို့လား. . သာဂိရာ. . မင်းဟာက"

"သေချာပါတယ်ဗျာ အားလုံး ခြောက်ယောက်တောင်"

ထွန်းရွှေ နည်းနည်းတော့ တွေဝေသွားသေး၏။ ပြီးမှ. .

"ဟုတ်တယ်ကွ. . ငါတော့ ထင်တော့ထင်သား၊ ညနေက ဦးဖိုးတင် ကြီးကို ရွာလယ်မှာ တွေ့လိုက်တုန်းကတောင် ဘယ်သွားမလို့လဲ မေးလိုက်သေး တယ်. . ငါကမေးတော့ ဘုန်းကြီးကျောင်းဆိုပြီး ရွာတောင်ဘက်ထွက် သွားတယ်"

ဘုန်းကြီးကျောင်းက ရွာမြောက်ပိုင်းမှာရှိခြင်းကို ရည်ရွယ်ပြီး ပြောတာဖြစ်လေသည်။ ရွာတောင်ပိုင်းမှာရှိတာက သင်္ချိုင်း. . ။

"သူသေရင် မြှုပ်ဖို့နေရာ သွားကြည့်တာလားမှမသိတာ. ."

အားလုံးရယ်လိုက်ကြ၏။ သို့သော် မရယ်နိုင်တဲ့သူကတော့ရှိ၏။

ထိုလူကတော့ ချက်ကြီး. . ။

"ငါကတော့ လုံးဝမကျေနပ်ဘူးကွာ. . သူ့စလောင်းကြီးသယ် တုန်းက ငါ့လှည်းနဲ့ကွ"

အားလုံး အသိပြန်ဝင်လာကာ စလောင်းဘက် ပြန်ရောက် သွားကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတင်လား . . ငါလည်း လှည်းပေါ်က ထမ်းချပေးတဲ့အထဲ
ပါတယ် . . ပြီးတော့ အဲဒါကြီးဆင်တုန်းက သူတို့လိုအပ်တာတွေ ငါ အကူ
လုပ်ပေးတာ"

သာဂိတို့ ချက်ကြီးတို့ ပြောနေတာတွေကို ထွန်းရွှေက မေးစေ့
ပွတ်ကာ နားထောင်နေ၏။ တစ်ခုခုကို စဉ်းစားနေသည့်ပုံမျိုး . ။

သူက အားလုံးထဲမှာ အသက်အကြီးဆုံးဖြစ်၍ ချက်ကြီးတို့ထ
စာရင် တွေးတောဆင်ခြင်နိုင်သည့် သဘောမှာရှိသည်။ ပြီးတော့ ရွာရဲ့ ကာ
သားခေါင်းလည်းဖြစ်၍ ဟိုလူ့ဆရာလုပ်လိုက် ဒီလူ့ဆရာလုပ်လိုက် အကျ
လေးလည်းရှိ၏။

"ငါစဉ်းစားရသလောက်ကတော့ ဒါမရိုးသားဘူးကွ"

"ဟာ ကိုထွန်းရွှေကလည်းဗျာ ကျားကိုက်ပါတယ်ဆိုမှ အပေါက်
နဲ့လား . . လုပ်နေပြန်ပြီ . . အစကတည်းက မရိုးသားလို့ ကျုပ်တို့ကို ပထုတ်
နေပါ့ဗျ"

"ဒါနဲ့နေပါဦး မင်းချောင်းကြည့်တော့ ဘာတွေ့ရလဲ သာဂိရ"

သာဂိက စဉ်းစဉ်းစားစားဟန်ဖြင့် . .

"ချောင်းတော့ မချောင်းကြည့်ဖြစ်ဘူးဗျ . ဒါပေမဲ့ အသံတော့
ကြားတယ်"

"ဘာကြားလဲ"

အားလုံးက သာဂိစကားကို စိတ်ဝင်စားသွားကြသည်။

သာဂိက လေသံကိုတိုး၍ . .

"အိမ်ကဟာကြီးနဲ့တော့ . . ကွာပါ့ကွာ . . တဲ့ . ."

"ဟေ . . အိမ်ကဟာကြီး . . ဘာကြီးကို ပြောတာလဲ"

"ငါလည်း ဘယ်သိမလဲကွ . ."

ထွန်းရွှေက မင်းတို့နေဦးဆိုတဲ့ အမူအရာနဲ့ လက်ကာပြကာ . .

"ငါ သဘောပေါက်ပြီ . . အဲဒါ ဘယ်သူ့အသံလို့ မင်းထင်လဲ"

"အင်း . . ငါ့အထင်ပြောရရင် ဦးဖိုးတင် အသံကြီးကွ . ."





ထွန်းရွှေ ဗိုလ်အောင်ဒင်အပြုံး ပြုံးပစ်လိုက်သည်။ အဲဒီအပြုံး၏
နောက်ကွယ်တွင် အဓိပ္ပါယ်အများကြီးပါသည်။

ထိုအချိန်မှာပင် ရွှေကောင်းက ဘယ်ကလှည့်လာမှန်းမသိ ရောက်
လာ၏။

ထွန်းရွှေက ရွှေကောင်းကို တွေ့လိုက်သည်နှင့် . . .

"ဟာ . . အတော်ပဲ . . မင်းရောက်လာတာနဲ့ . ."

"ခုန . . ဦးဖိုးတင်နာမည်ပြောသံကြားလိုက်ပါတယ် . . . ခင်ဗျားတို့
ဘာပြောနေကြတာလဲ . . ."

"ငါလည်း အဲဒါ မင်းကိုပြောမလို့ . . . မင်းတော့ ပွတာပဲ
ရွှေကောင်းရ . . ."

"ဘာဖြစ်လို့လဲဗျ . . ."

ရွှေကောင်းက စိတ်ဝင်စားသွားပြီး ထွန်းရွှေဘေးမှာ ဝင်ထိုင်
လိုက်သည်။

"မင်းရဲ့ ရည်ရွယ်ချက်အောင်မြင်တော့မယ်ကွ . . ."

ရွှေကောင်း မျက်လုံးက ချက်ချင်းဝင်းလက်သွားကာ . . .

"ဘာ . . ဘာလို့လဲ . . . ."

ထွန်းရွှေက . . . ရွှေကောင်းနားကပ်ကာ . . .

"ဒီလိုကွ . . ."

ဟုအစချီကာ ပြောလိုက်ပါတော့သည်။ ရုပ်ရှင်တွေထဲကအတိုင်း
ပါးစပ်သာလှုပ်ပြီး ဘာတွေပြောလို့ ပြောမှန်းတော့မသိပေ။

ရွှေကောင်းပြုံးရင်း လမ်းလျှောက်လာသည်။ သူ့အပြုံးတွင် ခါတိုင်း
ထက် ပို၍လေးနက်သည့်အကြောင်းအရာတွေပါနေလေသည်။

အရင်ကလို မရေမရာအပြုံးမဟုတ် . . . ဒီတစ်ခါ အမှန်တကယ်
အပြုံး . . . ။

ပြီးတော့ ပါးစပ်ကလည်း . . .

"ဦးဖိုးတင် . . . ဦးဖိုးတင် . . . တွေ့ကြသေးတာပေါ့ဗျာ . ."



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍လည်း တီးတိုးရေရွတ်လာ၏။

ဦးဖိုးတင်သည် မပုတို့ဦးလေးဖြစ်သည်၊ မပုတို့အမေက ဦးဖိုးတ ညီမဖြစ်၍ ဦးဖိုးတင်နဲ့ဆို တူမအရင်းတော်၏။

မပုရဲ့မိဘနှစ်ပါး လုံးက ငယ်စဉ်ကတည်းက ဆုံးပါးသွားသေ ကြောင့် ဒီတူမလေးကို ဦးဖိုးတင်က တုန်နေအောင်ချစ်၏။ သူတင်လာ ဆိုတော့ . . . မဟုတ်။

သူ့မိန်းမ မလှစိန်ကလည်း ပြောမနေနဲ့တော့ . . . ။ သမီးလေး . . သမီးလေးဆိုတာ ပါးစပ်ကမချ။

“ငါ့သမီးကို ဒီရွာကကောင်တွေနဲ့တော့ သဘောမတူနိုင်ဘူးေ . . . ရုပ်ကလေးကိုကြည့်စမ်း . . ဝန်ကတော်၊ မင်းကတော်ဖြစ်မယ့် ရုပ်ရေ . . .”

ဒါ . . ဒေါ်လှစိန်အမြဲပြောနေကျစကား။ ဦးဖိုးတင်ဆိုတာကလည် လူထူပြီဆို . . . .

“ကျုပ်တို့ လင်မယားလည်း . . ဒီသမီးလေးတစ်ယောက်ရှိနေလို့ တော်သေးတာပေါ့ . . . နောက်မို့ဆို အဘိုးကြီး၊ အဘွားကြီးနှစ်ယောက်တည် မလွယ်ဘူး . . . အခုဆို ဆိုင်က သူ့ခြေသူ့လက်ချည်းပဲ”

ဆိုပြီး အမြဲပြောသည်။ ဒါကိုရွှေကောင်းက မကျေနပ်။ တူမသ အဲဒီလောက်ချစ်ရမလားဆိုပြီး အပြစ်တင်သည်။

ပြီးတော့ မပုလေးကလည်း တဖြည်းဖြည်းလှလာတော့ ကိုယ့်ရွာမှာ တင်မဟုတ် တစ်ဖက်ရွာကကောင်တွေပါ လာဝဲကြသည်။ ဖွင့်ထားတဲ့ ကုန်း ဆိုင်မှာ မပုရှိနေချိန်ဆို . . . ကာလသားတွေ အပြည့် . . ။

တချို့တွေက ဧရာတ်သီးတစ်ဆယ်ဖိုးကို နှစ်ကျပ်ဖိုး ငါးခါခွဲပြီး လာ ဝယ်သူရှိသည်။ တချို့ကျတော့ ဆန်လိုဟာမျိုးကို မနက်တစ်ခါ၊ ညနေတစ်ခါ လာဝယ်၏။

ဒါမျိုးကျ ရုပ်သိပ်မပျက်ချေ၊ ထမင်းက တစ်ရက်နှစ်နပ်စားတော့ မနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် လာဝယ်လို့ရသည်။ ဒါတောင် မနက်ခင်းတ





ခင်းကြမ်းအတွက် ညနေစာနဲ့ပါ တစ်ခါတည်းပေါင်း ဝယ်လိုက်၍ဖြစ်၏။

ဒီလို ပျားပိတုန်းတွေဝိုင်းနေသည့် ပန်းကလေးကိုမှ ရွှေကောင်းက ခုန်မိ၏။ ဒါပေမဲ့ သူကတော့ တခြားသူတွေလို အခွင့်အရေးမရရှာ . . . . ။

ရေစည်သွားတွန်းတဲ့အချိန်နှင့် ဆိုင်ရှေ့ဖြတ်လျှောက်တဲ့အချိန် မှာသာ မပုကိုကြည့်ရ၏။

ကြည့်တာတောင် ပြောင်ပြောင်တင်းတင်း ကြည့်ရတာမဟုတ်။ တ်တခိုး အကြည့်။

“ရွှေကောင်းလိုအကောင်မျိုးနဲ့ အရောတဝင်သိပ်မနေစမ်းနဲ့ . . . မီး . . . အမေ မကြိုက်ဘူး . . .”

“ဘာဖြစ်လို့လဲ . . . အမေရဲ့ သမီးတို့က ငယ်ငယ်ကတည်းက ငယ်ချင်းတွေပဲဟာ . . . .”

“ငယ်ငယ်ကတော့ ဟုတ်ပေမယ့် အခုက ကြီးနေပြီလေ . . . သမီးလေး ကြီးနေပြီ . . .”

“ဟာ . . . သမီးက မကြီးသေးပါဘူး အမေကလည်း . .”

“ဩော် . . ကြီးနေပါပြီဆို သမီးရယ် . . . အမေက ကြီးဆို ကြီး တ် . . .”

မပု မျက်နှာလေးငယ်ကာ ခေါင်းငုံ့သွားသည်။ ဒါကို နောက်ဖေး အိုးမှာရေဖြည့်နေရင်း ရွှေကောင်းက ကြားသည်။

အဲဒီအချိန်မှာပဲ ဦးဖိုးတင်အသံကို ရွှေကောင်း ထပ်ကြားရ၏။

“ငါ့ သမီးလေးကို အဖေတို့က အန္တလက်သီးနဲ့ထိုးခံယိမှာစိုးလို့ ပြာတာပါကွယ် . . . ပြီးတော့ ဒီကောင်က ဝမ်းတွင်းရူး . . .”

“အင် . . .”

ရွှေကောင်း ရေထည့်နေရင်းနှင့်နင်သွားလေသည်။ သူ့မှာ အနူ တာတောင် ဝမ်းတွင်းထဲက ရူးလာသည့်အနူဖြစ်ရလေသည်။

အဲဒီ ကတည်းက ဦးဖိုးတင်တို့ လင်မယား၏ သူ့အပေါ် သဘော းကို သဘောပေါက်ထားသည်။ ဦးဖိုးတင်ကိုလည်း တင်းသည်။ အခွင့်



www.burmeseclassic.com

www.burmeseclassic.com



အမေ့ရရင် လက်စားချေဖို့အထိ စဉ်းစားထားသည်။

ဒီတစ်ခါတော့ . . . . ။

ရွာဦးစေတီနားရောက်တော့ စေတီဝင်းထဲက ငိုက်စိုက်ငိုက်စို[illegible]
နဲ့ဆင်းလာသည့် ဦးဖိုးတင်ကိုသွားတွေ့၍ . . . .

"ဦးလေး ဘယ်ကလာလဲဗျ . . ."

ဆိုပြီး ရွှေကောင်းအနားကပ်သွားသည်။ ဦးဖိုးတင်က ရွှေကောင်း[illegible]
တွေ့တော့ . . . မျက်နှာတည်လိုက်ကာ . . .

"ဘုရားပေါ်က . . ဆင်းလာတာ မမြင်ဘူးလား . . ."

ရွှေကောင်းကလည်း တဟဲဟဲရယ်ပြီး မချိုမချဉ်ကြည့်လိုက်ကာ . .

"ချောလား ဦးလေး . . ."

ရွှေကောင်းရဲ့ အဆက်အစပ်မရှိတဲ့စကားကြောင့် ဦးဖိုးတင် ကြေ[illegible]
သွားပြီး . . . .

"မင်း . . . ဘာတွေလာပြောနေတာလဲ . . ."

"ဟဲ . . ဟဲ . . ဦးလေးကလည်း မသိချင်ယောင်ဆောင်နေပြန်[illegible]

ဦးဖိုးတင်က ရွှေကောင်းကို ဒီကောင်ဘာလာကြောင်တာလဲ ဆို[illegible]
. . . အမူအရာနဲ့ကြည့်ပြီး . . . .

"မင်း ရုပ်ချောတယ် . . . မချောဘူး . . ငါကြည့်ပြီး ဘာလုပ်ရမှာ[illegible]

"ဟာ . . ဦးလေးကလည်း အဲဒါပြောတာမဟုတ်ဘူးလေ . . ဟို[illegible]
. . ဟဲ . . . ဟဲ . . ."

ဦးဖိုးတင် တော်တော်စိတ်ညစ်သွားသည်။ ထန်းရည်မူးပြီး လာ[illegible]
နေသလားလို့တောင် စိတ်ထဲထင်သွား၏။

သို့သော် ရွှေကောင်းပုံက မူးနေတဲ့ပုံစံလည်းမပေါက်၍ . . ရူး[illegible]
သွားသလားဆိုပြီး လေ့လာနေသည်။ ရွှေကောင်းက ဦးဖိုးတင် သူ့ကို တွေ[illegible]
ကြီးကြည့်နေတာကို မိန့်မိန့်ကြီးပြန်ကြည့်လိုက်ကာ . . . .

"ကောင်မလေးတွေက တော်တော်လှတယ်ဆို ဟုတ်လား . . [illegible]
. . ဟဲ . . အိမ်က ဟာကြီးနဲ့တော့ကွာပါ့ကွာဆိုပြီး ဦးလေးက ဘာ[illegible]





ပြောတာလဲ . . အရိုးလေးသိရင် မလွယ်ဘူးနော် . . ."

ဦးဖိုးတင် ပါးစပ်အဟောင်းသားဖြစ်သွားကာ ကျောက်ရုပ်ကြီးလို
ခပ်ကာသွားလေသည်။

ခဏကြာတော့မှ အသိပြန်ဝင်လာပြီး . . .

"မင်း . . မင်း ဘာတွေပြောနေတာလဲ . . ငါမသိဘူး . ."

မှန်လာဥလုပ်မလို့ စဉ်းစား၏။ ရွှေကောင်းကလည်း အလွတ်
မပေးတော့ . . . ။

"မလိမ်ချင်စမ်းပါနဲ့ . . . ဦးလေးရယ် . . . စိတ်ချ ကျွန်တော်
ဘယ်သူမှ မပြောပါဘူး . . ဟဲ . . ဟဲ . . ဦးလေးက ကြိတ်ပုန်းခုတ်ချင်
ဘာကိုးဗျ . . . ."

"ဟေ့ . . . ဟေ့ကောင် တိုးတိုးပြောပါကွ . . . ဘေးလူတွေ
ကြားသွားပါဦးမယ် . . ."

ပြောပြီး ပတ်ဝန်းကျင်ကို ကျိုးကန်းတောင်းမှောက်ကြည့်သည်။
လူရှင်းနေတာတွေ့ရမှ ရွှေကောင်းနား မဝံ့မရဲလေး ကပ်လိုက်ကာ . . .

"မင်း . . . အရိုးလေးကို သွားမပြောပါနဲ့ကွာ . . . ငါ့တူကြီးက
လိမ္မာပါတယ် . . . ရော့ . . ရော့ . . . မင်းသုံးချင်ရာ သုံးဖို့ . . ."

ဆိုပြီး ပိုက်ဆံထုတ်ပေးတော့ ရွှေကောင်းက မယူ . . . ။

"ရပါတယ် . . . ဒါတွေ မလိုပါဘူး . . ဦးလေး ကျွန်တော့်အပေါ်
နားလည်ရင်ရပါပြီ . . ."

"အေးလေ . . . ငါ နားလည်လို့ ပေးတာပေါ့ . . . ယူပါရော့ . .
ဘာလဲ နည်းလို့လား . . . ငါ့မှာလည်း ဒါပဲ ပါတယ်ကွ . . ."

ရွှေကောင်းက မယူချင် ယူချင်ပုံစံမျိုးလုပ်ကာ ပိုက်ဆံကို ယူ
လိုက်သည်။

ဦးဖိုးတင် အဲဒီတော့မှ သက်ပြင်းကိုချလိုက်ကာ . . . .

"အဲဒီကိစ္စ မင်းကို ဘယ်သူပြောတာလဲဟင် . . ."

"ဒါတော့ ပြောလို့မဖြစ်ဘူးဗျ . . . ဒါနဲ့ မပုကော နေကောင်းလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ . . . အေး . . ကောင်း . . . ကောင်းပါတယ် . . ."

"ပြောလိုက်နော် . . . ကျွန်တော်မေးတယ်လို့ . . ."

"အေး . . အေးပါ . . ပြောလိုက်ပါ့မယ် . . ."

"ဒါဆို သွားဦးမယ် . . ."

"အေး . . . အေး ဪ . . နေဦး . . ဟိုကိစ္စတော့ ဘယ်သူ့မှ မပြောနဲ့နော် . . ."

ရွှေကောင်းက ခေါင်းကိုညိတ်ကာ ထန်းတောဘက်သို့ ဦးတည် ထွက်ခဲ့လိုက်တော့သည်။

ဦးဖိုးတင် ရွှေကောင်းထွက်သွားမှ နဖူးမှာ ပြန်နေတဲ့ချွေးတွေကို သုတ်လိုက်မိ၏။

ဒီကိစ္စကိုတော့ စုံစမ်းရဦးမည်။

နောက်နေ့တွေမှာ ရွှေကောင်းသည် ဦးဖိုးတင်ဆီကို အကြောင်းမဲ့ အကြောင်းရှာပြီးသွားသည်။

တစ်ခါတလေ ရေစည်တွန်းနေရာမှ မောလို့ဆိုပြီး ခဏတဖြုတ် ဝင်နား၏။

ဦးဖိုးတင်မှာ ရွှေကောင်း အဝင်အထွက်ရှိနေတာကို မကျေနပ် သော်လည်း မပြောသာ။

မချစ်သော်လည်း အောင့်ကာနမ်းဆိုသလို စိတ်ညစ်ညစ်နဲ့ပဲ ညှော် နေရ၏။

ရွှေကောင်းကလည်း ဦးဖိုးတင်ဆီလာတဲ့ ရည်ရွယ်ချက်က သိတဲ့ အတိုင်း . . .။ မပုကို အရင်ကလို ခိုးကြောင်ခိုးဝှက်မကြည့်ရတော့။

အခုဆို အိမ်ရှေ့ကွပ်ပျစ်မှာ ရေနွေးကြမ်းလေးသောက်ရင်း အေးအေး လူလူကြည့်ရပေပြီ . . .။

"ဒေါ်လှစိန်က ဒါကို လုံးဝမကျေနပ် . . . .။

"နေစမ်းပါဦး . . . တော်က ဒီအကောင်ကို အိမ်ဦးခန်းတင်ပြီး ညှော်ခံနေရအောင် ဘာသဘောလဲ . . . ရှင်ပြောတော့ ရွှေကောင်းက





ဝမ်းတွင်းရှူးဆို . . ."

"မဟုတ်ပါဘူး . . . မလှစိန်ရာ . . စိတ်တွေလျှော့စမ်းပါ . . လူလူ ချင်းပဲကွာ . . ."

"အမယ် . . အမယ် . . . လေသံကိုက . . ဝေဿန္တရာအသံနဲ့ . . ဘာလဲ . . ရှင့်တူမကို လျှုတော့မယ်ပေါ့ . . ."

ဦးဖိုးတင် ခေါင်းကိုကုတ်ပြီး ချွေးသီးချွေးပေါက်တွေကျလာ၏။ သူ့မှာ ဘုမန်ချွေးတပ်စခန်းရောက်နေသည့် ဂျူးတစ်ယောက်လို အရာရာကြောက် နေရသည်။

သို့သော် ဒီကိစ္စသည်ကြာကြာမခံ . . .။

ကံကြမ္မာက ဦးဖိုးတင်ဘက်မှာပဲ မရှိတာလား။ ရွှေကောင်းဘက်မှာပဲ ရှိတာလား မသိပေ။

ထိုသတင်းသည် တောမီးပမာ တစ်ရွာလုံးထံ ပျံ့သွားလေတော့ သည်။

သတင်းဖြန့်ချိသူကတော့ ချက်ကြီး . . .။

တစ်နေ့ ချက်ကြီးက ထန်းတောကအပြန် ခြေထောက်ခြောင့်စူး၍ ဆေးဆရာဦးဘတုတ်ထံသွား၏။

ဦးဘတုတ်ကလည်း ချက်ကြီး မူးပြီး သူ့ကို လာရစ်နေတယ်ထင်၍ မြစ်တာတောင် နည်းသေးတယ်ဆိုပြီး ပြောလွှတ်လိုက်သည်။

ဒါကို ချက်ကြီးက ဒေါသထွက်ပြီး ဦးဘတုတ် အိမ်ရှေ့မှာတင် ကြုံးကြိမ်းတော့၏။

"ကျုပ်က ရိုးရိုးသားသား ထန်းရည်သောက်ပြီး မူးလို့စူးတာ . . ဦးလေးလို ခိုးကြောင်ခိုးဝှက် ဟိုဟာတွေ သွားကြည့်တာမဟုတ်ဘူး"

ဆိုပြီး အော်ကြီးဟစ်ကျယ် လုပ်ကာပြန်လာခဲ့သည်။

ဒါကို ဦးဘတုတ်မိန်းမက ကြားပြီး ဦးဘတုတ်ကလည်း ဒီ သောက်ရူး ဘာတွေပြောသွားမှန်းမသိပါဘူးကွာ . .

ဆိုပြီး အရေးမကြီးသလို ဟန်ဆောင်နေလိုက်၏။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



မအေးကြွယ်က မရ . . ။

ဟိုဟာတွေသွားကြည့်တယ်ဆိုတဲ့ စကားပါတော့ ဘယ်ဟာတွေများသူ ယောက်ျားသွားကြည့်လဲ သိချင်၍ ချက်ကြီးကို အတင်းလိုက်မေးသည်။

ချက်ကြီးကလည်း အနာကလည်းနာ၊ ဦးဘတုတ်ကလည်း သူ့ကိုပြောလွှတ်လိုက်၍ အကုန်ပြောပြလိုက်လေတော့သည်။

အဲဒီမှာတင် . . . . ။

## "ကိုဖိုးတင်"

ဦးဖိုးတင် ဆင်တံစ်ကောင်၏ အော်သံကိုအပြင်မှာမကြားဖူးချေ။

သို့သော် အခု ဒေါ်လှစိန်အော်သံက ဆင်အော်သံထက် ကျယ်နိုင်သည်ဟု သူမှတ်ချက်ချလိုက်မိ၏။

ရုတ်တရက် ရေနွေးသောက်နေရာမှ လန့်ဖျပ်ပြီး နောက်ဘက်လှည့်ကြည့်လိုက်တော့ . . . .

"တော် . . . မကြီးမငယ်နဲ့ ဟိုဟာတွေ . . . သွားကြည့်တယ်ဆို . . . တျွန်မ . . . ကျွန်မ ရှက်တယ် . . . "

"မထိတ်သာ . . မလန့်သာ မလှစိန်ရယ် . . . ဘာဟိုဟာတွေလဲ"

"ဩော် . . . အခုမှ ဘုရားလူကြီးလို ဟန်ဆောင်မနေနဲ့ . . တော်တို့တရုတ်လှမြင့်အိမ်မှာ ဟိုဟာလေးတွေ သွားကြည့်တယ်ဆို"

ဦးဖိုးတင် ရင်ထဲဒိန်းခနဲဖြစ်သွား၏။ နှလုံးရောဂါသည်သာဆိုရုတ်တရက်ပွဲချင်းပြီး သေသွားရလောက်အောင် ကြောက်သွားသည်။ သို့သော် ရလိုရငြားလေး ဟန်ဆောင်လိုက်သေးသည်။

"မင်း . . ဘာတွေလာပြောနေတာလဲ . . မလှစိန်ရာ . . . အဓိပ္ပါယ်မရှိတာတွေ . . . "

"ဩော် . . . အခုတော့ ရှင်က ကျွန်မကိုတောင် ပြန်အော်ပြီပေါ့ . . ဟုတ်လား . . . ရှင့်ဟာလေးတွေနဲ့ကျတော့ သာယာတယ်ပေါ့"

"ဟာ . . ဟိုဟာက TV ထဲမှာ ငါဘာမှလုပ်လို့ရတာမဟုတ်ဘူး . . ဟာ . . ဘယ်မှာကြည့်လို့လဲ . . . "





"တော်ပြီ . . တော်ပြီ . . ရှင်နဲ့ကျွန်မနဲ့ကွာမယ် . . ကွဲမယ်"

နောက်ဆုံး . . ဒေါ်လှစိန်က ချုံးပွဲချငိုတော့သည်။ ပြီးတော့ ဦးဖိုးတင်ကို အိမ်ပေါ်က နှင်ချ၏။ ထုသည်။ ရိုက်သည်။ တွေ့ရာနဲ့ ကောက်ပေါက်သည်။ ကောက်ပေါက်သည့် ပစ္စည်းများထဲတွင် ကြေးကွမ်းအစ်နှင့် ကွမ်းညှပ်ပါသွား၍ ဦးဖိုးတင် ထိပ်ကွဲသွား၏။ နောက်ဆုံး ရရာအဝတ် ဆွဲပြေးကာ အိမ်ပေါ်မှ ဆင်းပြေးရလေတော့သည်။

ထိုနေ့ကစ၍ ဦးဖိုးတင်တို့အကြောင်း တစ်ရွာလုံးသိသွားကြ၍ တစ်ယောက်မှ နေ့ခင်းဘက်အပြင်မထွက်ရဲတော့ချေ။ ကျန်တဲ့သူတွေမှာလည်း ဦးဖိုးတင်လိုပင် ကွဲသူကွဲ၊ ပြဲသူပြဲ . . . ။

ဦးဖိုးတင်ကတော့ ဟိုဘက်ရွာက သူ့ညီမ်းကွဲဆီမှာ သွားခိုနေရသည်။

ရွှေကောင်းခမျာ အခုမှဒုက္ခရောက်တော့သည်။ မပုတို့အိမ်ရှေ့ကတောင် ဖြတ်မလျှောက်ရဲတော့ပေ။ ဒေါ်လှစိန်ကတော့ ဓားကြိမ်း ကြိမ်းနေဆဲ . . . . ။

www.burmeseclassic.com

www.burmeseclassic.com



# အချစ်နှလုံးရောဂါ






သူ့အမေနှလုံးရောဂါရှိသည့်ကိစ္စသည် ဆရာဝန်တစ်ယောက် မဟုတ်သော ကျွန်တော်နှင့်တိုက်ရိုက်ပတ်သက်နေလေသည်။ သူတို့အိမ်မှာ သူအပါအဝင် မိသားစုလေးယောက်ရှိသည်။ သူတစ်ယောက်ကလွဲလျှင် ကျန်သုံးယောက်လုံး ရောဂါဘယတွင် တော်တော်ထူးချွန်ကြသည်ဟု ဆိုနိုင်၏။

သူ့ညီမလေးက လေးဘက်နာရောဂါရှိသည်။ သူ့အမေကြီးက နှလုံးရောဂါသည်၊ သူ့အဖေ သွေးတိုးကိစ္စကလည်း အမြဲဆေးကုပေးနေရသေး၏။

ယုတ်စွအဆုံး သူတို့အိမ်က ခိုင်းထားတဲ့ကောင်မလေးတောင် ဟိုတလောက လေဖြတ်ချင်သလိုလိုဖြစ်သွား၍ ခြေထောက်တစ်ဖက် ဆာတာတာဖြစ်သွားသေး၏။ တော်သေးသည်ဟုဆိုရမည်။

အားလုံးတွင် သူတစ်ယောက် ဒေါင်ဒေါင်မြည်ဖြစ်နေလို့။ ဒါတောင် သိပ်သေချာတာလို့ ပြောမရ။ ဟိုနေ့က ကျွန်တော်နဲ့ချိန်းတွေ့တုန်း ဗိုက်ထဲက အခုတလောအောင့်အောင့်နေသည်ဟု ပြောသေးသည်။

ကျွန်တော်နဲ့ ချစ်သူသက်တမ်းတစ်နှစ်လောက်အကြာတွင် သူ့ဆီက စကားတစ်ခွန်းပြောလာလေသည်။ ထုံးစံအတိုင်း . . . .။

တော်ဝင်မြို့မ

www.burmeseclassic.com

www.burmeseclassic.com



"ခင့်ကို အိမ်က ယောက်ျားပေးစားတော့မယ် မောင် . . ."

"အင် . . ."

ကျွန်တော် နင်သွား၏။ မျက်လုံးက နောက်စေ့ကို လေထိုးထည့်ပိုက်သလို ရှေ့သို့ပြူးထွက်သွားသည်။ ချစ်သူလက်ထပ်တော့မည့် စကားသံသည် ရင်ဘတ်ထဲ ကုလားဘုရားလှည့်သွားတာ အမှန်။

"ဘယ်သူနဲ့လဲဟင် . . . ဘယ်လိုဖြစ်တာလဲ . . ."

"မေမေတို့ အသိတစ်ယောက်ရဲ့သားပဲ . . ခင်ကလည်း မောင်ကလွဲပြီး ဘယ်သူ့ကိုမှ လက်မထပ်နိုင်ဘူးလို့ အတင်းငြင်းပါတယ် . . ဒါပေမဲ့ မေမေ့မှာလည်း နှလုံးရောဂါနဲ့ဆိုတော့ . . . ."

ဆက်နားထောင်စရာမလိုဘဲ . . . ကျွန်တော် သဘောပေါက်သွားပြီ။ သူ့ခမျာ မကြိုက်သော်လည်း အောင့်ကာနမ်းဆိုသလို ရေလိုက်ငါးလိုက်နေနေရလိမ့်မည်။

အကြောင်းအရင်းကလည်း ခိုင်လုံနေသည်။ နှလုံးရောဂါသည် သူ့အမေကြီး၏ အလိုကိုလိုက်နေရသည့်အပြင် သွေးတိုးရောဂါ ခပ်ကြမ်းကြမ်းဖြစ်နေသည့် သူ့အဖေကြီးခေါက်ခနဲ ဖြစ်မသွားစေရေးကလည်း တွန်းအားပေးနေသေး၏။

"ဒါဆို မောင်တို့ ဘယ်လိုလုပ်ကြမလဲ ဟင် . . . ရုပ်ရှင်တွေထဲကလို ခင့်မေမေက ရောဂါတော်တော်ဆိုးလား . . ဥပမာ . . အိပ်ရာထဲ ဘုန်းဘုန်းလဲနေတာတို့ . . . ဘာတို့ . . ."

"ဆိုးတယ် မောင် . . . ဟိုနေ့ကတောင် သူ့ခြေထောက်ပေါ် ကြွက်ဖြတ်ပြေးသွားတာ လန့်ပြီး နှစ်ရက်လောက် အိပ်ရာထဲလဲသွားသေးတယ် . . . အဲဒီတုန်းက ခင့်ကို ခဏခဏ သူ့နားခေါ်ပြီး မေမေ စိတ်ချသွားတယ် . . သမီးရယ်လို့ တဖွဖွပြောနေတာ . . . ."

"ရုပ်ရှင်တွေထဲကလိုပါပဲလား . . ခင်ရယ် . . ."

ကျွန်တော် သက်ပြင်းချမိသည် ဆရာဝန်အမှတ်မမီခဲ့သော ကိုယ့်ကိုယ်ကိုလည်း ဒေါသဖြစ်သွား၏။





ဒီအချိန်မှာ ကျွန်တော်သာ ဆရာဝန်တစ်ယောက်ဆို တစ်မိသားစုလုံး အားကိုးချင်စရာ ဖြစ်ချင်ဖြစ်လာဦးမည် . . ။

"ဒါနဲ့ ခင့်ကို ပေးစားမယ့်လူက ဘယ်သူလဲဟင် . . . "

"ကိုတင်လှတဲ့ . . . ဆရာဝန်တစ်ယောက်ပဲ . ."

ကျွန်တော့်စိတ်ထဲ ပိုအားငယ်သွားရ၏။ ကိုတင်လှလို သူသာ ဆရာဝန်ဆိုလျှင် . . . .

"ဒါပေမဲ့ ဗမာဆရာဝန် . . ."

"ဟင် . . ဘယ်လို . . ."

"ဟုတ်တယ် . . . တိုင်းရင်းဆေးတက္ကသိုလ်က ဆင်းလာတဲ့ ကျောင်းဆင်းစ ဆရာဝန်ပေါက်စ . . ."

ကျွန်တော် သက်ပြင်းထပ်ချမိသည်။ ဘာပဲဖြစ်ဖြစ် သူ့ဟာနဲ့ သူတော့ အသုံးဝင်နေပါသေးသည်။

ကျွန်တော် ကြာကြာငိုင်မနေအား ချစ်သူကို အပြတ်မေးရတော့မည်။

"ခင် . . . သူနဲ့လက်ထပ်ဖို့ တကယ်ဆုံးဖြတ်ပြီးပြီပေါ့ . ."

"ဟင့်အင်း . . ဟင့်အင်း . . . ရှုတ် . . ဟင့် . . အဟင့် . . ခင် . . မောင် . . မောင်ကလွဲပြီး ဘယ်သူ့ကိုမှ . . အဟင့် . . ဟင့်"

ဒီလောက်ဆို . . ကျွန်တော် သဘောပေါက်သွားပြီ။

ခေတ် ကာလသားသမီးပဲ ချစ်သူ ပါးစပ်ဟလိုက်တာနဲ့ အူ ဘယ်နှခွေဆိုတာ ကျွန်တော်သိပြီးပြီ . . . ။ ဒါကြောင့် . . . . .

"ခင့်ကို မောင် ခိုးမယ် . . . ."

ချစ်သူ ဆတ်ခနဲ မော့ကြည့်၏။ နေရောင်ခြည်အောက်တွင် မည်းနက်တောက်ပနေသော ဆံနွယ်လေးများကို . . ပွတ်သပ်အားပေးလိုက်တာ . . . .

"မောင် . . . မနက်ဖြန်ည ခင့်ကို လာခိုးမယ် . ."

"ဟို . . ဖြစ် . . ဖြစ်ပါ့မလားဟင် . . မေမေက နှလုံးရောဂါနဲ့ . . ပြီးတော့ ဖေဖေကလည်း သွေးတိုးကြီးနဲ့ဆိုတော့ . . တော်ကြာ"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်မပူပါနဲ့ . . မောင့်မှာ အကြံရှိပါတယ် . . ခင်သာ အဆင်သင့်လုပ်ထား . . . "

ချစ်သူ စိုးရွံ့ထိတ်လန့်နေသော မျက်လုံးတွေနဲ့ မရွံ့မရဲ ခေါင်းညိတ်ပြလေသည်။ ကျွန်တော် ချစ်သူကို ရင်ခွင်ထဲဆွဲသွင်း၍ အားပေးနှစ်သိမ့်လိုက်ပါသည်။

"ယောက်ျားယူတယ်ဆိုတာ အန္တရာယ်မကြီးပါဘူး ချစ်ရယ် . . တိုယ့်ကို ယုံစမ်းပါ . . . "



မိန်းမခိုးတဲ့ကိစ္စမှာ ဆရာဝန်ပါတစ်ပါတည်း ထည့်ခေါ်ရသည်ဟူ၍ သင်တို့ကြားဖူးလိမ့်မည် မထင်ပေ။ မကြားဖူးလည်း အခုကြားဖူးလိုက်ကြပါ။

ကျွန်တော် ခင့်ကိုခိုးမည့်ညမှာ ဆရာဝန်တစ်ယောက် ခေါ်လာရ၏။

မပြောကောင်း မဆိုကောင်း ခင့်ကိုခိုးနေတုန်း သူ့အမေကြီးဖြစ်ဖြစ်၊ သူ့အဖေကြီးဖြစ်ဖြစ် တွေ့သွားပြီး ဟတ်ရှော့၊ သွေးတိုးရှော့တွေဖြစ်ကာ ခေါက်ခေါက်ရောက်ရောက်ဖြစ်မသွားစေရေး ကြိုတင်ကာကွယ်ရန်အတွက်ပင်။ ဆရာဝန်က ကျွန်တော့်သူငယ်ချင်း နာမည်က . . . ထွန်းဦး . . . ။

"မင်းလည်း ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ဦး . . တစ်နေ့တစ်နေ့ ကောင်မလေးကိစ္စပူနေရတာနဲ့ မင်း ကြာရင် စိတ်ကျရောဂါတို့၊ နှလုံးရောဂါတို့ဖြစ်လာလိမ့်မယ် . . . "

ဒါတောင် ဟိုတလောက မင်းဖြစ်လိုက်သေးတယ် မဟုတ်လား . . . ။ ရင်ထဲက အောင့်လို့ဆို . . မင်းရိုက်ထားတဲ့ ECG ငါမကြိုက်ဘူး . . . ။

မတတ်နိုင်ဘူး . . ။ ECG မကလို့ ဘာကိုပဲ မကြိုက်မကြိုက် ဒီညတော့ ခိုးကိုခိုးရမည်၊ မရရင်သေမည်။

တော်ဝင်မြို့မ စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မှာလည်း နှလုံးရောဂါနဲ့ဆိုလား . . ။

ထိုည ထွန်းဦးနဲ့ ကျွန်တော် မိန်းမခိုးဖို့ ရောက်လာသည်။ ထွန်းဦးက ခေါ်သေတ္တာပါ တစ်ပါတည်းဆောင်၍ အိမ်ထဲ မိန်းမဝင်ခိုးကြ၏။

ဝင်းတံခါးပေါက်မှစ၍ အိမ်မကြီးတံခါးပေါက်အထိ အဟန့်အတား မရှိ သော့ခတ်မထားဘဲ အဆင်သင့်ဖွင့်ထားတာတွေ့ရ၍ ပထမ ပျော်သွား သော်လည်း နောက်တော့ သံသယဝင်သွားမိ၏။ သို့သော် အခုချိန်မှတော့ ပေါက်တဲ့နဖူး မထူးတော့၍ အိမ်ထဲသို့ခပ်တည်တည်နှင့် ဝင်လာခဲ့လိုက်ပါ တော့သည်။

"ဟင် . . ."

ဧည့်ခန်းထဲတွင် လူတော်တော်များများနှင့်အတူ ချစ်သူကိုပါ တွေ့ လိုက်ရလေသည်။ တစ်ဦးဦးကို စောင့်မျှော်နေပုံမျိုး . . . ။

"လာ . . ဆရာ . . ကြွပါရှင် . . ကြွပါ . . ဟိုဘက်ခန်းမှာပါ"

"ဒေါက်တာ . . . ကြွပါရှင် . . ."

ကျွန်တော် အူကြောင်ကြောင်နှင့်ချစ်သူကို လှမ်းအကြည့်။

"မီးစင်ကြည့်ကလိုက် . . . မေမေနဲ့ဖေဖေ တစ်ပြိုင်နက် မူးလဲ သွား လို့ ခင့်ကို ဆရာဝန်ခေါ်ခိုင်းထားတာ။ ခေါ်နေတုန်း မောင်တို့ရောက်လာလို့ ဆရာဝန်ထင်နေတာ . . ခင်လည်း ခိုးရာလိုက်ဖို့ အားလုံး အဆင်သင့်ဖြစ်ပြီးမှ အခုလို . . ."

သဘောပေါက်သွားပြီ။

ကျွန်တော့်မှာလည်း ဆရာဝန်ပါလာလို့တော်ပေသေးသည်။ ကျွန် တော် ထွန်းဦးကို မျက်စပစ်ပြလိုက်သည်။ ထွန်းဦးလည်း နားလည်ကြောင်း ခေါင်းညိတ်ပြကာ ယောက္ခမနှစ်ဦး သက်သာရေးအတွက် အစွမ်းကုန်လုပ် ဆောင်ပေးရတော့၏။

တစ်ညလုံး မအိပ်ဘဲပြုစုလိုက်မှ မနက်ကျတော်တော်လေး ထူထူ ထောင်ထောင် ဖြစ်လာတော့သည်။

ရောဂါသက်သာခါစ ရှိသေးသည် သူ့သမီးကိုခေါ်ကာ ရုပ်ရှင်





တွေ့ထဲကအတိုင်း အမောဖောက်ဟန်ဆောင်၍ မှာပါတော့သည်။

"မေမေ့ကိုယ် မေမေသိပါတယ် သမီးရယ် . . . ဟောဟဲ . . . ဒီတောင်ကို မေမေ . . ဟောဟဲ . . သမီး ဖေဖေလည်း မေမေ့လိုပဲ ဒီတောင်ကို . . . ဟောဟဲ . . . ။

အဲဒါ . . သမီးကို မေမေတို့စိတ်ချသွားချင်ရင် မနက်ဖြန်ပဲ မောင်တင်လှနဲ့ အရေးပေါ် . . ဟောဟဲ"

ကျွန်တော့်ခေါင်းထဲ ဒိန်းခနဲဖြစ်သွားကာ ခွေခနဲလဲကျသွားပါသည်။ ချစ်သူနှင့် တိုင်းရင်းဆေးဆရာ မနက်ဖြန်လက်ထပ်ကြတော့မည်တဲ့။ ကျွန်တော့် ကို လူတွေဝိုင်းပြီးပြုစုကြသည်။ လူသက်သာသွားသော်လည်း စိတ်မသက်သာ။

ကျွန်တော့်ဘဝ ကံကြမ္မာကိုကဆိုးသည်။ မိန်းမခိုးတဲ့နေ့မှာ ယောက္ခမ လောင်းနှစ်ယောက်လုံး မူးလဲလို့ဆေးကုရသည်။ သတိရလာတော့ ကျွန်တော့် ချစ်သူ(သူတို့သမီး)ကို လင်ပေးစားသည်။ ကဲ . . ကျွန်တော် ဘာလုပ်ရမလဲ . . . ။ နောက်ဆုံး . . ချစ်သူ ခေါင်းညိတ်လိုက်တာကို ခပ်ရေးရေးလေး မြင်လိုက်ရပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



လေ့လာချက်

၁။ ချစ်သူတစ်ဦးထားတော့မည်ဆိုလျှင် ကိုယ့်ချစ်သူအမေမှာ နှလုံးရောဂါကြီးကြီးမားမား ရှိသလား။ အရင်ဆုံး . . . စုံစမ်းရန် . . ။

၂။ အကယ်၍ နှလုံးရောဂါရှိပါက မိမိသည် ဆရာဝန်တစ်ယောက်ဖြစ်နိုင်ပါသလား။ အရင်ဆုံးသိထားရန် . . . ။

၃။ ကိုယ့်ချစ်သူ၏အမေတွင် နှလုံးရောဂါလည်းရှိ၊ စေ့စပ်ထားသူလည်း ရှိပါက ထိုစေ့စပ်ထားသူနှင့် နှလုံးရောဂါသည် မဟာမိတ်နိုင်ငံများပင်ဖြစ်၍ တော်ရုံတန်ရုံထိုးဖောက်ဖို့မလွယ် . .

ထို့ကြောင့် အထက်ပါ ကောင်မလေးမျိုးကို ချစ်သူထားရန် ရှောင်ကြဉ်သင့်သည်။



# ကြော်ငြာ
# ရည်းစားတစ်ဦး အမြန်အလိုရှိသည်

၁၊ (၁၀)တန်း အောင်ရန်မလို။ ရေးတတ်ဖတ်တတ်ရင်အော်ကြဲ့။

၂၊ ရုပ်ရည်သန့်ပြန့်ရမည်။ (တရုတ်စကား ထမင်းစားခရသောက်လောက် လျှောက်ပြောတတ်ရမည်)

၃၊ ကွန်ပျူတာရိုက်တတ်ရန်မလို။ (အိမ်ထောင်မရှိဖူးသူ (အပျို) ဖြစ်ရမည်)

၄၊ မိဘနှစ်ပါး ကျန်းမာရေးကောင်းမွန်ကြောင်းမြို့နယ် (သို့မဟုတ်) ကျေးရွာတစ်ရွာခုခုမှ တာဝန်ရှိဆရာဝန်တစ်ဦး၏ ထောက်ခံစာ ဆေးမှတ်တမ်းပါရှိရမည်။ (မိမိမကောင်းလျှင် ပြဿနာမရှိ။ ယူပြီးမှ သင့်စိတ်ကြိုက်ကောင်းမွန်လာအောင် ကုသပေးမည်)

၅၊ စေ့စပ်ထားသူမရှိရ။

၆၊ အသက်(၁၈)နှစ်မှ (၂၅)နှစ်အတွင်း ဦးစားပေးမည်။ (၃၅)နှစ် အထက်ကြီးသူများ လျှောက်ထားခွင့်မပြု။

၇၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရဲစခန်းထောက်ခံစာနှင့်အတူ တင်ပြထားသည့် အသက်အရွယ်မှာ အမှန်အကန်ဖြစ်ကြောင်း (လဝက) ထောက်ခံစာနှင့် ကိုယ်တိုင်ဝန်ခံကတိပါ ပူးတွဲတင်ပြရမည်။

၈၊ အထက်ပါအချက်များပြည့်စုံပါက ဟဒယမင်္ဂဇင်းတိုက်သို့ (၁၅)ရက်အတွင်း ဆက်သွယ်၍ လျှောက်လွှာတစ်စောင်လျှင် (၁၅၀၀)ကျပ် နှုန်းဖြင့် လာရောက်ဝယ်ယူကြပါရန် . . . ။

၉၊ အသက်လိမ်လည်သည်ကို စုံစမ်းတွေ့ရှိပါက တည်ဆဲဥပဒေအရ အရေးယူမည်။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ**
**မိုးဆက်လင်းထက်**

www.burmeseclassic.com

www.burmeseclassic.com





# ဘိလပ်နှစ်ကူး



"*Happy* New Year" ဆိုတဲ့စကားကို သူတို့သာယာကုန်းရွာသို့ ယူဆောင်လာသူမှာ ကိုရင်သာဂိပင်ဖြစ်တော့သည်။ ရွာဦးကျောင်းဆရာတော်ဘုရားနှင့် ကျောင်းအတွက်လိုအပ်နေသော ဘုရားကျောင်းဆောင်ကို မြို့တက်ဝယ်စဉ် ကိုရင်သာဂိပါသွားခြင်းမှအစပြုခြင်းပင်ဖြစ်တော့သည်။ အရင်ကတော့ ထိုစကားလုံးကို ကြားဖူးနားဝရှိထားသူ တစ်ယောက်စနှစ်ယောက်စရှိသော်လည်း မည်သူမျှစိတ်မဝင်စားကြ။ မြို့နေလူတန်းစားတချို့သာ ကျင်းပကြသည့်



www.burmeseclassic.com

www.burmeseclassic.com



ဖွဲလမ်းသဘင်တစ်ခုအနေနှင့်သာ သိထားကြသည်။ အများစုကတော့ ကြား တောင်မကြားဖူးကြပေ။ မနက် လင်းကြက်တွန်ကတည်းက လယ်ထဲဆင်း၊ ညနေ နေဝင်ရီတရောမှ အိမ်ပြန်ရောက်နိုင်ကြသော သူတို့ရွာသူရွာသားများ အတွက် "Happy New Year"သည် စကားပုံတစ်ခုလိုလို၊ ဒဏ္ဍာရီတစ်ခုလိုလို အဆင့်သာရှိလေတော့သည်။ သို့သော် ယခု သူတို့ရွာလေးတွင် ထို "Happy New Year" ဆိုတဲ့ အရာလေးသည် ချက်ကြီး၏ နှုတ်တင်းကုပ်မှ အစပြုခဲ့ရပါ တော့သည်။

"ငါတို့မြန်မာတွေမှာ သင်္ကြန်ရှိသလို သူတို့ဘိလပ်တွေမှာလည်း သင်္ကြန်ဆိုတာရှိတယ်ကွ . . ."

နွားစာစဉ်းနေရင်းမှ ချက်ကြီးတစ်ချက်လှည့်ကြည့်ကာ သူ့အလုပ်သူ ပြန်လုပ်သည်။ သာဂိထန်းလျက်ခဲတစ်ခဲကို ကိုက်ကာ . . .

"သူတို့ ဘိလပ်သင်္ကြန်ဆိုတာ ငါတို့လို ရေပက်တာမဟုတ်ဘူးကွ. . လူတွေစုပြီး ဝိုင်းအော်ရတာတဲ့ . . . အဲဒါမှ သူတို့နှစ်သစ်က ကူးသွားတာ လို့ပြောတယ် . . ."

ချက်ကြီး နည်းနည်းတော့ စိတ်ဝင်စားသွားသည်။ သာဂိကို လှည့် ကြည့်ပြီး လှမ်းလာ၏။ နောက်တော့ သာဂိဘေးတွင် ထိုင်ကာ. .

"ဘယ်လို ဝိုင်းအော်ရတာလဲကွ . . ."

သာဂိက ချက်ချင်းမပြောသေး။ ရေနွေးကြမ်းကို ဇိမ်ခံမှုတ်နေလိုက် သေး၏။ ချက်ကြီးမှာဖြင့် ပါးစပ်အဟောင်းသားလေးနှင့် သာဂိကိုငေးကြည့် နေသည်။ သာဂိက ချက်ကြီးရဲ့စိတ်ဝင်စားမှုအရှိန်အမြင့်ရောက်မှ စကားဆို ဆက်၏။

"သူတို့ဘာသာစကားနဲ့ အော်တာပေါ့ကွ . . ဘာတဲ့. . ဟက်ပီး အရှူးကြီးယားဆိုလား . . ဟက်ပီးတိုးနီးယားဆိုလား . . ."

"ဟက်ပီးအရှူးကြီးယား ဟုတ်လား . . ဟာ မဖြစ်နိုင်ပါဘူးကွ . . . မင်းကလည်း အင်း . . တိုးနီးယားဆိုတာ ရှိသေးတာပဲ၊ တိုးနီးယားကတောင် ရှိသေးတယ်လေ . . ဒါဆို အင်္ဂလိပ်တွေလည်း တိုးနီးယားအကနဲ့ကြိုတာပေါ့





သာဂိအတိအကျမသိသော်လည်း သိက္ခာကျမည်စိုး၍ ခေါင်းညိတ် ပြလိုက်၏။

"ဒါနဲ့ သူတို့နှစ်ကူးက ဘယ်တော့လဲဟင် . . ."

"အဲ . . . ဟို . ."

သာဂိ အကျပ်ရိုက်သွားသည်။ သူလည်း ဘိလပ်နှစ်ကူး ဘယ်နေ့မှန်း အတိအကျမသိ။ မြို့က ဘုရားကျောင်းဆောင်တွေ ရောင်းတဲ့ဆိုင်က ကောင် လေးပြောလိုက်တော့ . . . ။ လတစ်လရဲ့ နောက်ဆုံးလိုလို . . . နှစ်တစ်နှစ်ရဲ့ နောက်ဆုံးနေ့လိုလိုသာ သိထား၏။ ရက်အတိအကျမသိ။ သို့သော် ချက်ကြီး ရှေ့မှာတော့ နည်းနည်းလေးမှ သိက္ခာကျခံလို့မဖြစ်၍ . . . .

ဟိုဟာကွ . . . ဟို . . သူတို့ အင်္ဂလိပ်လရဲ့ နောက်ဆုံးနေ့တဲ့ကွ . . . အဲဟို . . သူတို့နှစ်ရဲ့ နောက်ဆုံးနေ့လို့ပြောတယ် . . ."

ချက်ကြီး ဘာမှန်းညာမှန်းမသိ ခေါင်းတဆတ်ဆတ်ညိတ်၏။ ပြီးတော့ အဝေးတစ်နေရာသို့ ခပ်တွေတွေလေးကြည့်ကာ . . .

"အေးကြည်မကို သတိရလိုက်တာကွာ . . ."

"ဟာ . . ဘာဆိုင်လို့လဲကွ . . ."

သာဂိ ရေနွေးကြမ်းသောက်နေရင်းမှ သီးသွားကာ ချက်ကြီးကို ကြောင်တောင်တောင်နဲ့ကြည့်တော့ ချက်ကြီး ဆွေးဆွေးမြည့်မြည့်လေးနှင့် သူ့စကားသူဆက်သည်။

"အေးကြည်မက ငါ့ကို သုံးနှစ်သုံးမိုးစောင့်ကြည့်နေတာ . . ဒီနှစ် သင်္ကြန်ဆို သုံးနှစ်ပြည့်ပြီကွ . . ."

"အဲဒါနဲ့ ဘိလပ်နှစ်ကူးနဲ့ ဘာဆိုင်လို့လဲ ချက်ကြီးရာ . ."

"ဆိုင်တာပေါ့ကွာ . . တကယ်လို့သာ မင်းပြောသလို ဘိလပ် နှစ်ကူးနဲ့ဆို သုံးနှစ်သုံးမိုးက အမြန်ပြည့်ရင် ပြည့်သွားမှာကွ . . ."

သူပြောတော့လည်း ဟုတ်သလိုလိုဟု သာဂိတွေးမိသည်။ သင်္ကြန်က လေးငါးလလောက်တောင်လိုသေးကာ ဘိလပ်နှစ်ကူးက မကြာမီ ရောက်လာ တော့မည်ဆိုတာလောက်တော့ သိထား၏။ သို့သော် ဟုတ်ဟုတ်မဟုတ်ဟုတ်



www.burmeseclassic.com

www.burmeseclassic.com



သာဂိတို့ခွင်ဝင်သွားလေပြီ။ သူက ဘီလပ်နှစ်ကူးကို အလွန်ကျင်းပချင်နေသည်။ အခုတော့ သူ့ဘက်က အဖွဲ့ဝင်တစ်ယောက်ရပြီ။ သူ ချက်ကြီးကို အသုံးချလိုက်လျှင် မျက်ပြူးတို့၊ ခွေးပုတို့၊ ကြက်ဖတို့ကို စည်းရုံးရတာ သိပ်ခက်မှတော့မည် မဟုတ်ဟုတွေးလိုက်ကာ . . .

"မင်းပြောတာမှန်တယ် ချက်ကြီး . . ဘာပဲဖြစ်ဖြစ် နှစ်ကူးတာချင်းအတူတူ . . . ဒီဘီလပ်နှစ်ကူးမှာသာ မင်း အေးကြည်မကို စည်းရုံးနိုင်ရင်ပြီးပြီကွ . . ."

"ဟုတ်တာပေါ့ကွာ . . ဒါပေမဲ့ . . အင်း . . ."

ချက်ကြီး ဘာကိုတွေးမိလို့လဲ မသိ။ သက်ပြင်းကြီးချကာ ငြိမ်ဆင်းသွားသည်။ ဘာဂိ နည်းနည်းလန့်သွားရပြီး ချက်ကြီး ဒီကိစ္စမှာ စိတ်ပျက်သွားလို့မဖြစ်မှန်း သဘောပေါက်လိုက်ကာ . . .

"ချက်ကြီး . . မင်း ယောက်ျားမဟုတ်ဘူးလား . . ဘာကို စိတ်ညစ်သွားတာလဲ . . ."

"အေးကြည် . . အေးကြည်မက ဘီလပ်နှစ်ကူးကို လက်ခံပါ့မလား . . . သာဂိရာ . . အဲဒါ တွေးမိလို့ပါ . . ."

"ဟာ . . ချက်ကြီးရာ . . မင်းကွာ . . အ,ရန်ကော . . သူ့ကို မသိသိအောင် စည်းရုံးရမှာပေါ့ကွ . . ဒီမှာ ချက်ကြီး အဲဒါ ငါတာဝန်ထား . . ."

ချက်ကြီး သူ့ကို မယုံတစ်ဝက် ယုံတစ်ဝက်နှင့် လှည့်ကြည့်၏။ ချက်ကြီးကို သူနည်းနည်းထပ်စည်းရုံးရင် ပါလာပြီဆိုတာ သာဂိ သဘောပေါက်လိုက်၍ . . .

"ချက်ကြီး . . ငါ့မျက်နှာကို သေချာကြည့်စမ်း . . မပိုင်ရင် ခြင်တောင်မရိုက်ဘူး . . ပိုင်ရင် ဆင်တောင် ပိုက်ကွန်နဲ့ဖမ်းရဲတဲ့ကောင်ကွ . . . . . ."

ဟုတ်သော်ရှိ . . မဟုတ်သော်ရှိ သာဂိစကားကြောင့် ချက်ကြီး အားတက်သွားကာ သာဂိကိုယုံပြီး သူ့ဘဝတစ်ခုလုံးပုံအပ်လိုက်ပါတော့သည်။ ချက်ကြီး၏ ခေါင်းညိတ်မှုအပြီး သာဂိနောက်အစီအစဉ်ကို ဆက်၏။

"အင်း . . တကယ်တော့ ဒီလောက်ပျော်ဖို့ကောင်းတဲ့ပွဲမှာ ငါတို့





နှစ်ယောက်တည်း ဆင်နွှဲလို့မကောင်းဘူးကွ . . ဟိုကောင်တွေကိုလည်း အသိပေးမှ ကောင်းမယ်ထင်တယ် . . ."

ချက်ကြီး . . သာဂိ ဘာကိုဆိုလိုမှန်းသိသည်။ ဒါကြောင့် အားတက်သရောပင် . . . .

"ဟုတ်တာပေါ့ကွ . . တော်ကြာ ကြက်ဖကြီးတို့က သူတို့ကို အသိမပေးလို့ စိတ်ကောက်နေဦးမယ် . . ."

ဒီအချိန်မှာ သာဂိဘာလုပ်လုပ် သူလိုက်ဖို့ အဆင်သင့်ပင်။ သူ့အတွက် အရေးကြီးဆုံးက အေးကြည်မ . . ။ အေးကြည်မအတွက်ဆိုသူကြီးအိမ်က ထိပ်တုံးတောင် ထင်းဆိုက်ပစ်ရဲသည့်အနေအထားမှာရှိသည်။ အဲဒီလောက်ချစ်၏။ နောက်ဆုံး သူတို့နှစ်ယောက်တိုင်ပင်ပြီး ကာလသားတွေအစုံဆုံးနေရာဖြစ်သည့် ကြက်ဖကြီးထန်းရည်တဲသို့ သုတ်ခြေတင်ခဲ့ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



“ဟင် . . ဘာရယ် . . .”

“ငါ . . ငါလည်း အတိအကျမသိဘူး . . ဒီကောင်ပြောတာ”

ကြက်ဖကြီးကိုနားလည်အောင် သူ့မပြောပြတတ်တော့၍ ချက်ကြီး သာဂိဘက်သို့ လွှဲချလိုက်ရတော့၏။ ကြက်ဖကြီး ထန်းရည်သောက်ရင်းမှ ချက်ကြီးစကားကြောင့် ချာလပတ်လည်သွားကာ အူလည်လည်နှင့် သာဂိကို ကြည့်စဉ် . . . .

“ကြက်ဖကြီး ဒီလိုကွ . . ငါတို့ရွာမှာလည်း ပွဲဆိုလို့ ဘုရားပွဲရယ်၊ သင်္ကြန်ရယ် ဒါပဲ . . အဓိကထားပြီး ကျင်းပကြတာကလား . . အဲဒီတော့ ငါတစ်ခုစဉ်းစားမိတယ် . . တကယ်လို့ ငါတို့လူငယ်တွေစုပြီး ပွဲလေးတစ်ခုတိုးပြီး ကျင်းပလိုက်ရရင် သိပ်ကောင်းမှာပဲလို့ တွေးမိလို့ပါ . . .”

ကြက်ဖကြီး ယခင်အူလည်လည်ဖြစ်နေရာမှ ယခုပိုရှုပ်သွား၏၊ သို့သော် အစည်းအဝေးကြီးတစ်ခုမှာ အရေးကြီးသော မိန့်ခွန်းကိုပြောနေသလို ပုံဖမ်းထားသော သာဂိကြောင့် အနည်းငယ်ရှိန်သွားကာ ဘာမှန်းညာမှန်းမသိဘဲ ငြိမ်ပေးနေရ၏။





“အဲဒီတော့ ငါတို့တွေစုပေါင်းပြီး မကြာသေးခင်အချိန်ကာလအတွင်းမှာ ပွဲလေးတစ်ပွဲကျင်းပဖို့ ငါစီစဉ်ထားတယ် . . . အဲဒါ မင်းတို့ကို ငါ လာတိုင်ပင်တာ . . .”

သူ့ကို တကူးတက လာတိုင်ပင်သည်ဆို၍ ကြက်ဖကြီး နည်းနည်းတော့ ခါးမတ်သွား၏။ ထို့ကြောင့် ဒီစကားဝိုင်းတွင် သူလည်းပါ ဝင်ပတ်သက်နေကြောင်း သိလိုက်ရ၍ . . . .

“ဘာ . . . ဘာပွဲလဲ သာဂိ . . .”

“ဘီလပ်နှစ်ကူး . . .”

“အန် . . .”

ကြက်ဖကြီး မျက်လုံး ချာလည်ချာလည်ဖြစ်သွားကာ ‘ဘီလပ်နှစ်ကူး’ ဆိုတဲ့ စကားလုံးကို အသေအလဲစဉ်းစားသွားသည်။ သို့သော် တော်တော်ကြာထိ အဖြေက အတိအကျ ထွက်မလာ . . .။

“ဘာ . . . ဘာ . . . ဘီလပ်နှစ်ကူးလဲ . . .”

သာဂိက အ,ရန်ကောဆိုသည့်အကြည့်နှင့်ကြက်ဖကြီးကို ခပ်နှိမ်နှိမ်ကြည့်ကာ . . . .

“အင်္ဂလိပ်တွေလုပ်တဲ့ နှစ်သစ်ကူးပွဲတော်ကွ . . ပွဲတော် . . အင်း မင်းနားလည်အောင် အရှင်းဆုံးပြောရရင် ငါတို့နှစ်ကူးမှာ ရေကစားသလို . . . သူတို့လည်း ကျင်းပတဲ့ပွဲ . . .”

“ဘာလဲ . . သူတို့လည်း ရေပက်ကြတာလား . . ဟာ . . ဒါတော့ မဖြစ်ဘူးထင်တယ် . . . သူကြီးက ပြောမှာပေါ့ . . သင်္ကြန်ကျမှ ရေပက်လို့ရတဲ့ ဟာကို . . .”

“ကျွတ် . . . ဘယ်ကလာ ရေပက်ရမှာလဲကွ . . အော်ရမှာ . . အော်ရမှာ . . .”

“ဟေ . . . အော်ရမှာ . . ဘယ်လို အော်ရမှာလဲ . . .”

သူတို့စကားဝိုင်းကို တခြားဝိုင်းမှလူများပါ စိတ်ဝင်စားလာကြပြီး ‘ဘီလပ်နှစ်ကူး’ဆိုတဲ့ စကားလုံးစိမ်းစိမ်းကြောင့်လည်းကောင်း၊ ‘ပွဲ’ဆိုသော



www.burmeseclassic.com

www.burmeseclassic.com



စကားပါနေသောကြောင့်လည်းကောင်း . . . အားလုံး အာရုံစိုက်လာကြ၏။ သာဂိက ဒါကိုသိ၍ ခုနကထက် အသံကိုအရှိန် ထပ်မြှင့်ကာ . . .

"အေး . . မင်းမသိရင် မှတ်ထား . . သူတို့နှစ်ကူးက ငါတို့တွေ ရေပက်သလိုပဲ လူတွေစုပြီးဝိုင်းအော်မှ နှစ်သစ်ကိုကူးတာကွ . . အဲ . . ဘာအော်ရသလဲဆိုတာတော့ ငါနောက်မှပြောပြမယ် . . . အရေးကြီးတာက ငါတို့ရွာမှာ တစ်ခါမှမလုပ်ဖူးတဲ့ ဒီပွဲလေးကို လုပ်လိုက်ရင် ဘာပဲဖြစ်ဖြစ် လူတွေက ငါတို့ကိုအထင်ကြီးလာကြမှာပဲကွ . . သူတို့တွေ ငါတို့ကို အထင် သေးထားသမျှတွေ ဒီပွဲတစ်ခုတည်းနဲ့တင် ဒီကောင်တွေ အမြင်ကျယ်ပါ လားဆိုပြီး ချက်ချင်းအထင်ကြီးလေးစားသွားမှာ အသေအချာပါပဲ . . ."

အားလုံး၏ မျက်လုံးများ သာဂိပေါ်ကျရောက်ကုန်ကြပြီ . . .။ တော်တော်လေးလည်း စိတ်ဝင်စားလာကြပြီး သူတို့တွေလည်း ဒီပွဲမှာ ပါဝင် ချင်ကြ၏။ တစ်ရွာလုံး အထင်ကြီးလေးစားမယ့်ကိစ္စကို တစ်ယောက်မှ လက်မ ရှောင်ချင်ကြတော့ . . .။ နောက်ဆုံးတော့ သာဂိနားသို့ တစ်ဆိုင်လုံး ဝိုင်းအုံ လာကြပါတော့သည်။

သာဂိကတော့ အချိုရှာ သကာတွေ့လေပြီ။ သူ့ မဟာအကြံ အစည်ကြီး အောင်မြင်တော့မည်ဆိုတာသိလိုက်ရပြီးနောက်လာသူ အားလုံး တို့ သူသိထားသမျှတွေအကုန် အာပေါင်အာရင်းသန်သန်နှင့် ရှင်းပြလိုက် တော့၏၊ တချို့ဟာတွေဆို လိုတာထက်ပိုပြီး ဟုတ်တာရော မဟုတ်တာရော ထည့်ပြောပြလိုက်သည်။

ထို့ကြောင့် နောက်ဆုံးတွင် သာဂိ၏ဘီလပ်နှစ်ကူးအစီအစဉ်ကြီး သည် ကြက်ဖကြီးထန်းရည်တဲတွင် အားလုံးသဘောတူအထမြောက် သွားပါ လေတော့သည်။

ကာလသားများအားလုံး တပြုံးပြုံးနှင့် ထိုနေ့ညနေသည် ကြက်ဖကြီး ထန်းရည်တဲ၏ အစည်ကားဆုံးနေ့ဆိုလည်း မှားမည်မထင်ပေ။



၁၁ ယာကုန်းရွာကလေး၏ နောက်တစ်နေ့ နေ့လယ်ခင်းတွင် ခေတ်အစားဆုံးအရာကို စာရင်းကောက်ကြည့်ပါက 'ဘီလပ်နှစ်ကူး'သည် ထိပ်ဆုံးကပါဝင်နေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ဘီလပ်နှစ်ကူးသည် လူတိုင်းပါးစပ်ဖျားတွင် သူကြီးနာမည်ထက်တောင် ရေပန်း စားနေသောကြောင့်ပင် ဖြစ်လေသည်။ တချို့ဆို ထိုစကားလုံးကို ဘာမှန်း ညာမှန်းမသိသော်လည်း သူများပြောလို့ လိုက်မပြောနိုင်လျှင် သိက္ခာကျ ည် ိုးသောကြောင့် အလွတ်ကျက်ထားကြသူတွေတောင်ရှိသည်။ ဤသို့ဖြင့် သူကြီး အိမ်မှ ထမင်းဝိုင်းမှအစ ဗိုက်ပူတို့ကြက်ချီးတို့ ကလေးဝိုင်းတွေအထိ ဘီလပ် နှစ်ကူးသည် ဟိုးလေးတကျော်ကျော် ဖြစ်ခဲ့ရလေတော့သည်။ နောက်ဆုံး ဘီလပ်နှစ်ကူးကို မသိလျှင် ခေတ်နောက်ကျနေသူပမာ အထင်အမြင်ခံရသည် အထိပါ ဖြစ်လာသောကြောင့် ရွာဦးကျောင်းဆရာတော်တောင် ဆွမ်းအုပ် လာယူသည့် သူကြီးကတော်ဒေါ်စိန်မြကို အနည်းငယ်မေးစမ်းရပါတော့၏။

"ဒကာမကြီး . . . ."

"ဘုရာ့ . . ."

"အင်း . . . လောကီအရေးတွေကတော့ ဘုန်းကြီးနဲ့မဆိုင်ပေမယ့် ကျောင်းသားလေးတွေကမေးလာလို့ စုံစမ်းကြည့်တာပါ . . ."

"တင်ပါ့ဘုရား . . . ဘာများပါလိမ့်ဘုရား . . ."

"တခြားတော့မဟုတ်ပါဘူး . . ဒကာမကြီးရဲ့ . . အဲ . . ဘီလပ် နှစ်ကူးဆိုတာ ဘာတုံး . . ."



www.burmeseclassic.com

www.burmeseclassic.com



"အဲ . . ."

ဒေါ်စိန်မြ မျက်လုံးလေး ကလယ်ကလယ်ဖြစ်သွား၏။ သူလည်း ကြားဖူးထားသော်လည်း အတိအကျ ဘာမှမသိ။ ဟိုနေ့ကတောင် အဲဒီကိစ္စ သူ့ယောက်ျားကို မေးကြည့်သေးသည်။ သူ့ယောက်ျားကိုယ်တိုင်လည်း ယောင်ချာချာ . . .။ သို့သော် တစ်ရွာလုံး ကြောက်ရွံ့လေးစားသော ဆရာတော်ကိုယ်တိုင်ကမေးတော့ ဒေါ်စိန်မြ ဘာဖြေရမှန်းမသိ။ မသိပါဘူး ဘုရား ဟု ဖြေလိုက်ရင်လည်း သူကြီးကတော်တစ်ယောက်လုံးလုပ်ပြီး ဗဟုသုတနည်းရသလား အထင်ခံရဦးမည်။ ထို့ကြောင့် ဒေါ်စိန်မြတစ်ယောက် ဆရာတော်ရှေ့တွင် ထိုင်ရမလို ထရမလိုဖြစ်သွားကာ. .

"အင်း . . အဲ . . ဘီလပ်နှစ်ကူး . . အဲ . . ဟို. . ဘီ. . ဘီလပ်နှစ်ကူးဆိုတာ . . ဟို . . အင်း . . ."

ဆရာတော် အဲဒီလောက်ဆို သဘောပေါက်သွားကာ ဒေါ်စိန်မြကို ပြန်လွှတ်လိုက်ရတော့၏။

"ကဲ . . ဒကာမကြီး . . အတိအကျမသိလည်း မပြောပါနဲ့ . . သွားတော့ . . သွားတော့ . . ."

ဒေါ်စိန်မြ ကုပ်ကုပ်ကလေးထွက်သွားတော့ ဆရာတော် သက်ပြင်းချတာ ဘုရားခန်းထဲဝင်သွားပါတော့သည်။ ဒီကိစ္စကို သူကိုယ်တိုင် စုံစမ်းမှ ဖြစ်တော့မည်ဆိုတာကိုတော့ ဆရာတော် နားလည်လိုက်ပါသည်။

အဲဒီအချိန်တွင် သာဂိတို့အုပ်စုကတော့ ရွာအနောက်ဘက်ကတန်ဘေးတွင် ရောက်နေကြ၏။ သာဂိ၊ ချက်ကြီး၊ ခွေးပု၊ မျက်ပြူး၊ ကြက်ဖကြီး၊ ကြတ်ရိုး၊ ချက်စူ . . .။ အားလုံး လူစုံတက်စုံ . .။ လာရင်းအကြောင်းက ရေခပ်ဆင်းလာသည့် အေးကြည်မကို ချက်ကြီးက စကားလိုက်ပြောရန် . . . .။

"ချက်ကြီး ငါပြောတာ မင်းမှတ်မိတယ်နော် . . ဒီကိစ္စမျိုးဆိုတာ နည်းနည်းမှ အမှားခံတာမဟုတ်ဘူးနော် . . ဟေ့ကောင်"

"အေးပါကွာ . . မင်းကလည်း ငါ ဒီလောက်တော့ဖြစ်ပါတယ်"

ချက်ကြီးက သူ့ကို အထင်သေးစကားပြောသော သာဂိကို မကျေ





နပ်ပြန်ပြောရင်း ရွာလယ်လမ်းသို့မျှော်ကာကြည့်၏။ ခဏနေတော့ အေးကြည်မ ရေအိုးလေးခါးပေါ်တင်ကာ ထွက်လာတာတွေ့လိုက်ရသည်နှင့် . . . .

"ဟာ . . ဟေ့ကောင် . . လာ . . လာနေပြီ . . ."

သာဂိတို့လည်း ကြိုတင်တိုင်ပင်ထားသည့်အ[illegible] အလျှို့လျှိုပုန်းအောင်းနေလိုက်ကြပါတော့သည်။

ဒီကိစ္စမျိုးဆိုတာ လူများရင် ပွဲပျက်တတ်တာ[illegible] . .။

အေးကြည်မက ချက်ကြီးကို အစောကြီးကတည်းက မြင်သော်လည်း မမြင်ချင်ယောင်ဆောင်ပြီး ဆက်လျှောက်လာလိုက်သည်။ သို့သော် ရင်က အဆမတန် ခုန်လွှန်းနေသောကြောင့် တွေ့ရာသီချင်းတစ် ပုဒ်ကောက်ဆိုပြီး ကျွန်တော်ထိန်းထားလိုက်၏။ ခဏကြာတော့ ချက်ကြီး သူ့နားရောက်လာကာ . . .

"အေး . . . ကြည် . . . မ"

"ဘာတုံး . . ."

ခပ်မာမာအသံကြောင့် ချက်ကြီး တွန့်ခနဲဖြစ်သွားပြီး အေး[illegible]မ မျက်နှာကို တစေ့တစောင်း လှေ့လာလိုက်ကာ ပြောသင့်မပြောသင့် တစ်[illegible] စဉ်းစား၏။ သို့သော် မပြောရင်လည်း မပြီးသည့်အတွက်ကြောင့် ရဲစိတ်တင်ကာ ခေါင်းကို တစ်ချက်ကုတ်လိုက်ပြီး . . .

"အေးကြည်မ . . . ဟိုဟာလေ . . နင်ဟာ. . ငါ့ကို. . ဟိုဟာ"

"ဘာတုံး . . ချက်ကြီးရဲ့ . . နင့်မလည်း ရှုပ်နေတာပဲ . ."

တကယ်တမ်းကျ ချက်ကြီးတို့ ဘယ်ကစပြောရမှန်းမသိတော့ သာဂိပြောတဲ့စကားတွေကိုလည်း တချို့တစ်ဝက်သာ မှတ်မိတော့သည်။ ဘာပဲဖြစ်ဖြစ် လိုရင်းကတော့ ဘီလပ်နှစ်ကူးတွင် အေးကြည်မ သူ့ကို အဖြေပေးဖို့ပင် . . . ဒါပဲ သူ့ခေါင်းထဲမှာ အဓိကထားထား၍ . . .

"အေးကြည်မ . . . နင် ငါ့ကို ဘီလပ်နှစ်ကူးကျ အဖြေပေးဟာ . ."

"ဘာ . . ဘယ်လို . . ."

"ဘီလပ် . . ဘီလပ်နှစ်ကူးကျ . . နင့် . . နင့်အဖြေလေး . ."

"တော်တော့ ချက်ကြီး . . ဘာ . . ဘီလပ်နှစ်ကူးလဲ . . မသိဘူး



www.burmeseclassic.com

www.burmeseclassic.com



. . သွား . . . ”

အေးကြည်မလှည့်ထွက်သွားတော့ ချက်ကြီးနောက်က အတင်းလိုက်ပြော၏။ သို့သော် ချက်ကြီး ဘယ်လောက်ပြောပြော အေးကြည်မက လက်မခံ။ နောက်ဆုံး နားပူနားဆာ အတင်းလုပ်နေသော ချက်ကြီးကို အေးကြည်မ နားငြီးလာကာ . . . .

“ဒီမှာ ချက်ကြီး . . ကျုပ်အဖြေကို သင်္ကြန်ရောက်မှပေးမယ် ပြောပြီးပြီပဲ . . သင်္ကြန်ရောက်မှ ယူချင်ယူ . . မယူချင် ကျုပ်နဲ့ရှင် တစ်သက်လုံး ဝေးပြီမှတ် . . . ”

တစ်သက်လုံး ဝေးရပြီဆိုတဲ့ စကားကြောင့် ချက်ကြီး ငယ်ထိပ်ကနေ ခြေဖျားအထိ တုန်နေအောင်လန့်ကာသွား၏။ ထို့ကြောင့် နောက်ထပ် စောဒက မတက်ရဲတော့ဘဲ ခေါင်းလေးပွတ်ကာ ပြန်လာခဲ့ရပါတော့သည်။

သာဂိတို့နဲ့တွေ့တော့ ချက်ကြီးကို ဝိုင်းဆူကြလေသည်။ ချက်ကြီး သာဂိတို့ကို ဘာမှပြန်မပြောပါ . . ဆွေးမြည့်ရီဝေနေသည့် မျက်ဝန်းတွေနှင့်သာ ကောင်းကင်ပြာကြီးကို မော့ကြည့်ရင်း . . .

“အေးကြည်မ . . . အေးကြည်မ နင်ဟာ သိပ်လှသလောက် သိပ်မာနကြီးပါလား အေးကြည်မ . . . အေး . . ချက်ကြီး ဘာကောင်ဆိုတာ နင်တစ်နေ့ သိစေရမယ်ကွ . . သိစေရမယ် . . . နောက်မှ ချက်ကြီးလို အမြင်ကျယ်တဲ့ယောကျ်ား၊ တစ်ရွာလုံးလေးစားခံရမယ့် ယောကျ်ားမျိုးနဲ့မှ ပေါင်းချင်ပါတယ်ဆိုပြီး အရေးဆိုမလာနဲ့ . . ဟား . . . ဟား . . . တွေ့မယ် အေးကြည်မ . . . တွေ့မယ် . . . ”

သာဂိတို့ ကြောင်တောင်တောင်နှင့် ချက်ကြီးကိုဝိုင်းကြည့်ကြ၏။ ပြီးတော့ သူတို့အချင်းချင်း တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ လက်တို့ပြီးထွက်ခဲ့လိုက်တော့သည်။ ချက်ကြီးကတော့ ကောင်းကင်ကြီးကို မော့ကြည့်ပြီး ပြောလို့ . . . ဆိုလို့ . . ကောင်းတုန်း . . . ။



ရွာကို စပါးလာကောက်သည့် မြို့ပွဲစား ကိုအောင်ဘုဆီက သိလိုက်ရတာက အင်္ဂလိပ်တွေရဲ့ ဘီလပ်နှစ်ကူးအချိန်အခါမှာ ဒီဇင်ဘာလ (၃၁)ရက်နေ့ဟု ဆိုခြင်းပင်။ မြန်မာလနဲ့တွက်ရင် နတ်တော်လဆုတ်ထဲမှာ ဖြစ်ဖို့များသည်ဟု သာဂိတွေးကြည့်သည်။ ဒါဆို သိပ်မလိုတော့ . . . အနည်းဆုံး တစ်ပတ်လောက်ပဲ အချိန်ရတော့မည်။ သူတို့အားလုံး ကြိုတင်ပြင်ဆင်ရတော့မည်ဆိုတာ တွေးမိလိုက်ချိန်တွင် ပထမဆုံး ပြဿနာတွေ့ခြင်းမှာ ဘာကိုစပြီးပြင်ဆင်ရမှန်း လုံးလုံးမသိခြင်းပင်။

ဘုရားပွဲဆိုလည်း ဇာတ်ပွဲကိစ္စ၊ ဆိုင်းဝိုင်းကိစ္စ ကြိုတင်စီစဉ်ထားလို့ရသည်။ သင်္ကြန်ဆိုရင်လည်း ရွာလယ်မဏ္ဍပ်အတွက် သစ်၊ ဝါးတွေ ကြိုတင်စီစဉ်၊ တောထဲဝင် ဝါးခုတ်၊ တစ်အိမ်တက်ဆင်း အလှူငွေ ကောက်စသည်ဖြင့် ကြိုတင်လုပ်ထားနိုင်၏။ အခု ဘီလပ်နှစ်ကူးတွင် သူတို့ဘာတွေ စလုပ်ရမှန်းမသိဖြစ်နေသည်။

မုန့်လုံးရေပေါ် ကျွေးပြီး ကြိုဆိုရကောင်းမလားဟု စတင်တွေးကြည့်သည်။ ဒါလည်းမဖြစ်သေး . . ။ အင်္ဂလိပ်တွေက မုန့်လုံးရေပေါ်ထန်းလျက်ခဲဘယ်လိုထည့်သလဲဆိုတာတောင် သိတဲ့လူတွေမဟုတ်။ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်တွေ သူတို့ရဲ့ ဘီလပ်နှစ်ကူးမှာ မုန့်လုံးရေပေါ် လုပ်ပြီး ကြိုဆိုမှာ မဟုတ်၍ ဒီအစီအစဉ်ကို လက်လျှော့ပစ်လိုက်သည်။ နောက်ထပ် တစ်ချက် ထပ်စဉ်းစားသည်။ သက်ကြီးရွယ်အိုတွေကို ခေါင်းလျှော် ရေချိုးပေးလိုက်ရင်ကော . .။ ပိုတောင်ဆိုးသွားသည်။ ဒီလောက်အေးတဲ့ရာသီမှာ ဒီကိစ္စကို ဘယ်လိုမှလုပ်လို့မဖြစ်။ လူကြီးတွေ ဖျားနာကုန်ကြလျှင် သူကြီးရဲ့ထိပ်တုံးက ဒီအတိုင်း လက်ပိုက်ကြည့်နေမည် မဟုတ်ပေ။ အခုတောင် သူကြီးက သူတို့ အဖွဲ့ကို သိပ်ကြည့်မရတော့။ ရွာထဲမှာ နေ့ရှိသရွေ့ ဘီလပ်နှစ်ကူးကိစ္စကို ခေါင်းစဉ်တပ်ကာ လူတွေ့တိုင်း လိုက်ပြောနေသောကြောင့် အမြင်ကတ်နေသည်။ သို့သော် သူကြီးကိုယ်တိုင်လည်း ထိုကိစ္စ ဝေဝါးဝါးဖြစ်နေ၍ ဘာမှန်းမသိ ညာမှန်းမသိလွှတ်ထားခြင်းပင်။ ဟိုနေ့ကတောင် သူ့အိမ်ရှေ့ကဖြတ်သွားသော ကြက်ဖကြီးကို ခေါ်မေးသေးသည်။ ကြက်ဖကြီးလည်း သာဂိပြောသမျှတွေကို တတ်သလောက်မှတ်သလောက် ပြန်ပြောပြ၏။ သူကြီးခမျာ နားလည်သလိုလို ရှိသွားသော်လည်း နောက်ဆုံးတော့ ခေါင်းလေးတညိတ်ညိတ်လုပ်ကာ အလည်လည်နှင့် ကျန်ခဲ့လေ၏။

"ငါတို့ ဘီလပ်နှစ်ကူးဖို့ သာထွန်းကြီးဆိုင်းဝိုင်းငှားမယ်ကွာ။ ပြီးတော့ တစ်နေ့လုံး တီးကြကကြပြီး ကြိုမယ်ကွာ . ."

"ဟာ . . အခ်ိပွဲယ်မရှိတာ မျက်ပြူးရာ . . ဘီလပ်နှစ်ကူးဆိုတာ နေ့ခင်းဘက်ကြိုရတာမဟုတ်ဘူးကွ . . ညကျမှကြိုရတာ . . ."

"ဟင် . . ညကျမှ ဟုတ်လား . ."

မျက်ပြူး မျက်လုံး အရင်ကထက်ပိုပြူးသွား၏။

"ဟုတ်တယ် . . ညကျမှ ကြိုရတာ . . ဘာတဲ့ . . ဟို . . သန်းခေါင်ကျော်တာနဲ့ အော်ရမှာတဲ့ . . ."

"မင်း ဘယ်လိုလုပ်သိလဲ . . ပထမ မင်းပြောတော့ အော်ရင်ပြီးရော ဆို . . . အခု သန်းခေါင်မှ ငါတို့ထအော်ရင် တစ်ရွာလုံး ထွက်ရိုက်မှာပေါ့ကွ"

"ဟုတ်တယ်ကွ . . ငါလည်း ပထမတော့ နေ့ခင်းဘက်လုပ်တယ် ထင်တာ . . ဟိုနေ့ကမှ ကိုအောင်ဘု ထပ်ရောက်လာလို့ သေချာ စုံစမ်းကြည့်





တော့မှ သိရတာ . . ."

"မင်းဟာ သေချာလို့လားကွ . . ."

"သေချာပါတယ်ကွ . . ကိုအောင်ဘုက အရင်မြို့က အင်္ဂလိပ်ဘိုကြီးတစ်ယောက်အိမ်မှာ ခြံစောင့်လုပ်ဖူးတယ်ကွ . . သူပြောတာ သေချာပါတယ် . . ."

မျက်ပြူး ငြိမ်ကာသွား၏။ ဘယ်လိုလုပ်ကြမလဲဆိုတဲ့ သဘောနှင့် အားလုံးကိုဝေ့ကာကြည့်သည်။ သာဂိက မျက်ပြူးအခြေအနေကို ရိပ်မိလိုက်၍

"စိတ်မပျက်ပါနဲ့ မျက်ပြူးရာ . . ငါ့မှာ အကြံရှိပါတယ်ကွ . . ငါတို့ ဘာပြဿနာမှ မဖြစ်စေရဘူး စိတ်ချ . . ."

အားလုံး သာဂိစကားကြောင့် အားတက်သွားကာ မျက်လုံးတွေ အရောင်တောက်လာသည်။ သူတို့တွေ ဒီဘီလပ်နှစ်ကူးဆိုတဲ့ ပွဲကြီးကို အပျက်မခံချင်ပေ။ တစ်ရွာလုံးလည်း သိပြီးဖြစ်နေသောကြောင့် ဒီပွဲကြီးဖြစ်မလာရင် အရှက်ကွဲပေလိမ့်မည်။ အရင်ကတည်းက ဆန်ကုန်မြေလေးတွေဟု တစ်ရွာလုံးရဲ့ သတ်မှတ်ချက်ကို ဒီပွဲကြီးနဲ့အဖတ်ဆယ်ပြချင်တာလည်း ပါလေသည်။ ဒါကြောင့် အဖွဲ့ဝင်များများစားစား ဘယ်သူမှ တောင်ထပ်မခေါ်ချင်တော့။ ဒီအဖွဲ့လေးနဲ့ပဲ လုပ်ပစ်လိုက်မည်ဟု ကြိတ်တွေးထားကြသည်။ ဒါကြောင့် သာဂိဆီက စကားတစ်ခွန်းသည် ဒီအချိန်မှာ သူတို့အတွက် ဘဝတစ်ခုမျှအရေးကြီးနေပေသည်။

"ဘယ်မှာလဲ ဟင် . . ."

"ဘယ်နေရာလဲ သာဂိ . . ."

"ဟာ . . . လုပ်စမ်းပါဦး သာဂိရာ . . ."

သာဂိ အားလုံးကို တစ်ချက်ဝေ့ကြည့်ပြီး . . .

"ကြက်ဖကြီးထန်းတော . . . ."

www.burmeseclassic.com

www.burmeseclassic.com



ဒီဇင်ဘာ(၃၁)ရက်နေ့ည၏ အလင်းရောင်သည် လမိုက်ညလောက် နီးနီး မှေးမှိန်ပျောက်ကွယ်နေကာ ပတ်ဝန်းကျင်တစ်ခွင် မှောင်မိုက်တိတ်ဆိတ်နေ၏။ အရိုးကွဲမတတ်အေးစိမ့်လှသော ဆောင်းည၏ အအေးလှိုင်းသည် သာယာကုန်းရွာကလေးအနှံ့ဖြန့်ကျက်နေရာယူထားပါသည်။

တစ်ရွာလုံး ခွေးဟောင်သံပင် မကြားရလောက်အောင် မှောင်အေးတိတ်ဆိတ်နေသည့် ထိုအကာလ ညအခါ၏ မှုန်ပျပျအလင်းရောင်အောက်တွင် လူတစ်သိုက်သည် ရွာတောင်ဘက်ထန်းတောရှိရာသို့ လှုပ်စိလှုပ်စိနှင့်သွားနေကြ၏။

ထိုလူများမှာ သာဂိတို့ကာလသားတစ်သိုက်ပင် . . . ချက်ကြီးကသူ့အရိုးလေးအိမ်မှ ကြက်နှစ်ကောင်ကို အလစ်ဝင်ဆွဲလာကာ အသံမမြည်အောင် ပုဆိုးနှင့်ထုပ်လာ၏။

မျက်ပြူးက ရွာအလယ်ပိုင်းရှိ တရုတ်ကြီးဆိုင်မှ အချမ်းပြေ နှစ်ဂါလံပုံးတစ်လုံး ဝင်ထမ်းလာသည်။ ကြက်ရိုးက သူ့ခြံထဲမှ ဘူးသီး . . ။ ခွေးပုက ဒန်အိုး၊ ဒန်ခွက်တွေကို ဂုန်နီအိတ်နှင့် ထုပ်ကာ ယူလာသည်။





ကြက်ဖကြီးက ရှေ့မှဦးဆောင်သွားပြီး သာဂိက ကြက်ဖကြီး နောက်မှ လိုက်လာကာ လက်ထဲမှာလည်း ပစ္စည်းပေါင်းစုံ ထုပ်လာသည့် အထုပ်ကြီးတစ်ထုပ်က ပါလိုက်သေးသည်။

သူတို့ဒီည အလွန်တက်ကြွနေကြ၏။ တစ်ရွာလုံးကလည်း ဒီည သူတို့ကို အာရုံစိုက်နေကြမည်ဆိုတာ သူတို့သိထား၍ အလွန်ပျော်နေကြသည်။ အဘယ်ကြောင့်ဆိုသော် သူတို့ ဒီညတစ်ရွာလုံး ထူးဆန်းအံ့သြသွားရမည့် အင်္ဂလိပ်တွေကျင်းပတဲ့ပွဲမျိုးကို မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် ထူးခြားစွာပြုလုပ်မည်ဖြစ်ကြောင်း ရွာရိုးကိုးပေါက် လျှောက်ပြောထားသောကြောင့်ဖြစ်သည်။

တချို့တွေက သူတို့ကို အားကျကြသည်။ တချို့က ဘာသိဘာသာပင်။ ရွာကမိန်းမပျိုတချို့ကတော့ သူတို့ကို ခေတ်ဆန်သည်ဟု ထင်ကြေးပေးကြကာ အထင်ကြီးသည့်မျက်လုံးတွေနှင့်ဝိုင်း ကြည့်တာခံလိုက်ရသည်။ ချက်ကြီးဆို အေးကြည်မက လိုလိုလားလား စကားလာပြောတာကိုတောင် ခပ်တည်တည်ပြန်ဆက်ဆံပစ်လိုက်သည်အထိ ဘဝင်လေဟပ်သွားရသည်။ နောက်ဆုံးကိုယ့်အတွေးနှင့်ကိုယ်ပျော်လာရင်း ကြက်ဖကြီးထန်းတဲသို့ ရောက်ရှိလာပါတော့သည်။

ချက်ကြီးက ကြက်သားဟင်းကာလသားချက်ရန် တာဝန်ယူထားသူမို့ အဆင်သင့်တည်ထားသော ရေနွေးအိုးနားသို့ ကြက်နှစ်ကောင်ကို ဇောက်ထိုးဆွဲကာထွက်သွားသည်။ မျက်ပြူးက တဲထဲမှ ဝါးဆစ်ဘူး ခွက်ကလေးတွေယူကာ ပုံးနားကပ်သွား၏။ သာဂိနဲ့ကြက်ဖကြီးကတော့ အထုပ်တစ်ထုပ်ကို ဖြေကာ ကြိုတင်ကြံစည်ထားသည့်အတိုင်း ရေနံဆီဝနေအောင် စိမ်ထားသော ပုဆိုးစုတ်နှစ်ထည်ကို လုံး၍ကြိုးနဲ့ချည်ကာ ကြက်ဖကြီးကို ပေးလိုက်တော့သည်။

ကြက်ဖကြီးက ထိုအလုံးကို ခါးမှာချည်ပြီး ထန်းပင်ထိပ်ဖျားသို့ ကျင်လည်စွာ တက်သွားကာ ခွကြားတစ်နေရာတွင် ဝါးလုံးနှင့်စိုက်ကာ ထောင်ထားလိုက်လေသည်။ ကျန်လူများက နေ့ခင်းကထည်းကခုတ်ပြီး အသင့်ခွဲထားသည့် ဝါးဆစ်အပိတ်များကိုစုကာ မီးပုံဘေးတွင် ချထားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



အခေါင်းပေါက် ဝါးလုံးခပ်ကြီးကြီး ငါးချောင်းလောက်ကိုလည်း အရပ်လေးမျက်နှာလှည့်ကာ အမြောက်ထောင်သလို ထောင်ကာထားလိုက်သေးသည်။

ကာလသားချက်ကြက်သားဟင်း ကျက်ချိန်တွင် သူတို့အစီအစဉ်တွေ အားလုံးပြီးပြီ . . . အားလုံး ဆင်နွှဲရန်ပစ္စည်းတွေ အဆင်သင့် ဖြစ်တော့မှ တင်းအိုးကို အလယ်မှာချကာပါလာသည့်အရက်နှင့် ပျော်ပျော်ပါးပါး ပွဲတော်တည်ကြလေတော့၏။

သောက်ကြစားကြရင်း အချိန် တော်တော်ကြာလာတော့ သာဂိတ တပွိုင့်ယဦးကောက်ဆီမှ ငှားလာသော လည်ဆွဲနာရီလေးကို ကြည့်လိုက်တော့ စံတော်ချိန်(၁၁)နာရီတောင် ခွဲနေပြီ။ သာဂိ လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး အချိန်သိပ်မလိုတော့သောကြောင့် ခွေးပုကိုကြည့်ကာ . . . .

"ခွေးပု မင်းသွားတော့ . . . ."

ဝါးဆစ်ခွက်ထဲမှ လက်ကျန်ကို ခွေးပု ကျိုက်ခနဲ တစ်ချက် မော့ပစ်လိုက်ရင်းမှ . . .

"ဖြစ် . . . ဖြစ်ပါ့မလား သာဂိရာ . . ."

"ဟာ . . ဘာလို့မဖြစ်ရမှာလဲကွ . . ဘာလဲ မင်းကြောက်လို့လား"

"ငါ လူမကြောက်ဘူးကွ . . ငါ ကြောက်တာ . . ဟို . . . ဟို . . သ . . သချိုင်း . . ."

"ဟောကောင် . . ခွေးပု . . သရဲက လူကိုဘာမှမလုပ်နိုင်ဘူး . . . အမြန်သွားတော့ ဟောကောင် . . . ဒီမှာ အချိန်သိပ်မရှိတော့ဘူး"

ခွေးပု သာဂိကို ဘယ်လိုပြောပြောရတော့မည်မဟုတ်ဟု သိလိုက်ကာ အရက်နှစ်ခွက်ကို ဆင့်ကာမော့ပြီး ရဲဆေးတင်လိုက်၏။ နောက်တော့ သာဂိထုတ်ပေးသည့် မီးမရှို့ရသေးသော မီးတုတ်နှစ်ချောင်းကိုယူကာ ရွာဘက်သို့ သုတ်ခြေတင်လိုက်ပါတော့သည်။

နာရီသံတချက်ချက်သည် သူတို့အလယ်တွင် ကြီးစိုးကာနေ၏။ (၁၂)နာရီထိုးရန် (၁၀)မိနစ်ခန့်အလိုတွင် ကြက်ဖကြီး ထန်းပင်ပေါ်သို့





ပြေးတက်ကာသွား၏။

သူ့အလုပ်က(၁၂)နာရီထိုးတာနှင့် ထန်းပင်ပေါ်က မီးတုတ်ကို မီးရှို့လိုက်ရမည်။ ဒါမှရွာထဲ လှမ်းကြည့်လိုက်ရင် ပတ်ဝန်းကျင်တစ်ခုလုံး လင်းထိန်နေပြီး ထိုအချိန်တွင် ဝါးဆစ်ဘူးများကို မီးပုံထဲထည့်ကာ ဖောက်ပစ်လိုက်မည်။ ဝါးဆစ်ဘူးတွေ တအုန်းအုန်း ပေါက်ချိန်တွင် သာဂိတို့က ထောင်ထားသည့်ဝါးလုံးများမှာ ပါးစပ်တပ်ပြီး ဝိုင်းအော်ကြလိမ့်မည်။

နောက်ဆုံးအဆင့်အနေနှင့် ထိုသို့ဝိုင်းအော်ချိန်တွင် ခွေးပုက ရွာ၏ဟိုဘက်ထိပ်မှစ၍ ယူသွားသော မီးတုတ်နှစ်ချောင်းကို မီးရှို့ကာ ရွာလယ်လမ်းအတိုင်းပြေး၍ သူတို့ ထန်းတောဆီသို့ လှမ်းလာရန်ဖြစ်လေသည်။ လုပ်ထားတဲ့ အစီအစဉ်လေးတွေကတော့ တော်တော်လှပသည်ဟု သူတို့ကိုယ်သူတို့ ထင်ထားကြသည်။

ဒါမျိုးရွာမှာ ဘယ်သူမှ မလုပ်ဖူး၍ နောက်ဆို သူတို့အားလုံး 'ဘီလပ်နှစ်ကူး'ကို စတင်ပုံဖော်သူတွေလို့တောင် အားလုံးက အထင်ကြီးလေးစားတာ ခံရလိမ့်ဦးမည်ဖြစ်လေသည်။

"အချိန်ကျပြီ . . ကြက်ဖကြီး . . ရှို့ . . ."

သာဂိအသံ ညဥ့်လယ်ယံကို ဟိန်းခနဲ ဖောက်ထွက်လာသည်နှင့် ကြက်ဖကြီးထန်းပင်ပေါ်သို့ စိုက်ထားသော မီးတုတ်ကို မီးရှို့ပစ်လိုက်တော့၏။

သူ့တာဝန်က ထိုမီးတုတ်ကို စောင့်ကြည့်ရန်ဖြစ်သော်လည်း သာဂိတို့နှင့် နောက်ဆက်တွဲမှာမပါလိုက်ရမည်စိုး၍ ချက်ချင်း ပြေးဆင်းလာလိုက်သည်။

ထန်းပင်ထက်က မီးတုတ်အလင်းရောင်သည် ပတ်ဝန်းကျင်တစ်ခုလုံး ထိန်ထိန်ညီးသွားချိန်တွင် သာဂိတို့ဝါးဆစ်ဘူးတွေကို တစ်လုံးပြီးတစ်လုံး မီးဖိုထဲပစ်သွင်းလိုက်တော့၏။

"ဘုန်း . ."

"ဝုန်း . . ."

"ဘုန်း . ."



www.burmeseclassic.com

www.burmeseclassic.com



"ဘုန်း . . ."

"အုန်း . ."

ဝါးဆစ်ဘူးကွဲသံများ ပတ်ဝန်းကျင်တစ်ခုလုံး ညံစီသွားချိန်တွင် . . .

"ဟက်ပီးတိုးနီးယား . . ."

"ဟက်ပီးတိုးနီးယား . . ."

"ဟက်ပီးတိုးနီးယား . . ."

မီးတုတ်နှစ်ချောင်းကို ခွေးပုကိုင်ကာ ရွာထိပ်မှထန်းတောဆီသို့ အသားကုန်ပြေး၏။ တစ်ရွာလုံးလည်း သူတို့အသံများကြောင့် ထန်းတော ဘက်သို့ ဝိုင်းအုံထွက်ကြည့်နေချိန်တွင် ခွေးပု မီးတုတ်ကြီးဆွဲပြီး ရွာလယ် လမ်းအတိုင်း ပြေးလာတာတွေ့လိုက်ရ၍ ကြောင်စီစီနှင့်ဝိုင်းကြည့်တော့၏။

ခွေးပုက သူ့ကိုရွာက လူတွေ ညကြီးမင်းကြီးထွက်ကြည့်နေကြ၍ တော်တော်ကလေး ဘဝင်မြင့်သွားကာ သူ့မျက်နှာက မီးရောင်နဲ့ဟပ်ပြီး တင်းမာကာနေ၏။

ပြေးရင်းနှင့်ရွာအလွန်တွင် ကန်သင်းရိုးကို ခလုတ်တိုက်ကာ လဲကျ သွားပြီး မီးတုတ်နှစ်ချောင်းလုံး မြေကြီးပေါ် ပြုတ်ကျသွားတော့သည်။

ခွေးပု ကုန်းထပြီး ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်တော့ သချိုင်း . . . ၊ တစ်ကိုယ်လုံး ကြက်သီးတွေထကာ ထိတ်လန့်တုန်လှုပ်သွားပြီး ထန်း တောနှင့်သချိုင်းသည် တော်တော်ဝေးသေးကြောင်း သိလိုက်ရချိန်တွင် ခွေးပု ဘာကိုမှ မစဉ်းစားနိုင်တော့ဘဲ ရွာဘက်သို့သာ ကိုယ်လွတ်ရုန်းပြန်လှည့်ပြေး လာတော့သည်။

သာဂိနားထဲတွင် တစ်ဗျစ်ဗျစ်မြည်သံ ပိုမိုကျယ်လောင်လာပြီး အြဲလိုလိုအရာတွေ သူ့ခေါင်းပေါ်လာကျချိန်တွင် ကြက်ဖကြီးကိုရှာလိုက် သည်၊ ကြက်ဖကြီး ကြက်ရိုးတစ်ချောင်းကို စိမ်ပြေနပြေစုတ်ကာ ပုံးထဲမှ အရက်ကို ငှဲ့ထည့်နေတာ တွေ့လိုက်ရစဉ်တွင် . . . .

"ကြက် . . ကြက်ဖကြီး . . မင်း . . မင်း . . မီးတုတ်ကော"

ကြက်ဖကြီး အရက်ငှဲ့နေရာမှ မျက်လုံးလေး ကလယ်ကလယ်နဲ့





လှည့်ကြည့်ပြီး . . . .

"မီးတုတ် . . မီးတုတ် . . ဟာ . . ငါ . . ငါ့မီးတုတ် . . ."

အခုမှ သတိရသွား၍ ထန်းပင်ပေါ် အားလုံးမော့ကြည့်လိုက် ချိန်တွင်

"ဟာ . . လုပ်ပါဦး . . လုပ်ကြပါဦး . . ငါ့ထန်းပင်ကြီး . . အမယ် လေး . . လုပ်ပါဦး . . ."

ကြက်ဖကြီး အရက်ပုံးပစ်ချကာ ပုဆိုးကွင်းသိုင်းပြီး ထန်းပင်ရှိရာ ကြောက်လန့်တကြားပြေး၏၊ သို့သော် မမီတော့ပေ . . . မီးက ထန်းပင် ထိပ်ပိုင်းကို သဲကြီးမဲကြီး လောင်နေလေပြီ . . . .။

ကြက်ဖကြီး သွေးရူးသွေးတန်းနှင့်ထန်းပင်ကို ပတ်ပြေးနေ၍ သာဂိတို့ မနည်းဝိုင်းဆွဲထားလိုက်ရ၏။ ထန်းပင်ပေါ်မှ မီးလောင်နေသော ထန်းလက်တို့ မြေပြင်ပေါ် တဖုတ်ဖုတ်ပြုတ်ကျနေ၍ သူတို့အားလုံး လွတ်ရာကျွတ်ရာ ပြေးကြရတော့၏။

တစ်ရွာလုံးလည်း ထန်းပင်တစ်ပင်လုံး မီးစွဲနေပုံကိုကြည့်၍ တအံ့ တသြ ဖြစ်နေကြလေသည်။ ဘိလပ်နှစ်ကူးတွင် ထန်းတစ်ပင်လုံး ဆုံးရှုံးခဲ့ရသော ကြက်ဖကြီးကိုလည်း အတော်လေးစားသွား၏။ ထိုအချိန်တွင် ထန်းတောပိုင်ရှင် ကြက်ဖကြီးအဒေါ် ဒေါ်ကုလားမက ရေအိမ်မှ ထွက်အလာ သူ့ထန်းတော ဘက် လှမ်းကြည့်မိချိန်တွင် . . .

"အောင်မလေး . . ကိုအေးရေ လုပ်ပါဦး . . ကျုပ် ထန်းတောတော့ သွားပြီ . . ကိုအေးရေ . . . အောင်မလေး ကိုအေးရဲ့ လုပ်ကြပါဦး . . . ရှင့်တူလုပ်ပုံ ကောင်းကြသေးရဲ့လား . . ကျုပ် ထန်းတော . . ကျုပ် ထန်းတော . . ."

ဒေါ်ကုလားမ ထဘီစွန်တောင်ဆွဲကာ အိမ်ပေါ်ပြေးတက်သွားပြီး သူ့ယောကျ်ား ကိုအေးကို နှိုး၏။ ကိုအေး နိုးလာတော့ ဒေါ်ကုလားမ ကိုကြည့်ကာ ရွာမီးလောင်သည်ထင်၍ သွေးရူးသွေးတန်းနှင့် ဘုရားစင် ကိုပြေးမ,တော့ . . . .

"အောင်မလေး ရှင်က ယောင်နေ . . . ဟိုမှာ ကျုပ်တို့ထန်းပင်



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ ထန်းတော . . . အောင်မလေး ကုန်ပြီ . . ကိုအေး ကုန်ပြီ"

ကိုအေး ဘုရားဆင်းတုတော်ကို ရင်ဝယ်ပိုက်ပြီး အပြင်ထွက်ကြည့်စဉ် သူ့ထန်းတောတစ်ခုလုံး လင်းထိန်နေတာတွေ့လိုက်ရချိန်တွင် . . .

"ဘုရား . . ဘုရား . . ကယ်ပါ . . . ဘုရား ကယ်ပါ . . . အောင်မလေး ဘုရားကယ်ပါ . . ."

ပြောပြီး နေရာမှာတင် ငုတ်တုတ်ကြီးပြုတ်ကျသွားတော့၏။

ထိုအချိန် ရွာတောင်ပိုင်းသို့ လူတွေပြေးလွှားသွားချိန်တွင် ဒေါ်ကုလားမ အိမ်ရှေ့ပြေးထွက်သွားပြီး . . .

"ဘာ . . ဘာဖြစ်ကြတာလဲဟင် . . ဘာဖြစ်ကြတာလဲ . ."

"သချိုင်း . . . သချိုင်းဇရပ်ကြီး မီးလောင်နေပြီ . . ."

"ဟင် . . ."

တစ်ရွာလုံး အုတ်အော်သောင်းတင်းတွေဖြစ်ကုန်၏။ သို့သော် အားလုံးစည်းလုံးညီညွတ်မှုကြောင့် မီးသည် ရွာဘက်သို့ကူးမလာဘဲ ငြိမ်းသွားလေတော့သည်။

သို့သော် ထိုနေ့ညသည် တစ်ရွာလုံး တစ်ရေးမှမအိပ်လိုက်ရဘဲ ပြီးဆုံးသွားကာ မနက်အလုပ်ပျက်ကြရတော့၏။ ဒေါ်ကုလားမနှင့် ကိုအေးတို့ လင်မယားနှစ်ယောက် ခြံထဲမှာပင် သတိလစ်မေ့လဲနေ၍ တစ်ရွာလုံး ဝိုင်းနှာနှပ်ပြုစုပေးလိုက်ရတာကလွဲလို့ တခြား အထိအခိုက် ဘာမှမရှိပေ . . .။

ဤသို့ဖြင့် သာဂိ စီစဉ်လိုက်သော ထူးဆန်းအံ့ဩဖွယ် ဘီလပ်နှစ်ကူးကြီးသည် တစ်ရွာလုံး မအိပ်လိုက်ရဘဲ ပြီးဆုံးသွားရပါတော့၏။ နောက်တစ်နေ့ သာဂိတို့ လူစုကို သူကြီးက အချုပ်ထဲထည့်ထားလိုက်ကာ သာဂိကိုတော့ စတင်စီစဉ်သူဖြစ်သည့်အတွက် ထိပ်တုံးခတ်ပြီး ရွာထိပ်ထွက်နေပူလှန်းထားလိုက်တော့၏။ ဒါတောင် တစ်ရွာတည်း သားတွေဖြစ်နေ၍ ညှာညှာတာတာဆုံးမလိုက်ခြင်းပင် . . .။

နောက်ဆုံးတော့ သာယာကုန်းရွာကလေး၏ 'ဘီလပ်နှစ်ကူး' သည် ဒေါ်ကုလားမ ထန်းပင်တစ်ပင်ဆုံးသွားသည့်အပြင် ရွာသချိုင်း ဇရပ်တစ်ခြမ်းပါ





မီးထဲပါသွားရလေတော့သည်။ သို့သော် သာဂိ၏ ဘီလပ်နှစ်ကူး ပွဲတော်ကတော့ တစ်ရွာလုံး၏ ရင်ထဲတွင် ဘယ်တော့မှ မေ့ပျောက်တော့မည်မဟုတ်ဆိုတာကိုတော့ ဒေါ်ကုလားမ၏ ထန်းပင်ကြီးက သက်သေခံနေလိမ့်မည်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



# မ, ရထားကြီး ပျော်ပျော်စီး





ရုတ်တရက်ဆိုတော့ ကျွန်တော်ကြောင့်တောင်တောင်ဖြစ်သွားသော်လည်း ဒါမျိုးဆို ဝါသနာက အလွန်ပါသောကြောင့်. .

"ဘယ်သွားမလို့လဲ ကိုမိုး"

"မန္တလေးကိုဗျ. . ဟိုက ဆရာတွေဆီ စာမူတောင်းခံလွှာသွားပေးရင်း မဂ္ဂဇင်းမိတ်ဆက်ပွဲလေးလည်း လုပ်ချင်လို့. . နှစ်ရက်လောက်ပါ"

**"အသက်လေးရယ် ရှည်စေလို**
**မန်းတောင်ရိပ်ခို"**

ကလေးဘဝကတည်းက. . ကြားဖူးနေကျ ထိုစကားပုံလေးကို ကြားမိလိုက်တိုင်း မန္တလေးတောင်ကြီးပဲ ကျွန်တော် ပြေးပြေးမြင်မိသည်။ မန္တလေးဆိုတာက ကိုယ်နဲ့စိမ်းတဲ့ ဒေသမဟုတ်ပေမယ့် မြို့အနှံ့တစ်ခါမှ မရောက်ဖူး၍ မစိမ်းသော်လည်း ခပ်ခွာခွာဖြစ်နေသောသဘောဖြစ်၏။ ခရီးသွားရင်း ဖြတ်သွားဖြတ်လာလောက်တော့ အကြိမ်ကြိမ်ရှိဖူး

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း မန္တလေးတောင်ပေါ် တစ်ခေါက်မှမရောက်ဖြစ်ခဲ့။ ငယ်စဉ်ကတော့ တစ်ခေါက်ရောက်ဖူးသည်ဟု ဆို၏။ ဒါတောင် မြွေကြီးနှစ်ကောင်ရှေ့ အိုက်တင်ပေး ရိုက်ထားသော ကိုယ့် ဓာတ်ပုံလေးမြင်မှ ယုံခဲ့ရသည်။ ကလေးဘဝဖြစ်၍ ဘာမှမမှတ်မိတော့။ အခု တော့ ထိုမန္တလေးနှင့်ကျွန်တော် နဖူးတွေ့ ဒူးတွေ့ ..တွေ့ရတော့မည့်အကြောင်းက ဖန်လာတော့သည်။ ကျွန်တော့်ထုတ်ဝေသူ ကိုမိုးကျေးဇူးကြောင့်ပင် ဖြစ်လေ တော့သည်။

တစ်ရက် ကျွန်တော် စာအုပ်တိုက်ရောက်တော့ မဂ္ဂဇင်းကိစ္စနဲ့ အလုပ်ရှုပ်နေသော ကိုမိုးက ကျွန်တော့်ကိုမြင်ပြီး ထိုင်ခိုင်းကာ ထုံးစံအတိုင်း လက်ဖက်ရည်မှာတိုက်၏။ ပြီးမှ..

"ကျွန်တော် မဂ္ဂဇင်းကိစ္စနဲ့ ခရီးသွားမလို့ဗျ၊ အဲဒါခင်ဗျားလိုက် လား.."

ကျွန်တော် စိတ်ဝင်စားသွားရုံတင်မကလိုက်ဖို့တောင် ဆုံးဖြတ်လိုက်ပြီး ဒီကြားထဲ ကိုမိုးမခေါ်ရင်တောင် အတင်းကပ်ကပ်ပြောပြီး လိုက်ဖို့အထိ ဆုံးဖြတ်လိုက်၏။ ဒါမျိုးဆို ဝါသနာက အလွန်ပါ၏။ ဒီလို ခရီးသွားရမယ် ဆိုလို့ကတော့ ကျွန်တော့်လိုကောင်မျိုးက ထမင်းမေ့၊ ဟင်းမေ့။ ပြီးတော့ မန္တလေးက နာမည်သိသော်လည်း မတွေ့ဖူးသေးသည့် စာရေးဆရာတွေနှင့်လည်း တွေ့ရဦးမည်။ ရထားနဲ့သွားရမည် ဆိုတာကလည်း ကျွန်တော့်စိတ်ကို သွက်ရှားသွားစေ၏။ တစ်သက်နှင့်တစ်ကိုယ် ရထားနှစ်ကြိမ်သာ စီးဖူးသေး၏။ တစ်ကြိမ်က ငယ်ငယ်ကဖြစ်၍ မမှတ်မိတော့။ နောက်တစ်ကြိမ်က မကြာသေးခင်နှစ်ပိုင်းက ဖြစ်သော်လည်း နေမကောင်း၍ ရထားပေါ်ရောက်ကတည်းက အိပ်လိုက်သွားတာ ဘာမှ မှတ်မှတ်ရရမရှိလိုက်၊ အခုတစ်ခါတော့ ရထားစီးရသည့် အရသာကို သေသေချာချာခံလိုက်ဦးမည်ဟု တွေးထားကာပျော်နေမိသည်။ (စရိတ်ငြိမ်းအလကားလိုက်ရမည်ဆိုသောကြောင့်လည်း စိတ်ဝင်စားကပါပါသည်)

ခရီးသွားဖို့ ရထားလက်မှတ်ဝယ်ပြီးပြီ၊ ညနေ(၅)နာရီ ရန်ကုန်က ထွက်မည့် အမြန်ရထား၊ ကျွန်တော်တို့က အထက်တန်းတွဲလက်မှတ် သုံးစောင်





ဝယ်ထားသည်။ သွားမှာက သုံးယောက်၊ ကိုမိုးရယ်၊ ကျွန်တော်ရယ်၊ မဂ္ဂဇင်း အယ်ဒီတာချုပ်အဖြစ်တာဝန်ယူထားသော ကိုချမ်းရယ်၊ အားလုံး သုံးယောက် ဖြစ်သောကြောင့် လက်မှတ်ကလည်းသုံးစောင်၊ သို့သော် လက်မှတ်ရပြီးပြီးချင်း ပြဿနာက စပေါ်ပါတော့သည်။ လက်မှတ်သုံးစောင်အနက်မှ နှစ်စောင်က တွဲတစ်တွဲဖြစ်၍ ကျန်တစ်စောင်က အခြားတွဲတစ်တွဲဖြစ်နေလေသည်။ ရထားလက်မှတ်အတွက် ကူညီ စီစဉ်ပေးသူကလည်း ကျွန်တော်တို့ ခရီးသွားဖို့ကို အချိန်ကပ်မှ လုပ်ဆောင်ပေးရ၍ ရထားတွဲကွဲသွားရသည်ဟုဆို၏။ အခုလို သုံးစောင်စလုံး အထက်တန်းတွဲမှပါဝင်လိုက်ပါခွင့်ရခြင်းတောင် ကံကောင်းသောကြောင့်ဖြစ်သည်ဟု ဆိုပြန်သည်။ ထို့ကြောင့် ပြန်လဲခိုင်းမနေတော့ဘဲ ရတာလေးနှင့် ကျေနပ်ကာ ဘူတာရုံသို့ ဆင်းခဲ့ရပါတော့သည်။

ဘူတာရောက်တော့ တစ်စောင်တည်း ကွဲထွက်နေသည့် လက်မှတ်ကို ဘယ်သူယူမလဲဆိုသောကိစ္စကပေါ်လာသည်။ တကယ်တမ်း စဉ်းစားကြည့်လျှင် ယခုခရီးစဉ်ကိုသွားသော သုံးယောက်တွင် ကျွန်တော်တစ်ယောက်သာ ကပ်မြောင်ပြီး အဖော်လိုလို၊ မဂ္ဂဇင်းတာဝန်ရှိ သူလိုလိုနှင့် ဘယ်လို ခေါင်းစဉ်တပ်ရမှန်းမသိဘဲ ပါလာခြင်းသာဖြစ်သည်။ ကိုမိုးနဲ့ကိုချမ်းတို့က မဂ္ဂဇင်းအတွက် အလုပ်လုပ်ဖို့ တကယ်တာဝန်ရှိသူတွေဖြစ်၍ ထိုတစ်ယောက်တည်း ကွဲထွက်နေသည့်ခုံကို သွားထိုင်ရန်တာဝန်မှာ ကျွန်တော့်အပေါ်ကို အလိုလိုနေရင်း ကျရောက်သွား၏။ ကိုမိုးက သူသွားထိုင်ပေးမည်ဟု ပြောသော်လည်း ကျွန်တော်လက်မခံပါ။ သူနဲ့ကိုချမ်း အလုပ်ကိစ္စပြောစရာရှိချင်ရှိနေဦးမည်။ ရထားပေါ်ရောက်မှ ဘာလုပ်မယ်ဘာကိုင်မယ်ဆိုတာ ထပ်ပြီးဆွေးနွေးချင် ဆွေးနွေးကြဦးမည်။ ထို့ကြောင့် အလိုက်သိစွာပင် ကျွန်တော်ကပဲ တစ်ယောက်တည်း ခွဲထွက်ပေးလိုက်ရပါတော့သည်။

တကယ်တမ်းသွားထိုင်ဖို့ ပြင်ဆင်ပြီးပြန်တော့ အင်တင်တင်ဖြစ်လာ၏။ တစ်ယောက်တည်း ခွဲထွက်နေရသောကိစ္စမှာ အတော် ပျင်းစရာကောင်းသည့်အပြင် တွဲကပ်လျက်ဆိုတော်သေးသည်၊ အခုတော့ တွဲ(၁)နှင့် တွဲ(၇) ဖြစ်နေ၍ ကြားမှာလည်း စားသောက်တွဲတွေက ခြားနေသေးသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ရထားခေါင်းနဲ့ အမြီးလောက်ကွာဝေးနေသည်။ တစ်တွဲနဲ့တစ်တွဲကူးဖို့ကို တော်တော်အချိန်ယူရမည့်အပြင် ညရောက်လို့ စားသောက်ခါနီး ကျင်းပမည့် ဘမ်းပက်တူးပက်လေးမှ မပါလိုက်ရမှာလည်း စိုးရိမ်ရသေး၏။ တော်ကြာ တွဲဝေးလို့လာမခေါ်ရင်ခက်မည်။ ထမင်းတစ်ယောက်တည်းစားလို့ရသော် လည်း ဒါမျိုးက အပေါင်းလေး အသင်းလေးနဲ့မှ ပိုစည်ပင်တာ မဟုတ်လား။

ဒါတွေတွေးပြီး ကိုယ့်တွဲကို မသွားသေးဘဲ သူတို့နား ယောင်လည် လည်လုပ်နေလိုက်၏။ တွဲတစ်ခုတည်း ပေါင်းစည်းရေးအတွက်လည်း အကြံ ဉာဏ်ထုတ်နေရသည်။ ခဏကြာတော့မှ အကြံတစ်ခု ခေါင်းထဲပေါ်လာသည်။ သိပ် ထူးထူးခြားခြားကြီးတော့မဟုတ်ပေ။ အစက ပူထူနေ၍ သတိမမူမိခြင်း ပင်။ ကျွန်တော်နှင့် ထိုတွဲမှာထိုင်မည့်သူ နေရာလဲ၍ထိုင်ရန်သာဖြစ်သည်။ စဉ်းစားပြီးတော့ မီးရထားမှာ ဒီလိုနေရာလဲ၍ ထိုင်လို့ဖြစ်လား၊ မဖြစ်လား ကျွန်တော်မသိ၊ လက်မှတ်ကို မှတ်ပုံတင်နှင့် တိုက်စစ်တာသိထားသောကြောင့် လက်မှတ်စစ်ထံသွား ပြီးမေးကြည့်ရသည်။ လက်မှတ်စစ်က ကာယကံရှင်ခရီး သည်နှစ်ယောက် ကျေနပ်လျှင်ဖြစ်ပါသည်ဟု ပြန်ပြောသောကြောင့် ထိုအစီ အစဉ်ကို အကောင်အထည်ဖော်ရန် စတင်ရပါတော့သည်။

ပထမဆုံး ရထားတွဲထဲမှ ခရီးသည်အခြေအနေကို စတင်လေ့ လာရပါတော့သည်။ ရထားထွက်ဖို့အချိန်လိုသေး၍ လူအစုံအစေ့မရောက် နိုင်သေး၊ သို့သော် ရှိတဲ့လူကို စတင်စည်းရုံးဖို့ ကြံစည်ရတော့၏။ မိသားစုတစ်စု တက်လာသည်။ အထုပ်အပိုးတွေ နေရာချပြီး သူတို့အချင်းချင်း စကားပြောပြီး ထိုင်သွား၏။ မိသားစုဖြစ်နေ၍ တစ်ယောက်တည်းကွက်ပြီး နေရာလဲပေးမှာ မဟုတ်၍ လက်လျှော့လိုက်ရသည်။ နေရာလဲဖို့ဆိုတာကလည်း တစ်ယောက် ဘည်းသမားဖြစ်ဖို့ လိုသည်မဟုတ်လား. . တကယ်လို့ ဒီတွဲမှာပါသည့် ခရီး သည်တွေထဲတွင် တစ်ယောက်တည်းသမားမပါလျှင်တော့ ကျွန်တော့်ထိုက်နဲ့ ကျွန်တော့်ကံပဲ ဖြစ်လေသည်။

နောက်ဆုံးခုံမှာ ကောင်မလေးတစ်ယောက်ထိုင်ကာနေ၏။ ဟန်းဖုန်း ကိုင်၍ စကားတွေပြောနေသောကြောင့် ခဏအခြေအနေ စောင့်ကြည့်နေလိုက်





သည်။ အခွင့်အရေးပေးလျှင် စကားသွားပြောရန် အသာချောင်းနေလိုက်၏။ ဖုန်းချပြီးသွားတော့ ကောင်မလေးက ဖျတ်ခနဲ လှည့်ကြည့်သည်။ ကျွန်တော် ယောင်ပြီးရယ်ပြလိုက်၏။ အူကြောင်ကြောင်နဲ့ သူ့ကို ပေါ်တင်ကြီးရယ်ပြ နေသော ကျွန်တော့်ကိုကြည့်ကာ မျက်စောင်းထိုးပြီး တစ်ဖက်လှည့်သွား၏။ စချင်းမှာပဲ အဆင်မပြေတော့ပေ။ ခဏကြာတော့ ကောင်လေးတစ်ယောက် တက်လာပြီး သူမနား ဝင်ထိုင်သွားလေတော့သည်။ ကောင်မလေးက စကား တွေ တွတ်တွတ်ထိုးရင်း ကောင်လေးပခုံးကိုမှီကာ ကျွန်တော့်ကို တစ်ချက်တစ် ချက် လှည့်လှည့်ကြည့်၍ မသိချင်ယောင် ဆောင်နေလိုက်ရပါတော့သည်။ ညားခါစလင်မယား ဟန်းနီးမွန်းထွက်လာတာဖြစ်မည်။ ဒါမျိုး အကူအညီ သွားတောင်းလျှင် အရိုက်တောင်ခံရကိန်းရှိ၍ စိတ်လျှော့လိုက်ရပြန်၏။

ရှေ့ဆုံးတန်းနားလောက်မှာ ချာတိတ်လေးတစ်ယောက် ငေါင်ကာနေ ၏။ တော်တော်ကြာသည်အထိ သူ့ဘေးနား လူတစ်ယောက်မှ ရောက်မလာ သေးတာတွေ့လိုက်ရ၍ ထိုကောင်လေးနား အသာ လျှောက်သွားလိုက်သည်။

"ညီလေး"

အသံကို ချိုနိုင်သလောက်ချိုအောင် လုပ်၍ခေါ်လိုက်တော့ ကောင် လေး ဖျတ်ခနဲမော့ကြည့်ပြီး ကြောင်စီစီလေးဖြစ်သွားသည်။

"ညီလေးက မန္တလေးသွားမလို့လားဟင်"

မန္တလေးရထားပေါ်တွေ့လျက်နဲ့ မန္တလေးသွားမလို့လား မေးခြင်းမှာ ခပ်ကြောင်ကြောင်နိုင်လှသော်လည်း ဘယ်စကား စပြောရမှန်း မသိ၍ မေး လိုက်ခြင်းပါ။ မန္တလေးသွားတဲ့ရထားဆိုပေမယ့် ကြားဘူတာ ဆင်းတဲ့လူရှိတာ ပဲဆိုပြီး တွေးလိုက်ကာ ကိုယ့်အရှက် ကိုယ်ဖြေသိမ့်ရင်း ချာတိတ် ခေါင်း ညိတ်ပြတော့ စကားဆက်ရတော့၏။

"ကိုယ်လည်း မန္တလေးသွားမလို့ ညီလေးရေ. . ၊ အင်း. . အဲဒါ . . ကိုယ်တို့က သုံးယောက်လာတာလေ၊ အဲဒါ ကိုယ်တစ်ယောက်တည်းကွဲပြီး. . "

"ကန်တော့ပါသေးရဲ့ဗျာ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



စကားကြားတော့ တစ်ကိုယ်လုံး ထူပူသွားကာ ကိုယ့်ကိုယ်ကို
အရင်ဆုံး ငုံ့ကြည့်မိ၏။ မိုးကာသားဘောင်းဘီအတိုနှင့် ရုပ်အင်္ကျီမိုးဖြ
ရောင်က အဲဒီရုပ်ပေါက်သွားလို့လား. .။ သို့သော် အခုခေတ်ကြီးမှာ ဒီ
သားသားနားနားကောင်တွေလည်း လုပ်စားနေတာပဲလေဟုတွေးကာ ကိုယ့်စိ
ကိုယ် မနည်းပြန်မြှင့်တင်လိုက်ရပြီး. .

"မဟုတ်. . မဟုတ်ဘူး ညီလေး. . အစ်ကိုလာတောင်းတာ မဟု
. . အဲလေ. . အစ်ကိုက ဟို ညီလေးထင်သလိုမဟုတ်ပါဘူး၊ ဟို. . ညီလေးတ
ယောက်တည်းဆိုရင် တွဲချင်းလဲချင်လို့ပါ. . အစ်ကိုမိတ်ဆွေနှစ်ယောက်
ဒီတွဲကဖြစ်နေလို့ အဲဒါ အစ်ကိုတစ်ယောက်တည [illegible] လို့ပါ. . ညီလေ
ဖြစ်နိုင်မယ်ဆိုရင် ကိုယ်နဲ့ နေရာချင်းလဲပေးဖို့ တောင်းပန်ချင်လို့ပါကွာ"

"ဪ. . ဒီလိုလား. . အင်း. . အဲဒါလည်းမဖြစ်ဘူးဗျ. . ကျွန်တေ
အဖေက မန္တလေးမှာ လာကြိုမှာ. . အဲဒါ ကျွန်တော်က တွဲနံပါတ်ပေးပြီးသာ
ဖြစ်နေတယ်. . တော်ကြာ အဖေလာရှာလို့ ကျွန်တော့်ကိုမတွေ့ရင် ခက်မယ်

"အဲဒါဆို ဒီလိုလုပ်လေ ညီလေး. . ညီလေးအဖေလာကြိုရင် ကို
မင်းရှိတဲ့တွဲကို ညွှန်ပေးမှာပေါ့"

ကောင်လေး ဘာစ်ချက် တွေခနဲဖြစ်သွားပြီး ထမယ်လုပ်ပြီးမှ ကျွ
တော့်ကို ပြန်ကြည့်ကာ. .

"ဟာ. . ဘယ်ဖြစ်မလဲဗျ. . ကျွန်တော့်အဖေကို ခင်ဗျားသိလို့လား

"အဲ. . အဲဒါ. . ဟို"

ဘာဆက်ပြောရမှန်းမသိတော့ပေ. . ရေဆာတုန်း ရေတွင်းတွေ့ပြီး
ရေခန်းနေသလိုဖြစ်သွား၏။ နောက်ဆုံး လက်လျှော့ပြီး ပြန်လာလိုက်ရ
တော့သည်။



ထားထွက်ဖို့ ဆယ့်ငါးမိနစ်လောက်ပဲလိုတော့သည်။ အခုထိ ကံထူးသူ
မောင်ရှင်ကို ရှာမရသေး၊ ကျွန်တော် ချွေးပြန်စပြုလာပြီး ရထား
ထွက်ခါနီးအချိန်မှ နေရာလဲမယ့်သူရောက်မလာလျှင် တစ်ယောက်
ည်း ရွက်လွှင့်ရပေတော့မည်။ တွေးပြီး စိတ်ညစ်နေစဉ်မှာပဲ လူတစ်ယောက်
တ် တစ်လုံး မနိုင့်တနိုင်ဆွဲကာ ကျွန်တစ်ဖက်က လိမ္မော်သီး ထုပ်လေးကိုင်
ာ တက်လာ၏။ ပုံစံကြည့်ရတာ တစ်ယောက်တည်းဖြစ်ပုံရ၍ ကျွန်တော့်
ား တော်တော်တက်သွားသည်။ လက်မှကိုင်ထားသော လက်မှတ်လေးတို
ကြည့်ကာ သူထိုင်ရမည့်ခုံကို ရှာနေလေသည်။ ခုံနေရာတွေ့သွားတော့ ဝင်ထိုင်
င်း ရထားအပြင်သို့ ငေးနေ၏။ သေချာသွားပြီ. . ဒီလူတစ်ယောက်တည်း
ဖော်ပါပုံမရ၊ သူထိုင်နေသည့် ခုံကလည်း ကိုမိုးတို့နောက်တည့်တည့်ဖြစ်နေ
အံကိုက်ဖြစ်သွား၏။ ဒီလူကိုတော့ မရမက စည်းရုံးမှဖြစ်တော့မည်ဟု
ွေးကာ လျှောက်သွားလိုက်လေတော့သည်။

"အစ်ကိုကြီး. . တစ်ယောက်တည်းလား"

ကျွန်တော့်ကို ကြောင်တောင်တောင်နဲ့ မော့ကြည့်ရင်း ခေါင်း
ညိတ်ပြတော့ ဝမ်းသာလုံးဆို့ကာသွား၏။ ရုတ်တရက် ပျော်လွန်းအားကြီး



www.burmeseclassic.com

www.burmeseclassic.com



သွားပြီး နောက်စကားဆက်ဖို့တောင် ယောင်တောင်တောင်ဖြစ်သွားချိန်တွင်. .

"ဘာလုပ်မလို့လဲ"

အသံခပ်ဝဲဝဲနဲ့ ပြန်မေးသံကြားတော့မှ လိုရင်းကိုစ စကားဆက်ရတော့သည်။ ကျွန်တော်တို့သုံးယောက်လာတာ ကျွန်တော်တစ်ယောက်တည်း ကွဲပြီး တစ်ဖက်ရောက်နေကြောင်း စ၍ စီကာပတ်ကုံး ရှင်းပြလိုက်ကာ နေရာထိုင်ပေးဖို့ အကူအညီတောင်းလိုက်တော့. .

"အင်း. . ကျွန်တော်က တစ်ယောက်တည်းသမားဆိုတော့ ဖြစ်တော့ ဖြစ်ပါတယ်. . ဒါပေမဲ့"

စကားကို ခဏရပ်ပြီး ဘာကိုစဉ်းစားသွားမှန်းမသိ ငြိမ်ကာသွား၏။ ကျွန်တော် အခွင့်အရေးကို လက်လွှတ်မခံတော့. . ။ နည်းနည်းထပ်တွန်းလိုက် လျှင် ရမယ်ဆိုတာ ရိပ်မိလိုက်ပြီး. .

"လုပ်ပါ. . အစ်ကိုကြီးရယ်. . ကူညီပါဗျာ. . အစ်ကိုကြီးက တစ် ယောက်တည်းသမားဆိုတော့ အဆင်ပြေမှာပါ. . နောက်ပြီး ကျွန်တော့်ခုံက ပြတင်းပေါက်ကပ်လျက်ခုံဆိုတော့ အစ်ကိုကြီးအတွက် ပိုအဆင်ပြေမှာပါ"

စကားပြောပုံအရ ချင်းလူမျိုးဖြစ်ပုံရသော ထိုလူကြီးအတွက် တော် တော် ခရီးရောက်သွားပုံရ၏။ ခေါင်းညိတ်ကာကုန်းထတော့ ကျွန်တော် တော်တော်ပျော်သွားပြီး. .

"ပေး. . ပေး. . အစ်ကိုကြီးအိတ်ပေး. . ကျွန်တော်သယ်ပေးမယ်"

ချင်းကြီးက သူ့အိတ်ယူမယ်လုပ်နေတုန်း ကျွန်တော့်အသံကြား၍ ခေါင်းညိတ်ပြတော့ ကျွန်တော် အိတ်ကိုကောက်ဆွဲလိုက်သည်။ အပျော်ဇော ကြောင့် ချင်းကြီးခရီးဆောင်အိတ်သည် ကျွန်တော့်လက်ထဲ စွေ့ခနဲပါကာလာ ၏၊ အိတ်ကို ပခုံးပေါ်ပစ်တင်ကာ ကျွန်တော် ရှေ့မှ ခပ်သုတ်သုတ်ထွက်ခဲ့ လိုက်တော့သည်။ ချင်းကြီးက နောက်မှာ လိမ္မော်သီးစိတ်လေးတွေ တစ်မွှာချင်း စိမ်ပြေနပြေခွာစားကာ ပါလာတော့သည်။ တွဲ(၁)ရောက်တော့ ကျွန်တော် ထိုင်ရမည့်ခုံကို ကြည့်လိုက်ချိန်တွင် မြင်လိုက်ရသော မြင်ကွင်းကြောင့် ကျွန် တော် ခေါင်းနပန်းကြီးသွားလေတော့သည်။





တွဲ(၁)က ကျွန်တော့်ခုံတွင် ခေါင်းပေါင်းကြီးနှင့် ပန်ချာပီ ကုလားကြီး တစ်ယောက် ဒံပေါက်ထုပ်ကို ဖြေစားကာ မိန့်မိန့်ကြီးထိုင်နေလေသည်၊ တစ်ခုခုတော့ လွဲချော်ပေပြီ၊ ဘာတွေဖြစ်ကုန်တာလဲ. . ။ ကျွန်တော် အထုပ် ထမ်းလျက် ကုလားကြီးကို ကြောင်တောင်တောင် ကြည့်နေစဉ်. .

"ဘယ်လိုလဲ. . မဒံးခုံက လူရှိနေပါလား. . "

"မဟုတ်. . မဟုတ်ဘူး အစ်ကိုကြီး. . ဟို ကျွန်တော့်ခုံ အစစ်ပါ. . ဘယ်က ဘယ်လိုဖြစ်ပြီး. . "

ချင်းကြီးရဲ့ မသင်္ကာမျက်လုံးတွေက နေရာအနှံ့ရောက်လာ၍ ပြောမယ့်စကားတောင် အစရှာမရတော့ပေ. . ။ ကျွန်တော် တစ်ခုခုလုပ်မှ ဖြစ်တော့မည်။ ရထားလည်း ထွက်ခါနီးပြီ. . ။ ရထားထွက်ဖို့ ဆယ်မိနစ်သာ လိုတော့ကြောင်း ဘူတာရုံမှ အချက်ပေးသံသည် ကျွန်တော့်နားထဲ လျှံကာ ထွက်သွားချိန်တွင် ပန်ချာပီကြီးထံ လှမ်းသွားလိုက်ရတော့၏။

အကျိုးအကြောင်း ပြောပြတော့ လက်မှတ်ထုတ်ပေး၏၊ သူ့ လက်မှတ်ကလည်း ကျွန်တော့်လက်မှတ်နှင့် ခုံနံပါတ်ချင်းကော တွဲပါ တူနေ တာတွေ့လိုက်ရလေတော့သည်။ ဒုက္ခတော့ အကြီးအကျယ်ရောက်ပေပြီ၊ ချင်းကြီးကို နေရာချပေးဖို့ နေနေသာသာ ကိုယ်တောင် နေရာပျောက်နေလေပြီ၊ ကျွန်တော် ပျာသွား၏။ လောလောဆယ် ဘာလုပ်ရမှန်းမသိဖြစ်နေစဉ် လက်မှတ်စစ်တစ်ယောက် အနားရောက်လာ၍. .

"အစ်ကိုတို့ ဘာအခက်အခဲရှိလို့လဲ. . "

"ဟာ. . အတော်ပဲအစ်ကိုရယ်. . ဒီ. . ဒီမှာ ကျွန်တော့်ခုံနံပါတ်နဲ့ ဒီကနောင်ကြီးခုံနံပါတ် လာထပ်နေလို့. . လုပ်ပါဦးဗျာ"

ချင်းကြီးက ဒီပြဿနာထဲ သူမပါဘူးဆိုတဲ့သဘော နောက်ဆုတ် သွား၏။ ပြီးတော့ စိတ်ရှုပ်ထွေးစွာ သက်ပြင်းချရင်း ကျွန်တော့်ကိုကြည့်၏၊ ကျွန်တော့်မှာ အထုပ်ထမ်းလာရတာတစ်မျိုး၊ ပြဿနာတက် နေတာက တစ် မျိုးနှင့် ချွေးတွေရွှဲနေလေပြီ။ ချင်းကြီး စိတ်ရှုပ်ပြီး သူ့တွဲသူ ပြန်သွားမှာလည်း စိုးရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . ဒါဆို ခင်ဗျားတို့ လက်မှတ်ဌာနလိုက်ခဲ့. . ကျွန်တော် ပြန်စစ်ပေးမယ်"

လက်မှတ်စစ်ကပြောပြီး ထွက်သွားတော့ ချင်းကြီးကို စိတ်ကျေနပ်အောင် အာသီးထွက်မတတ် တောင်းပန်ရင်း ရထားတွဲတွင်ထားခဲ့ကာ လိုက်သွားလေတော့၏။

လက်မှတ်ရုံရှေ့ရောက်တော့ ကျွန်တော့်လက်မှတ်နှင့် ပန်ချာပီကြီး လက်မှတ်ကို စစ်ပေးသည်။ အဖြေက တော်တော်နှင့်မတွေ့. . ခဏကြာတော့မှ အဖြေတွေ့သွားသည်။ ကျွန်တော့်လက်မှတ် တွဲမှားနေခြင်းပင်. . ။ အမှန်မှာ ကျွန်တော် တွဲပြောင်းစရာတောင်မလို၊ ကျွန်တော့်လက်မှတ်က (D7) . . . ။ ဒါကို လက်မှတ်ရေးသူက (7)နဲ့ (1)ကို မရေမရာရေးထားမိ၍ တွဲ(၇)နဲ့တွဲ(၁) ပြောင်းလဲသွားရခြင်းပင်. . ။ ဒါဆို ကျွန်တော် ထိုင်ရမည့်နေရာက ကိုမိုးတို့ နောက်တည့်တည့်ကခုံ. . ။ သိသိချင်း. . ချင်းကြီးရှိရာ တွဲ(၁)သို့ အမြန်ပြန်လှည့်ပြေးရတော့၏။ ဘူတာရုံကလည်း ရထားထွက်ဖို့ (၅)မိနစ်သာလိုတော့သည်ဆိုတဲ့ သတိပေးချက်ကလည်း ဘူတာရုံတစ်ခုလုံး ဟိန်းထွက်နေသည်ကို. . ။

ချင်းကြီးကို ပြန်ရှင်းပြရသည်။ လက်မှတ်မှားကြောင်း၊ ကျွန်တော့် လက်မှတ်က သူနဲ့ကပ်လျက်ဖြစ်ကြောင်း ပြောပြလိုက်တော့ ချင်းကြီး မျက်နှာ တည်တည်နှင့် . . .

"ဒါဆို ရထားထွက်တော့မယ်. . ခင်ဗျားတစ်ယောက်တည်း ရှုပ်နေတာပဲ. . အထုပ်ပြန်ထမ်းခဲ့"

ပြောပြီး သူက ရှေ့က ကော့ကော့ကော့ကော့နဲ့ထွက်သွားတော့ ကျွန်တော် သူ့အထုပ်ပြန်ထမ်းရင်း ပန်ချာပီကြီးကို နှုတ်ဆက်ကာ နောက်မှ မနည်းပြေးလိုက်ရတော့သည်။

ချင်းကြီး လိမ္မော်သီးစားရင်း ရှေ့မှသွားနေ၏။ ကျွန်တော့်မှာ အထုပ်ထမ်းရင်း ချွေးပြိုက်ပြိုက်ကျကာ နောက်က အမီလိုက်ရပါတော့သည်။ အပြန်လမ်းကျမှ အထုပ်က ပိုလေးလာသလိုပင်၊ ဒီလူကြီး ဘာတွေ ဒီလောက်





ထည့်လာလဲမသိ၊ ပခုံးကို ဟိုဘက်ဒီဘက်ပြောင်းထမ်းတာတောင် လျှာထွက်ချင်နေပြီ. . ။

တွဲကိုပြန်ရောက်တော့ ကိုမိုးတို့ကို အကျိုးအကြောင်းပြောပြတော့ အားလုံး ဝိုင်းရယ်ကြပါတော့သည်။ ကျွန်တော်လည်း စပ်ဖြဲဖြဲနဲ့ ဝင်ထိုင်ရင်း အမောဖြေရပါတော့သည်။ ဒါတောင် ချင်းကြီးက နစ်နာကြေးဆိုပြီး ကျွန်တော်ထိုင်သည့် ပြတင်းပေါက်ဘက်ကခုံကို တောင်းတော့ ပေးလိုက်ရသေး၏။ ရထားထွက်တော့မှ စိတ်ချလက်ချ သက်ပြင်းချနိုင်တော့သည်။

အထုပ်ထမ်းပြီး နှစ်ခေါက်လောက် (တွဲ ၁)နှင့် (တွဲ ၇)ကို ချောင်းချောင်းပြေးလိုက်ရသောကြောင့်လည်းကောင်း၊ လက်မှတ်ရုံနှင့် တွဲ(၁)ကို ကျားလိုက်သလို ခြေတိုအောင်ပြေးလိုက်ရသောကြောင့်လည်းကောင်း၊ အသက်ကို နှာခေါင်းပါ မလောက်တော့၍ ပါးစပ်ပါဟပြီး ရှူကာ အမောဖြေနေရတော့၏။ ခဏကြာတော့ ငပ်ပန်းပြီး အိပ်ပျော်သွားပါတော့သည်။

လက်မှတ်ရောင်းဌာနက လက်မှတ်ရေးသူကြီးကို ပြောလိုက်ချင်ပါသည်။ (1) နဲ့ (7) မကွဲသည့်အတွက် နစ်နာကြေးလေးများ ပေးမယ်ဆိုလျှင် ချင်းကြီးအထုပ်ထမ်းပေးရသည့် ကူလီခလေးများ ရမလားလို့ပါ. . ။

www.burmeseclassic.com

www.burmeseclassic.com



# စဉ်းစားခန်းတွေ ခလုတ်တိုက်မိတဲ့နေ့





မဂ္ဂဇင်းအတွက် ဝတ္ထုတိုပေးပါမည်ဟု ကတိပေးပြီး ကတည်းက ကျွန်တော် ဘောလ်ပင်ကို မကိုင်ဖြစ်တော့တာ တစ်လတောင်ကျော်သွားပြီဖြစ်သည်။ ကျွန်တော်သည် စာရေးပျင်းသော လူတန်းစားထဲတွင် ထိပ်ဆုံးက ပါဝင်သည်ဟု ပြောလျှင်ရသည်။ ဤသို့ပြောလိုက်လို့ နာမည်ကြီးစာရေးဆရာအချို့၏ လေသံကိုဖမ်း၍ ကြီးကြီးကျယ်ကျယ် လိုက်ပြောနေခြင်းမဟုတ်ပါ။ ကျွန်တော် နာမည်ကြီးလည်းမဟုတ်ပါ။ သို့သော် စာရေးပျင်းတာတော့ အမှန်ပင်ဖြစ်ပါသည်။

မူကြိုစတက်ကတည်းက ကျွန်တော့်ဗီဇက စပြသည်။ ကျောင်းကို အမေလိုက်ပို့သည့် ပထမနေ့မှာပင်ဖြစ်သည်။ ကျောင်းရောက်တော့ သူများကလေးတွေလို ကျွန်တော် မငို။ ဆရာမကို ကုတ်ခြစ်တွန်းကန်ပြီး အမေ့ဆီပြေးတပ်သည့် ကလေးအမျိုးအစားတွင်လည်း မပါ။ တည့်တည့်ပြောရလျှင် တည်တည်ငြိမ်ငြိမ်လေးနှင့်စာကို လိုလိုလားလား သင်ယူချင်နေသော စာဂျပိုးလေးပုံစံပေါက်နေပါသည်။ ကျွန်တော့်ကို ကျောင်းအပ်လက်ခံသည့် ဆရာမက မြင်မြင်ချင်းပင် ချစ်သွားကာ ချီထားပြီး လက်ပေါ်က မချတော့။ ထိုနေ့တ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အကြောင်း ဆရာမ မသိသေးလို့ဖြစ်လိမ့်မည်ဆိုတာ အခုချိန် ပြန်စဉ်းစားမိရင် ကျွန်တော် ပြုံးမိ၏။ သို့သော် နာရီပိုင်းအတွင်းပင် ကျွန်တော့်အကြောင်းကို ဆရာမ သိသွားလေတော့၏။

ကကြီးအက္ခရာကို လက်ရေးလှစာအုပ်တွင်ရေးခိုင်းထားတာ သူများကလေးတွေ နှစ်မျက်နှာလောက်ပြီးသွားချိန်မှာ ကျွန်တော့်ခမျာ ခဲတံတောင် ဖြောင့်အောင်မကိုင်တတ်သေး။ ဆရာမ ကျွန်တော့်အနား ရောက်လာကာ ကျွန်တော့်လက် သေးသေးလေးကို သူ့လက်ဝါးကြီးနှင့် အုပ်ကိုင်ပြီး လေ့ကျင့်ပေး၏။ နာရီဝက်လောက် ချွေးဒီးဒီးကျအောင် သင်ပေးလိုက်မှ ကျွန်တော် က,ကြီးတစ်လုံး စရေးတတ်သည်။ (ကျွန်တော်တက်ခဲ့သော မူကြိုကျောင်းက ဝ,လုံးကို စ,မသင်ပါ။ က,ကြီးကို စသင်ပါသည်) ထို့နောက် ဆရာမရှေ့မှာ ကကြီးနှစ်လုံးလောက် ရေးပြလိုက်တော့ ကျေနပ်သွားကာ ပြုံးပြုံးပြုံးပြုံးနှင့် ထွက်သွား၏။ ဆရာမ ထွက်သွားတာနှင့် ကျွန်တော်ခဲတံကို ဘေးမှာချပြီး ထိုင်နေတော့သည်။ ဆရာမ ရောက်လာတော့ ကျွန်တော်က ကကြီးရေးသည်။ ဆရာမ ထွက်သွားတော့ ကျွန်တော် ဒုံရင်းက ဒုံရင်း . . .။

ဒီလိုနဲ့ မုန့်စားကျောင်းဆင်းသည်။ ကလေးတွေဆိုတော့ ဘယ်မှလည်း သွားမစား။ အိမ်ကပါလာသည့် မုန့်ဘူးလေးတွေ ထုတ်စားသည်။ တချို့ကလေးတွေက အမေတွေကိုယ်တိုင် လာကျွေးသည်။ ကျွန်တော်ကတော့ နောက်ဆုံးတန်းက ခုံလေးတစ်ခုံကိုရွေးကာ ပါလာတဲ့ မုန့်ဘူးလေးဖွင့်ပြီး စားဖို့လုပ်၏။ ကျွန်တော့်ဘေးမှာ ကောင်မလေးတစ်ယောက်ရှိသည်။ ထိုကောင်မလေးကလည်း ကျွန်တော့်လိုပင် မုန့်ဘူးလေးနှင့်။

"နင့်မှာ ဘာမုန့်ပါလဲဟင် . . ."

ကောင်မလေးက မျက်လုံးဝိုင်းဝိုင်းလေးနှင့် ကျွန်တော့်ကို ကြည့်ကာ ခေါင်းခါပြ၏။ ကျွန်တော် သူမမုန့်ဘူးထဲကိုကြည့်လိုက်တော့ . . .

"ဟာ . . ရွှေဒင်္ဂါးချောကလက်တွေ . . ပွတာပဲ . . ."

ကောင်မလေးက နားမလည်နိုင်သလို ကျွန်တော့်ကိုကြည့်နေ၍ . . .

"နင်က ခေါင်းခါပြီး ဘာလို့လိမ်တာလဲ . . ငါက ချောကလက်





ဒိပ်ကြိုက်တာ . . အမေက ချောင်းဆိုးမှာစိုးလို့ မကျွေးဘူး . . လဲစားရအောင်ဟာ . . . ငါ့မှာ ကိတ်မုန့်ပါတယ် . . ."

ကောင်မလေးက ကျွန်တော့်ပုံကိုကြည့်ပြီး ကြောက်သွားပုံရသည်။ ကျွန်တော့်မျက်နှာကိုကြည့်လိုက် ပတ်ဝန်းကျင်ကိုကြည့်လိုက်နှင့် မျက်လုံးလေး သည်နေသည်။

"ဟဲ့ . . လဲမယ်လေ . . ဘာဖြစ်နေတာလဲ . . . ရော့ . . ဒီမှာ မုန့် . . . ပေး . . . ချောကလက် . . ."

ကျွန်တော် . . စားချင်ဇောနှင့် လက်ရဲဇက်ရဲ တော်တော်နိုင်သွားပုံရသည်။ ကောင်မလေးက သူ့ဘူးလေးကို ကျစ်ကျစ်ပါအောင်ကိုင်ကာ တော်တော်ဝေးဝေးကို ဖင်တရွတ်လေးဆွဲကာ ရွှေ့သွား၏။ ကျွန်တော် ချောကလက်ဇောနှင့်အတင်းလိုက်ကပ်ကာ မုန့်ခွက်ကိုလု၏။ ကောင်မလေးက ဒီမွဲနှင့် အတင်းပြန်လုသည်။ ဒီလိုနှင့် ကိုယ်ကဆွဲလိုက်၊ သူကဆွဲလိုက်နှင့် ကျွန်တော် စိတ်မရှည်တော့ . . .။ ထို့ကြောင့် တစ်ချိန်တွင် ကျွန်တော် အားနဲ့ဆွဲလိုက်လို့ ကိုယ့်ဘက်ယိုင်ပါလာသော ကောင်မလေး၏ ပါးတစ်ဖက်ကို

"ရွှတ် . . . ."

ငါးနှစ်သား . . ကလေးတစ်ယောက်၏ ရင်ထဲမှာ ဘာစိတ် ညာစိတ်တွေ မရှိသေးပါ . . ။ အဖြူထည်ကြည်လင်နေမည်ဆိုတာ လူတိုင်းသိကြပါသည်။ ထို့အတူ ကျွန်တော့်မှာ ဘာစိတ်မှမရှိသော်လည်း အနိုင်လိုချင်စိတ်လေးတစ်ခုအတွက်နှင့် ကျွန်တော် ကောင်မလေးကို ရိုးသားစွာအနိုင်ယူလိုက်ပါသည်။ ကောင်မလေးယောင်ပြီးလွှတ်လိုက်သော မုန့်ဘူးလေးသည် ကျွန်တော့်လက်ထဲမှာ . . .

"ဝါး . . ."

ကောင်မလေး ငိုသံသည် တစ်ခန်းလုံး ဟိန်းထွက်သွား၏။ သူမ ငိုလို့ဝသွားချိန်တွင် ဆရာမတွေအားလုံး ဝိုင်းလာကြသည်။ ကျွန်တော့်လက်ထဲက သူမ ချောကလက်လေးလည်း ပြောင်ပြီ။ နောက်ဆုံးတော့ ဆရာမတွေ အကျိုးအကြောင်းသိသွားပြီး ကျွန်တော့်ကို အောက်ဆုံးထပ်အိမ်သာနားက



www.burmeseclassic.com

www.burmeseclassic.com



ထောင့်စွန်းခန်းသို့ ပို့လိုက်ကြလေသည်။ ထိုအခန်းသည် ဘစ်ကျောင်းလုံးရှိ အဆိုးဆုံးကျောင်းသားတွေ ထားသောအခန်းဖြစ်သည်။

ဥပမာအားဖြင့် ကျောင်းရောက်တာနှင့် ဘယ်လိုမှ စာသင်မရ အောင် ငိုသောကလေး၊ စာသင်နေရင်း ခဏခဏ ထွက်ပြေးသော ကလေး ကျောင်းကို တစ်မိသားစုလုံး ဝိုင်းချုပ်ပြီး လာပို့ရသော ကလေး စသည့် အမျိုးအစားလေးတွေဖြစ်သည်။ ကျွန်တော်ကတော့ ရှားရှားပါးပါး အနုကြမ်း စီးပြီး မုန့်လုစားခဲ့သော စာရေးပျင်းသည့် ကလေးတစ်ယောက်ပင်။ ထိုစဉ်က ရှိပြီး ကျွန်တော်သည် စာရေးပျင်းသည်။ အစားမက်သည်။ ပြီးနောက် ကျောင်း ဆိုသောအရာကို စတင်တွေ့မိသည့်နေ့မှာပင် မိန်းကလေးတစ်ယောက်၏ ပါးကို စတင်ရင်းနှီးခဲ့သော ကောင်လေးပင်ဖြစ်လေသည်။



အတွေးတွေက ဘယ်ကစလို့ ဘယ်ရောက်သွားမှန်းမသိတော့။ အတွေးဆိုတာကလည်း ပိုက်ဆံပေးပြီး တွေးရသည့်ကိစ္စ မဟုတ် အကြောင့် လူတိုင်းလိုလို အသုံးပြုချင်တိုင်း ပြုနေကြသည့်ကိစ္စမဟုတ်လား။ နေလည်းကြည့် ဝတ္ထုတိုတစ်ပုဒ်ရေးဖို့တွေးလိုက်တာ မဆီမဆိုင် မူကြိုကျောင်း းဘဝရောက်သွားခဲ့သည်။ မဖြစ် . . အတွေးထဲက ပြန်ခွာမှရမည်။ စာမူက ရေးကြီးသည်။ ဇာတ်လမ်းလည်း မစဉ်းစားရသေး။ ဒီလိုနဲ့ စာရေးစားပွဲ ပြီး လန်ဒန်တစ်လိပ်မီးညှိကာ ဇာတ်လမ်းလှလှလေးတစ်ပုဒ် စဉ်းစားဖို့ ဆဲဆင်းလာလိုက်တော့၏။

ခြံထဲရောက်တော့ ဆေးလိပ်ကို ဟန်ပါပါဖွာကာ မီးခိုးငွေ့များကို င်းမော့ပြီး မှုတ်ထုတ်လိုက်တော့ ကောင်းကင်ပြာနောက်ခံနှင့် တိမ်စိုင်တွေကို ခိုးငွေ့တွေကြား မှုန်ဝါးဝါးတွေ့ရ၏။ တိမ်တွေက လေညင်းရစ်သံနဲ့ လွင့်နေ သို့ ကျွန်တော့်အတွေးတွေလည်း ဖမ်းဆုပ်မရအောင် လွင့်ပါးနေ၏။ စိတ်ကို ည်ငြိမ်အောင်စုစည်းဖို့ ထိန်းချုပ်ရင်း လမ်းမဘက်သို့ ငေးနေမိသည်။ မ်းပေါ်တွင် အဖြူအစိမ်းဝတ်ထားသော ကျောင်းသားကျောင်းသူလေးများကို တွေ့ရတော့ ငယ်ငယ်က ကျောင်းသားဘဝကို သတိရမိသွားမိသည်။

ကျွန်တော် ငယ်ငယ်က ဆိုးသောကျောင်းသားထဲတွင်ပါသည်။ သော် မိဘဆရာသမားကို ရိုင်းပြစွာဆိုးခြင်းမဟုတ်။ ကိုယ်လုပ်ချင်တာ ်လုပ်နေ၍ ဆရာသမားများ မျက်စိဆံပင်မွေးစူးကာ ဆိုးသော ကျောင်း းဘရင်းအော်တိုမစ်တစ် ဝင်သွားခြင်းဖြစ်သည်။

ဒုတိယတန်းကျောင်းသားဘဝတွင် ကျောင်းခေါင်မိုးပေါ်တက်ပြီး တက်ဖမ်း၍ ဘောင်းဘီချွတ်ကာ အလံတိုင်ရှေ့ ကျောင်းဆင်းသည်အထိ



www.burmeseclassic.com

www.burmeseclassic.com



ရပ်ကာ ဒဏ်ပေးခံရဖူးသည်။ လေးတန်းကျောင်းသားဘဝက ဗိုက်ဆာ… ဆရာမကြီးရုံးခန်းသို့ ခိုးဝင်ကာ ကျောင်းခေါင်းလောင်းကို ကျောင်းဆင်း… ထက် တစ်နာရီစောပြီး သွားနှိပ်ဖူး၏။ ထိုခေါင်းလောင်းမှာ မုန့်စားကျော… ဆင်းခေါင်းလောင်းမဟုတ် အပြီးကျောင်းဆင်းခေါင်းလောင်းဖြစ်၍ ကျော… သားတွေ တပျော်တပါးဆင်းသွားကြရာ ကျောင်းမှာ ကျောင်းသားတစ်ယော… မရှိတော့။

ဆရာ၊ ဆရာမတွေကတော့ ပထမ ကြောင်တောင်တောင်နှ… အတန်းကိုသိမ်းကာ ဆင်းခွင့်ပြုလိုက်ကြသည်။ သူတို့စိတ်ထဲ အကြောင်းတ… တစ်ခုခုရှိ၍ ကျောင်းစောဆင်းသည် ထင်နေကြပြီး ဆရာမကြီး ရုံးခန်း… ပြေးကြ၏။ ကျွန်တော် ခေါင်းလောင်းဝင်တီးချိန် ဆရာမကြီးမှာ အိမ်သာ… သွားနေ၍ ဘာမှန်းညာမှန်းမသိလိုက်။ သူအိမ်သာကထွက်တော့ တစ်ကျော… လုံး ကျောင်းသားတွေကုန်ပြီ။ အိမ်သာတောင် အေးအေးလူလူမတက်လိုက်… သော ဆရာမကြီး၏ ဒေါသသည် ယမ်းပုံကို အမြောက်နဲ့ထုလိုက်သ… ပေါက်ကွဲတော့၏။ တရားခံကို နေ့ချင်းပြီး ရအောင်ရှာရာ နောက်ဆုံးရုံးခန်း… ခပ်လှမ်းလှမ်းမှာ ဈေးရောင်းနေသော အဒေါ်ကြီး၏ တာဝန်သိတတ်မှုကြော… နောက်တစ်နေ့တွင် ကျွန်တော့်အမေသည် ဆရာမကြီးနှင့် တစ်နာရီနီး… စကားလက်ဆုံကျသွားပါတော့သည်။ အမေလည်း ထိုနေ့မှ ဆရာမကြီး… မြင်ဖူးသွား၍ ကျောင်းသားမှတ်တမ်းတွင် ကိုယ့်သားသမီးကိုယ်ထိန်းပါမည်… ဟူသော ဂုဏ်ပုဒ်အောက်မှာ အကြိမ်ကြိမ် ကတိပေးကာ လက်မှတ်ထိုးလိုက်… တော့သည်။

အိမ်ရောက်တော့ လုံးနေအောင်အဆော်ခံရ၏။ ခုနစ်အိမ်ကြား… ရှစ်အိမ်ကြား ကျွန်တော် အော်ငိုပြီး ကတိတွေအမျိုးမျိုးပေးခဲ့သော်လည်း ဗီဇဆိုသော မျိုးစေ့ကလေးက ပါလာ၍ ကျွန်တော်သည် . . .

လက်ညှိုးဆီမှ ပူလောင်သောဒဏ်ကို ခံစားလိုက်ရသောကြောင့် ငုံ့ကြည့်လိုက်ရာ စီးကရက်တောင်ကုန်ပြီး ဖင်စီခံလောင်နေပြီ ဖြစ်လေသည်။ ကုန်နေသော စီးကရက်ကို လွှင့်ပစ်လိုက်ပြီး ဝတ္ထုတိုတစ်ပုဒ်၏ ဇာတ်လမ်း…





…ကွင့်လေးတစ်ခုကို ပြန်စဉ်းစားရပြန်၏။ ခုန လွင့်မျောသွားသော အတွေး…တွေကို အသည်းအသန်ပြန်စုကာ ဘယ်လိုဇာတ်လမ်းလေးရေးရမလဲ စဉ်းစား…၏။ အချစ်ဇာတ်လမ်းရိုးရိုးလေးလား၊ ဟာသဇာတ်လမ်းလေးလား ဒါမှမဟုတ် …စိတ်ဝင်စားအောင် မြှုပ်ကွက်လေးတွေနဲ့ရေးမလား အဲဒီလိုမှမဟုတ်ရင် …နိတော်ရေးနေကျ အချစ်ဟာသလေးတစ်ပုဒ်လား . . .။

အခုမှ တွေးမိသည်၊ အချစ်ဆိုသော အကြောင်းအရာပင်ဖြစ် …သသည်။ ကမ္ဘာမြေပေါ်ရှိ သတ္တဝါအားလုံး အချစ်နဲ့လုံးဝမကင်းနိုင်ကြောင်း …နိတော် စဉ်းစားမိ၏။ ကမ္ဘာပေါ်တွင် အချစ်မရှိလျှင် ဘာတွေဖြစ် …နိမည်နည်း။ လောလောဆယ်တော့ လူသားမျိုးဆက်ပျောက်ကွယ်သွားမှာ …ထမဦးဆုံး စိုးရိမ်ရလေသည်။ အဲဒီလောက်ထိအချစ်သည် တန်ခိုးကြီးသည်၊ …ပျော်မှန်းနိုင်လောက်အောင် အင်အားရှိလေသည်။

ထို အချစ်ဆိုသောအရာနှင့်ကျွန်တော်သည် ကိုးတန်းကျောင်းသား …ဝမှာ ပက်ပင်းသွားတိုးခဲ့လေသည်။ ပထမဆုံး အသည်းကွဲခြင်းလို့ပြောလျှင် …ည်းရ၏။ အသည်းကွဲခဲ့ခြင်းပါ။ အတွေးများသည် တားမနိုင်ဆီးမရ တိမ်ညို …နှင့်အတူ လေဟုန်စီးကာ သတ္တရာဇ်များကို နောက်ပြန်ဆွဲယူလိုက်တော့၏။

ထိုနေ့က နေလည်းမပူ . . . မိုးလည်း မဖွဲ့ . . . နှင်းလည်းမကျ …သည့် ရာသီဥတုအကြောင်ကျားဖြစ်နေသော နေ့တစ်နေ့ပါ . . ။ ကျွန်တော့်မှာ …လာသော မုန့်ဖိုးငါးဆယ်သည် ဂေါ်လီရိုက်လိုက်၍ ကျောင်းမတက်ခင်ပင် …န်သွားလေတော့သည်။

ထိုကိစ္စသည် မုန့်စားကျောင်းဆင်းချိန်တွင် ကျွန်တော့်ကို အကြီး …ကျယ် နောင်တရစေပါသည်။ မုန့်စားကျောင်းဆင်းချိန်တွင် သူများစားတာ …သက်တာကို ကော်ရစ်တာအကွယ်မှ လျှာတသပ်သပ်နှင့် ကျွန်တော် …ငိုကြည့်ရင်း ဗိုက်ထဲက တဂွီဂွီအော်သံကို မသက်မသာ နားဆင်နေရ၏။

မနက်စောစော အမေကျွေးလိုက်တဲ့ မုန့်ဟင်းခါးတစ်ပွဲအပြင် ထမင်း …ဆစ်စေ့တောင် အပိုမထည့်ထားသော ကျွန်တော့်ဗိုက်သည် ကျောပြင်နှင့် …ပ်နေလောက်အောင် ပြားချပ်နေပြီဟု ထင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာပဲ ကျွန်တော့်နားသို့ တရုတ်ကြီးရောက်လာ တရုတ်ကြီးဆိုတာ ကျွန်တော်နဲ့တစ်ခန်းတည်း သူငယ်ချင်း . .။ သူ့လက် ဖက်စလုံးမှာ ရေခဲချောင်းတွေ ကိုယ်စီနဲ့ . . .။

"မင်း ဘာလုပ်နေတာလဲ . . မုန့်သွားမစားဘူးလား . ."

"ငါ . . ဒီနေ့ ဗိုက်သိပ်မဆာလို့ . . ."

ကျွန်တော် လိမ်နေမှန်း သိတယ်ဆိုတဲ့အထာနဲ့ တရုတ်ကြီး ကျွန်တော့်ကို ပြုံးတည်တည်ကြည့်ကာ . . . .

"ဟဲ . . ဟဲ . . မင်းမှာ ပိုက်ဆံမရှိလို့ မဟုတ်လား . . . ငါ သိတ . . . မနက်က စိုးဝင်းတို့ မင်းကို ဆော်သွားပြီ မဟုတ်လား"

ကျွန်တော် တရုတ်ကြီး ဘယ်လက်မှာကိုင်ထားသော ရေခဲ ချောင်း တစ်ချက်လှမ်းကြည့်ကာ သက်ပြင်းချရင်း . . .

"အေးကွာ . . ငါ ကုန်သွားပြီ . . စားစရာမရှိတော့ဘူး . ."

"ရော့ . . ."

မြင်ကွင်းရှေ့သို့ ပြုတ်ကျလာသော ရေခဲချောင်းသည် ပူလော သောနေဒဏ်ကြောင့် ချွေးပြိုက်ပြိုက်ကျနေသယောင် ထင်ရသော်လည် အေးမြလှ၏။

ကျွန်တော် ဆတ်ခနဲဆွဲယူကာ တစ်ကိုက်ကိုက်လိုက်ရင်း . . .

"ကျေးဇူးပဲ . . တရုတ်ကြီးရာ . . မင်း နောက်ဆို ဒီ့ထက်ချော သိလား . . ဟီး . . ဟီး . . ဟီး . . ဟီး . . ."

တရုတ်ကြီးက ကျွန်တော် ရေခဲချောင်းစားနေတာကို အားရပါး ထိုင်ကြည့်နေရာမှ တစ်ဝက်လောက်ရောက်တော့ . . .

"ဟော့ကောင် နေဦး . . . စွတ်စားမနေနဲ့ဦး . . ပြီးရင် မင်း ငါ့ခိုင်း လုပ်ပေးရမှာနော် . . ."

လည်ချောင်းဝမှာ တစ်နေသော ရေခဲချောင်းသည် ရုတ်တရ အရည်ပျော်တာ ရင်ခေါင်းထဲ ခုန်ချသွား၏။

လက်ထဲမှ ရေခဲချောင်း တစ်ဝက်လောက် ကျန်သေးသည်။ ကျွ





တော် တရုတ်ကြီးပြောတာ . . သိပ်နားမလည်လိုက်၍ . . . .

"ငါက ဘာလုပ်ရမှာလဲ . . မင်းက အကောင်းနဲ့ကျွေးတယ်မှတ်လို့ . . ငါက စားတာ . . . လက်စသတ်တော့ အကြံနဲ့ကိုး . ."

"ဟီး . . ဟီး . . အဲလိုလည်း မဟုတ်ပါဘူးကွာ . . ငါက မင်းနဲ့ အလောင်းအစားလေး တစ်ပွဲလောက်လုပ်ချင်လို့ပါ . . ."

အလောင်းအစားဆိုတော့ ကျွန်တော့်မျက်လုံး ချက်ချင်း တောက် သွားကာ . . .

"ဘာ အလောင်းအစားလည်း လုပ်လိုက်လေ . . . မျှတပစေနော်"

"အေးပါ . . ."

"ဒါဆို ငါ ဆက်စားလို့ရပြီလား . . ."

တရုတ်ကြီး ခေါင်းညိတ်ပြတော့ ကျွန်တော် ရေခဲချောင်းကို ဆက်စား သည်။ ခဏကြာတော့ ရေခဲချောင်းကုန်သွား၍ တုတ်မှာကပ်နေသော ရေခဲစ လေးတွေကို လျှာဖျားလေးနှင့် လိုက်တို့နေတုန်း တရုတ်ကြီးက စကားပြန်စ တော့၏။

"မင်း(၉)တန်း (A)က ငါပြတဲ့အစ်မကြီးတစ်ယောက်ကို ညနေ ကျောင်းဆင်းရင် စကားလိုက်ပြောရမယ် . . ပြောနိုင်ရင် (၅၀)ပေးမယ် . . . မပြောနိုင်ရင် အစိတ်ပဲ ငါ့ကိုပြန်ပေး . . ."

အလောင်းအစာက တော်တော်စိတ်ဝင်စားဖို့ကောင်းသည်။ ကျွန် တော်လိုက်ပြောရုံလေးနှင့်(၅၀)ရမည်။ အကယ်၍ အရှုံးပေးရင်တောင် အစိတ်ပဲကုန်မည်။ ၂ဆ၊ ၁ဆ။ သည်ကြားထဲ ရေခဲချောင်းဖိုးက သက်သက် မြတ်သေးသည်ဟု တွက်လို့ရ၏။ ဒီလိုဆိုတော့ ကျွန်တော့်လိုကောင်မျိုးက သိပ်အချိန်မဆွဲချင်တော့ . . . .။

"ရတယ် . . . စိန်လိုက်လေ . . . ."

www.burmeseclassic.com

www.burmeseclassic.com



ရှတ်ကြီးသည် ငယ်ငယ်ကတည်းက ပန်ကာက အဖေခေါ်ရလောက်အောင် လည်သူဖြစ်ကြောင်းကို ကျွန်တော် မေ့သွားခဲ့သည်။

အဲဒီတုန်းက ဒီကောင် (B)ခန်းက ကောင်တွေနဲ့ နှစ်ရာကြေး လောင်းထားခြင်းဖြစ်သည်။

ကျွန်တော်က (၉)တန်း (A)က ကောင်မလေးတစ်ယောက်ကို စကားလိုက်ပြောအောင် စည်းရုံးနိုင်လျှင် တရှတ်ကြီးက နှစ်ရာရမည်။ တရှတ်ကြီးရှုံးလျှင် တစ်ရာပဲပေးရမည်။

သူတို့ လောင်းကြေးက ၂ဆ၊ ၁ဆ။

ထိုနည်းနှင့်ပင် တရှတ်ကြီး ကျွန်တော့်ကို အပိုင်ချည်ခြင်းဖြစ်သည်။

ကျွန်တော့်မှာသာ ကိုယ့်ကိုယ်ကို ဟုတ်လှပြီထင်၍ တရှတ်ကြီးကို တော်းပဲဆိုသည့်အကြည့်နှင့်ကြည့်ကာ ကျောင်းဆင်းတာနှင့် သူပြသည့် ကောင်မလေးနား ကပ်သွားလိုက်တော့၏။

ကောင်မလေးနား ရောက်တော့ ဘယ်စကားကို ဘယ်ကစပြောရမှန်း ကျွန်တော်မသိ။ တစ်ခါမှလည်း ဒါမျိုးမပြောဖူးတော့ ဘယ်လိုလမ်းကြောင်းခင်းရမှန်း နားမလည်။





ကောင်မလေးက ကျွန်တော့်ကို လှည့်ကြည့်ပြီး . . . .

"ရှတ်ရှတ်ရှတ်ရှတ် မလုပ်နဲ့နော် . . ."

တစ်ခုခုပြန်ပြောရင် စကားစဆွဲထုတ်လို့ရပြီ . . .။

"ရှတ်ရှတ်ရှတ်ရှတ် လုပ်မလို့ မဟုတ်ပါဘူး . . စကားပြောချင်လို့ပါ

ကောင်မလေးက ပြုလည်းလှသည်။

ဒါမျိုးလည်း ကြုံဖူးပေါင်းများ နေပုံရ၏။

"နင် ငါ့အကြောင်းမသိသေးဘူးထင်တယ် . . အမြန်သွားတော့

. . . ငါ့နားက အမြန်သွားတော့ . . တော်ကြာ . . ငါ့အဆိုးမဆိုနဲ့ . ."

ဒါမျိုးဆို . . ကျွန်တော်လိုကောင်မျိုးက ဘယ်ခံမလဲ . . သူ့ကို ဘာမှ

တောင် မပြောရသေးဘဲ လူ ကိုခြိမ်းခြောက်လား ဘာလားနဲ့ . . .

"ငါ နင့်ကို ဘာမျှ နှောင့်ယှက်သေးလို့လဲ . . ငါက နင့်အကြောင်း

သိရအောင်လိုက်စုံစမ်းနေ ဘယ်များထင်လား . . ဒီမှာ ငါ့နာမည်လည်

မှတ်ထား . . ဇော်ဇော်တဲ့ . .။ နင်ရော ငါ့အကြောင်း ဘယ်လောက် . . ."

"ခွပ် . . ."

အသံက ခပ်အုပ်အုပ်တစ်ချက်သာ ကြားလိုက်ရသည်။

နှာခေါင်းမှာ ပူခနဲဖြစ်သွားပြီး နေ့ခင်းကြောင်တောင် ကြယ်စုံအောင်

မြင်လိုက်ရ၏။ ရှတ်တရက်တော့ ဘာမှန်းမသိလိုက်။

ခဏကြာတော့မှ တစ်ယောက်ယောက် ထိုးတာခံလိုက်ရပြီဆိုတာ

သိလိုက်ရ၍ ဒေါသက ငယ်ထိပ်ရောက်သွားကာ . . . .

"ဘယ် . . ဘယ်ကောင် . . ငါ့ကိုလုပ်တာ . . . ."

"အစ် . . . အစ်ကို မလုပ်နဲ့ . . ."

"ဟေ့ကောင်တွေ . . တော်စမ်း . . မင်းတို့ ဘာဖြစ် . . ဟာ"

"ယား . ."

"ခွပ် . . ."

"အင့် . . ."

"ဒုတ် . . ."



www.burmeseclassic.com

www.burmeseclassic.com



အသံတွေ ဆူညံသွားသည်။ မြေကြီးပေါ် ကျွန်တော်နှင့်လူတစ်ယောက် လုံးထွေးသတ်ပုတ်ကာ လဲကျသွား၏။

သူကလည်း ကျွန်တော့်ကိုထိုးသည်။ ကျွန်တော်ကလည်း မည်းမည်းမြင်ရာ ထိုးသည်၊ ညှစ်သည်။ ကိုက်ဆွဲသည်။

သို့သော် တစ်ဖက်ကလူကိုဘယ်သူမှန်း ကျွန်တော်မသိ။

နောက်တော့ ဆရာ၊ ဆရာမတွေ ဝိုင်းပြီးဆွဲကြ၏။ ကျွန်တော့်တစ်ကိုယ်လုံးလည်း ဖူးရောင်ကျိန်းစပ်နေပြီ။

တစ်ဖက်လူကိုကြည့်လိုက်တော့ . . . .

"ဟာ . . ဆရာ . . ဆရာ . . ."

ပါးစောင်လေးကို ကိုင်ကာ ငုတ်တုတ်လေးထိုင်နေသော လုပ်အားပေး ဆရာလေး ကိုကြည်ဝင်းကို တွေ့လိုက်ရလေ၏။

ဆရာက ကျွန်တော်တို့အတန်းကို မသင်သော်လည်း အငယ်တန်းတွေကိုတော့ လိုအပ်တဲ့အချိန်တွေမှာ အချိန်စား ဝင်ပေးရသည်။

လူငယ်ဆိုတော့ ရုတ်တရက် ကျွန်တော် ပြာသွားကာ လုပ်မိလိုက်ခြင်းပါ။

နောက်ဆုံး ကျွန်တော် ရုံးခန်းရောက်သွားသည်။ ဆရာမကြီးကို အာသီးထွက်မတတ် တောင်းပန်လိုက်၍တော်သေးသည်။

ကျွန်တော့်ကို တကယ်ထိုးသော တရားခံက ကျွန်တော် စကားလိုက်ပြောတဲ့ ကောင်မလေးရဲ့အစ်ကိုဖြစ်သည်။ အဲဒီကောင်မလေး အစ်ကိုက ကျွန်တော့်ကို ထိုးလို့ပြီးပြီးချင်း ဆရာက ဝင်ဆွဲတော့ ဆရာ့ကို ကျွန်တော် လူမှားပြီး လုံးမိခြင်းပင်။

ဆရာ့မှာ တော်တော်မချောင်ပါ။ မနည်းရှိခိုးပြီး တောင်းပန်လိုက်ရ၏။

ဆရာမကြီးက ကောင်မလေးအစ်ကိုရော၊ ကျွန်တော့်ကိုပါ လက်မှတ်ထိုးခိုင်းပြီး တစ်ယောက်နဲ့တစ်ယောက် ဖက်ပြီးနှုတ်ဆက်ခိုင်းသည်။

အားလုံးပြီးသွားတော့ ကျွန်တော်တို့ရုံးခန်းမှဆင်းလာကြရာ တစ်





ကျောင်းလုံး တစ်ယောက်မှမရှိတော့။

တရုတ်ကြီးလည်း ဘယ်ရောက်သွားမှန်း မသိတော့။

အခုနေ တွေးမိတော့ ပြုံးမိသည်။

ရေခဲချောင်းတစ်ချောင်း၊ ပိုက်ဆံငါးဆယ်နှင့်ကျွန်တော် အသည်းကွဲဒူးပြဲဖူးသည်။

ထိုကောင်မလေးလည်း အခု ဘယ်ရောက်သွားမှန်း မသိတော့။

ဆရာကတော့ အိမ်ထောင်ကျပြီး ကလေးတွေတောင် ရနေပြီဟု သတင်းကြားရ၏။

စိတ်ထဲမှာ ပြုံးမိရင်း ဆရာ့ကိုရင်ထဲက ဦးညွှတ်တောင်းပန်မိပါသည်။

အတွေးစပြတ်သွားချိန်မှာ အဖြူအစိမ်းဝတ်ထားသောကိုးတန်းအရွယ် ကျောင်းသားလေးတွေကို တွေ့လိုက်ရပြန်သည်။ ရင်ထဲမှာ ငယ်စဉ်က ကျောင်းတော်ကြီးကို တနင့်နင့်နေအောင် သတိရလာမိ၏။

ဒီနေ့အဖို့တော့ ဝတ္ထုတိုအတွက် စာမူရေးဖြစ်တော့မည် မထင်တော့ပေ။ ဒီလအတွက်တော့ ဖောင်လည်း ပိတ်ခါနီး၍မီတော့မည် မဟုတ်။

မတတ်နိုင်တော့။ ကိုမိုးကိုသာ တောင်းပန်ရုံရှိတော့သည်။

ဒါမှ ကျွန်တော့်ကို မကျေနပ်၍ ညနေခင်း ကျွန်တော် မနှစ်မြို့သည့် ဘီယာတွေ အတင်းလိုက်တိုက်ပြီး ဒဏ်ခတ်ရင်တော့ဖြင့် ထိုအပြစ်ဒဏ်တို ရဲရဲကြီးခံယူဖို့သာ ဆုံးဖြတ်လိုက်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



# မော်ဒယ်မလေးရဲ့ ညနေခင်း






သူမကို တစ်နေ့တစ်နေ့ ဘာလုပ်နေသလဲလို့ မေးကြသည်။ ဒီလိုပါပဲဟုသာ အလွယ်တကူ ပြန်ဖြေမိ၏။

အမှန်လည်း ဘာအလုပ်မှ သိပ်မရှိ။

မနက်အိပ်ရာထတာနဲ့ သွားတိုက်သည်။

မျက်နှာသစ်သည်။

ပြီးတော့ မေမေအဆင်သင့်လုပ် ထားသည့် မနက်ခင်းစာကိုစား၏။

မနက်ခင်းစာဆိုတဲ့အထဲမှာ တစ်ခါတလေ ထမင်းကြော်၊ တစ်ခါတလေ မုန့်ဟင်းခါး။

မုန့်ဟင်းခါးကို ငရုတ်သီးသိပ်စပ်ရင် မစား. . ။

ငါးဖယ် နှစ်ခုနဲ့ အိုးဘဲဥလေးနဲ့မှ. . ။

အဲ. . ပေါင်မုန့်ထောပတ်သုတ်ကိုတော့ တစ်ရက်ခြားလိုလိုစား၏။ ထောပတ်ထဲမှာ မခမ်းထောပတ်ကိုအကြိုက်ဆုံး. . ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ကြိုက်တိုင်းလည်း အရမ်းစားလို့မဖြစ်. . ။

ခန္ဓာကိုယ် ဝိတ်တက်လာမှာစိုးရ၏။

ဒီခန္ဓာကိုယ်ဆိုဒ်ကလေးကို ထိန်းထားရတာ မလွယ်. . ။

အစားလည်းလျှော့ရ၊ အအိပ်လည်းပုံမှန်လောက်ပဲအိပ်ရနဲ့ တော်တော် ဒုက္ခခံရတာ. . ။

ဒါပေမဲ့ အဲဒီလိုလုပ်နေရတာကို ပျော်ပါ၏။

ဒါမှ. . ဟိ. . ဟိ။

တလောက မော်ဒယ်ရှိုးတစ်ခုမှာ သူ အလှဆုံးလို့ပြောကြတာ ပဲ. . ။ ဒါလေးနဲ့ပဲ သေပျော်ပါပြီ. . ။

အဲဒါတွေပြီးတော့ ကျောင်းသွားသည်။

ကျောင်းဆိုတာ တက္ကသိုလ်ကို ပြောတာနော်. . ။

အဲဒီမှာပဲ သူမရဲ့တစ်နေ့တာ အလုပ်အများဆုံးအချိန်ကို စရပါတော့သည်။

ဘာဖြစ်လို့လဲဆိုတော့ သူမက မေဂျာရဲ့ကွင်းကိုး. . ။

ကွင်းဆိုတာ လူတွေ ကွင်းကွင်းသွားတာမဟုတ် ဘူးနော်. . ။

အလှဘုရင်မကိုပြောတာ. . ။

ခစ်. . ခစ်. . အလှဘုရင်မဆိုတော့လည်း သိတဲ့အတိုင်းပဲ ဟိုလူကချောင်း ဒီလူကချောင်းနဲ့. . ။

အခုလည်းကြည့် သူကားပေါ်ကဆင်းတာနဲ့ ကျောင်းသားတစ်ယောက် ကော်ရစ်ဒါအကွယ်က ထွက်လာပြီ. . ။

သူမဘာရယ် မဟုတ် လက်ထဲကိုင်လာတဲ့ ဟန်းဖုန်းကို လျှောက်ကလိနေလိုက်၏။

ပြီးတော့ နားမှာကပ်ပြီး စကားပြောသလိုလိုလုပ်နေလိုက်သည်။

အဲဒီ အချိန်မှာပဲ ငနဲက အနားကပ်လာသည်။

“ဟို. . ဟိုဟာလေ”

သူမ ဖျတ်ခနဲလှည့်ကြည့်လိုက်တော့ ငတိ ခပ်ကုပ်ကုပ်လေး ဖြစ်





သွားပြီး. .

“အနှောင့်အယှက် ဖြစ်သွားလားဟင်”

သူမ ခေါင်းခါပြကာ တစ်ဖက်ပြန်လှည့်ပြီး . . .

“ကိုလားဟင်”

အမှန်တော့ တစ်ဖက်က ဘယ်သူမှမဟုတ်၊ ဟန်ဆောင်လိုက်ခြင်းပါ။

“ကျွန်တော်. . ကျွန်တော့်ကို ခေါ်တာလားဟင်”

“ဟင်. . ဘာလဲ”

ငတိကိုပြန်လှည့်ကြည့်လိုက်ကာ မေးလိုက်တော့. .

“ကျွန်တော့်ကို ခေါ်တာလားလို့”

“မဟုတ်ဘူး. . ဒီဘက်ကိုပြောနေတာ. . ရှင်နဲ့ဘာဆိုင်လို့လဲ”

“မသိဘူးလေ ကိုလားဆို”

“ဟုတ်တယ်လေ ကျွန်မ ဖုန်းထဲကလူကိုပြောတာ ရှင်နဲ့ဘာဆိုင်လို့လဲ”

“ကျွန်တော်. . ကျွန်တော့်နာမည် လားကြီးပါ ဟဲဟဲ. . နာမည်ရင်းက ထိပ်တင်မောင်မောင်တဲ့. . သူငယ်ချင်းတွေကတော့ လားကြီးလို့ ခေါ်တယ်”

“ရှင့်ဟာရှင် လားကြီးမကလို့ မြင်းကြီးပဲဖြစ်ဖြစ်. . ဘာဆိုင်လဲ. . ကျွတ်. . ရှုပ်တယ်”

ဒီငနဲ သိပ်လွယ်မယ့်ပုံမပေါ်. . ။

မျက်နှာကပြောင်သည်။

ပြီးတော့ စပ်ဖြီးဖြီးနဲ့. . ။

“တီ. . တီ. . တီ. . တီ. . ”

“တီ. . တီ. . တီ. . တီ. . ”

“ဟင်. . ဖုန်း. . ဖုန်းကြီးလာနေတယ်. . ”

သူမလည်း ရင်မှာ ဒိန်းခနဲဖြစ်သွားရ၏။ ဟန်ဆောင်ပြီး နားရွက် ကပ်ထားတဲ့ဖုန်းက ထမြည်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘေးကငတိ ပထမတော့ အံ့သြသွားပြီး ကြောင်တောင်တောင်ဖြစ်သွားရာမှ သဘောပေါက်သွားကာ. .

"ဟား. . ဟား. . ဟား. . ဟား. . တကယ်လည်း မဟုတ်ဘူး လိမ်တယ်. . လိမ်တယ်"

ဆိုပြီး အော်ပြေးသွားလေတော့သည်။

သူမစိတ်တိုတိုနဲ့ ဆက်လျှောက်မလို့လုပ်တော့ ကျောင်းသားလေးယောက်လောက် ပုံစံအမျိုးမျိုးနဲ့ တန်းစီလို့. .။

သူမဆက်မသွားတော့ဘဲ စိတ်လည်းပျက်နေ၍ အိမ်ပြန်လာလိုက်သည်။

အိမ်ရောက်တော့ မေမေ့ကို နေမကောင်းဘူးလို့ လိမ်ပြောပြီး အိပ်ခန်းထဲ တန်းဝင်ခဲ့လိုက်တော့၏။

အိပ်ရာထဲရောက်တော့ ပျင်းနေသည်။

တစ်ခုခုလုပ်ချင်နေမိသည်။

အိမ်ဖော်ကောင်မလေးလာပို့တဲ့ သံပုရာရည်ကိုသောက်ပြီး အိမ်ကပြန်ထွက်ဖို့စဉ်းစားမိ၏။

အဲဒီအချိန်မှာပဲ ခေါင်းထဲ အကြံတစ်ခုလက်ခနဲပေါ်လာကာ ပျော်သွားမိ၏။

ဒီနေ့ မြရိပ်ညိုမှာ လိုက်ဖ်ရှိုးတစ်ခုရှိသည်ပဲ. .။

ဘယ်အဆို တော်တွေလဲတော့ အတိအကျမသိ. .။

ဒါတွေက အရေးမကြီးပေ. .။

အရေးကြီးတာ စတိတ်ရှိုးရှိဖို့ . .။

ပြီးတော့. . လှတပတလေးတွေဝတ်ပြီး လှူလုံးပြရဖို့။

ဒါနဲ့ နောက်ဆုံးတော့ သူငယ်ချင်းတွေဆီ ဖုန်းဆက်တာ ချိန်းလိုက်မိတော့သည်။

ဟိုကောင်မတွေကလည်း သိပ်လိုက်ချင်ပုံမပေါ်။

သူ့စကားတောင် မဆုံးသေး အဆင်သင့်တောင်ဖြစ်နေကြပြီ. .။

တော်ခင်မြို့မ အချစ်တိုက်



ဒီညဆိုတဲ့ အဆိုတော်တွေထဲက ရုပ်အချောဆုံးကို သွားမိတ်ဆက်ပြီး ဖုန်းဆက်မယ်လို့ စိတ်မှာ တေးထားလိုက်၏။

ဒီနေ့ညနေတော့ ဆီဗိုးနားမှာ ကိုယ်ကာယလေ့ကျင့်ခန်းသွားမလုပ်ဖြစ်တော့ပေ. .။

www.burmeseclassic.com





# လောင်းချင်လွန်းလို့ပါ

“လောင်းချင်လွန်းလို့ပါ” သကြန်ရောက်တိုင်း . . ဒီကောင်မလေးကို ချောင်းနေမိသည်။ အဓိက, က ရေလောင်းဖို့ပဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရေလောင်းရင်း စကားလေး ဘာလေးပြောပြီး ဘာညာ အိစိကလီလေးလည်း လုပ်ချင်တာပါ။

သို့သော် ကောင်မလေးက ဘာသာရေးပဲ ကိုင်းရှိုင်းတာလား၊ သင်္ကြန်မှာ သူ့ကို ရေလာလောင်းပြီး ဇာတ်လမ်းရှာချင်တဲ့ သူတွေကိုပဲ ရှောင်ချင်တာလား မပြောတတ်ပေ။

သင်္ကြန်ရောက်တိုင်း ယောဂီဝတ်သည်။

အရင်နှစ်ကဆို မယ်သီလရှင်တောင် ဝတ်သွားသေး၏။

ကောင်မလေးအိမ်က သူတို့အိမ်ရဲ့ မျက်စောင်းထိုးလေးမှာဖြစ်၏။ ပြောင်းလာတာ သုံးနှစ်လောက်ရှိပြီ။

သူက ဒီကောင်မလေးကို ရေလောင်းဖို့ချောင်းနေတာ နှစ်နှစ်ရှိပြီ။ နှစ်တိုင်း မအောင်မြင်သေး။

ဒီနှစ်လည်း ထုံးစံအတိုင်း ကောင်မလေး ဘာလုပ်မလဲ၊ ရင်ဖိုစွာ စောင့်နေမိပါတော့သည်။

သင်္ကြန်ကျပြီဆိုတာနှင့် ရေခဲ (၂၀၀)ဖိုးပြေးဝယ်ကာ ရေပုံးတစ်ခုထဲမှာ စိမ်ထားလိုက်၏။

ပြီးတော့ ခွက်တစ်ခုပါ အသင့်ထည့်ထားလိုက်သည်။

ရည်ရွယ်ချက်က ဒီသင်္ကြန်မှာ အဲဒီကောင်မလေးကို မဖြစ်မနေ ရေလောင်းရဖို့။

သူငယ်ချင်းတွေနဲ့လည်ဖို့ပတ်ဖို့ ချိန်းထားသော်လည်း တော်တော်စောသေး၍ မလည်ခင်လေး လှုပ်ရှားဖို့ စဉ်းစားလိုက်တာလေ။

လုပ်ငန်းအားလုံးပြီးစီးသွားတော့ ကောင်မလေး အိမ်ကို တစေ့တစောင်း အကဲခတ်နေလိုက်၏။

အိမ်ကတော့ ထုံးစံအတိုင်း အေးချမ်းတိတ်ဆိတ်ကာနေသည်။

ခဏလောက်ကြာတော့ အိမ်ရှေ့လှေကားလေးက ဆင်းလာတဲ့ ကောင်မလေး ပုံရိပ်ကို တွေ့လိုက်ရ၍ ရေတစ်ခွက်အမြန်ပြေးခပ်လိုက်၏။

တစ်မနက်လုံး ကောင်မလေးက ခြံဝင်းတံခါးလေးနားရောက်လာပြီး





ခြံပြင်ကို ဟိုကြည့်ဒီကြည့်လုပ်သည်။

သူ့ကို ရေပက်မယ့် လူတွေရှိမရှိ လှေ့လာတဲ့သဘော။

သူ ရင်ခုန်သွားကာ ခန္ဓာကိုယ်ကိုကြုံ့ပြီး ခြံစည်းရိုးနားက ပုဏ္ဏရိက်ပင်တွေကြားမှာတင် ပုန်းကွယ်နေလိုက်၏။

ဝပ်သလို လုပ်နေလိုက်၏။

နောက်တော့ ကောင်မလေးက ခြံပြင်ကို စိတ်ကြိုက်လေ့လာပြီး အပြင်ထွက်ဖို့ ပြင်နေတာ တွေ့လိုက်ရသည်။

သူ့ရင်ခုန်သံ တဒိန်းဒိန်းခုန်သွား၏။

ခွက်ကို သေချာကိုင်၍ ကောင်မလေးထွက်တာနှင့် ရေပြေးလောင်းရန် အဆင်သင့်ပြင်ထားကာ တာထွက်ခါနီး မာရသွန် အပြေးသမားလို ခါးကိုတစ်ချက်ကုန်းလိုက်ချိန်တွင် . . .

"ဖြန်း . . ."

"ဖြန်း . . ."

"ဖြန်း . . ."

"အောင်မလေး အမေရဲ့ . ."

ကုန်းထားသော ကျောပြင်တစ်ခုလုံး ကော့ခနဲ ဖြစ်သွားကာ ရှေ့ကို ဝမ်းလျားမှောက်ကြီး ပစ်ကျသွားတော့သည်။

ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်လို့ ဖြစ်သွားမှန်းမသိလိုက်ပေ။

ကျောပြင်တစ်ခုလုံး ကြာပွတ်နဲ့ အတီးခံလိုက်ရသလို ဖျင်းခနဲ ဖြစ်သွား၏။

မှောက်ခုံကြီးဖြစ်နေရာမှ ခန္ဓာကိုယ်ကို ကုန်းရုန်းထကာ ခပ်လှမ်းလှမ်းမှာ လွင့်ကျနေသည့် ခွက်ကို ကောက်ကိုင်ပြီး ပတ်ဝန်းကျင်ကို ကြည့်လိုက်စဉ် . . . .

"သင်္ကြန်ကျလို့ ရေပက်တယ် ဘာဖြစ်သလဲကွယ် . . ."

"ခွက်စုတ်ကလေးနဲ့ ပက်တာလောက်တော့ ရယ်တာပေါ့ . . ရယ်တာပေါ့ . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟီး . . ဟီး . . ဟီး . . ဟား ဟား ဟား . ."

ကလေးတစ်သိုက် နို့ဆီခွက်လေးကိုင်ကာ သူ့ကို ဝိုင်းဆော်ပလော်တီးပြီး လှော်င်သွားကြတာ တွေ့လိုက်ရ၏။

ရှက်လည်းရှက်၊ ဒေါသလည်း တော်တော်ထွက်သွားကာ လက်ထဲမှာရှိတဲ့ ရေခွက်နဲ့လှမ်းထုပစ်လိုက်လေသည်။

ခွက်က ဘောလုံး မင်းသားဒေးဗစ်ဘက်ခမ်း ကန်လိုက်သော ဘောလုံးလို မြောက်တက်သွားကာ လေပေါ်ဝဲသွားစဉ်တွင် . . .

"ဟာ . . ထိမယ် . . ထိမယ် . . ဝပ် . . ဝပ် . . ."

ပုဏ္ဏာရိုက်ပင်ကြား လေးဘက်ကြီးထောက်ပြီး အော်နေသော သူ့ကို ကြောင်စီစီလေး ကြည့်နေသော ကောင်မလေး။

ပြီးတော့ မယုံကြည်နိုင်မှု၊ အံ့သြမှု၊ တွေဝေမှု စသည်တို့ ခြယ်မှုန်းထားသော မျက်နှာ . . .။

သူပစ်ထည့်လိုက်သော ခွက်က ကောင်မလေးမျက်နှာတည့်တည့်သို့ ဝဲတာ ပျံသန်းလျက်။

သူ့မျက်ဝန်းထဲမှာ အပြာရောင်တွေဖုံးလွှမ်းသွားလေသည်။

"ဒေါင် . . ."

"အမေ့ . . ."

ကောင်မလေး နဖူးလေးကို ကိုင်ကာ ခွေခနဲလဲကျသွားပုံလေးကို နောက်ဆုံးအနေနှင့် စလိုးမိုးရှင်းလေး တွေ့လိုက်ရလေတော့သည်။

ထိုကိစ္စတွေဖြစ်ပွားပြီး နောက်ရက်များတွင် ကောင်မလေး အိမ်ရှေ့သို့ ကိုယ်တော်တစ်ပါး ဆွမ်းခံကြွသည်။

ကောင်မလေးက ထိုကိုယ်တော်ကို ဆွမ်းထွက်လောင်းတိုင်း သူမနဖူးလေးကို ယောင်ပြီး စမ်းစမ်းကြည့်၏။

ထိုကိုယ်တော်က ပတ်ဝန်းကျင်ကို လုံးဝမကြည့်ဘဲ ဆွမ်းခံပြီးတာနှင့် အမြန်ထွက်သွားလေသည်။

ကောင်မလေး၏အိမ်ထဲမှ အဆိုတော်ဒိုးလုံးရဲ့ သီချင်းတစ်ပုဒ်ကို





အမြဲဖွင့်ကာထားလေသည်။

ထိုကိုယ်တော်သည် သကြ်န်ရောက်တိုင်း ဘုန်းကြီးအမြဲဝတ်တတ်သော ကိုယ်တော်ဖြစ်လေသည်။

www.burmeseclassic.com

# မြတ်သျှလို သိပ်ကောင်း





တက္ကသိုလ်တွေ စဖွင့်တဲ့ရက်ဆိုတော့ အားလုံး လတ်လျားလတ်လျား လုပ်နေကြလေသည်။

အဝေးသင်တွေ စဖွင့်တဲ့နေ့ဖြစ်၏။ ကျွန်တော်က အင်္ဂလိပ်စာ အဓိကယူထားတော့ အင်္ဂလိပ်စာအဆောင်ကို ဟိုလူမေး ဒီလူမေးနဲ့ ရောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အဆောင်ရောက်တော့ ကိုယ်နဲ့သိတဲ့သူ ဘယ်သူများရှိလဲ လိုက်ရှာ၏။ ဘယ်သူမှမတွေ့။

ဒီလိုနဲ့တစ်ယောက်တည်း ပျင်းပျင်းရှိတာနဲ့ ကောင်မလေးတွေ လိုက်ငေးနေမိလိုက်သည်။

ကြွားပြောတာတော့မဟုတ်။ ကျွန်တော်တို့ အင်္ဂလိပ်စာမေဂျာက ကောင်မလေးတွေက တော်တော်လှကြ၏။

အားလုံးသူ့ထက်သူ လှစွမ်းကောင်းတွေချည်းဖြစ်လေသည်။ တစ်ယောက်က ချောလို့ လိုက်ကြည့် နေတာမှ မဆုံးသေး နောက်တစ်ယောက်က ပိုလှနေပြန်သည်။

ကျွန်တော့်ခေါင်းသည် ဆုံလည်ကုလားထိုင်တစ်လုံးလို ချာလပတ်လည်နေရ၏။

အဝေးသင်ဆိုတော့ အနီးကပ်ဆယ်ရက်ပဲတက်ရသည်။ ဘာပဲဖြစ်ဖြစ် လူငယ်ပီပီတက္ကသိုလ်ရောက်မှတော့ ကောင်မလေးတစ်ယောက်လောက်နဲ့တော့ အီကြာကွေးဆွဲချင်မိ၏။

အီကြာကွေးဆွဲချင်တယ်ဆိုတာ အီကြာကွေးကို အလယ်မှာထားပြီး တစ်ယောက်တစ်ဖက်ဆွဲချင်တယ်လို့ပြောတာမဟုတ်ပါ။

အီစီကလီ ဟိုမရောက်၊ ဒီမရောက်လေး တွဲချင်တယ်ပြောတာပါ။

ဒီလိုနဲ့ ကျွန်တော်က အရင်ဆုံး ကိုယ်ရောက်နေတဲ့အခန်းက ကောင်မလေးတွေကို လေ့လာလိုက်၏။

ကောင်မလေးတွေ တော်တော်များများတွေ့ရသော်လည်း အရမ်းကာရော စွတ်ပြီး ဝင်မလုံးရဲ။

ဒီကောင်မလေးတွေထဲမှာ ရည်းစားရှိတဲ့လူပါမည်။

ညီအစ်ကို မောင်နှမတွေနဲ့ ထိုင်နေတဲ့သူတွေရှိမည်။

နောက်ဆုံး ယောကျ်ားရှိတဲ့လူတောင် ပါချင်ပါဦးမည်။

ဒီတော့ ပထမဦးစားပေးအနေနဲ့ တစ်ယောက်တည်းထိုင်နေတဲ့ ကောင်မလေးတွေကို အရင်ဆုံးဦးစားပေးလေ့လာလိုက်လေ၏။





နောက်ဆုံး ညာဘက်ခုံမှာထိုင်နေတဲ့ ကောင်မလေးတစ်ယောက်ကို အရင်ဆုံးသတိထားမိသည်။ ကောင်မလေးက ချစ်စရာလေး။ ဆံပင်ကို ကျစ်ဆံမြီးသေးသေးလေးတွေကျစ်ပြီး နောက်ကိုသိမ်းကာ ကလစ်ကလေးတွေနဲ့ ညှပ်ထား၏။

ပြီးတော့ ဘောင်းဘီရှည်လေးနဲ့အပေါ်က တီရှပ်ခါးတိုလေး . . .।

ဘိုဆန်ဆန်လေးလှပနေသော ထိုကောင်မလေးထံ ကျွန်တော် အရင်ဆုံး ချဉ်းကပ်ကြည့်လိုက်မည်ဟု စဉ်းစားလိုက်၏။

အတွေးမဆုံးခင်မှာပင် ကျွန်တော် သူမရှိရာ ခုံဆီသို့လှမ်းသွားလိုက်လေတော့သည်။

နောက်ဆုံးတန်းရောက်တော့ ကောင်မလေးထိုင်နေတဲ့ ခုံတန်းလေးမှာပဲ ကျွန်တော် ခပ်တည်တည်လေး ဝင်ထိုင်ပစ်လိုက်သည်။

ကောင်မလေးက သူမ ခုံမှာတစ်စုံတစ်ယောက်လာထိုင်တာ သိတော့ ဖျတ်ခနဲမော့ကြည့်သည်။

ထိုအကြည့်လေးကစက္ကန့်ပိုင်းလောက်လေးပဲကြာလိမ့်မယ်ထင်၏။ ထိုအချိန်လေးကိုပဲ အမိအရအသုံးပြုပြီး ကျွန်တော် သွားဖြဲပြလိုက်လေသည်။

"အဟီး . . ထိုင်မယ်နော် . . ."

အမှန်တော့ စာသင်ခန်းတစ်ခုထဲကခုံမှာ ကျောင်းသားတစ်ဦး ဝင်ထိုင်တာ ဘယ်သူ့ကိုမှခွင့်တောင်းနေစရာမလို။

ဘယ်သူကမှလည်း ငါအရင် ရောက်တာပဲဆိုပြီး အပိုင်စီးထားတဲ့သူမရှိ။

ဒါပေမယ့် ကျွန်တော်က ကြံမိကြံရာ လုပ်လိုက်တဲ့သဘောပါ။

ကောင်မလေးက သွားဖြဲပြတဲ့ ကျွန်တော့်ရုပ်ကိုကြည့်ပြီး တစ်ချက်ပြုံးသွားကာ . . .

"ဟိုင်း . . ."

"ဗျာ . . ."

ကျွန်တော် . . ရုတ်တရက် ကြောင်တောင်တောင်ဖြစ်သွားတာပါ။



www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့ ကောင်မလေးက ဘိုလိုနှုတ်ဆက်လိုက်တာ။

ဘယ်ရမလဲ အမြန်ဏ္ဍန်ချွေဆယ်ပြီး ပြန်ဟိုင်းလိုက်တာပေါ့ . . ။

"ဟိုင်း . . ."

ကောင်မလေး အသိအမှတ်ပြုတဲ့သဘောခေါင်းညိတ်ပြသည်။ ဘာပဲဖြစ်ဖြစ် အင်္ဂလိပ်စာမေဂျာကျောင်းသားတွေမှန်းသိသာအောင် ဘိုလိုတော့ ဟိုင်းပြီးသွားပြီ။

နောက်တော့ ဘာဆက်ပြောရမှန်းမသိ။

ကောင်မလေးကြည့်ရတာလည်း ခေတ်ဆန်ဆန်လေးနေတတ်ပြီး ဘိုဆန်ဆန်ယဉ်ကျေးမှုရှိပုံရသည်။

"ဟို . . ဆရာမ ဘယ်နှယောက်ဝင်ပြီးသွားပြီလဲဟင် . ."

ကျွန်တော် ကျောင်းရောက်တော့ ပထမအချိန် ဆရာမဝင်ပြီးသွားချိန်ဖြစ်၍ မေးလိုက်ခြင်းပါ။

ကောင်မလေးက ပြုံးပြုံးလေးပါ။

"မြန်မာစာ ဝင်ပြီးသွားပြီ . . ."

ကျွန်တော် ကောင်မလေးစကားလည်းဆုံးရော ရုတ်တရက် အကြံပေါ်သွားကာ . . .

"ဟာ. . ဒါဆိုအတော်ပဲ. . လက်ချာတွေကူးချင်လို့ ကျွန်တော့်ကို စာအုပ်ငှားပါလားဟင် . . ."

ဇာတ်လမ်းကတော့ တော်တော်ရိုးသည်။ ဘိုးတော်ဘုရားခေတ်ကတည်းက အသုံးပြုခဲ့တဲ့ အဝင်အထွက်နည်းလမ်းမျိုးဖြစ်၏။

ဒုတိယ ကမ္ဘာစစ်မတိုင်ခင်ကတည်းကရှိခဲ့သည့် တက္ကသိုလ် ဇာတ်လမ်းတွေထဲမှာလည်းပါသည်။

မတတ်နိုင် ဒီနည်းလမ်းက အလွယ်ဆုံး ဖြစ်နေ လေသည်။

"ရပါတယ် . . ယူလေ . . အင့် . . ."

ကျွန်တော့်စကားလည်း ဆုံးရော ကောင်မလေးက သူ့လက်ထဲက စာအုပ်ကလေးထိုးကာပေးတော့ အရင်ဆုံး နာမည်ထိုးထားတာကို လှမ်းဖတ်





ပစ်လိုက်သည်။

"အဲလစ်သန္တာ . ."

"နာမည်လေးက တော်တော်ဘိုဆန်တာပဲနော် လှူနဲ့လိုက်တယ်"

မိန်းကလေးအများစုက သူတို့ကိုချီးကျူးရင် သိပ်ကြိုက်ကြောင်း ကျွန်တော် သိထား၏။ ဒီကောင်မလေးလည်း ကျွန်တော့်စကားလည်းကြားရော ပြုံးစစလေးဖြစ်သွားကာ . . .

"ဟုတ်တယ် . . တို့က ဟိုမှာ သွားနေနေတာ ကြာပြီဆိုတော့ . . ခစ် . . ခစ် . ."

ဘာဖြစ်သွားမှန်းမသိ စကားပြောရင်း တန်းလန်းနဲ့ပါးစပ်ကို လက်နဲ့ အုပ်ပြီး ထရယ်တော့ . . .

"ဘယ် . . ဘယ်မှာသွားနေနေတာလဲ ဟင် . ."

"အင်္ဂလန်မှာလေ . . ခစ်ခစ် . . အဲဒီမှာ ဒယ်ဒီနဲ့မာမီရှိတယ် . . အင်း . . အဘိုးနဲ့အဘွားတွေက ဒီမှာ . . အခုတောင် သူတို့က ဒီဘွဲ့လေးယူပါဦးဆိုလို့ စာမေးပွဲဝင်ဖြေမလို့ ဟိုကဘွဲ့တော့ယူမလို့ လုပ်နေတုန်း . . အင်း . . . ပြောမယ့်သာပြောရတာပါ . . ဒီမှာနေရတာ မနေနိုင်ဘူး . . အရမ်းပူတယ်သိလား . . အဲယားကွန်းလည်းမရှိဘူး . . ယူရော စိတ်မပျက်ဘူးလားဟင် . . ."

ကျွန်တော် သူ့ကိုကြည့်ပြီး တော်တော်လေးစိတ်ဝင်စားသည်။ ကျွန်တော့်မှာ ဗြိတိသျှပြန်မမနဲ့တွေ့နေရပြီ။

ကိုယ်က အီကြာကွေးလေးများဆွဲရမလားဆိုပြီးလာတာ ကံမကောင်းရင် ယပ်တောင်ခပ်ပေးရမယ့်ကိန်း ဆိုက်နေပြီ။

ပြီးတော့ ကောင်မလေးက အာတွေ့သွားလို့ထင်သည်။ ကျွန်တော့်ကို ဘိုလိုတွေမှုတ်ပါတော့သည်။ ထိုဘိုလိုတွေထဲမှာ မြန်မာလိုတစ်လုံးနှစ်လုံး ညှပ်ကာပြော၏။

ကျွန်တော်လည်း ဗြိတိသျှပြန်မမရဲ့ ဘိုလိုတွေကြားမှာ ချာချာလည်ရင်း ဘာလုပ်လို့လုပ်ရမှန်းမသိ။



www.burmeseclassic.com

www.burmeseclassic.com



သူပြောတဲ့စကားတွေကိုလည်း တချို့ဟာတွေ နားလည်သလို တချို့စကားတွေက ဘာပြောလို့ပြောသွားမှန်းတောင်မသိ။ ကောင်မလေးက အင်္ဂလိပ်စကားပြော တော်တော်ကောင်းတယ်ဆိုတာကိုတော့ ကျွန်တော် သတိထားမိသည်။ ကျွန်တော့်မှာသူပြောတာ နားမလည်လို့ ပြန်မေးရင်လည်း သိက္ခာကျမှာစိုး၍ ခေါင်းချည်းညိတ်ပြနေရလေသည်။

"ဒါနဲ့ ယူ့နာမည် ဘယ်လိုခေါ်သလဲဟင် . . ."

ဒါကျတော့ မြန်မာလိုမေးလို့ တော်သေးသည်ဟု ကျွန်တော် တွေးလိုက်မိ၏။

ကျွန်တော် ပထမတော့ ကိုယ့်နာမည်အရင်းအတိုင်း ပြောမလို့ စဉ်းစားလိုက်ပါသေးသည်။ သို့သော် သူကဘိုဆန်ဆန်နာမည်နဲ့ ဘိုလိုချည်း မှတ်နေတော့ မခံချင်ဖြစ်လာ၍ . . .

"အဲလ်ဘတ်မိုးအောင်ပါ . . ."

အမှန်တော့ ကျွန်တော့်ငယ်နာမည်က အောင်ရ . . ဒါပေမဲ့ ဘယ်သူသိတာမှတ်လို့ . . . . .

ကောင်မလေးက ကျွန်တော့်နာမည်လည်းကြားရော . . ."

"အမယ် . . . ယူက တို့ကျပြောတယ် . . . ယူ့နာမည်လည်း ဘိုဆန်တာပဲ . . ."

ကျွန်တော် အားတက်သွားကာ . . . .

"ဟဲ . . ဟဲ . . ကိုယ်လည်း ဟိုကပြန်လာတာ မကြာသေးဘူးလေ"

ကောင်မလေး မျက်လုံးတွေဝင်းလက်သွားပြီး . . .

"ဘယ် . . ဘယ်နိုင်ငံလဲဟင် . . ."

ကျွန်တော် မျက်နှာကိုချိုကာ ခပ်တင်းတင်းပြောပစ်လိုက်၏။

"ညောင်လေးပင်က . . ."

"ဟင် . . ."

ကောင်မလေး ပထမကြောင်သွားသည်။ နောက်တော့ ချက်ချင်းမျက်နှာတင်းသွားကာ ကျွန်တော့်ရှေ့ချထားတဲ့ သူ့စာအုပ်တွေ အကုန်ယူပြီး





ဝုန်းခနဲထရပ်ပစ်လိုက်လေသည်။

"ဘွတ်ရှစ် . . ."

(အဲဒီကတည်းက အဲဒီကောင်မလေးကို မတွေ့တော့တာ ပထမနှစ်ပြီးသွားတဲ့အထိပင် . . အင်္ဂလန်ပဲပြန်သွားပြီလား . . မသိတော့ပါ)

www.burmeseclassic.com

www.burmeseclassic.com



# ချစ်...ချစ်...ချစ်လို့ပါ

မိုးသက်လင်းသော်





သူက . . . . နှုတ်ခမ်းလေး နည်းနည်းလေးသည်။

စကားလည်း တော် တော်လေး ထစ်၏။

မျက်စိကတော့ ဝေ့ရှာပါ . . မှုန်။

"ငါသူ . . သူ . . သူ့ကို တော် . . တော် . . တော် . . ချစ် . . ချစ် . . တာ . . ကွာ . . ငါ့ . . ငါ့ဘဝ . . ဝ . . တစ် . . လျှောက်မှာ . . မှာ"

"တော်ပါတော့ နိုင်ကြီးရာ။ ငါတို့သိပါပြီ . . မင်းအစား မောလွန်းလို့ပါ . . ."

"အန် . ."

"တော်ပြီလို့ပြောတာ . . မင်း အစားမောလွန်းလို့လို့ . . ဟား . . . ဒီထက် အော်ပြောရရင်လည်း လိပ်ခေါင်းထွက်ဖို့ပဲ ရှိတော့တယ်ကွာ"

နိုင်ကြီးက သူ့သူငယ်ချင်းတွေကို မျက်လုံးလေးမှေးကာကြည့်ရင်း ပြုံး၏။ ပြီးမှ . . .

"မင်းတို့ . . သိပ် . . သိပ် . . မသိ . . ပါ . . ပါဘူးကွာ . . ငါ . . . သေ . . သေချာ . . ရှင်း . . ရှင်း"

"ရပါပြီ နိုင်ကြီးရယ် . . . မရှင်းပါနဲ့တော့ . . မင်း သူ့ကိုချစ်တယ်မဟုတ်လား . . ."

ခေါင်းညိတ်ကာပြ၏။

"ရည်းစားစကားလိုက်ပြောလေ . . ."

"ပြော . . ပြော . . ပြီး . . ပြီး . . . ပြီ . . ."

"ဘာပြောလဲ . ."



www.burmeseclassic.com

www.burmeseclassic.com



"တစ် . . တစ် . . တစ် . . ဝက် . . ပဲ . . ပြော . . ပြောရသေး တယ် . . ."

"ဟင် . . ဘာ . . ဘာလို့ အပြည့်မပြောလိုက်တာလဲ . . ."

"ပြော . . ပြောရင်းနဲ့ . . သူ . . သူ့အိမ် . . ရောက် . . ရောက် သွားလို့ . . "

ပထမတော့ . . အားလုံး ကြောင်တောင်တောင်ဖြစ်သွားကြ၏။ ပြီးတော့မှ နိုင်ကြီး ဆိုလိုတာ သဘောပေါက်သွားကြ၍ . . .

"မင်းက စကားနဲ့လိုက်မပြောနဲ့ပေါ့ကွာ . . စာနဲ့ရေးပြီးပေးပေါ့ . . "

ပါးစပ်ကရော လက်ဟန်ခြေဟန်ပါ လုပ်ပြလိုက်၍ ဝတီ ချက်ချင်း သဘောပေါက်ကာ . . .

"ဟုတ် . . ဟုတ်လိုက် . . . လေ . . သူ . . သူငယ် . . ချင်း . . ချင်းတို့ရာ . . . . ငါ . . ငါ . . မေ့ . . မေ့ သွား . . သွား . . တယ်"

"အေးပါ နိုင်ကြီးရာ . . အဲဒါဆိုလည်း မင်း အခုအိမ်ပြန်တော့ . . စာတစ်စောင်ပြီးအောင်ရေး . . မနက်ဖြန်ကျလိုက်ပေး . . ."

နိုင်ကြီး သဘောကျသွားကာ ပြန်သွားတော့၏။

အဲဒီတော့မှ အားလုံးလည်း သက်ပြင်းချနိုင်ပါတော့သည်။

နိုင်ကြီးက မျက်စိမှုန်သော်လည်း ပုလင်းဖင်နီးပါးထူသည့် မျက်မှန်ကို တပ်ထား၍ သူ့ချစ်သူလေးကို အဝေးကတည်းက မြင်လေသည်။

ရင်တွေခုန်ပြီး ဖင်ပါတုန်သွားကာ တစ်ညလုံး မနားမနေ ထိုင်ရေး ထားသော ရည်းစားစာလေးကို ထုတ်ကိုင်လိုက်၏။

ဒီစာလေးထဲမှာ သူ ဘယ်လောက်ချစ်ကြောင်း၊ အနှု၊ အရွ၊ အလှအပ စကားလုံးလေးတွေကို တစ်ညလုံး ရေးထားရခြင်းဖြစ်သည်။

တချို့ စာကြောင်းတွေဆို နီးစပ်ရာ အချစ်ဝတ္ထုတွေထဲက တိုက်ရိုက် ပြန်ကူးရေးထားတာတောင် ပါသေးသည်။ ကောင်မလေးက တဖြည်းဖြည်းနှင့် နီးလာကာ လူလုံးကွဲသည့် အဆင့်ကိုတောင် ရောက်လာပြီ။

ကောင်မလေးကလည်း နိုင်ကြီးကို မြင်သွား၏။





မြင်သွားတာနှင့် မျက်နှာတစ်ပြင်လုံး မည်းကာသွားသည်။ သူ့ခမျာ အရှင်လတ်လတ် အပါယ်ဘုံလားရမည့်သူလို ဖြစ်သွား ရလေသည်။

တစ်နေ့ တစ်နေ့ နိုင်ကြီးရဲ့ ဘာကိုရည်ရွယ်မှန်း မသိတဲ့စကားတွေကို နားထောင်ရတာကြာတော့ ရူးချင်ချင်ဖြစ်လာသည်။

အခုဆို နိုင်ကြီး စကားတွေ ကြားရဖန်များ၍ သူတောင် ထစ်ချင်သ လိုလို ဖြစ်နေ၏။ ထို့ကြောင့် နိုင်ကြီးကိုတွေ့ရင် သူမ တော်တော်ကြောက်သည်။

အခုလည်း ဘာတွေပြောဦးမည်မသိ။

"ခ . . ခဏ . . လောက် . . နေ . . နေ . . နေပါဦး . . ဗျာ . . ကျွန် . . ကျွန်တော် . . မနေ့ . . နေ့က . . စကား . . လေး . . လေး . . . . . မ . . ပြီး . . ခင် . . ခင် . . အိမ် . . အိမ် ရှေ့ . . ရောက် . . ရောက်သွားလို့ . . ၊ အဲ . . အဲဒါ . . အခု . . ခု . . ပြော . . ပြော . . နေ . . ရင်း . . ရောက် . . ရောက် . . သွားမှာ . . စိုး . . စိုးလို့ပါ . . ရင် . . ရင်ထဲ . . မှာ . . မှာ . . ရှိ . . ရှိသမျှ . . ."

"ဒီမှာ ကျွန်မကို ရှင်ဒီလိုပဲ နေ့တိုင်း လိုက်နှောင့်ယှက်နေတော့ မှာလား . .

ဒီရပ်ကွက်မှာ ကျွန်မတို့က ဣန္ဒြေသိက္ခာနဲ့နေတာ ရှင်လုပ်လို့ ကျွန်မ သိက္ခာအကျမခံနိုင်ဘူး . . "

"ပြီ . . ပြီတ္တာ . . မဖြစ် . . ဖြစ် . . စေ . . ရ . . ပါဘူး . . ဗျာ . . ဘာ . . ဘာလို့ ခင် . . ခင်ဗျားက . . ပြီ . . ပြီတ္တာ . . ဖြစ် . . ဖြစ်ရ . . မှာ . . မှာလဲဟင် . . ."

ကောဖ်မလေး စိတ်ညစ်ကာသွား၏။

ဘာလုပ်လို့ လုပ်ရမှန်း မသိတော့ဘဲ . . ခေါင်းက ဆံပင်တွေကို ဆွဲဖွကာ . . . .

"ပြိတ္တာ . . မဟုတ်ဘူး . . သိက္ခာ . . သိက္ခာ . . ကဲ . . ထား ပါတော့ . .

ရှင် အခု ကျွန်မကို ရည်းစားစကားပြောမလို့လား . . . မြန်မြန်



www.burmeseclassic.com

www.burmeseclassic.com



ပြောရှင် . . မြန်မြန်ပြော . . . ”

ဇာတ်လမ်းက ဒီလိုမှမဖြတ်ရင် ရတော့မှာမဟုတ်။

ဒီရည်းစားစကားကိုပြောပြီးမှ အေးပေမည်။

မပြောရမချင်း လက်လျှော့မယ့်ပုံလည်း မဟုတ်၍ ဒီလိုလုပ်မှပဲ ရတော့မည်။

ငတိက ဒါမျိုးတော့ ကြားသည်။

“ရည်းစား . . စ . . စကား . . ပြော . . ပြောမလို့ . . မဟုတ် . . မဟုတ်ပါဘူးဗျာ . . နှုတ်တစ်ရာ . . စာ . . စာတစ်လုံး . . . ဆို . . ဆိုသလို ကျွန် . . ကျွန်တော့်ရဲ့ . . ရင် . . ရင်ထဲ . . က . . ပြည့် . . ပြည့်လျှံ . . ပါက် . . တဆော်လာတဲ့ . . . ”

“ကဲ . . ပေး ပေး . . ရည်းစားစာ ပေးမလို့လား . . အဲဒါလား . . ယူသွားမယ်နော် . . ပေး . . ”

ကောင်မလေးက သူ့လက်ထဲကစာကို အတင်းလုကာ ယူသွားတော့၏။

ငတိတော်တော်ပျော်ကာသွားသည်။

တစ်ညလုံး ကြိုးစားရကျိုးနပ်လေပြီဟု တွေးကာ အပျော်လွန်ပြီး ခုန်ပေါက်ထွက်သွားတော့၏။

ကောင်မလေးက အိမ်ရောက်တော့ ဈေးခြင်းတောင်းလေးချကာ ငတိစာကို အမှိုက်ပုံးထဲသွားထည့်မလို့ လုပ်လေသည်။

သို့သော် ထည့်ကာနီးမှ ဘာတွေရေးထားသလဲ ဖတ်ကြည့်ချင်စိတ် ပေါက်သွား၍ စာကို အခန်းထဲ ယူခဲ့လိုက်လေတော့သည်။

ဒီကောင်နဲ့ စကားပြောတဲ့အခါတိုင်း သူထစ်နေတာနှင့်ပင် ကောင်းကောင်းနားမလည်လိုက်၍ အခုလို စာလေးနဲ့ဆိုတော့ ဖတ်ကြည့်ချင်စိတ် ပေါက်သွားသည်။

ဒီကောင် ဘာတွေများ နှုထားသလဲ . . . ။

စာအိတ်ကို ဖြုလိုက်တာနှင့် ရေမွှေးရနံ့တစ်ခု နှာခေါင်းထဲ ထိုးဝင်





လာသည်။

ကောင်မလေး တစ်ချက်ပြုံးသွားသည်။

ဒီကောင် ကဗျာဆန်ဆန်လေး လုပ်တတ်သားပဲဟုလည်း တွေးလိုက်မိ၏။

စာရွက်လေးကို စလှန်လိုက်ချိန်မှာ ရင်လေးနည်းနည်းခုန်သွားတာလည်း သတိပြုမိလိုက်လေသည်။

ဤသို့ဖြင့် စာရွက်ပေါ်က စာလုံးလေးတွေကို ရင်ခုန်နှုန်းနဲ့ အတူ စတင်ဖတ်လိုက်ပါတော့သည်။

သို့/

ကောင်း . . ကောင်း . . ကောင်းကင် . . နဲ့ . . မြေ . . မြေကြီး . . ကြားက . .

သတ္တ . . သတ္တ . . လော . . လော . . က . . ကမ္ဘာမှာ . . အလှ . . လှဆုံးကိုပြော . . ပြောပါ . . ဆိုရင် . .

မင်းလေး . . ကို . . ကို . . လက်ညှိုး . . ထိုး . . ထိုး . . ထိုးပြ . . မိ . . မိမှာ . . . အမှန် . . မှန် . . ပါ . . ကွယ် . . ကွယ် . .

တ . . တကယ် . . တော့ . . ကောင် . . ကောင်မလေး . . . လေး . . ရယ် . . မင်း . . မင်း . . လေး . . လေးကို . . ချစ် . . ချစ် . .

“ဗြဲ . . . ”

“ဗြဲ . . . ”

“ဗြဲ . . . ”

“သွားဟာ . . . ”

ငတိရဲ့ ဂန္ထဝင်ဆန်ဆန် ရည်းစားစာလေးသည် အမှိုက်ပုံးထဲသို့ မိမွေးတိုင်း ဖမွေးတိုင်းတောင် ရောက်မသွားရှာတော့ပေ . . . . ။

www.burmeseclassic.com

www.burmeseclassic.com



# ကြောင်ဖြစ်ရတဲ့ ဒုက္ခ






အိမ်မွေးတိရစ္ဆာန်လေးများကို လူတော်တော်များများ ချစ်ကြသည်။ မွေးလည်းမွေးကြ၏။ တချို့က ဝါသနာအရ မွေးကြသလို တချို့က ချစ်လို့မွေးကြ၏။ ဘယ်လိုပဲ မွေးမွေး.. နောက်ဆုံးတော့ သံယောဇဉ်တွယ်ပြီး သားသမီးတစ်ယောက်လို ချစ်သွားကြတာများသည်။

ထို လူတော်တော်များများ ချစ်ကြသော အိမ်မွေးတိရစ္ဆာန်အမျိုးအစားများထဲတွင် 'ကြောင်'ဆိုတဲ့ သတ္တဝါလည်း တစ်ခုအပါအဝင်ဖြစ်သည်။

ထို'ကြောင်'ဆိုသောသတ္တဝါနဲ့ ကျွန်တော်သည် အချစ်နဲ့ပတ်သက်၍ ထိပ်တိုက်တိုးခဲ့ဖူးပါသည်။

ကျွန်တော်ကြိုးစားနေတဲ့ ကောင်မလေးနဲ့ ကျွန်တော်က အိမ်ချင်းကပ်လျက်၊ ခြံစည်းရိုးတစ်ခုပဲခြားပြီး လှမ်းကြည့်ရင် တစ်အိမ်နဲ့တစ်အိမ် မြင်ရသည့်အနေအထား။

သူတို့က မကြာသေးခင်ကမှ ပြောင်းလာ၍ သိပ်တော့မခင်ကြသေးပေမယ့် အိမ်နီးချင်းဆိုတော့ မေးထူးခေါ်ပြောအဆင့်တော့ရှိ၏။ ကျွန်တော် အဲဒီအိမ်က ကောင်မလေးကို စိတ်ဝင်စားသည်။

စတွေ့ပုံက ရိုးစင်းသည်ဟု ပြောလို့ရသော်လည်း ဆန်းကြယ်သည်ဟု ထင်ရင်လည်းဖြစ်သည်။ သူ့ကြောင်ပျောက်သွား၍ အိမ်ကို လာမေးရင်း စတွေ့ခြင်းပင်..။

"ဒီမှာရှင့်..ကျွန်မကြောင်လေးများ ... ရှင်တို့အိမ်လာသလားလို့ တစ်ချက်ကြည့်ပေးပါလားဟင် ... ပူစီက ပတ်ဝန်းကျင် စိမ်းနေတော့ တော်ကြာ ကြောက်ပြီးထွက်ပြေးသွားမှာစိုးလို့ပါ .. အခုတောင် မနက်ကတည်းက ထမင်းလာမစားလို့"

အဲဒီမှာတင် ကျွန်တော် ရင်ခုန်သွားပြီး..လူတစ်ယောက်၏

တော်ဝင်မြို့မ စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ရင်စို့လောက်ရှိသော ကျွန်တော်တို့နှစ်အိမ်ကြား ခြံစည်းရိုးမှာ မေးလေးထောက်ပြီးမေးသည့် ကောင်မလေးကို ခေါ်တောငမ်း ငမ်းမိသွားသည်။

မတ်တတ်ကြီး ကြောင်တောင်တောင်ဖြစ်သွားသော ကျွန်တော့်ကိုကြည့်ပြီး ကောင်မလေးက. . .

"ကြောင်လာသလားလို့ မေးနေတယ်လေ. . ဘာ ကြောင်ကြည့်နေတာလဲ"

လေသံမာသော်လည်း နားထဲမှာ ယည်းလည်းသံလို ချိုလွင်ပြီး ဆင်းသွား၏။ တခြားလူသာဆို ဒီလိုလေသံမျိုး ဘယ်ရမလဲ. . နိုင်မယ်ထင်ရင် ချပစ်လိုက်မှာပေါ့. . ။

"ဟို. . ဟိုဟာ. . ကြည့်ပေးမယ် နော်. . ဟီး. . ဟီး. . "

ရှက်ကိုးရှက်ကန်းနှင့် ကောင်မလေးရှေ့က အမြန်ပြေးထွက်ကာ ခြံကိုပတ်ပြီး စွာတေးမလေးရဲ့ကြောင်ကို ရှာလိုက်သည်။ ခြံထဲမှာမတွေ့. . . အိမ်ထဲဝင်ရှာလိုက်၏။ လား. . လား. . တွေ့ပါပြီ။ အိမ်ကကြောင်မလေးနား ရစ်သီ ရစ်သီ လုပ်နေတဲ့ ကြောင်တစ်ကောင်၊ အဝါစင်းလေး။

ကျွန်တော် အသာလေးဖမ်းကာ ကောင်မလေးဆီ ပြေးပို့လိုက်၏။ သူ့ကြောင်လေးလည်းတွေ့သွားရော ကောင်မလေး ကျွန်တော့်ကို သူရဲကောင်းတစ်ယောက်ပမာ အထင်ကြီးတဲ့မျက်လုံးတွေနဲ့ကြည့်ကာ. .

"အစ်ကို. . ကျေးဇူးပဲနော်၊ မီးရဲ့ ကြောင်က အရမ်းလိမ္မာတာသိလား၊ နောက်ဆို အစ်ကိုတို့အိမ်လာရင်လည်း စောင့်ရှောက်ပေးနော်. ."

အမယ်. . အစ်ကိုဆိုပဲ ကောင်မလေးရဲ့ ခပ်ညှုညှုအကြည့်လေးကြောင့်လည်း ဒူးတောင်ညွတ်ခနဲဖြစ်သွားသေး၏။ သို့သော် သွားရည်ကိုသိမ်းကျုန်ထိန်းကာ. .

"ရပါတယ် . . . ညီမလေးရယ် . . . အစ်ကိုက ကြောင်ချစ်တတ်ပါတယ် . . ဟဲ ဟဲ ဟဲ ဟဲ"

ဖြုလိုက်တဲ့ ကျွန်တော့်သွားက သွားတိုက်ဆေးကြော်ငြာတဲ့ မော်ဒယ်ထက် သာသွားမှန်းသိ၏။ မတတ်နိုင် ချစ်သွားတာကိုး . .





"တာ. . တာ. ."

"ဘိုင့်. . ဘိုင်. ."

ချာခနဲ လှည့်ထွက်သွားသော အရိပ်ကလေး. .

အခုထိ မျက်စိထဲက မထွက်သေး။ အိမ်မှာ 'မက်ဒေါနား'နဲ့ 'မိုက်ကယ်ဂျက်ဆင်'ဆိုတဲ့ ကြောင်နှစ်ကောင်ရှိသည်။ နှစ်ကောင်စလုံး ကျွန်တော့်အဒေါ် မွေးထားတဲ့ ကြောင်တွေ။ အဒေါ်က အပျိုကြီးဆိုတော့ အထီးကျန်ဆန်တဲ့ သူ့ဘဝကို ကြောင်တွေနဲ့ အားဖြည့်ထားပုံရသည်. . ။

ကြောင်နှစ်ကောင်စလုံးကိုလည်း တော်တော်ချစ်၏။ သူ့တူဖြစ်တဲ့ ကျွန်တော့်ထက်တောင် ချစ်သေးသည်။ ဘယ်လောက်ချစ်သလဲဆို ကြောင်ကို လူတစ်ယောက်ကျွေးသလို ကျွေးသည်။ ဈေးကြီးသည့် ကောင်းပေ့ညွှန့်ပေ့ဆိုတဲ့ နိုင်ငံခြားဖြစ် အစာတွေဝယ်ကျွေးသည်။ သူ့ရှာသမျှ ဒီကြောင်နှစ်ကောင်အတွက်ပဲဆိုပြီးလည်း ခဏခဏပြောသေး၏။

ကျွန်တော်က 'မက်ဒေါနား'ရော 'မိုက်ကယ်ဂျက်ဆင်'ပါ သိပ်ကြည့်မရ။ ဒီကောင်တွေက မကြာခဏ ကျွန်တော့် အိပ်ရာထဲလာပြီး ရှူရှူပေါက်ကြ၏။ အီးအီးလည်း ကြုံရင်ကြုံသလို ဝင်တွယ်တတ်သေး၏။

သို့သော် ကျွန်တော့်မှာ မပြောရဲ။ အဒေါ်ကိုကြောက်ရသည်။ အဒေါ်က လက်မြန်သည်။ အပျိုကြီးဆိုတော့ မထင်ရင် မထင်သလို လုပ်တတ်၏။

ထို့ကြောင့် 'မက်ဒေါနား'နဲ့ 'မိုက်ကယ်ဂျက်ဆင်'ကို မချစ်သော်လည်း အောင့်ကာနမ်းနေရလေသည်။ သို့သော် လစ်ရင်လစ်သလိုတော့ ကျွန်တော် ပိတ်ပက်ကန်ပစ်တာတော့လုပ်၏။ အဒေါ်ရှေ့ဆိုရင်တော့ ခပ်တည်တည်နှင့်ပင် ချက်ချင်းဟန်ဆောင်ပြရသည်။

အခု ကျွန်တော်သိပ်မုန်းတဲ့ကြောင်ကိုမှ ချစ်သူလေးက ချစ်နေသည်တဲ့။ မတတ်နိုင် သူချစ်တော့လည်း ချစ်ရပါတော့သည်။ ချစ်သူလေး အမြင်မှာတော့ ကျွန်တော်က 'ကြောင်' ချစ်သူ။ သူ့ရှေ့မှာဆို ကျွန်တော်က ကြောင်တွေကို ကဲကဲလှုပ်ပြ၏၊ အသေအလဲ ချစ်ပြ၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကြောင်ကြီးကလည်း အိမ်က 'မက်ဒေါနား'ကို လာ,လာ ပတ်သည်။ သူ့ကြောင်ကြီးကလည်း နာမည်နဲ့လိုက်အောင် အတိုက်အခိုက် အလွန်ကျွမ်းသေးသည်။ နာမည်က 'ရွှေဘ'တဲ့။

'ရွှေဘ'နဲ့ 'မိုက်ကယ်ဂျက်ဆင်'တို့ တွေ့ကြလေပြီ။

'မက်ဒေါနား' ကြောင့်ပဲ ဖြစ်သည်။ 'မက်ဒေါနား'ကလည်း မပြတ်သား . . . 'မိုက်ကယ်ဂျက်ဆင်'ကိုလည်း တစ်အိမ်တည်းနေ၍ သံယောဇဉ်ရှိသလို 'ရွှေဘ'ကိုလည်း ချိတ်တိတ်တိတ်လုပ်ထားသေး၏။

ဒီတော့ ရည်းစားလုလု အုန်းကွဲခတ်သလို 'မိုက်ကယ်ဂျက်ဆင်'တို့ ဒေါသူပုန်ထတော့သည်။ ပေါက်ကွဲလာတဲ့ ဒေါသကို 'ရွှေဘ'နဲ့ 'မိုက်ကယ်ဂျက်ဆင်'တို့ ခြံခေါင်းရင်းမှာပဲ ဖြေရှင်းကြတော့၏။

"ခွီး . . ညော်"

"ခူး . . ခီး . . ခွီး . . "

တစ်ကောင်နဲ့တစ်ကောင် ဘတစ်ပြန် ကျားတစ်ပြန် . . ။ 'ရွှေဘ'က အတိုက်အခိုက်ကျွမ်းသလို 'မိုက်ကယ်ဂျက်ဆင်'ကလည်း မခေ . . ။ အသေအကြေကိုက်ကြရင်း နောက်ဆုံးနှစ်ကောင်လုံးအထိနာကာ ပွဲကို နှစ်ဦးသဘောတူရပ်လိုက်ကြတော့၏။

'ရွှေဘ' ရော 'မိုက်ကယ် ဂျက်ဆင်'ပါ ဒဏ်ရာဗရပွ . . သွေးက အလိမ်းလိမ်း။ နောက်ဆုံးတော့ သရေပွဲထားကာ ကိုယ့်အိမ်ကိုယ် ပြန်သွားကြပါတော့သည်။ နောက်တစ်နေ့ ခြံစည်းရိုးထိပ်မှာ 'ရွှေဘ'ကို ပိုက်ကာ မျက်နှာငယ်လေးနှင့် လာရပ်သည့် ချစ်သူလေးကို တွေ့လိုက်ရတော့ ကျွန်တော် ရင်ထိတ်သွား၏။

'ရွှေဘ'သေများသွားပြီလား . . အတွေးမဆုံးခင်မှာပင် ချစ်သူလေး ရှေ့ရောက်တော့ . .

"အစ်ကိုရယ် ကြည့်ပါဦး၊ မီး ကြောင်လေးကို အစ်ကို့ ကြောင်ကြီး ကိုက်လိုက်တာ ကြည့်ပါဦး . . ဟင့် . . ဟင့် . . မီး . . မီး . . ဝမ်းနည်းတယ်သိလား . . မီးမှာတော့ အစ်ကိုရှိတယ်ဆိုပြီး စိတ်ချထားတာ"





ကျွန်တော့်ရင်ထဲ တဆစ်ဆစ်နာကျင်သွား၏။ ချစ်သူလေး ငိုသံကြောင့်။ ယောကျ်ားလေးတစ်ယောက်အနေနဲ့ ကိုယ်ကကြိုက်နေသည့် ကောင်မလေး စိတ်ကြိုက်လုပ်ပေးရမှာ ထုံးစံ . . ။

သို့သော် 'ရွှေဘ'နဲ့ ကိုက်တဲ့ ကြောင်ကို ရိုက်သတ်ဖို့ဆိုတာကလည်း ကိုယ့်အိမ်ကကြောင်၊ ပြီးတော့ သိပ်ကြောက်ရတဲ့ အဒေါ်ရဲ့ အချစ်တော် . . ။ တစ်ဖက်က တွက်ပြန်တော့လည်း ကိုယ်လိုက်နေတဲ့ ကောင်မလေး . . ။ ကျွန်တော် ရှုံးပြီ။

"အစ်ကိုပြောလေ . . ဘာ ကြောင်ကြည့်နေတာလဲ . . ဒါပဲနော် နောက်တစ်ခါ 'မက်ဒေါနား'နဲ့ သူလာလို့ အစ်ကို့ကြောင်ကြီး ကိုက်လွှတ်ရင် အစ်ကိုနဲ့မီး သူငယ်ချင်းအဖြစ်က ရပ်ပစ်လိုက်မှာ၊ ပြီးတော့ တစ်ခါတည်း မုန်းပစ်လိုက်မှာ ဒါပဲ"

ဘုရား . . ဘုရား တယ်ပြင်းတဲ့ ရာဇသံပါလား . . ။

အချစ်စကားပေ ပးပြောဖို့တောင် စိတ်မကူးရသေး၊ သူတသူငယ်ချင်းအဖြစ်ကတောင် ရပ်တော့မည့်ကိန်းဆိုက်နေပြီ။

အားလုံးကို ကျွန်တော် နားလည်လိုက်ပြီ။ ကျွန်တော်နဲ့သူမ နီးစပ်ဖို့သည် 'ရွှေဘ'က အခရာဖြစ်နေလေပြီ . . . ။

ကြောင်ရာသီသို့ရောက်ခဲ့လေပြီ။ 'ရွှေဘ' 'မိုက်ကယ်ဂျက်ဆင်'နှင့် 'မက်ဒေါနား'တို့ သုံးပွင့်ဆိုင်အချစ်ကလည်း ပိုကြမ်းလာပြီ။ 'ရွှေဘ'ကလည်း 'မက်ဒေါနား'မှ 'မက်ဒေါနား'၊ 'မိုက်ကယ်ဂျက်ဆင်'ကလည်း မယားထိ ဓားကြည့်။

ကျွန်တော့်မှာ ညတိုင်းအိပ်ရေးပျက်ရပြီ။ 'မိုက်ကယ်ဂျက်ဆင်'နဲ့ 'ရွှေဘ'ချတိုင်း နှစ်ကောင်လုံးကို ဝင်ဆွဲရ၏။ လက်လှမ်းမမီ တဲ့နေရာမှာဆို နေရင် ရေနဲ့ပက်ရ၏။

သန်းခေါင်လည်း မအိပ်ရ၊ အရုဏ်လည်းမအိပ်ရ . . အဓိကအကြောင်းအရင်းက 'ရွှေဘ'တစ်ခုခု မဖြစ်သွားစေရေးအတွက်ဖြစ်သည်။ 'မိုက်ကယ်ဂျက်ဆင်'ကိုလည်း လက်နဲ့မတို့ရဲ။ အဒေါ်က ဘောလုံးလို အိမ်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



က ကန်ချလိမ့်မည်။

ကြာတော့ ကျွန်တော့်မှာ အိပ်ရေးပျက်တဲ့ဒဏ်ကြောင့် မျက်တွင်းဟောက်ပက်နှင့် မြော့မြော့ပဲကျန်တော့၏။ ကြာရင်မဖြစ်တော့။ ဒီအတိုင်းဆက်သွားရင် ကြောင်ရာသီကုန်အောင်တောင် နေရပါ့မလားမသိ။ မကြာခင်မာလကချောန်ကြွကိန်းမြင်လေသည်။ တစ်ခုခုတော့ စဉ်းစားဖို့လိုလာပေပြီ။

ဒီနှစ်ကောင်ကို နားချဖို့ဆိုတာလည်း လူစကား နားမလည်၍မဖြစ်။ သူများပေးပစ်ဖို့ သတ်ပစ်ဖို့ဆိုတာကတော့ ဝေလာဝေး၊ အကောင်းဆုံးကနှစ်ကောင်စလုံး တစ်ကောင်နဲ့တစ်ကောင် ကျေအေးသွားဖို့သာ။ သင့်မြတ်သွားဖို့သာ အဓိကဖြစ်၏။

ကျွန်တော် ရုတ်တရက် အကြံတစ်ခုရသွားတော့၏။ ဝမ်းသာလွန်းလို့ ထတောင်ခုန်လိုက်မိသည်။

သို့သော် အဲဒီအကြံကို အကောင်အထည်ဖော်တဲ့နေရာမှာတော့ ပိရိဖို့လိုသည်။ ဘယ်သူမှ သိလို့မရ သိရင် မိုးမီးလောင်တာထက် စိုးသွားနိုင်၏။

အဘယ်ကြောင့်ဆိုသော် ကျွန်တော့် အကြံက 'မိုက်ကယ်ဂျက်ဆင်'နဲ့ တိုက်ရိုက်ပတ်သက်နေသောကြောင့်ပင် ဖြစ်လေသည်။

ကျွန်တော့်အကြံ အကောင်အထည်ဖော်ဖို့ အဒေါ်ခရီးသွားတဲ့ရက်ကို ရွေးလိုက်တော့သည်။ ကျွန်တော့်အဒေါ်လုပ်နေတဲ့ ကုမ္ပဏီက တစ်နှစ်တစ်ခါ အပျော်ခရီးထွက်ကြ၏။ အဲဒီရက်က မကြာမီရောက်တော့မည်။ ထိုရက်ကို ကျွန်တော့်မှာ မျှော်တော်ယောင်ရင်း ဝမ်းသာလုံးဆို့နေရပါတော့သည်။ ဝင့်ကျွတ်တော့မည်။

မကြာခင်မှာဘဲ အဒေါ်ခရီးထွက်သွားတော့၏။ အဒေါ် အိမ်ကထွက်သွားပြီး နာရီပိုင်းအတွင်းမှာပဲ 'မိုက်ကယ်ဂျက်ဆင်'သည် ကျွန်တော့်လက်ထဲရောက်လာတော့သည်။ ထို့နောက် 'မိုက်ကယ်ဂျက်ဆင်'ကို ဆွဲခြင်းတစ်ခုထဲကိုထည့်သည်။ ထွက်မပြေးနိုင်အောင် အပေါ်က ကြိုးနဲ့ သေချာတုတ်ထားသည်။

ထို့နောက် လမ်းထိပ်ကိုပြေး ဆိုက်ကားငှားကာ တစ်ဖက်ရပ်ကွက်





သို့ ထွက်လာခဲ့၏။ ကျွန်တော့် ဦးတည်ရာက တိရစ္ဆာန်ဆေးကု ဆရာဝန်ထံသို့။

ဆရာဝန်ဆီရောက်တော့အကျိုးအကြောင်းမေး၍ ကျွန်တော့်ရည်ရွယ်ချက်ကို ပြောပြလိုက်၏။ နောက်ဆုံး ဆရာဝန်နှင့်တိုင်ပင်ပြီး လက်ခံ၍ နာရီပိုင်းအတွင်းမှာပင် ကိစ္စပြတ်သွားပါတော့သည်။ ထို့နောက် ကြောင်ကို အိမ်သို့ပြန်ခေါ်လာသည်။

ပထမပိုင်းတော့ မှိုင်တွေတွေဖြစ်နေသေးသော်လည်း တစ်ပတ်လောက်ကြာတော့ အရင်ကအတိုင်း လန်းဆန်းလာပါသည်။ အားလုံး ပုံမှန်အခြေအနေပြန်ရောက်သွားချိန်တွင် အဒေါ်ကလည်း ပြန်ရောက်လာ၍ ကွက်တိဖြစ်သွား၏။

ထိုနေ့မှစ၍ 'မိုက်ကယ်ဂျက်ဆင်'နှင့် 'ရွှေဘ'တို့ ချစ်ကြည်ရေးယူလိုက်ကြသည်။ 'မက်ဒေါနား'လည်း 'ရွှေဘ'ရဲ့ မူပိုင်ချစ်သူ ဖြစ်သွား၏။ ဒါကို 'မိုက်ကယ်ဂျက်ဆင်'ကလည်း ကြည်ဖြူသည်။

ကျွန်တော်လည်း အဲဒီနေ့မှစပြီး လုံးဝ အိပ်ရေးမပျက်တော့။ နောက်ဆုံး ချစ်သူလေးနှင့် ကျွန်တော် ချစ်သူဘဝသို့တိုင် ရောက်ရှိသွားပါတော့သည်။

မိတ်ဆွေတို့ ကျွန်တော် ကိုယ့်ကြောင်ကိုယ် ဘာလုပ်လိုက်သလဲ သိချင်ကြပါသလား။ သိချင်ရင်တော့ တိုးတိုးတိတ်တိတ် လက်သိပ်ထိုး ပြောပြလိုက်ပါမည်။

ကျွန်တော် ကြောင်ကို ဆရာဝန်ဆီခေါ်သွားပြီး သင်းကွပ်ဝစ်လိုက်ခြင်းပင်။

ဟုတ်ပါသည်။ ကျွန်တော် ကိုယ့်ကြောင်ကြီးကို သင်းပစ်လိုက်သည်။ ခင်လို့ပြောပြတာနော်။ ဒေါ်လေးကို ပြန်မပြောနဲ့. . ဒါပဲ. . ။

www.burmeseclassic.com

www.burmeseclassic.com



# ဆယ်လူလာ အင်ဖက်ရှင်





(၁)

ဟာန်း ဖုန်းမြည်သံကြား၍ ခါးမှာပတ်ပတ်လည်ချိတ်ဆွဲထားသော ဆယ်လူလာဖုန်းခြောက်လုံးကို ငုံ့ကြည့်လိုက်သည် ဘယ်ဖုန်းက မြည်လို့မြည်မှန်း အခုထိမသိသေးပေ နားလည်းနည်းနည်းလေးနေ၍ ခန့်မှန်းလို့ သိပ်မကောင်း။

ရှေ့ဆုံးဖုန်းကဆို ချစ်ချစ်ကလေးတွေဆီကဖြစ်မည်။ အဲဒီ ဖုန်းက အချစ်ရေး၊ အချစ်ရာကိစ္စများအတွက် သီးသန့်ထားတဲ့ဖုန်း။

အဲဒါနဲ့ ကပ်လျက် ဖုန်းနှစ်လုံးကတော့ သူ့အလုပ်ကိစ္စအတွက် . .

နောက်ဆုံးဖုန်း သုံးလုံးကတော့ အထွေထွေကိစ္စတွေအတွက် သုံးတဲ့ဖုန်း . . ။ ကဲ . . မပိုင်ပေဘူးလား . . . ။

ဖုန်းတစ်လုံးကို ကောက်ကိုင်လိုက်သည်။ မဟုတ်မှန်းသိသွား၍ ပြန်ချိတ်ကာ . . နောက်တစ်လုံး ထပ်ကိုင်သည်။

မဟုတ်သေး . . ပြန်ချိတ်ပြီး နောက်ထပ်တစ်လုံး ထပ်ကိုင်ရပြန်သည်။ ဒီဖုန်းလည်း မဟုတ်ပြန်။ ဒီလိုနဲ့ တစ်လုံးပြီးတစ်လုံး ပြောင်းလဲလိုက်



www.burmeseclassic.com

www.burmeseclassic.com



တာ. . ခြောက်လုံးသာပြည့်သွားသည် ဘယ်ဖုန်းမှမလာ။ သူချွေးပြန်သွားသည်။ ခါးမှာ ချိတ်ထားသော ဖုန်းတွေကို သေချာအောင်လည်း ငုံ့ကြည့်လိုက်သေးသည်။ ဖုန်းမြည်သံကတော့ ကြားနေရဆဲ။

သူ့မှာ လက်ဖက်ရည်ဆိုင်က ပလာတာရိုက်သူလို ဘာမှ မည်မည်ရရ မရှိဘဲ တစ်ယောက်တည်း ရှုပ်ယှက်ခတ်သွားရ၏။ ပတ်ဝန်းကျင်ကလူတွေ သူ့ကို အူကြောင်ကြောင်နဲ့ငေးကြည့်နေကြ၏။

ခဏကြာတော့မှ သူ့ဘေးနားက ဆိုက်ကားတစ်စီးဖြတ်သွားတာ မြင်လိုက်ရလေသည်။ ဆိုက်ကားဆရာလက်ထဲတွင် ဟန်းဖုန်းတစ်လုံး ကိုင်ထားတာတွေ့လိုက်ရလေ၏။ ခုနဖုန်းမြည်သံသည် သူ့ဆီက မဟုတ်မှန်း အခုမှ သဘောပေါက်လိုက်မိသည်။

BURMESE CLASSIC .com



(၂)

ကိုဘမောင်သည် ဖုန်းကို လက်တစ်ဖက်ကကိုင်ရင်း ဆိုက်ကားနင်းလာလေသည်။ ကုန်စိမ်းသည် ဒေါ်ဝက်မဆီက ဖြစ်လေသည်။

"ကိုဘမောင် . . ရှင် ဘယ်ရောက်နေတာလဲ . . နေ့လယ်စာဈေးလေးမီအောင် အမြန်သွားချင်လို့ပါဆို . . . တကတည်း အမြဲနောက်ကျနေတာပဲ . . စီးပွားရေးကို လုပ်စားဦးမှာလား"

"လာပါပြီ . . ဒေါ်ဝက်မရယ် . . ဖြည်းဖြည်းပေါ့ဗျာ . . ခုန ဆိုက်ကားစမုတ်တံသွားလဲနေလို့ ကြာသွားတာပါ . . ဒါနဲ့ မစိန်ပုကို တွေ့မိသေးလား . . ."

"မစိန်ပုလား . . ရှိတယ် အနားမှာ . . ."

ဟုပြောပြီး မစိန်ပုထံ လှမ်းပေးလိုက်သည်။

"ဟဲလို . . . ကိုဘမောင် ပြော"

ကိုဘမောင် ရုတ်တရက် မပြောနိုင်သေး . . ။ ကားတွေက ရှင်းနေ၍



www.burmeseclassic.com

www.burmeseclassic.com



ဆိုက်ကားကို မနည်းထိန်းကာ နင်းနေရသေး၏။ စိတ်ချရသော အနေအထား ရောက်မှ . . .

"အေး . . မစိန်ပု . . မနက်က ကွမ်းရွက်အချိန်တစ်ဆယ်ပို့ ပေးလိုက်တယ် . . ရလား . . . "

"ရတယ် . . ကိုဘမောင် . . ရတယ် . . ဒါပဲနော် . . ကိုဘမောင် . . ကိစ္စရှိရင် . . ကျွန်မ ဖုန်းကို လှမ်းဆက်လိုက် . . . "

ပြောပြီး ကွမ်းဝယ်သူတွေ ကျလာ၍ ဖုန်းချလိုက်ရတော့သည်။

"ရှိ . . "

ဝီစီတွတ်သံကြားရတော့ ဆိုက်ကားကို ဘရိတ်အုပ်ကာ ပတ်ဝန်းကျင်ကို ကြည့်လိုက်မိသည်။ ယာဉ်ထိန်းရဲတစ်ယောက် သူ့ဆီလှမ်းလာနေတာ တွေ့လိုက်ရ၏။

ကိုဘမောင်တစ်ယောက် ဆိုက်ကားနင်းရင်း ဖုန်းမပြောရဆိုသော စည်းကမ်းကို အခုမှသတိရလိုက်မိလေသည်။



(၃)

"သီတာ . . ခဏနေပါဦး . . သီတာရယ် . . ကိုပြောတာလေး နားထောင်ပါဦး . . . "

ကောင်မလေးက ခပ်သွက်သွက် လျှောက်ကာသွားရင်း မျက်နှာခပ်တင်းတင်းလှည့်ကြည့်၏။

"ရှင့်ကို မနှောင့်ယှက်ပါနဲ့လို့ ဘယ်နှခါပြောရမလဲ . . . ဒီမှာ ရှင့်ကို ကျွန်မ တစ်ခါတည်းပြောလိုက်မယ် . . ကျွန်မ ရှင့်ကို လုံးဝ စိတ်မဝင်စားဘူး"

ကောင်လေးက ကောင်မလေးကို ကြိုးစားနေတာ (၃)လကျော်ပြီ အခြေအနေကတော့ မြင်တဲ့အတိုင်းပဲဖြစ်သည်။ သို့သော် ကောင်လေးပုံစံတာ လွယ်လွယ်နဲ့လက်လျှော့မယ့်ပုံမဟုတ်။

"အဲဒီလို ယတိပြတ်ကြီးတော့ မပြောလိုက်ပါနဲ့ သီတာရယ် . . ကိုယ့်ဘဝကို စာနာပါဦးနော် . . ။ သီတာ့အတွက်ဆို ကိုယ်လေ မှဝ်ကြယ်တို တောင်ဘက်ကို ရွှေ့ဆို . . ရွှေ့ . . ရွှေ့ . . . ရွှေ့ . . . "

"တူ . . တူ . . တူ . . တူ"

တော်ဝင်မြို့မ အလုပ်တိုက်

www.burmeseclassic.com



ညကတည်းက ဝတ္ထုတစ်အုပ်မှ ဖတ်ထားသော ဒိုင်ယာလော့ခ်တွေ အပြတ်လွှတ်မလို့ကြံသေးသည်။ ဖုန်းသံလိုလို ကြားလိုက်ရ၍ ရုတ်တရက် စကားပြတ်သွား၏။ ပြီးတော့ သူ့ဖုန်းကများလားဆိုပြီး ကြည့်လိုက်သေးသည်။ မဟုတ် . . . ဒါဆို . . ကောင်မလေးဖုန်း အရေးထဲမှာ အရာပေါ်ရသေး၏။

"ဟဲလို . . မေမေလား . . အင်း . . မေမေ သမီးအခုမှတ်တိုင် ရောက်ပြီ . . . ဟုတ်တယ် မေမေရယ် . . မနေ့က ကျောင်းပျက်ထားတာလေး တွေ ပြန်ကူးနေလို့ပါ . . ဩော် . . ဒါနဲ့ မေမေ မောင်လေးအတွက် ကျောင်း လခ အဆင်ပြေသွားပြီလား . . ပြီးတာပဲ မေမေရယ် . . သမီးဖြင့် တစ်နေ့လုံး အဲဒီကိစ္စခေါင်းထဲရောက်နေလို့ စာတောင် ကောင်းကောင်းသင်လို့မရဘူး . . အဲဒါဆို ဒါပဲနော် မေမေ"

ပြောပြီး ကောင်မလေးက ဖုန်းချလိုက်၍ ကောင်လေး စကားဆက် မယ်အလုပ် ဘတ်စ်ကားတစ်စီး ထိုးဆိုက်လာ၍ မပြောဖြစ်သေးပေ။ လူတွေ ပြည့်ကျပ်နေသော ဘတ်စ်ကားထဲသို့ ကောင်မလေးက ခွေ့ခနဲ တက်ကာ သွား၏။ ကောင်လေးလည်း မမီလိုက်မှာစိုး၍ နောက်ဆုံး ခြေနင်းခုံကို အမီ ခုန်တက်ကာ အပေါ်ဘားတန်းဆွဲ၍ တိုးဝင်လိုက်ရတော့၏။

"ကဲ . . ကဲ . . ကားခလေး တွေ လှမ်းမယ်ဗျာနော် . . အားလုံး စိုက်ကြည့်ရင် အလိုက်သိဗျာ . . ဟိုရှေ့ကအစ်မကြီး ဘာလို့ အပေါက်ပိတ်နေ တာလဲ . . ခင်ဗျား ကိုယ်လုံးကြီးနဲ့ဗျာ ဘေးကပ်ပေးပါ . . ကျွန်တော်တို့ ဒီဟာ လေးနဲ့ လုပ်စားနေရတာပါ။ ဟို ညီလေး ဟိုဘက် နည်းနည်းတိုးကပ် အလယ်မှာ ဝါသနာပါရင် ဆင်နှစ်ကောင် ဖင်ထောင်ကလို့ရတယ် . . ဟိုရှေ့က အန်ကယ်လ်ကြီး ဘတ်စ်ကားပေါ်ရောက်ရင် လက်ကိုင်ဖုန်းတွေ ပိတ်ထားရ မယ်ဆိုတာ မသိဘူးလားဗျာ . . ဟိုမှာ စာရေးထားတယ် . . ခင်ဗျားတို့ ဖုန်းသံတွေနဲ့ဆို ကျွန်တော်အော်ပြောရတာနဲ့ လိပ်ခေါင်းထွက်သွားလိမ့်မယ်ဗျာ . . နော် . . ."

စပယ်ယာအော်နေသည့်ကြားထဲမှာပင် ဖုန်းသံတွေကို ကြိုကြား ကြိုကြားပေါ်လာသေး၏။ ခပ်လှမ်းလှမ်းမှာ ကောင်မလေးက စပယ်ယာ





မသိအောင် လူကြားထဲကွယ်ပြီး ဖုန်းခိုးပြောနေသေး၏။ ဒီတစ်ခါ ကောင်မလေး မျက်နှာပြုံးပြုံးရွှင်ရွှင်နှင့်ဖြစ်နေပြီး တစ်ခါတစ်ခါ ရှက်သလိုလို မျက်နှာလေး ဖြစ်သွားတာ မြင်လိုက်ရသေး၏။ အဲဒီလောက်ဆို ဟိုဘက်ကပြောနေတဲ့သူ ဘာကောင်ဆိုတာ ကောင်လေး သဘောပေါက်လိုက်လေသည်။ ထို့ကြောင့် မျက်နှာငယ်လေးနှင့်တွေ့ရာ မှတ်တိုင်ဆင်းပစ်လိုက်၏။

အောက်ကိုရောက်မှ ဟံသာဝတီမှတ်တိုင်မှန်းသိလိုက်၍ ဖုန်းခ ဆောင်ရန် သတိရသွားကာ ဝေဠုဝန်အိမ်ရာဘက် ခြေဦးလှည့်လိုက်မိသည်၊ ရုံးရှေ့ရောက်တော့မှ ပိုက်ဆံအိတ်သတိရသွားကာ ခါးကိုစမ်းကြည့်လိုက်တော့ မရှိတော့ပေ။ ကောင်လေးခေါင်းထဲ ပူခနဲဖြစ်သွားပြီး နီးစပ်ရာရဲစခန်းကို အကြောင်းကြားရန် ဖုန်းကိုကောက်ကိုင်မိလိုက်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



(၄)

စာရေးဆရာ မိုးဆက်လင်းထက်သည် သူ့ဟန်းဖုန်းမှ ဖုန်းမြည်သံကြားလိုက်ရ၍ နံပါတ်ကိုကြည့်လိုက်ရာ သူ့ထုတ်ဝေသူ ကိုမိုးဆီမှ ဖြစ်နေ၍ ဖုန်းကိုချက်ချင်းပိတ်ပစ်လိုက်တော့၏။ ဟာသဂျာနယ်အတွက် ဝတ္ထုတိုတစ်ပုဒ်ကို စာမူခတစ်သိန်းဖြင့်(၁၀)ပုဒ်က ငွေကြိုတင်ယူထားသောကြောင့် လှမ်းဆက်ခြင်းဖြစ်ကြောင်း သူသိသည်။ သူက စာမူခကြိုယူဖို့သာ စိတ်ဝင်စားပြီး စာမူပေးဖို့ စိတ်မဝင်စားသောကြောင့် ယခုထိ တစ်ပုဒ်မှ မရေးရသေးပေ။

ဖုန်းပိတ်ပြီးနောက် သူ့ဘေးမှ အယ်ဒီတာချုပ် ကိုချမ်းမင်းအိမ်ကို လှည့်ပြောလိုက်သေး၏။

"ဆရာချမ်း . . ဖုန်းပိတ်ထားလိုက်ဗျာ . . ကိုမိုး တဂွမ်ဂွမ် ဆက်နေတယ် . . . ."

ဆရာချမ်းမင်းအိမ်ကလည်း မိုးဆက်လင်းထက် သူ့ကိုလှမ်းပြောလိုက်တာနှင့် သူ့ ဟန်းဖုန်းကို ချက်ချင်းပိတ်ပစ်လိုက်တော့၏။ ထို့နောက် သူ့ရှေ့က ဘီယာကိုတစ်ချက်စုပ်ကာ ဝက်ပေါင်ခြောက်တစ်ဖတ်ယူမြည်းပြီး ကမ်းခြေမှာ ပြေးလွှားနေသော ပေါင်ဖြူမလေးတွေကို ငေးနေလိုက်၏။

သူတို့နှစ်ယောက်စလုံး ဖူးကက်ကမ်းခြေမှာ လာအပန်းဖြေနေခြင်းဖြစ်သည်။

(ဆူနာမိနဲ့တိုးရင်တော့ . . . 'သေပြီ ဆရာ . .')

ကြိုးစားလျှက်
မိုးဆက်လင်းထက်

BURMESE CLASSIC .com
www.burmeseclassic.com